

Vol. 10,No.11 September 14,2013
The YATI
MAGAZINE
NOW HOW
White Glow

Asian Fame Media Group

ငွေသော်တာ
ဥတ္တမ

ဟိန်းလတ်
ဗိုလ်ဥတ္တမ

The YATI Magazine
VOL-10, NO.114, SEPTEMBER, 2013
စာပေအနုပညာမဂ္ဂဇင်း

အယ်ဒီတာ — နွေးနွေးစစ်အောင် (တာဝန်ခံအယ်ဒီတာ-Living Fashion)
အမှုဆောင်အယ်ဒီတာ — မြင့်သုဇာထွန်း၊ ဖြိုးစုပိုပို
ကဗျာအယ်ဒီတာ — လွှမ်းရုံ
လက်ထောက်အယ်ဒီတာ — သီတာစိုး
သတင်းထောက် — မိုးသောက်ကြယ်
စီမံဓါရိုက်တာ — ဒီဇိုင်းပန်းချာန်
ဒီဇိုင်းတာဝန်ခံ — ထွန်းထွန်းလင်း
ဒီဇိုင်းအဖွဲ့ — လင်းထွဋ်၊ နွယ်ဦးမွန်၊ မွန်ဦး
လက်ထောက်ဒီဇိုင်း — ဝင်းဝင်းလှိုင်
စာစီစာရိုက် — ခင်သက်လှိုင်
စာပြင် — ဥမ္မာအေး
ကြော်ငြာအဖွဲ့
Marketing Executive — ဌေးလင်းအောင်၊ မေသဲဦး၊ နိုင်နိုင်လွင်
ဘဏ္ဍာရေးအဖွဲ့ — မိုးယုမာ (မန်နေဂျာ)၊ ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊ မိုးမိုးကျော် (လ/ထမန်နေဂျာ)၊ နီလာဝင်း (လ/ထ မန်နေဂျာ)
ဖြန့်ချိရေးအဖွဲ့ — ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင်
ရတီဓာတ်ပုံပညာရှင် — အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊ ကိုနိုင် (ပေါ်ပြူလာ)၊ ခင်ဝေထက်






မျက်နှာဖုံးရှင် — ဆန်းတိုးနိုင်၊ မိုးယုစံ
ထုတ်ဝေသူ — ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)
ဥပဒေအကြံပေး — ဦးဟိန်းနှစ် (တရားလွှတ်တော်ရှေ့နေ)
ဖလင် — Eagle
အတွင်းကာလာခွဲ — ကမ္ဘာဦး
စာအုပ်ချုပ် — Perfect
တန်ဖိုး — ၂၀၀၀
အုပ်ရေ — ၂၀၀၀
ပုံနှိပ် — ငွေကုံကျော် (မြဲ-၀၆၃၆၁)၊ အောင်သိန်းသန်း(မြဲ-၀၅၉၉၂)

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄ စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**
အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂


ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

# အယ်ဒီတာ နှုတ်ခွန်းဆက်

နှိုင်းချင့်ချိန်ဆ
ရသထွန်းလင်း
ပရိသတ်ရင်တွင်း
နစ်သက်နိုဝင်
ရတီစွမ်းအင်

**ယခင်က** နတ်တော်လသည် စာဆိုတော်လဖြစ်သဖြင့် မြန်မာနိုင်ငံရှိ အနယ်နယ်အရပ်ရပ်တွင် စာပေဟောပြောပွဲများကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် 'ဘာသုံးဘာ'ဟုဆိုသော 'အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ' လများတွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ ကျင်းပတတ်ကြသည်။ ယခုကား ထိုသို့မဟုတ်တော့။ လွတ်လပ်ပွင့်လင်းလာသော ခေတ်ဖြစ်လာသည်နှင့်အညီ စာပေဟောပြောပွဲသည် မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး ကျင်းပနေပေပြီ။ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သည့် အရပ်ဒေသများကလည်း နိုးရာမပျက် စာပေဟောပြောပွဲများ ကျင်းပကြသကဲ့သို့ တစ်ခါမှ စာပေဟောပြောပွဲများ မပြုလုပ်ဖူးသေးသော မြို့နယ်ရပ်ကွက် အသီးသီးကလည်း ယခင်နှစ်မှစ၍ တက်တက်ကြွကြွ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ရန်ကုန်မြို့ လမ်းမတော်ရပ်ကွက်တွင် ညဘက်စာပေဟောပြောပွဲ ကျင်းပနေသည်ကို ကမ္ဘာလှည့်ခရီးသည် အုပ်စုတစ်စုက မြင်သွားပြီး ဘာလုပ်တဲ့ ပွဲလဲဟုမေးဖူးသည်။ စာရေးဆရာတွေက စင်မြင့်ပေါ်မှာ စာပေရေးရာများ ဟောပြောနေကြပြီး အောက်က ပရိသတ်က အားပေးနားထောင်နေခြင်းဖြစ်ကြောင်း ကြားရတော့ သူတို့အတော် အံ့ဩသွားကြသည်။ ထိုကမ္ဘာလှည့်ခရီးသည်အုပ်စုတွင် ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားစသော အရှေ့တိုင်းနိုင်ငံများမှ ပုဂ္ဂိုလ်များ ပါသကဲ့သို့ ဂျာမနီ၊ ပြင်သစ်၊ ဩစတြေးလျ၊ ကနေဒါစသော အနောက်နိုင်ငံမှ ပုဂ္ဂိုလ်များလည်းပါသည်။ သူတို့နိုင်ငံများတွင် သူတို့ လူမျိုးများက ဤသို့ စာပေဟောပြောပွဲ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သည့် အစဉ်အလာမရှိကြောင်း ပြောကြသည်။ အချို့စာရေးဆရာများက ခန်းမကြီး တစ်ခုငှားကာ၊ ဝင်ကြေးကောက်ခံပြီး ဟောပြောတာမျိုးသာရှိကြောင်း ပြောကြ၏။ မြန်မာပြည်မှာကဲ့သို့ လမ်းဆုံလမ်းခွများတွင် စင်ထိုးပြီး လွတ်လပ်စွာ ဟောပြောကြသည်မျိုး မကြုံဖူးကြောင်း ပြောကြ၏။ ထိုထက်ပို၍ သူတို့လက်ဖျားခါ ချီးကျူးသွားသည်မှာ သူတို့နိုင်ငံများတွင် 'စာဆိုတော်နေ့'ဟူသည် သီးသန့်သတ်မှတ်ထားခြင်းမရှိဘဲ မြန်မာနိုင်ငံ တစ်ခုတည်းတွင်သာ စာပေပညာရှင်များကို ဂုဏ်ပြုသော 'စာဆိုတော်နေ့' ရှိခြင်းကို သိသွားကြ၍ ဖြစ်၏။

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးပြီး စာဆိုတော်နေ့ အခမ်းအနားကျင်းပကာ အသက်(၈၀) ကျော် စာပေပညာရှင်ကြီးများကို ငွေကြေး၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများဖြင့် နှစ်စဉ်ကန်တော့ကြောင်းကိုပါ ထပ်ပြောလိုက်ရာ၊ ကမ္ဘာလှည့်ခရီးသည်အားလုံးက စာပေချစ်မြတ်နိုးသော မြန်မာလူမျိုးများကို အာမေဋိတ်သံမျိုးစုံထွက်ပြီး၊ လက်များတစ်ခါခါ၊ ခေါင်းတညိတ်ညိတ်ဖြင့် ချီးကျူးစကားတွေ ပြောလို့မဆုံးဖြစ်နေကြ၏။

'စာတစ်လုံး ဘုရားတစ်ဆူ' ဆိုသော ဆိုရိုးစကားနှင့်အညီ စာပေကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ လေးစားသည့် အစဉ်အလာများကိုပါ သူတို့ကို ရှင်းပြပေးခဲ့၏။ မည်သည့်အကြောင်းအရာရေးထားသော စာရွက်မျိုးမဆို ခြေဖြင့်မနင်းကြောင်း၊ ပစ်စလက်ခတ်မထားဘဲ စာဟုသရှေ့ကိုရိုသေကြောင်းများ ပြောသည့်အခါတွင်လည်း ကမ္ဘာပေါ်တွင် ဤကဲ့သို့သော လူမျိုးရှိနေခြင်းအပေါ် အံ့ဩလေးစားကြသည်ကို တွေ့ရ၏။ စာပေဗိမာန်မှ ထုတ်ဝေသော 'မြန်မာ့စွယ်စုံကျမ်း' စာအုပ်များကို အင်္ဂလန်နိုင်ငံတွင် ရိုက်နှိပ်ပြီး မြန်မာပြည်သားသင်္ဘောဖြင့် တင်ပို့ရာ၊ ပန်းဆိုးတန်း ဆိပ်ကမ်းမှနေ၍ စာအုပ်များကို ကမ်းလုံးညွတ်မျှ ပြည်သူလူထုကြီးက ကြိုဆိုခဲ့ပုံ၊ အချို့သက်ကြီးဝါကြီး အဘိုးအို၊ အဘွားအိုများက လက်အုပ်ချီပြီး ရှိခိုးခဲ့ကြပုံကို ကိုယ်တွေ့ကြုံဖူးသည်ကိုလည်း နိုင်ငံခြားသားများကို ရှင်းပြခဲ့သည်။ ဒါမျိုးလည်း မည်သည့်နိုင်ငံ၊ မည်သည့် လူမျိုးတွင်မှ ရှိမည်မဟုတ်။

ယခုအခါ မြန်မာနိုင်ငံတွင် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်များကိုပါ ရရှိနေပြီဖြစ်ရာ၊ စာရေးဆရာများအဖို့ အနှစ်နှစ်အလလ တောင့်တခဲ့ကြသည့် မဟာအခွင့်အရေးကြီးဖြင့် နဖူးတွေ့ဒူးတွေ့ကြုံနေရပြီ ဖြစ်သည်။ 'လွတ်လပ်ခွင့်'နှင့် တစ်ပါတည်း တွဲလျက်ရှိသည်ကား 'တာဝန်ယူမှု' ပင် ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ လွတ်လပ်မှုမျိုးကို အစွန်းရောက်အသုံးမချပါ။ စာဖတ်သူများ၏ ကောင်းရာ ကောင်းကျိုးရွေ့ရှုသော စာပေလက်ရာများကို ဖော်ထုတ်ရေးသားကြခြင်းဖြင့် တကယ့်စာပေလွတ်လပ်ခွင့်အနှစ်သာရကို အသုံးချနိုင်ကြပါကြောင်း၊ စာပေလေးစား မြတ်နိုးသော မြန်မာနိုင်ငံသူ နိုင်ငံသားတစ်ဦးအနေဖြင့် မျှော်လင့်တောင့်တမိပါသည်။

အယ်ဒီတာအဖွဲ့

# Contents

VOL.10, NO.114, SEPTEMBER, 2013









2.. အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7... နှင်းခါးမိုး၊ မင်းထက်မောင်၊ ကိုရွှေ၊ ခက်သီ၊ ကိုပေါက်၊ မိုယ်းဖက်သော်

ကာတွန်း

13... မြေဇာ၊ စိုးသော်တာ၊ ဝလုံး၊ ဟက်ကော

ရတီအထူးကဏ္ဍ

Cover Image
ဆန်းတိုးနိုင်၊ မိုးယုဝ

22... Special Cover Image
အွန့်ဆိုင်း
ဖြိုးပိုပို

29... Dress The Art
ဝဏ္ဏကက်၊ မေသန်းထိုက်
မိုးသောက်ကြယ်

32... Glamourous Girl Alice
နေရှိရိုလင်း

37... Wedding Special
နှင်းသမုံဦး၊ ချမ်းမီမီကို၊
အေးမြတ်သူ၊
ဝင့်သမုံကျိုင်၊
နွယ်ဒါလီထွန်း၊
ယုသန္တာတင်၊
ရွှေရည်သုန်သုန်၊
စပ်ခွန်နိုင်း + မြမဥ္ဇူ
မေကချော်၊ အလင်းရောင်၊
ရွှေသမီး၊ ပိုင်ဖြိုးသု၊
နန့်ချစ်နဒီဇော်၊ မင်းရာဇာ၊
သူဇာမောင်
အယ်ဒီတာအဖွဲ့

69... Wedding Hall Guide
ဘဝတစ်ခုအစပျိုးကြရာ
မင်္ဂလာနေရာများစွာ
ပင်စိမ်းကို




Asian Fame Media Group

# Contents

VOL.10, NO.114, SEPTEMBER, 2013











80... Flash Back Fashion
Emerald Nyein
ဖြိုးစုပို

87...Music Plus Yati
ဂီတကို ချစ်လို့
ကိုယ့်ကိုယ်ကိုယ်
ကောင်းအောင် နေတဲ့သူ
မာရဇ္ဇ
*Zigzag*

90... သူပြောတဲ့
သူ့အကြောင်း
ထွန်းအိန္ဒြာဗို
သီတာစိုး

94... သူတို့ပြောတဲ့ W
ဆုမြတ်မွန်မွန်၊ ရဲလေး၊
ချမ်းချမ်း
ဖြိုးစုပို

101... Photo Guide Chart
တစ်သက်တာကြည်နူးစရာ
ပုံရိပ်တွေကိုမှတ်တမ်းတင်ပေး
မယ့် ဓာတ်ပုံဆရာများ
ဖြိုးစုပို

102... Make up Guide Chart
သတို့သမီးမိတ်ကပ်ဖန်တီးမှု
အတွက် ဝန်ဆောင်မှု
ရွေးနှုန်းများ
ဖြိုးစုပို

104... Audience of Celebrities' Choice
နေမင်း၊ လင်းလတ်ချို
သီတာစိုး

111...ကိုယ်ရောစိတ်ပါကျန်းမာ
စေမယ့် ကိုယ်ဝန်ဆောင်
ယောဂကျင့်စဉ်များ(၂)
ဂျင်းနီ
မြင့်သုဇာထွန်း

# Contents

VOL.10, NO.114, SEPTEMBER, 2013







ရတီနိုင်ငံတကာ

162... ရတီကိုရီးယား
*ဖင်မြင့်စံ*

165... Midnight Sun မှာ လန်းဦးမယ့် ဂျာမနီနှင်းဆီ ဒီယန်ခရှုဂါ
*ရဲသစ်*

203... International News
*ဖြိုးဖြိုး*

208... Super Model IRINA SHAYK
*တင်လတ်သန္တာဝိုလ်*

212... Film Feeling
*ဖြိုးဖြိုး*

20... မမရတီအမေးအဖြေ

ရတီအလှအကျော့

168... မေးချင်ရာမေး ဖြေချင်ရာဖြေ
*ဂျက်ကွမ်းခြံကုန်း*

217... ကတ်သီးကတ်သတ် ပြောတဲ့ တောက်တီးတောက်တဲ့

ရတီကျန်းမာရေး

160... လှပပိုပြည့်ရတီမေ
*မာဦး*

114... မိုးအခါကာလ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ကြ
*ဒေါက်တာ*
*အောင်ဆန်းဝင်း*

ရတီဆောင်းပါး

17... ရဟန်းနှင့်အော်စလို
*ဓမ္မဂါရီ*

84... ခေတ်တွေအလီလီ ပြောင်းခဲ့ပေမယ့် ရိုးမသွားတဲ့ ဂရေ့စ်ကယ်လီရဲ့ Wedding Dress
*သိမ့်နှင်းအိမ်*

128... မင်္ဂလာပွဲမှာ လိုက်ဖက်ညီတဲ့ အရောင်တွေ တွဲစပ်တတ်စေဖို့
*ပြည့်စုံသူ*

134... ကံကောင်းစေဖို့ ကိုယ့်ရာသီခွင်ရဲ့ သဘောတရားအတိုင်း အချိုပွဲကို ခင်းကျင်း ပြင်ဆင် ကြည့်ကြစို့
*ရွှေဝတ်လွှာ*

152... ပျော်ရွှင်သက်သာ မင်္ဂလာရက်မြတ်မှာ
*နှင်း*

170... ဘူမိအပူစွမ်းအင်
*ကျော်ဦး*

သဘာဝတွင်း ထွက်ကျောက် များ၏ဆေးဖက်ဝင် အစွမ်းသတ္တိကို လေ့လာခြင်း
*သိန်းပိုင် (M.Engg.Geol.)*

မန္တလေးအတွေး၊ မန္တလေးအရေး

193... အပေါင်းလက္ခဏာ ဆောင်ကြစေချင်
*ကိုထွန်း (လမ်း-၈၀)*

# Contents

VOL.10, NO.114, SEPTEMBER, 2013













ဖူးနုသစ်လွင်ကဗျာဥယျာဉ်

148... ဆလိုင်းမြတ်နိုးသူ (တောင်ဇလပ်မြေ)၊ ဆန်းငယ်သွေး (ပုတီးကုန်း) ထူးမမ(ပေါင်)၊ ကိုစနေ(ပန်းမော်)၊ ရာဇဝင်(ဒီပဲယင်း)၊ နေဦးသစ် (အထက်မင်းလှ)၊ သံဆု၊ မင်းလွင်ဦး(မြည်)

ရတီပေဒင်

190... ဒေါက်တာမြတ်သစ် (မန္တလေး)

Yati Digest

157... ပုန်းနေသော ဖုန်းကလေး တစ်လုံးအကြောင်း
*ကိုလင်းမာန်အောင်*

120... ဒေသသင်္ကေတ မိုးနဲ့
*လှမြင့်ဆွေ*

186... ရတီစာအုပ်စင်

ရတီဝေဖန်ရေး

188... ဒါရိုက်တာ အာယု၏ 'ချဉ်ဖတ်'
*မောင်အိမ်စံ*

ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

116... အလွမ်းဖြင့်ဖွဲ့ တည်လေသော
*သံလွင်သစ္စာ(သထုံ)*

ရတီအခန်းဆက်ဝတ္ထုရှည်

178... နှံ့နှစ်နှလုံးသား ပတ္တမြားဖြစ်စေ
*မောင်လွင်မှန်(ကသာ)*

ရတီဝတ္ထုတို

138... သံမြင်း တစ်ကောင်၏ ခွာသံများ
*မှန်းဝှူး*

142... မေတ္တာထုံတဲ့ အေးရိပ်မြုံ
*မှန်မြတ်သီဂီ*

172... အလွမ်းရင့်တက်တူး
*မေယဝတီ (ဒဂုံတက္ကသိုလ်)*

197... အလိုချင်ဆုံးအရာ
*သံဗျင်ဦး*


ပန်းချီသရုပ်ဖော်
မြတ်မင်းဟန်၊ အောင်ကျော်၊ ဒေါ်တုန်းမိုး၊ ယူကြီးမင်း၊ လင်းငြိမ်း၊ သီဟ(စခန်းသစ်)၊ ပန်းချာန်

Asian Fame Media Group
MEDIA GROUP



# စစ်

တစ်ယောက်ကိုတစ်ယောက်တည့်တည့်ချိန်ပစ်ကြ
ဘဝတွေပေးခဲ့ပြီး
ဘာပြန်ရမှန်းမသိလိုက်ဘူး
သေနတ်ခလုတ်ပေါ်မှာ
ငြိမ်းချမ်းမှုကိုရှာသတဲ့
လွတ်မြောက်မှုကို ရှာသတဲ့
အမုန်းတရားကို ရှာသတဲ့။

မျိုးရှေသေတဲ့ ပြောင်းခင်းကြီးတွေကို ထားပစ်ခဲ့ရ
မြေပလေးရဲ့ဝလာစာအုပ်ထဲမှာ
အရုပ်တွေကို အနီရောင်ခြယ်ထားရဲ့
မြင်ထဲမှာ
စစ်ပွဲရဲ့ရေစီးသံ။

အပြန်လမ်းက
တစ်ဖက်ကမ်းမှာ ကျန်ခဲ့ပြီ။

နှင်းခါးမိုး

yati poem
September 2013



Asian Fame Media Group
MEDIA GROUP



# အခက်ဆုံးဘာသာစကား

"ငြိမ်းချမ်းရေး" တဲ့
အဲဒီစကားလုံးကို သွေးတွေနဲ့ ရေးကြပြီး
ပူဆွေးဝမ်းနည်းခြင်းတွေနဲ့ အသံထွက်ကြရတယ်။

ရာစုနှစ်တဆက်ဆက်တိုင်
အဓိပ္ပာယ်ကို နားမလည်နိုင်သေးသမျှ
ကင်းနစ်မှာ ကိုယ့်စစ်ရိုင်ကိုယ်ပြန်ချိုးနေကြဆဲ။

တစ်ယောက်စကား တစ်ယောက်ကြားဖို့အရေး
နှင်းဆီတွေ ဘယ်လောက်ပွင့်ပေးရဦးမှာလဲ
သမိုင်းတွေ နှိုးရှုပ်ကြပါလေတော့။ ။

မင်းထက်မောင်
၁၇-၆-၂၀၁၂

yati poem
September 2013

MEDIA GROUP
Asian Fame Media Group



# လူငယ်လမ်း(၄)

အတိတ်ဆိုတာ အရိပ်ပဲ
ပြန်ကြည့်ရင် မှန်ကြည့်သလိုမြင်နေရတုန်းပဲ
ရှင်းပြီးသားကို ရှုပ်အောင်မလုပ်နဲ့
လွယ်ပြီးသားကို ခက်အောင်မလုပ်နဲ့
လူငယ်ကို လူလည်လာမချနဲ့
လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်
ခွင့်လွှတ်လို့ရတယ် မေ့လို့တော့မရဘူးတဲ့
ငါတို့ အဲဒီအမာရွတ်ပေါ်မှာ ဘယ်တက်တူးမှ မထိုးဘူး
ခေတ်အဆက်ဆက်ကြွေးကြော်သံများ
ပြည်တော်သာရမယ်တဲ့
လောကနိဗ္ဗာန်ရောက်ရမယ်တဲ့
ကုန်စည်စီးဆင်းမှုမပျက်ပိုမိုချမ်းသာလာမယ်တဲ့
မနှစ်ကထက် တိုင်းပြည်ဝင်ငွေတိုးတက်လာမယ်တဲ့
ငါတို့အဘိုး ငါတို့အဖေ ငါတို့ဘဝ
အခြေခံကျသထက်ကျလာတယ်
ငါတို့ တိုင်းပြည်ဟာ လမ်းကြောင်းမှန်ပေါ်ရောက်လာပြီလို့
အခုသမ္မတကြီးကပြောနေပြန်ပြီ
ငါတို့ ခံမှန်ခဲ့ဖူးတယ်
ငါတို့ လက်ထဲမှာ ဘာမှမရှိဘူး
ငါတို့ သတိရှိတယ်
ငါတို့ကိုမှန်ခဲ့ဖူးတဲ့ ခဲတွေရှိတယ်
လူငယ်လမ်းက အသံလွှင့်နေတယ်
လမ်းကြောင်းလေးတွေ မကြမ်းစေရေး (တို့အရေး)၂
ပန်းကောင်းလေးတွေ မနွမ်းစေရေး (တို့အရေး)၂
စမ်းချောင်းလေးတွေ မခန်းစေရေး (တို့အရေး)၂
အလံတွေအသံတွေတလူလူနဲ့
ဘင်ခရာသံတွေဆူညံနေပါပြီ
လူငယ်တွေလာတဲ့လမ်းမှာ။ ။

ကိုရွှေ
(၂၄-၄-၂၀၁၃ - ၀၃-၅-၂၀၁၃)

yati poem
September 2013

# ဘယ်မှာလဲ ပြည်သူ

ပြည်သူတဲ့
နာမည်ပေး ကင်ပွန်းတပ် မလုပ်ရပါဘဲ
ပျင်းရိလေးတွဲ့ ဖွယ် မိန့်ခွန်းတွေထဲမှာ
မစားရဝခမန်း အင်တာဗျူးတွေထဲမှာ
ပြည်သူတွေ ပြည်သူမဟုတ်သေးဘဲ
သူ့ကိုယ်သူ ပြည်သူလို့ ယုံကြည်နေရတယ်။


ကလေးတစ်ယောက်ရဲ့ လွတ်ကျသွားတဲ့ ကွန်ပါဘူးထဲ
တစ်စချင်း ငိုမဲ့မဲ့ ပြန်ကောက်ထည့်နေရတဲ့ ပြည်သူတွေဟာ
ဖြတ်ပျံသွားတဲ့ သိန်းငှက်ကို ကြောက်ကြောက်လန့်လန့် ပစ်ချရင်း
ခေါင်းပေါ်ပြန်ကျရတဲ့ နွားကျောင်းသားလေးလို ပြည်သူတွေဟာ
ကျွန်တော်တို့က ပြည်သူတွေလား ခင်ဗျာ
ကိုယ့်နာမည်ကိုယ်မေ့ပြီး ငိုကြီးချက်မနဲ့ ပြန်လိုက်မေးနေရတဲ့အဖြစ်
လွတ်ငြိမ်းချမ်းသာခွင့်မပေးနိုင်တဲ့ အပြစ်များ ရှိနေလို့လား။

ပြည်သူလို့ခေါ်တဲ့ သူတွေ
လူမျိုးရေးကြောင့် စစ်တွေဖြစ်လို့နေရဲ့
ပြည်သူလို့ သမုတ်ထားတဲ့သူတွေ
ဘာသာရေးကြောင့် တစ်ယောက်ကိုတစ်ယောက် သတ်လို့နေရဲ့
ပြည်သူလို့ ခေါင်းဆောင်မှုလာပြောထားသူတွေ
နိုင်ငံရေးကြောင့် တစ်ယောက်ကိုတစ်ယောက် ညစ်လို့နေလေရဲ့။

ဘယ်မှာလဲ ပြည်သူ
ပြည်သူဖြစ်ကြောင်း သိရဖို့
သက်သေခံ ကတ်ပြားကို ဈေးကြီးပေးဝယ်ခဲ့ရ
ပြည်သူဖြစ်ကြောင်း ပီသဖို့
အခွန်ငွေတွေကို ခယ ပေးဆောင်နေရ။

ခင်ဗျားတို့ကို တစ်ခုတောင်းဆိုပါရစေ
ကျွန်တော်တို့ကို ပြည်သူလို့ခေါ်မယ်ဆိုရင် ခေါ်ဆိုပေးပါ
ခင်ဗျားတို့ကို တစ်ခုတောင်းပန်ပါရစေ
ကျွန်တော်တို့ကို ပြည်သူလို့ သတ်မှတ်ရင် သတ်မှတ်နေရာချပေးပါ။

ဖျံသူငယ်ချင်းတစ်ယောက်
သူ့ကိုယ်သူ ပြည်သူမှန်းမသိတဲ့တိုင်းပြည်မှာ လေယာဉ်မှူးကြီးမောင်းလို့
ဖျံညီမလေးတစ်ယောက်
သူ့ကိုယ်သူ ပြည်သူလို့မခေါ်တဲ့ တိုင်းပြည်မှာ
အဆောက်အဦဒီဇိုင်းတွေ ရေးဆွဲလို့၊
ဒီမှာတော့ ပြည်သူဆိုတဲ့ ခေတ်ပညာတတ် အရက်သမားတစ်ယောက်
ဂစ်တာကို တခေါင်ခေါင်တီးလို့ လက်တွေဟာ တဆတ်ဆတ်တုန်လို့
ဒီမှာတော့ ပြည်သူဆိုတဲ့ ခေတ်ပညာတတ်မိန်းကလေးတစ်ယောက်
ကာရာအိုကေမှာ ပေါင်ပေါ်ထိုင်လို့ အရက်ကိုငုံ့လို့
ငါတို့ခေတ်ကို ပညာတတစတမ်းကြည့်ပစ်လိုက်စမ်း
ထိုးလျှိုပေါက်မြင်ကွင်းတွေက ရင်နင့်စရာတွေချည်းပဲ
နိုင်ငံရေးကြောင့် အကျဉ်းကျသူတွေ လွတ်ငြိမ်းချမ်းသာခွင့်ရပြီ




နိုင်ငံရေးကြောင့် အရက်သမားဖြစ်နေတဲ့လူငယ်တွေ
ဘယ်တော့လွတ်မြောက်မလဲ
နိုင်ငံရေးကြောင့် ကိုယ်ခန္ဓာရောင်းစားနေရတဲ့ မိန်းကလေးတွေ
ဘယ်တော့လွတ်မြောက်မလဲ
ကဗျာဆရာတစ်ယောက် အသည်းကွဲနေပြီ။

ဟိုတုန်းက ပြည်သူတွေ
လုပ်သားပြည်သူ့ဝတ်ရင်း စောင့်ခဲ့တယ်
ဒီဘက်ခေတ်ပြည်သူတွေ
ပြည်သူ့ခေတ်ဖတ်ရင်း စောင့်ခဲ့တယ်
စောင့်ရတာကြာတော့ ဘာတွေစောင့်နေမှန်း မသိတော့ဘူး
ထုံဆေးပေးထားတဲ့ အနာစိမ်းလို ပြည်သူဟာ
ပျော့ပျော့ကြီး ခွဲစိတ်ကုသခံလို့
ကွမ်းယာန်း ထုံးမန်းနဲ့ အုန်းပွဲငှက်ပျောပွဲလို ပြည်သူဟာ
ရှိခိုးပူဇော် ကော်ရော်ရင်း ဝေးကွာလို့။

ဘယ်မှာလဲ ပြည်သူ
ဘယ်မှာလဲ ပြည်သူ
ဒီလိုထပ်တလဲလဲ ရေရွတ်ရင်း
နှစ်ထပ်သဒ္ဒါနဲ့တူတဲ့ မြို့ကလေးက ပြည်သူဟာ
အလွန်ရှောကြောင်း
ဂုဏ်သရေရှိ သူငယ်ချင်းတစ်ယောက်ပြောတာ ပြန်အမှတ်ရတော့တယ်။

ခက်သီ

Asian Fame Media Group
MEDIA GROUP

# နှိုးဆော်


ရိုးသားစွာ ကွဲလွဲကြရင်း
ငါတို့လမ်းက မိုင်ထောင်ချီ။
အစာမရှိတဲ့ စားကျက်မှာမျော်
ကမ်းမမြင်တဲ့ ပင်လယ်ကိုကူး
လမ်းမရှိတဲ့ တောင်တွေကိုဖြတ်
ဆန္ဒမပါဘဲ ခေါင်းတွေတွင်တွင်ညိတ်ခဲ့ပြီး
ပြန်ပြောခွင့်မရှိ
နားသာထောင်ထောင်ခွင့်ရှိတဲ့ တိမ်ထဲမှာ
ငါတို့အိမ်ဆောက်ခဲ့ဖူးတယ်။
အတိတ်ဆိုတာ မေ့ပစ်ဖို့သက်သက်မဟုတ်ဘူး
နင်ခဲမှန်ဖူးတယ်နော်။

ကိုပေါက်



yati poem
S e p t e m b e r   2 0 1 3

Asian Fame Media Group




## ကိစ္စမရှိဘူး သံပတ်ပေးထားတယ်

ထီလှည်းဖွင့်သွားတာက
နဂါးနီသီချင်းနဲ့ ဒေါင်ဖေပိုင်ဖေ
မှိုနည်းနည်းတက်နေပြီ
ဖုန်သုတ်ရမယ်
အလန်းလေး တစ်ပုဒ်လောက်
ပါဆယ်ဆွဲပြီး အိမ်ပြန်မယ်
ကိစ္စမရှိဘူး သံပတ်ပေးထားတယ်
ကိုယ့်လက်ဖဝါးကိုယ် ပြန်စမ်းမိတော့
ထုထဲ ကြမ်းရှလို့
ငွေရေးကြေးရေးက လမိုက်ညထဲ
ကပ္ပလီတစ်ယောက် ကျွဲစီးနေသလို
တစ်လောကလုံး မှောင်လို့
ကိစ္စမရှိဘူး သံပတ်ပေးထားတယ်
ခွက်ပျောက်နေတဲ့ သူတောင်းစားတောင်
ဘုရင့်ပွဲတော်တည်ပုံကို အိပ်မက်ခွင့်ရှိတာပဲ
ကိစ္စမရှိဘူး သံပတ်ပေးထားတယ်
ကံစီမံရာဆိုတာ ပျောက်သွားတဲ့ ထီလက်မှတ်လို
ဘယ်ချိန်ခွင်နဲ့ တရားသေချိန်မလဲ
ကိစ္စမရှိဘူး သံပတ်ပေးထားတယ်
ရောင်းသူဝယ်သူ အသံတူရမယ်
ဒါတွေ သိမ်းလိုက်ပြီဆို
ဒီနှစ်ရာတန်လေးက နွမ်းနေပါလား ပြန်လဲပေးပါဦး
အိမ်မှာဆို ဆင်ဖြူတွေပဲ မွေးထားတယ်
ရယ်သံတချို့တစ်ဝက်
ပလက်ဖောင်းပေါ် ကျကွဲသွားတယ်
ကိစ္စမရှိဘူး သံပတ်ပေးထားတယ်
နိုင်ငံရေးလုပ်သူတွေ
အပျော်အပါးလုပ်နေကြသလို များများနေတာ
ဆိုက်ပွဲနဲ့ မတွေ့သေးလို့ ရိုက်နေတာများလား
ကိစ္စမရှိဘူး သံပတ်ပေးထားတယ်
စကားမစပ်
ကချေသွေက
တုတ်တွေ ဓားတွေ မထမ်းထားဘဲ
ရွေ့နေတယ်ဆို
လှည်းလို တဒီးဒီးလား
တိုက်ချင်းပစ် ဒုံးပျံတွေလိုလား
ကချာလိုလို ကချက်လိုလို
လိင်မှုဆိုင်ရာ မှတ်တမ်းလိုလို
အပြည့်မရောက်
တစ်ဝက်ကျော် ပြန်ဖျက်ချ
ဒီကွေ့မှာ အန္တရာယ်ကြီးကြီးမားမားရှိတယ်
လက်ပံပင်ဆက်ရက်ကျသလို
ဖုန်းလိုင်းတွေ ဖုန်းသံတွေ
ဟယ်လို ... အဝိန်ရှိပါ ... ကြားလား
မကြားရရင် ရှေ့တိုးနောက်ဆုတ်
ကိစ္စမရှိဘူး သံပတ်ပေးထားတယ်
ဒီကချာ ... တချပ်ချပ်လား တရှပ်ရှပ်လား
ချပ် ချပ် ချပ် ချပ်
ရှပ် ရှပ် ရှပ် ရှပ်
ကိစ္စမရှိဘူး သံပတ်မြည်နေတယ်။ ။

မိုယ်းဇက်သော်


Asian Fame Media Group
af MEDIA GROUP




Asian Fame Media Group

# CARTOON




ခေတ်အဆက်အဆက်တည်တည်တံ့တံ့
စီးပွားရေးလုပ်ငန်းရှင်ကြီးကိုဖျူးပါရစေ
ဘာစ..လုပ်ခဲ့တာလဲ..ရောင်းခဲ့တာလဲ..
ဩ..ဟင်း..ဟင်း
2012

# CARTOON




Asian Fame Media Group

Q&A

# မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ



သို့ မင်္ဂလာပါ မမရတီ

ဦးဦးနေယံရဲ့အကြောင်းလေးတွေကို မေးထားတဲ့စာလည်း ထည့်ထားတာ ကြာပါပြီ။ ဧပြီလရတီမဂ္ဂဇင်းမှာ ပါလာမလားဆိုပြီး စောင့်မျှော်နေတာ။ ဧပြီလထုတ် ရတီမဂ္ဂဇင်းက သမီးတို့မြို့က စာအုပ်ဆိုင်တွေကို ရောက်မလာတော့ ပါမပါမသိလိုက်ရပါဘူး။ ဇူလိုင်လ ထုတ်မဂ္ဂဇင်းမှာ ဦးဦးနေယံနဲ့ သူ့ရဲ့ နွေးကြီး ပိုင်ပိုင်တို့အကြောင်းကိုဖတ်ရတော့ ဝမ်းသာမှုဖြစ်သွားရပါတယ်။ ဦးဦးနေယံ ကားသစ်တွေ ရိုက်နေလား၊ မျက်ခြယ်ဗီဒီယို ထုတ်လုပ်ရေးနဲ့ပဲ ရိုက်နေပါသေးသလား သိချင်ပါတယ်ရှင့်။ ကိုကိုဇေရဲထက်ရဲ့ သရုပ်ဆောင်မှုတွေကိုကြည့်ရတာ ဝါရင့်သရုပ်ဆောင်တွေလို ဇာတ်ရုပ်ပီပြင်အောင် သရုပ်ဆောင်ခဲ့တာတွေတွေ့ရလို့ သမီးတို့က အားပေးလျက်ရှိပါတယ်၊ ကိုကိုဇေရဲထက်ရဲ့အကြောင်းလေးတွေကိုလည်း မဂ္ဂဇင်းစာမျက်နှာပေါ်မှာ တွေ့ပါရစေဦးရှင့်။ ဆက်လက်ကြိုးစားပြီး ကျော်ကြားတဲ့ အနုပညာရှင်တစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်ရှင့်၊ အနုပညာရှင် သရုပ်ဆောင်တွေက အားလုံးလိုလိုပဲ သူတို့ဆီကို အားပေးတဲ့စာတွေရေးပေမယ့် ပရိသတ် တစ်ယောက်ချင်းစီကို ဘယ်တော့မှ ပြန်စာမရေးကြဘူးနော်၊ ဦးဦးမင်းရာဇာ၊ ဦးဦးနေယံတို့ဆီကို စာရေးခဲ့ပေမယ့် စာပြန်မှုမရှိကြပါ။ သမီးလေးရဲ့စာမှာ အမှားပါရင် ခွင့်လွှတ်ပါရှင့်။

သမီးလေး ရွှေယမင်းဦး၊ မကွေးတိုင်းဒေသကြီး

**သမီးလေးရွှေယမင်းဦးနေတဲ့မြို့ကို ဧပြီလထုတ် ရတီမဂ္ဂဇင်း ရောက်မလာခဲ့ဘူးဆိုလို့ စိတ်မကောင်းပါဘူး သမီးရေ။ ရတီဟာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အမြို့မြို့အနယ်နယ်ကို ရောက်အောင် ဖြန့်ချိနေပါတယ်။ သမီးအားပေးနေတဲ့ နေယံပါဝင်တဲ့ အထူးကဏ္ဍကိုကြိုက်တယ်ဆိုလို့ စီစဉ်ဖန်တီးသူများက ဝမ်းသာနေကြပါတယ်။ လတ်တလောမှာတော့ နေယံက ဒါရိုက်တာ အကယ်ဒမီဇော်မြင့်ဦး(ဇာတ်ညွှန်း) နဲ့ 'လွှမ်းမိုးမှုကို ရင်ဆိုင်ခြင်း' အကျိုးပြုရုပ်သံဇာတ်လမ်းကို မေသက်ခိုင်၊ ဦးမိုးဒီတို့နဲ့ ရိုက်ကူးနေပါတယ်တဲ့။ သမီးချစ်တဲ့ အနုပညာရှင်တွေဆီက စာမပြန်ကြတာကတော့ မအားလပ်လို့ဖြစ်ပါလိမ့်မယ်။ ထပ်ကြိုးစားကြည့်ပါနော်။**



မင်္ဂလာပါ ရတီဝိုင်းတော်သားများ

မမရတီ . . တေးရေးကေအေတီ ဆုံးသွားပြီနော်။ ကောင်းရာသုခဘုံဘဝကို ရောက်ပါစေ။ မိသားစုနဲ့ ထပ်တူ ဝမ်းနည်းကြောင်းကို ပြောပေးပါနော်။ မမရတီ. . သေခြင်းတရားမရှိရင် ကောင်းသားနော်။ ဘဝမှာနေရရင် သူရဲကောင်းတဲ့။ သေရင် အာဇာနည်တဲ့။ ဒါဒါပြောတာမဟုတ်ဘူးနော် (ဆရာမောင်လှမျိုးပြောတာပါ)။ ဒါဒါတို့တွေက သေဖို့ကို ပြင်ဆင်တုန်းလေ။ မမရတီ . . ဒါဒါဆုံးရင် ရတီမှာ ဝမ်းနည်းကြောင်း ထည့်ပေးနော်။

ရတီရဲ့ အမာခံပရိသတ်၊ ဒါဒါ(ရွှေကျင်)

**တေးရေးကေအေတီ ဆုံးပါးသွားတဲ့အတွက် အနုပညာရပ်ဝန်းနဲ့ ပရိသတ်တွေသာမက မမရတီတို့လည်း ဝမ်းနည်းရပါတယ် ဒါဒါရေ။ သေခြင်းတရားဆိုတာ သဘာဝနိယာမတစ်ခုမို့ လက်ခံနိုင်ဖို့ကြိုးစားကြရတာ လည်း မမှတာပါပဲ။ မမရတီနဲ့ ဝိုင်းတော်သားတွေကတော့ ရတီစာဖတ်ပရိသတ်တိုင်းကို အမြဲတမ်းစိတ်ရောကိုယ်ပါကျန်းမာနေဖို့ မျှော်လင့်နေပါတယ်ကွယ်။**

Asian Fame Media Group

သို့ မမရတီ

သမီးက ရတီမဂ္ဂဇင်းရဲ့ ပရိသတ်ပါ။ သမီးတောင်းဆိုချင်တာလေး တစ်ခုရှိလို့ပါ။ အဲဒါက ရတီမဂ္ဂဇင်းမှာ မော်ဒယ်ဇင်ပိုင်ထွန်းရဲ့ အင်တာဗျူးကို ဖတ်ချင်ပါတယ်။ မော်ဒယ်ဇင်ပိုင်ထွန်းရဲ့ မွေးနေ့လည်း သိချင်လို့ပါ။ Hello မဂ္ဂဇင်းမှာ ဖတ်လိုက်ရပေမယ့် ရတီမှာလည်း ဖတ်ချင်လို့ပါမမရတီ။ သမီးက အားပေးနေတယ်ဆိုတာလည်း ပြောပေးပါနော်။ မမရတီ သမီးရဲ့စာကို ကျေးဇူးပြုပြီး ဖြေပေးပါနော် . . ရတီမဂ္ဂဇင်း အမြဲတမ်း အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ရေဝတီ (YTS)



**ဇွန်လထုတ်ရတီမဂ္ဂဇင်းမှာ မော်ဒယ်ဇင်ပိုင်ထွန်းကို ဖော်ပြထားပါတယ်သမီးရေဝတီရေ။ ဇင်ပိုင်ထွန်းက ဩဂုတ်လ ၃၀ ရက်နေ့မှာ သူ့အသက် ၁၈ နှစ်ပြည့်မှာဖြစ်ပါတယ်တဲ့။ အင်တာဗျူးကိုတော့ အလျဉ်းသင့်တဲ့အခါ ဖော်ပြပေးဖို့ အယ်ဒီတာအဖွဲ့ကို ပြောလိုက်ပါ့မယ်ကွယ်။**

သို့ မမရတီ

G3 အဖွဲ့ထဲက ငါ့နေရာသီချင်းဆိုထားတဲ့ ရဲရင့်အောင်ရဲ့လိပ်စာ၊ မွေးသက္ကရာဇ်၊ အရပ်အမြင့်နဲ့ သွေးအမျိုးအစားကို အရမ်းသိချင်လို့ ပြောပြပေးပါနော်။ ပြီးတော့ ဘန်နီဖြိုးရဲ့ အရပ်အမြင့်နဲ့ သွေးအမျိုးအစားကို သိချင်ပါတယ်။ မမရတီ . . . သမီး တောင်းဆိုတာများလို့ သမီးစာကို မဖယ်လိုက်ပါနဲ့နော်။ သမီးက အရမ်းသိချင်လို့ပါ။ မမရတီကသာ သမီးကို စာပြန်ပေးရင် မမရတီကို အရမ်းကျေးဇူးတင်မှာပါ။ ခင်နေရီမြင့်



**အနုပညာရှင်သွေးအမျိုးအစားတွေ စုဆောင်းနေတဲ့ ညီမလေး ခင်နေရီမြင့်အတွက် ဖြေပေးလိုက်ပါပြီနော်။ G3 ထဲက ရဲရင့်အောင်ရဲ့ သွေးအမျိုးအစားက O ဖြစ်ပြီး အရပ်အမြင့်က ၅ ပေ ၇ လက်မပါ။ မွေး သက္ကရာဇ်ကတော့ ၁၈. ၈. ၁၉၉၃ ဖြစ်ပါတယ်။ ဘန်နီဖြိုးရဲ့ သွေးအမျိုးအစားက B ဖြစ်ပြီး အရပ်အမြင့်က ၅ ပေ ၆ လက်မဖြစ်ပါတယ်။ (အနုပညာရှင်တွေရဲ့ သွေးအမျိုးအစား၊ အရပ်အမောင်းတွေကိုမေးပြီး ဘာလုပ်မလို့ပါလိမ့်နော်)**

သို့ မမရတီ

ရတီမဂ္ဂဇင်းမှာ ကဗျာဆရာတွေအတွက် အခွင့်အလမ်းရှိပေမယ့် ဝတ္ထုတိုသမားတွေအတွက် ဖိတ်ခေါ်တာ မတွေ့လို့ပါ။ ငါသနာပါရင် ရေးလို့ရမလားမသိဘူး။ ကျွန်တော်က ဝတ္ထုရေးတဲ့ စာရေးဆရာပေါက်စနလေးပါ။ ဟိုတိုးဒီတွေနဲ့ ကိုယ့်ဝတ္ထုကလေး ဘယ်ပို့ရပါလို့တွေးပြီး ရူးချင်တယ်။ (အကယ်၍သာ ကျွန်တော့်ဝတ္ထုကို နှစ်သက်မယ်ဆိုရင်) စာမူခမရလည်း ကျေနပ်ပါရဲ့ဗျာ။ ဩော် . . . ဒါနဲ့ စကားမစပ် မမရတီက အသက် ဘယ်လောက်ရှိပြီလဲဟင်။ အသက်မေးရင် စိတ်ဆိုးတတ်လား။
ဟိန်းပြည့်စုံ ကျွဲးကွက်သစ်၊ ကျောက်မြောင်း။

**စာရေးဆရာပေါက်စနလေးပြောသလို ရတီမှာ ဝတ္ထုတိုသမားတွေအတွက် ဖိတ်ခေါ်မထားတာ မဟုတ်ပါဘူး။ ရတီမဂ္ဂဇင်းမှာ လစဉ်ဖော်ပြနေတဲ့ ရည်ညွှန်းဖွဲ့သီချစ်သူ့ဆီကဏ္ဍဟာ ဝတ္ထုတိုသမားတွေအတွက် ဖိတ်ခေါ်ထားတဲ့ကဏ္ဍပါပဲ။ နောက်ပြီး ရတီရဲ့ဝတ္ထုတိုကဏ္ဍမှာ ကလောင်ကြီးငယ်မရွေးဖော်ပြနေတယ်ဆိုတာကို လစဉ်စောင့်ဖတ်ကြည့်ရင်သိနိုင်ပါတယ်။ မမ ရတီရဲ့အသက်ကတော့ တစ်နှစ်မှာ တစ်ခါပြောင်းနေတာမို့ မမှတ်မိတော့ပါဘူးကွယ်။**

သို့ မမရတီ

ကျေးဇူးပြုပြီး တစ်ပုလောက် ကူညီပေးပါနော်။ အစ်ကိုအစ္စကီနဲ့ အစ်ကိုမင်းသစ္စာရဲ့ လိပ်စာလေး သိချင်လို့ပါနော်။ ပြီးတော့ 2P က ရတီမဂ္ဂဇင်းရဲ့ ကဏ္ဍပေါင်းစုံကို အကုန်လုံးကြိုက်တယ်။ အကြိုက်ဆုံးကတော့ Audience of celebrities' choice အစီအစဉ်ကို အကြိုက်ဆုံးပဲ။ ကိုယ်ကြိုက်တဲ့ မင်းသားနဲ့အဆိုတော် အလှည့်ကျရင် 2P စာတ်ပုံပို့လိုက်မယ်နော်။ အရွေးမခံရရင်တော့ ကံတရားပဲပေါ့နော်။ မမရတီတို့ ဝိုင်းတော်သားများ အားလုံး ကျန်းမာပျော်ရွှင်ကြပါစေ။ ပြီးတော့ ရတီမဂ္ဂဇင်းလည်း နှစ်ရာကျော်တိုင်အောင် အောင်မြင်မှုသရဖူကို ဆွတ်ခူးနိုင်ပါစေလို့ ဆုတောင်းရင်း . . . 2P (KPG)



**Audience of celebrities' choice ကဏ္ဍဟာ ပရိသတ်နဲ့ အနုပညာရှင်တွေကြား ပေါင်းကူးပေးတဲ့ ကဏ္ဍလေးပါ။ ရွေးချယ်ခံရခြင်းကတော့ အနုပညာရှင်ရဲ့ရွေးချယ်မှုပေါ်မှာပဲ မူတည်တာမို့ အခွင့်အရေး အများကြီးရှိပြီး စိတ်ဓာတ်ကျစရာ မလိုပါဘူး။ အစ္စကီရဲ့လိပ်စာကတော့ တိုက် ၄၄၊ အခန်း 2A၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်းဖြစ်ပါတယ်။ မင်းသစ္စာရဲ့လိပ်စာကိုတော့ အလျဉ်းသင့်တဲ့အခါ ထပ်မံဖော်ပြပေးပါ့မယ်။**

Asian Fame Media Group



# COVER IMAGE
## AWN SENG

**MAKE-UP :** MAY OO
**DRESS :** MOGOK PAUK PAUK
**JEWELLERY :** SEIN NAN TAW
**PHOTO :** WANNA KHWAR NEE

ARRANGED BY PHYOE SU PO PO

Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



Asian Fame Media Group





Asian Fame Media Group

# DRESS THE ART (Lady Pouk)

MODEL-**Hett Ket, May Than Htike**
Makeup-**Min Min** (Butterfly-Yankin) Photo-**Michael Aung** (Art)
Location-**Judson** (University Estate) Arrange-**Moe Thauk Kyal**





MEDIA GROUP
Asian Fame Media Group







# GLAMOUROUS *girl*

model . alice / make up . nyo
photo . ko naing (popular)
arranged by . nay yi yi lin




Asian Fame Media Group
MEDIA GROUP




Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



GLAMOUROUS
girl

# yati
## WEDDING SPECIAL















Asian Fame Media Group
MEDIA GROUP



## *Wedding Special*

**Model :** Hnin Yahmone Oo/ **Make-up :** Thaw Wun Thu (May Oo Maung)/ **Dress :** Latt Latt (Lady Boutique Special)
**Jewellery :** Thaw Wun Thu/ **Florist :** Malaysia Than Myint/ **Photo :** Aye Zaw Moe (Setthmu)
Arranged by Phyoe Su Po Po


Asian Fame Media Group
MEDIA GROUP

## *Wedding Special*

**Model**
Chan Me Me Ko
**Make-up, Dess & Jewellery**
Toe Toe (Best Makeup Artist Asia Award)
**Florist**
Lin Lin
**Photo**
Aye Zaw Moe (Setthmu)
Arranged by Phyoe Su Po Po

## စန္ဒသတိဿဒေဝီ သိင်္ဂီ ရွှေချိတ်

Hire : ၁၅၀၀၀၀ မှ ၁၀ သိန်းအထက်ထိ
Custome Made : ၄၅၀၀၀၀ သိန်းနှင့် အထက်
(၅ သိန်းအထက် ဝတ်စုံငှားပါက မိတ်ကပ်၊ ဆံပင်၊ လက်ဝတ်ရတနာများကို ဝန်ဆောင်မှုပေးပါသည်။)



Asian Fame Media Group
AF MEDIA GROUP




Asian Fame Media Group
MEDIA GROUP



မော်ဒယ် - အေးမြတ်သူ
ဆံပင်၊ မိတ်ကပ် - ခင်စန်းဝင်း
လက်ဝတ်ရတနာ - ခင်စန်းဝင်း
ဒီဇိုင်နာ - ပြည်စိုးအောင်
လက်ကိုင်ပန်း - ခင်မောင်ဝင်း
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)
စီစဉ်သူ - သီတာစိုး

Asian Fame Media Group


Sale Price
700,000


Asian Fame Media Group




Asian Fame Media Group




Asian Fame Media Group
MEDIA GROUP




MODEL : **NWE DARLI TUN**
HAIR & MAKE-UP : **AWLAY (DECEMBER HNIN)**
DESIGNER : **EI KYAW ZIN (VIVID)**
PHOTO : **KO LINN (STUDIO - K)**
ARRANGED : **THIDA SOE**




Asian Fame Media Group



Asia Media Group
MEDIA GROUP



လင်းလင်း
Make Up Artist
သတို့သမီး မိတ်ကပ် နှင့် ဖင်လာဝတ်စုံ
(ထပ်တန်းလက်ခံသည်)
မော်ဒယ်(လ်) - နေတိုး၊ ခင်သီဂီစိုး
ဓာတ်ပုံ - ဝဏ္ဏစွာနီး(၀၁ ၅၂၆၇၁၅)
ပန်း - မာမီကျော်(မလေးရှား)(၀၉ ၇၃၁၀၉၅၅၁)
ဝတ်စုံ - ကိုတွတ်(ဗိုလ်ချုပ်ဈေး)
လင်းလင်း - အမှတ်(၁၉၉)၊ပထမထပ်၊၂၈လမ်း(အထက်ဘလောက်)၊ရန်ကုန်မြို့
ဖုန်း - ၀၉ ၅၁၆၃၁၆၇၊ ၀၉ ၄၉၂၉၀၄၈၂၊ ၀၉ ၇၃၁၃၂၆၆၆၊ ၀၉ ၄၅၀၀၀၁၉၉၉



မော်ဒယ် - ယုသန္တာတင်
ဆံပင်၊ မိတ်ကပ် - ညီညီမောင်(စမ်းချောင်း)
ဒီဇိုင်နာ - မျိုးမင်းစိုး
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)
စီစဉ်သူ - သီတာစိုး

Asian Fame Media Group


MEDIA GROUP
Asian Fame Media Group
Sale Price
600,000
Loan Price
300,000



MODEL : SHWE YI THONE THONE
HAIR & MAKE-UP : WINE (DECEMBER HNIN)
DESIGNER : JOKER
LOCATION : SCENCE LUXURY FURNITURE CENTER
PHOTO : AUNG ZAW (LOVE SPACE)
ARRANGED : THIDA SOE

Asian Fame Media Group
MEDIA GROUP





Asian Fame Media Group



YATI MAGAZINE
PHOTO MEMORIAL
SIMON & MYA

MEDIA GROUP


YATI MAGAZINE
PHOTO MEMORIAL
SIMON & MYA




Asian Family Media Group


Wedding special




Asian Family Media Group


Weddingspecial




MEDIA GROUP
Asian Prime Media Group


Wedding special


Wedding Special
မော်ဒယ် - နန့်ရှစ်နဒီဇော်
ဝတ်စုံ - မမြထွေးတင် (ဂီဝိ)
မိတ်ကပ် - မင်းမင်း (Butterfly.yankin)
လက်ဝတ်ရတနာ - စိန်မင်းသမီး
ဒီနှစ်အတွက်အရောင် - မိတ်ကပ်ရောင်
ရောင်း - ညီနိုင်း
ဟား - ညီနိုင်း
ဓာတ်ပုံ - ဘိုဘို
စီစဉ်သူ - မိုးအောက်ကြယ်




Wedding Special
မော်ဒယ် - မင်းရာဇာ၊ သုဇာမောင်
ဝတ်စုံ - တော်ဝင်သူ
မိတ်ကပ် - တော်ဝင်သူ (မဦးမောင်)
လက်ကိုင်ပန်း - မလေးရှား(သန်းမြင့်)
ဝတ်စုံဈေး - ၉၀၀၀၀၀(ထိုင်မသိမ်း)
ဖွား - ၄၀၀၀၀၀(ထိုင်မသိမ်း)
ဓာတ်ပုံ - ကိုနိုင် (ပေါ်မြူဇာ)
location - မြင့်မိုရ်(ဟိုတယ်)သန်လျင်
စီစဉ်သူ - မိုးသောက်ကြယ်
Sharing Prosperity
Myanmar



Weddingspecial




ရှိုးရာဓလေ့အရ ဝါကျွတ်ကာလရောက်လာရင် လက်ထပ်မင်္ဂလာကို တင့်တင့်တယ်တယ် ပိုင်ဆိုင်နိုင်ကြပါပြီ။ ရာသီနောက်ခံက စိမ်းမြမြ၊ ဝင့်ထည်ထည်နဲ့ပတ်ဝန်းကျင်မှာ လေပြည်တစ်သိုက်က ဝေ့ဝဲတိုက်ခတ်နေပါတယ်။ မြက်ခင်းလွှာပေါ်ကို လအရိပ်တွေကျ မလာမီ ဆည်းဆာနေရောင်ခြည်နဲ့ မင်္ဂလာမောင်နှံရဲ့ပျော်ရွှင်မှုတွေဟာ ပျံ့လွင့်နေပါတယ်။ ခန်းမတွေမှာတော့ လျှပ်စစ်မီးရောင်နဲ့ ဖိတ်ဖိတ်လက်ရှုခင်း၊ ရောင်စုံအခြယ်အသတွေရဲ့ ခမ်းနားမှုတွေ ရှိနေပါတယ်။ တစ်ချိန်မှာ ဖွံ့တည်မယ့် အိမ်အတွက် မင်္ဂလာမောင်နှံတွေမှာ ကျက်သရေရှိတဲ့ ဧည့်ခံပွဲတွေ လိုအပ်ပါတယ်။ အစားအသောက်၊ အပြင်အဆင်တွေနဲ့ One Stop Service ကို ခန်းမတွေကလည်း ဝန်ဆောင်ပေးကြပါတယ်။ အလှဆုံးမိတ်ကပ်၊ အဝတ်အစားအပြင်အဆင်တွေနဲ့ မင်္ဂလာရတုနှစ်ပတ်လည်အထိမ်းအမှတ်တွေကလည်း ပွဲပိုးလိုက်တော့ တစ်သက်မှာတစ်ခါ လက်ထပ်မင်္ဂလာအားလုံးဟာ ဧည့်ခံပွဲအမျိုးမျိုးနဲ့ မင်္ဂလာရှိသွားကြပါတော့တယ်။

ပင်စိမ်းကို

# ဘဝတစ်ခုအစပျိုးကြရာ မင်္ဂလာနေရာများဆီ



## Traders Hotel (01 - 242828)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ |
| ဧည့်ခံ (၁ ဦးနှုန်း) | **၆၀၀၀ ကျပ်နှင့်အထက်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့်အကြော်မုန့် ၄ မျိုး<br>**၁၀၀၀၀ ကျပ်နှင့်အထက်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ရေခဲမုန့်နှင့်အကြော်မုန့် ၅ မျိုး<br>**၁၂၀၀၀ ကျပ်နှင့်အထက်**<br>ဘူဖေး (ဟင်းသုံးမျိုး) |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း (မြန်မာ၊ အင်္ဂလိပ်၊ တရုတ်လို)<br>မင်္ဂလာပန်းနှင့် မင်္ဂလာထိုင်ခုံ<br><br>လျှောက်လမ်းကော်ဇောနီခင်း၊ ပန်းတိုင်ရှစ်တိုင်၊ သုံးဆင့်မင်္ဂလာကိတ်စင်တစ်ခု၊ စားပွဲတိုင်း အလှပန်းတစ်ခုစီ |
| ဝန်ဆောင်မှု | PA အသံစနစ်နှင့် နောက်ခံဂီတ၊ မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း၊ Dulex Room မှာတစ်ညအိပ်နားခွင့် နှင့် နံနက်စာ၊ မင်္ဂလာကားအကြီးအပို |
| မှတ်ချက် | ဧည့်သည်ဦးရေအလိုက် ဈေးနှုန်းအပြောင်းအလဲနှင့် ၁၀ ရာခိုင်နှုန်း လျှော့ဈေး |

## Sedona Hotel (01 - 666900)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ နေ့လယ် ၁၂ နာရီမှ ၂ နာရီခွဲ၊ ညနေ ၄ နာရီမှ ၆ နာရီအထိ |
| ဧည့်ခံ (၁ ဦးနှုန်း) | **၁၀၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့်အကြော်မုန့်၊ Sandwish<br>**၁၃၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့်အကြော်မုန့်၊ Sandwish ၊ ဘူဖေး |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း (မြန်မာ၊ အင်္ဂလိပ်၊ တရုတ်လို)၊ မင်္ဂလာပန်းနှင့် မင်္ဂလာထိုင်ခုံ<br>လျှောက်လမ်းကော်ဇောနီခင်း၊ ပန်းတိုင်(လျှောက်လမ်း ပုံသဏ္ဌာန်အလိုက်)၊ မင်္ဂလာကိတ်တစ်လုံး၊<br>စားပွဲအလှပန်းတစ်ခုစီ |
| ဝန်ဆောင်မှု | နောက်ခံဂီတ၊ မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း၊ နံနက်စာအပါအဝင် ၁ ညအိပ်<br>Toyota Crown (or) Mercedes မင်္ဂလာကားအကြီးအပို |
| မှတ်ချက် | ဆီဒိုးနားရဲ့ မင်္ဂလာအဖွဲ့ဝင်ထားနိုင်ပြီး နှစ်ပတ်လည်မင်္ဂလာအထိမ်းအမှတ်ကို ၃၀ ရာခိုင်နှုန်းလျှော့ဈေးနှင့် ကျင်းပနိုင် |

## Chatrium Hotel (01 - 544500)

| | |
|---|---|
| မင်္ဂလာအချိန် | နှစ်သက်ရာအချိန် ၂ နာရီကျင်းပနိုင် |
| ဧည့်ခံ (၁ ဦးနှုန်း) | **၁၀၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၃ မျိုးမှ ၅ မျိုးအထိ<br>**၁၃၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ Hi-Tea Menu နှင့် ရေခဲမုန့်<br>**၂၀၀၀၀ ကျပ်ဝန်းကျင်**<br>Grand Ballroom Package (မြန်မာ၊ တရုတ်၊ ဥရောပအစားအစာနှင့် ဘူဖေး)<br>**၂၁၀၀၀ ကျပ်ဝန်းကျင်**<br>Pool Garden Package (မြန်မာ၊ တရုတ်၊ ဥရောပအစားအစာနှင့် ဘူဖေး) |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း၊ မင်္ဂလာပန်းနှင့် မင်္ဂလာထိုင်ခုံ၊ ခန်းမအတွင်း စားပွဲအလိုက် ပန်းတစ်ခုစီ၊ ဥယျာဉ်အတွင်း အလှသစ်ပင်၊ အလှပန်းတိုင် |
| ဝန်ဆောင်မှု | Dinner များကို လူနည်းရင် Ballroom ၊ လူများရင် Possible မှာ ကျင်းပပေး၊ ဧည့်သည် ၃၀၀ ပြည့်လျှင် နံနက်စာအပါအဝင် ၁ ညအိပ် တည်းခိုခွင့်၊ ရေခဲပန်းပုလက်ဆောင်၊ မင်္ဂလာကား |
| မှတ်ချက် | နှစ်ပတ်လည်ကုင်းပချင်သူများအတွက် Lovebird Card စီစဉ်ထား၊ ၅ နှစ်အတွင်း မင်္ဂလာနှစ်ပတ်လည် (သို့) ကလေးကင်ပွန်းတပ်မင်္ဂလာကို Lovebird Card ရယူပြီး လျှော့ဈေးနဲ့ ကျင်းပနိုင် |

Asian Fame Media Group
MEDIA GROUP




PARKROYAL
YANGON

## Your Perfect Wedding

ကြီးကျယ်ခမ်းနားသော သင်၏ မင်္ဂလာပွဲအတွက် PARKROYAL Yangon ၏ Wedding Package များမှ သင့်စိတ်တိုင်းကျရွေးချယ်နိုင်ပါသည်။

**PARKROYAL Yangon ၏ Wedding Package များ**

- Sapphire Package * တစ်ဦးလျှင် ၁၃၀၀၀ ကျပ်
  (မုန့် ၃ မျိုး၊ ရေခဲမုန့် (ကြိုက်နှစ်သက်ရာ အရသာ)၊ လက်ဖက်ရည် နှင့် ကော်ဖီ)
- Ruby Package * တစ်ဦးလျှင် ၁၄၀၀၀ ကျပ်
  (မုန့် ၄ မျိုး၊ ရေခဲမုန့် (ကြိုက်နှစ်သက်ရာ အရသာ)၊ လက်ဖက်ရည် နှင့် ကော်ဖီ)
- Emerald Package * တစ်ဦးလျှင် ၁၅၀၀၀ ကျပ်
  (မုန့် ၅ မျိုး၊ ရေခဲမုန့် (ကြိုက်နှစ်သက်ရာ အရသာ)၊ လက်ဖက်ရည် နှင့် ကော်ဖီ)
- Diamond Package * တစ်ဦးလျှင် ၁၆၀၀၀ ကျပ်
  (မုန့် ၆ မျိုး၊ ရေခဲမုန့် (ကြိုက်နှစ်သက်ရာ အရသာ)၊ လက်ဖက်ရည် နှင့် ကော်ဖီ)
- Chinese Set Menu * တစ်ဦးလျှင် USD 30 and above

* Terms and conditions apply.

** အသေးစိတ်သိရှိလိုပါက ဖုန်း ၂၅၀၃၈၈ လိုင်းခွဲ ၈၁၀၂၊ ၈၁၀၃၊ ၈၁၈၉ နှင့် ၈၁၂၃ (သို့) email: banquet.prygn@parkroyalhotels.com သို့ မေးမြန်းနိုင်ပါသည်။



**parkroyalhotels.com**

PARKROYAL Yangon
33 Alan Pya Phaya Road
Dagon Township, Yangon, 11191
Myanmar.

Tel : + 95 1 250 388
Fax : + 95 1 252 478
enquiry.prygn@parkroyalhotels.com

**Hotels & Resorts** | Kuala Lumpur • Melbourne • Parramatta • Penang • Saigon • Singapore • Sydney • Yangon
New additions: Bogor (2014) • Pecatu (2016)

**Serviced Suites** | Kuala Lumpur • Singapore

Our guest loyalty programme

## Inyalake Hotel (01 - 662866)

| မင်္ဂလာအချိန် | နံနက် ၁၀ နာရီမှ ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီမှ ၄ နာရီ |
|---|---|
| ဧည့်ခံ (၁ ဦးနှုန်း) | **၈၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့်မုန့် ၄ မျိုး<br>**၉၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၅ မျိုး<br>**၁၀၀၀၀ ကျပ်ဝန်းကျင်**<br>ဘူဖေးနှင့် လက်ဖက်ရည်၊ ကော်ဖီ |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း၊ မင်္ဂလာပန်းနှင့် မင်္ဂလာထိုင်ခုံ၊ စင်မြင့်မုခ်ဦးပန်းတိုင် ၂ တိုင်နှင့် လျှောက်လမ်းပန်းတိုင်များ၊ သတို့သားနှင့် သတို့သမီးလွယ်မင်္ဂလာပန်းကုံး ၂ ကုံး၊ စားပွဲတင်အလှပန်းတစ်ခုစီ |
| ဝန်ဆောင်မှု | မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း၊ မင်္ဂလာကားအကြိုအပို့၊ နံနက်စာအပါအဝင် တစ်ညအိပ်တည်းခိုခွင့် |
| မှတ်ချက် | မင်္ဂလာပန်းကုံးမေတ္တာလက်ဆောင်ချီးမြှင့်ပေးခြင်းကြောင့် မြန်မာ့ဓလေ့ လက်ထက်မင်္ဂလာကျင်းပဖို့အတွက် သင့်လျော်ပါသည်။ ပြင်ပဧည့်ခံပွဲ ကျင်းပနိုင်သည်။ |

## Park Royal Hotel (01 - 250383)

| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၁ နာရီ၊ နေ့လယ် ၁၂ နာရီမှ ၂ နာရီခွဲ၊ ညနေ ၄ နာရီမှ ၆ နာရီ၊ ည ၇ နာရီမှ ၉ နာရီ |
|---|---|
| ဧည့်ခံ (၁ ဦးနှုန်း) | **၁၀၀၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်အထိ**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ ရေခဲကိတ်မုန့်နှင့် မုန့် ၃ မျိုးမှ ၅ မျိုး<br>**၁၄၀၀၀ ကျပ်ဝန်းကျင်**<br>Special Wedding Package (အစုံလိုက်)၊ မြန်မာအစားအစာ (Setmenu)<br>**၂၅ ဒေါ်လာဝန်းကျင်**<br>ဘူဖေး (နိုင်ငံတကာ)၊ တရုတ်အစားအစာ (Setmenu) |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း၊ မင်္ဂလာပန်းနှင့် မင်္ဂလာထိုင်ခုံအပြင် စင်မြင့်ဘေးပန်းတိုင် ၂ တိုင်၊ လျှောက်လမ်းပန်းတိုင် ၆ တိုင်၊ မုခ်ဦးပန်းတိုင် ၂ တိုင်၊ ရေခဲပန်းပု ၁ ခု၊ ကော်ဇောနီခင်း |
| ဝန်ဆောင်မှု | မင်္ဂလာကားအကြိုအပို့၊ မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း၊ နောက်ခံတေးဂီတ |
| မှတ်ချက် | Wedding Package အမျိုးအစားတိုင်း၌ ခန်းမကြေး၊ စာတန်းထိုးခနှင့် အပြင်အဆင်များအားလုံးနှင့် ဝန်ဆောင်မှုများ အပြီးအစီးပါဝင်ပါသည်။ ဧည့်သည်ဦးရေ ၃၀၀ နှင့်အထက် မင်္ဂလာပွဲများအတွက် နံနက်စာနှင့် တစ်ညတာနားခိုခွင့် ပါဝင်ပါသည်။ |

## The Strand Hotel (01 - 281532, 223333, 243377)

| မင်္ဂလာအချိန် | နှစ်သက်ရာအချိန် ၂ နာရီကျင်းပနိုင် |
|---|---|
| ဧည့်ခံ (၁ ဦးနှုန်း) | **၈၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ Strand Ice Cream Special နှင့် မုန့် ၃ မျိုး၊ ကိတ် ၂ မျိုး<br>**၉၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ Strand Ice Cream Special နှင့် မုန့် ၄ မျိုး၊ ကိတ် ၃ မျိုး<br>**၁၀၀၀၀ ကျပ်ဝန်းကျင်**<br>ဘူဖေး၊ Strand Hi-Tea |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း၊ မင်္ဂလာပန်းတိုးနှင့် မင်္ဂလာထိုင်ခုံ၊ လျှောက်လမ်းနှင့် စားပွဲတင်မင်္ဂလာပန်းများ၊ ဖျော်ဖြေရေး (ညှိနှိုင်း) |
| ဝန်ဆောင်မှု | မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း၊ မင်္ဂလာကားအကြိုအပို့၊ မေတ္တာလက်ဆောင် မင်္ဂလာကိတ် ၁ လုံး |
| မှတ်ချက် | ဥရောပဒီဇိုင်းနှင့် ခန်းမကျယ်ခြင်းကြောင့် ခန်းမတစ်ဝက် ၃၀၀ ဦးနှင့် ခန်းမအပြည့် ၆၅၀ ဦးဆိုပြီး နှစ်မျိုးကျင်းပနိုင်သည်။ |

## Summit Parkview Hotel (01 - 211888, 227992, 227990)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ |
| ညစာ (၁ ဦးနှုန်း) | **၉၀၀၀ ကျပ်မှ ၁၁၀၀၀ ကျပ်အထိ**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၃ မျိုးမှ ၅ မျိုးအထိ<br>**၂၂၀၀၀ ကျပ်ဝန်းကျင်**<br>နေ့လယ်စာ (ဟင်း ၄ မျိုး)၊ ဘူဖေး (နိုင်ငံတကာ)<br>**၂၇၀၀၀ ကျပ်ဝန်းကျင်**<br>Chinese Food Set Menu နှင့် အချိုရည် |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ညည့်ကြိုစာတန်း၊ အလှမီး (Sport Light) အလှပန်းအိုးနှင့် ပန်းတိုင်၊ လျှောက်လမ်းပန်းတိုင်နှင့် စားပွဲအလှပန်း |
| ဝန်ဆောင်မှု | မင်္ဂလာကိတ် ၁ လုံး၊ မိတ်ကပ်နှင့် အဝတ်လဲခန်း ၂ ခန်း၊ နံနက်စာနှင့် တစ်ညအိပ်နားခိုခွင့်၊ မင်္ဂလာကားအကြို/အပို့ |
| မှတ်ချက် | Wedding Package တစ်မျိုးစီအလိုက် မုန့်အရေအတွက်သာ ကွာခြားမှုရှိသည်။ ကာလ၊ ရာသီအလိုက် ငွေကြေးတန်ဖိုးကြောင့် မင်္ဂလာစရိတ် အနည်းငယ်ပြောင်းလဲတတ်သည်။ |

## မြရိပ်ညိုဟိုတယ် (01 - 548310)

| | |
|---|---|
| မင်္ဂလာအချိန် | နှစ်သက်ရာအချိန် ၂ နာရီကျင်းပနိုင် |
| ညစာ (၁ ဦးနှုန်း) | **၇၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၄ မျိုး<br>**၈၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၅ မျိုး<br>**၉၀၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ ဟင်း ၁ မျိုးနှင့် ရေခဲမုန့် |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း၊ စင်မြင့်အလှပန်းအိုးနှင့် မင်္ဂလာထိုင်ခုံ |
| ဝန်ဆောင်မှု | မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း၊ နောက်ခံဂီတ၊ မင်္ဂလာကားအကြိုအပို့ |
| မှတ်ချက် | စာတန်းထိုး၊ အလှပန်းပြင်ဆင်ခများကို သီးသန့်တွက်ချက်ပေးဆောင်ရပါသည်။ ဧည့်သည်ဦးရေ ၁၅၀ ဦးနှင့်အထက်မင်္ဂလာပန်းအိုး ၁ အိုးနှင့် နံနက်စာအပါအဝင် ၁ ညနားနေခွင့် မေတ္တာလက်ဆောင်ရရှိမည်။ ပြင်ပဧည့်ခံကျင်းပနိုင်သည်။ |

## Yuzana Garden Hotel (01 - 249561, 249562)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၀ နာရီခွဲ၊ နေ့လယ် ၁၂ နာရီမှ ၁ နာရီခွဲ၊ ညနေ ၃ နာရီမှ ၄ နာရီခွဲ၊ ည ၆ နာရီမှ ၇ နာရီခွဲ |
| ညစာ (၁ ဦးနှုန်း) | **၅၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၅ မျိုး<br>**၆၀၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ ဟင်း ၃ မျိုးနှင့် အချိုရည် |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်းနှင့် မင်္ဂလာထိုင်ခုံ၊ မင်္ဂလာပန်းတိုင်များ |
| ဝန်ဆောင်မှု | အခမ်းအနားမှူး (ဘိသိတ်ဆရာ)၊ ဖျော်ဖြေရေး (တေးဂီတဝိုင်း)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်း၊ မင်္ဂလာကားအကြို/အပို့၊ (မိတ်ကပ်နှင့် အဝတ်လဲခန်း ၂ ခန်း) |
| မှတ်ချက် | ခန်းမကျယ်ပြီး ဧည့်သည်အရေအတွက်အလိုက် ဝန်ဆောင်မှုအနည်းငယ် ကွဲပြားသည် |

## ကရဝိက်ဥယျာဉ် (01 - 290546, 290547, 09 49257194)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ နံနက် ၁၀ နာရီမှ ၁၂ နာရီ၊ ည ၆ နာရီမှ ၈ နာရီ/၉ နာရီအထိ |
| ဧည့်ခံ (၁ ဦးနှုန်း) | **၇၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၃ မျိုး<br>**၈၀၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ ကြက်သားဟင်း၊ အချိုရည်<br>**၈၅၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ ဆိတ်သားဟင်း၊ အချိုရည်<br>**၁၈၀၀၀ ကျပ်ဝန်းကျင်**<br>ဘူဖေး (နိုင်ငံတကာ) Thai Food Set Menu |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်း၊ အလယ်မင်္ဂလာပန်းအိုးနှင့် စင်မြင့်မင်္ဂလာပန်းအိုး/ပန်းတိုင်၊ ကော်ဇောနီခင်း၊ လျှပ်စစ်အလှမီး |
| ဝန်ဆောင်မှု | ရိုးရာယဉ်ကျေးမှုဂီတနှင့် အကတင်ဆက်ဖျော်ဖြေ |
| မှတ်ချက် | မင်္ဂလာကားဆက်သွယ်စီစဉ်ပေးနိုင်၊ ကန်တော်ကြီးဥယျာဉ်ဝင်းကြေးအပြီးအစီးပါဝင် |

## ဝိဝိတဒါနသံဃာ့ဆေးရုံ (ကိုယ်တိုင်စုံစမ်းအပ်နှံရသည်)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၁၀ နာရီမှ ၁၂ နာရီ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ |
| ဧည့်ခံ (၁ ဦးနှုန်း) | **၂၀၀၀ ကျပ်ဝန်းကျင်**<br>ဒံပေါက်နှင့် ရေခဲမုန့်<br>**၁၅၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၃ မျိုး |
| အပြင်အဆင် | မင်္ဂလာစင်မြင့်နှင့် ပန်းအိုး၊ ပန်းတိုင်၊ မင်္ဂလာထိုင်ခုံ၊ နောက်ခံမင်္ဂလာစာတန်း |
| ဝန်ဆောင်မှု | နေရာထိုင်ခင်းလိုလေသေးမရှိ စီစဉ်ပေး၊ ဒံပေါက်ကို ဝန်ထမ်းများကိုယ်တိုင်ချက်လုပ်၍ လုံလုံလောက်လောက် လှူဒါန်းကျွေးမွေးခြင်း |
| မှတ်ချက် | အလှူငွေ (သီးသန့်) ၅၀၀၀၀ ကျပ်၊ အပြင်အဆင်စရိတ် ၂၀၀၀၀ ကျပ် သီးခြားထည့်ဝင်လှူဒါန်းရသည်။ ခန်းမငှားရမ်းခမှာ ဧည့်ခံစရိတ်နှင့် သီးသန့်အလှူငွေများသာ ကုန်ကျသည်။ |

## မဟာသန္တိသုခကျောင်းတော် (01 - 544702)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၁ နာရီ၊ မွန်းလွဲ ၂ နာရီမှ ၄ နာရီ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ |
| ဧည့်ခံ (၁ ဦးနှုန်း) | **၁၅၀၀ ကျပ်ဝန်းကျင်**<br>ရေခဲမုန့်နှင့် မုန့် ၁ မျိုး<br>**၁၇၀၀ ကျပ်ဝန်းကျင်**<br>ကော်ဖီ၊ လက်ဖက်ရည်နှင့် မုန့် ၁ မျိုး<br>**၂၀၀၀ ကျပ်ဝန်းကျင်**<br>ကြက်သားပလာတာ၊ အသားကင်၁ မျိုး၊ အရံဟင်း ၂ မျိုး<br>**၂၂၀၀ ကျပ်ဝန်းကျင်**<br>ဒံပေါက်ထမင်းနှင့် အသားကင် ၁ မျိုး<br>**၂၅၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်းနှင့် အသားကင် ၂ မျိုး |
| အပြင်အဆင် | စာတန်း (ကျောင်းအဝင်၊ ခန်းမအဝင်၊ စင်မြင့်နောက်ခံ)၊ စင်မြင့်အလှပန်းအိုး ၁ အိုး၊ စင်မြင့်ပန်းတိုင် ၂ တိုင်၊ စားပွဲတင်ပန်းအိုး ၁ အိုးစီ၊ ပန်းကုံး ၂ ကုံး၊ မင်္ဂလာပန်းကြဲ |
| ဝန်ဆောင်မှု | အခမ်းအနားမှူး (ဘိသိက်ဆရာ)၊ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင် ၆ ဦး၊ မြန်မာမှုတေးဂီတအဖွဲ့နှင့် တေးသံရှင် ၈ ဦး၊ ဓာတ်ပုံမှတ်တမ်း (စီဒီ ၁ ချပ်စာ)၊ ဗီဒီယိုမှတ်တမ်း (စီဒီ ၂ ချပ်စာ)၊ မင်္ဂလာကားကြို/ပို့ |
| မှတ်ချက် | ဧည့်ခံစရိတ်နှင့်ဝန်ဆောင်စရိတ် သီးသန့်စီပေးဆောင်လှူဒါန်းရသည်။ အနည်း/အများနှင့်ရွေးချယ်မှုများကို ညှိနှိုင်းစီစဉ်နိုင်သည်။ ရိုးရိုးခန်းမနှင့် အထူးခန်းမ ၂ ခန်းရှိသည်။ နံနက်ပိုင်းအလှူရှင်များသည် ကျောင်းရှိ သီတင်းသုံးသံဃာတော်များအားလုံးကို နေ့ဆွမ်းဆက်ကပ်ရသည်။ ညနေပိုင်းဧည့်ခံပွဲများ၌ ထမင်း၊ ဟင်းများဖြင့် ဧည့်ခံခြင်းများကို တားမြစ်ထားသည်။ |

Asian Fame Media Group

## နှင်းဆီကုန်းဘိုးဘွားရိပ်သာ (01 - 541797)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ၊ (တစ်ချိန်သာ ကျင်းပနိုင်သည်) |
| ညှိခံ (၁ ဦးနှုန်း) | **၂၅၀၀ ကျပ်ဝန်းကျင်**<br>ဒံပေါက် (ကြက်သား) နှင့် သစ်သီးဖျော်ရည်<br>**၂၇၀၀ ကျပ်ဝန်းကျင်**<br>ကြက်သားထမင်းနှင့် ရေခဲမုန့်<br>**၃၀၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်းနှင့် အသားဟင်း ၂ မျိုး |
| အပြင်အဆင် | မင်္ဂလာစင်မြင့်နှင့် နောက်ခံမင်္ဂလာစာတန်း၊ မင်္ဂလာထိုင်ခုံ၊ မင်္ဂလာပန်းအိုး |
| ဝန်ဆောင်မှု | မင်္ဂလာတေးညှိနိုင်းစီစဉ်ပေးသည်။ မင်္ဂလာဦးဆွမ်းကျွေးအဖြစ် ညှိခံပေးသည်။ (မင်္ဂလာကားဆက်သွယ် စီစဉ်ပေးသည်) |
| မှတ်ချက် | ရာသက်ပန်ငွေပဒေသာပင် ၂ သိန်း ၅ သောင်း လှူဒါန်းရသည်။ သီးသန့်အလှူဖြစ်ပြီး လစဉ်ရေစက်ချလှူဒါန်းရန် ဖိတ်ခေါ်သည်။ |

## မင်းကွန်းတိပိဋကနိကာယကျောင်းတော် (01- 222277, 222278, 222279, 09 - 420040492)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ၊ ညနေ ၃ နာရီမှ ၅ နာရီ၊ ညနေ ၄ နာရီမှ ၆ နာရီအထိ |
| ညှိခံ (၁ ဦးနှုန်း) | **၂၂၀၀ ကျပ်ဝန်းကျင်**<br>ကြက်သားပလာတာ၊ ရွှေတောင်ခေါက်ဆွဲ၊ နန်းကြီးသုပ်၊ မုန့် ၃ မျိုးနှင့် ရေခဲမုန့်၊ ရေသန့်<br>**၃၀၀၀ ကျပ်ဝန်းကျင်**<br>ဒံပေါက်ထမင်း၊ ကြက်ဆီထမင်းနှင့် ရေခဲမုန့်၊ ရေသန့်<br>**၃၀၀၀ ကျပ်ဝန်းကျင်**<br>ထမင်းဖြူနှင့် ဟင်း ၂ မျိုး၊ ဘာလချောင်ကြော်၊ ကျောက်ပွင့်သုပ်နှင့် ဟင်းချို ၁ မျိုးစီ၊ ရေခဲမုန့်၊ ရေသန့် |
| အပြင်အဆင် | မင်္ဂလာနောက်ခံစာတန်း၊ ခန်းဆီးညှိုကြိုစာတန်း၊ စင်မြင့်မင်္ဂလာပန်းနှင့် မင်္ဂလာထိုင်ခုံ၊ စင်မြင့်ပန်းတိုင် ၂ တိုင်၊ လျှောက်လမ်းပန်းတိုင် ၁၀ တိုင်၊ စားပွဲအလှပန်း ၁ ခုစီ |
| ဝန်ဆောင်မှု | မင်္ဂလာအကြိုဆင်ပင်၊ ဖိတ်စာနှင့် အမှတ်တရဓာတ်ပုံကအစ စိတ်တိုင်းကျသည်အထိ ညှိနှိုင်းပြီး အပြီးအစီး ဆောင်ရွက်ပေးသည်၊ လူ ၄၀၀ ဆံ့ ရွှေရတုခန်းမကြီးနှင့် ဧည့်သည် ၁၅၀ ဆံ့ ဓမ္မသာလခန်းမငယ်တို့ကို ရွေးချယ် ကျင်းပနိုင်သည်။ |
| မှတ်ချက် | ခန်းမကြီးငှားရမ်းခ ၂၅၀၀၀၀ ကျပ်နှင့် ခန်းမငယ်ငှားရမ်းခ ၁၁၀၀၀၀ ကျပ် လှူဒါန်းကျင်းပနိုင်သည်၊ တရားနာ ခြင်း၊ ရေစက်ချခြင်းတို့ကို နှစ်သက်ရာအချိန်ရွေးချယ်၍ လှူဒါန်းနိုင်သည်။ ကျောင်းမှ ပင်တိုင်ဓာတ်ပုံဆရာနှင့်သာ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရမည်ဖြစ်သည်။ |

## M - 3 Restaurant (01 - 526916, 247325)

| | |
|---|---|
| မင်္ဂလာအချိန် | နှစ်သက်ရာအချိန် ၂ နာရီကျင်းပနိုင်သည်။ |
| ညှိခံ (၁ ဦးနှုန်း) | **၂၅၀၀ ကျပ်ဝန်းကျင်**<br>မုန့် ၃ မျိုး၊ ကော်ဖီ၊ လက်ဖက်ရည်နှင့် ရေခဲမုန့်<br>Dimsum နှင့် ကော်ဖီ၊ လက်ဖက်ရည်နှင့် ရေခဲမုန့် |
| အပြင်အဆင် | မင်္ဂလာစင်မြင့်နောက်ခံစာတန်း၊ ဧည့်ကြိုစာတန်း၊ မင်္ဂလာစင်မြင့်ပန်းနှင့် ထိုင်ခုံ |
| ဝန်ဆောင်မှု | နောက်ခံတေးဂီတ၊ ဧည့်ခံ (အစားအသောက်စရိတ်) သီးသန့်၊ ဓာတ်ပုံနှင့်ဗီဒီယိုစရိတ်သီးသန့်၊ မင်္ဂလာပန်းအလှဆင် စရိတ်သီးသန့်၊ စာတန်းထိုးခသီးသန့်ဝန်ဆောင်ပြင်ဆင်ပေးသည်။ |
| မှတ်ချက် | စရိတ်တစ်ခုချင်းစီ၌ အတိုး၊ အလျှော့ညှိနှိုင်းစီစဉ်ဆောင်ရွက်နိုင်သည်။ |

Asian Fame Media Group

## Central Hotel (01 241007)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၀ နာရီခွဲ၊ နေ့လယ် ၁၂ နာရီမှ ၁ နာရီခွဲ၊ ညနေ ၃ နာရီမှ ၄ နာရီခွဲ၊ ည ၆ နာရီမှ ၇ နာရီခွဲ |
| ညှိခံ (၁ ဦးနှုန်း) | **၄၀၀၀ ကျပ်ဝန်းကျင်**<br>လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် မုန့် ၄ မျိုး<br>**၅၀၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ ဒံပေါက်၊ ကြက်သားဟင်း၊ အချိုရည်<br>**၅၂၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ ဒံပေါက်၊ ဆိတ်သားဟင်း၊ အချိုရည် |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်းနှင့် ဧည့်ကြိုစာတန်း၊ စင်မြင့်ပန်းတိုင်၊ မုခ်ဝပန်းတိုင်နှင့် လျှောက်လမ်းပန်းတိုင်၊ စားပွဲတင်ပန်းအိုး ၁ အိုးစီ |
| ဝန်ဆောင်မှု | ဖျော်ဖြေရေး၊ အကျွေးအမွေးနှင့် မင်္ဂလာကားအကြိုအပို့၊ နံနက်စာအပါအဝင် တစ်ညတာနားခိုခွင့် |
| မှတ်ချက် | ဖျော်ဖြေရေးအတွက် ဆက်သွယ်စီစဉ်ပေး၊ အကျွေးအမွေးကို နှစ်သက်ရာရွေးချယ်စီစဉ်နိုင်း၊ မင်္ဂလာကားအကြိုအပို့ ဆက်သွယ်စီစဉ်ပေးပါသည်။ |

## My Garden (ပြည်သူ့ဥယျာဉ်) (01 - 372822)

| | |
|---|---|
| မင်္ဂလာအချိန် | နှစ်သက်ရာအချိန် ၃ နာရီကျင်းပနိုင်သည်။ |
| ညှိခံ (၁ ဦးနှုန်း) | **၁၂၀၀၀ ကျပ်ဝန်းကျင်**<br>နိုင်ငံတကာဘူဖေး၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်<br>**၂၉၀၀ ကျပ်ဝန်းကျင်**<br>ကြက်ပေါင်းခေါက်ဆွဲ၊ နန်းကြီးသုပ်နှင့် လက်ဖက်ရည်၊ ကော်ဖီ<br>**(၆ ယောက်တစ်ဝိုင်းနှုန်း) ၄၆၀၀၀ ကျပ်ဝန်းကျင်**<br>Chinese Food Set Menu နှင့် လက်ဖက်ရည်၊ ကော်ဖီ |
| အပြင်အဆင် | နောက်ခံမင်္ဂလာစာတန်း၊ မင်္ဂလာပန်း၊ လျှောက်လမ်း၊ ပန်းတိုင်နှင့် စားပွဲတင်မင်္ဂလာပန်း |
| ဝန်ဆောင်မှု | ဆိုင်၏မူလအပြင်အဆင် (Japan Style) နှင့် ဧည့်ခံနိုင်သလို မင်္ဂလာအပြင်အဆင်များ ထပ်မံပြင်ဆင်လိုပါက ဆက်သွယ်ပြင်ဆင်ဆောင်ရွက်ပေးသည်။ |
| မှတ်ချက် | ဆိုင်၏မူလအပြင်အဆင်နှင့် ဧည့်ခံလျှင်ဧည့်ခံ (အစားအသောက်) စရိတ်တစ်မျိုးသာ ကုန်ကျနိုင်သည်။ မင်္ဂလာအပြင်အဆင်များ ထပ်မံပြင်ဆင်ပါက ပန်းတိုင် ၁ တိုင်လျှင် ၂ သောင်းကျပ်ဝန်းကျင်နှင့် စားပွဲတင်ပန်း ၁ ခု ၂ သောင်းဝန်းကျင်စီ ကုန်ကျမည်ဖြစ်သည်။ |

## Western Park Royal (01 - 554266, 553931)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၁ နာရီ၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ |
| ညှိခံ (၁ ဦးနှုန်း) | **၆၀၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်းနှင့် ပုစွန်တုပ်ဆီပြန်၊ ရေသန့်၊ လက်ဖက်ရည်၊ ကော်ဖီ<br>**၅၅၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်းနှင့် ဆိတ်သားဟင်း၊ ရေသန့်၊ လက်ဖက်ရည်၊ ကော်ဖီ<br>**၅၀၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်းနှင့် ကြက်သားဟင်း၊ ရေသန့်၊ လက်ဖက်ရည်၊ ကော်ဖီ<br>**၄၂၀၀ ကျပ်ဝန်းကျင်**<br>မုန့် ၅ မျိုး၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့် |
| အပြင်အဆင် | စင်မြင့်နောက်ခံစာတန်း၊ စင်မြင့်မင်္ဂလာပန်း၊ မင်္ဂလာထိုင်ခုံ၊ စားပွဲတင်မင်္ဂလာပန်း |
| ဝန်ဆောင်မှု | နောက်ခံသီချင်းနှင့် ဧည့်သည် ၃၀၀ ဦးနှင့် အထက်စာတန်းထိုး၊ ပန်းထိုးခအခမဲ့လက်ဆောင် |
| မှတ်ချက် | ဧည့်သည် ၃၀၀ ဦးမပြည့်လျှင် စာတန်းထိုးခ၊ ပန်းထိုးခသီးသန့်စီ ထပ်မံကုန်ကျမည်ဖြစ်သည်။ ဧည့်သည် ၂၀၀ ဦးနှင့်အထက်ပြည့်မီလျှင် ဘူဖေးနှင့်ညနေပိုင်းဧည့်ခံကျွေးမွေးနိုင်ပြီး ၁ သောင်းကျပ်နှင့် ၁၁၅၀၀ ကျပ်အတွင်း ကုန်ကျနိုင်သည်။ ဧည့်သည် ၂၅၀ ဦးနှင့် အောက်အတွက် မြေညီထပ်ခန်းမငယ်၊ ဧည့်သည် ၃၀၀ ဦးဝန်းကျင် အတွက် အပေါ်ထပ်ခန်းမကြီး၌ ကျင်းပနိုင်သည်။ |

Asian Fame Media Group
MEDIA GROUP



## Dolphin Restaurant (01 - 542893, 546924)

| | |
|---|---|
| မင်္ဂလာအချိန် | နှစ်သက်ရာအချိန် ၂ နာရီ ရွေးချယ်ကျင်းပနိုင်သည်။ |
| ညစာ (၁ ဦးနှုန်း) | **၄၅၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ ဒံပေါက်ထမင်း၊ အချိုရည်၊ ရေသန့်<br>**၃၉၀၀ ကျပ်ဝန်းကျင်**<br>Dimsum (၄) မျိုး၊ ထမင်းကြော်၊ လက်ဖက်ရည်၊ ကော်ဖီ<br>**၃၆၀၀ ကျပ်ဝန်းကျင်**<br>မုန့် ၄ မျိုး၊ လက်ဖက်ရည်၊ ကော်ဖီ |
| အပြင်အဆင် | မင်္ဂလာစာတန်း ၃ နေရာ (ခြံဝ၊ ခန်းမအဝင်နှင့် စင်မြင့်နောက်ခံ)၊ စင်မြင့်မင်္ဂလာပန်းနှင့်ထိုင်ခုံ၊ လျှောက်လမ်းပန်းတိုင်၊ စားပွဲတင်အလှပန်း |
| ဝန်ဆောင်မှု | နောက်ခံသီချင်းအခမဲ့၊ လျှောက်လမ်းနှင့်စင်မြင့်မင်္ဂလာပန်းသီးသန့်တန်ဖိုး၊ မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း အခမဲ့ |
| မှတ်ချက် | စင်မြင့်ပန်း ၁ လုံး ၂ သောင်းကျပ်၊ လျှောက်လမ်းပန်းတိုင် ၁ တိုင် ၁ သောင်း ၅ ထောင်ကျပ်သင့်ငွေရှိသည်။ ဧည့်သည်သီးရေ ၁၀၀၀ ကျော်ဆိုသည့် ကားအစီး ၂၀၀ ကျော်ဆံ့သည်။ |

## International Business Center (IBC) (01 - 524811)

| | |
|---|---|
| မင်္ဂလာအချိန် | နံနက် ၉ နာရီမှ ၁၁ နာရီ၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီ၊ ညနေ ၅ နာရီမှ ၇ နာရီအထိ |
| ညစာ (၁ ဦးနှုန်း) | **၇၆၀၀ ကျပ်ဝန်းကျင်**<br>ထောပတ်ထမင်း၊ အသားဟင်းနှစ်မျိုး (ကြက်/ဆိတ်)၊ ဗာလချောင်ကြော်၊ အချိုပွဲ (ကော်ဖီ/လက်ဖက်ရည်၊ ရေခဲမုန့်နှင့် လက်ဖက်ပွဲ)<br>**၆၀၀၀ ကျပ်ဝန်းကျင်**<br>မုန့် ၄ မျိုး၊ ကော်ဖီ/လက်ဖက်ရည်၊ ရေခဲမုန့်၊ လက်ဖက်ပွဲ |
| အပြင်အဆင် | နောက်ခံမင်္ဂလာစာတန်း၊ စင်မြင့်မင်္ဂလာပန်းနှင့် ထိုင်ခုံ၊ မင်္ဂလာပန်းတိုင်၊ စားပွဲတင်ပန်း |
| ဝန်ဆောင်မှု | မင်္ဂလာအခါတော်ပေး ၁ ဦး၊ အဆိုတော် ၇ ဦးနှင့် တီးဝိုင်း၊ မိတ်ကပ်နှင့် အဝတ်လဲခန်း ၁ ခန်း၊ သတို့သားနှင့် သတို့သမီးအတွက် မင်္ဂလာစံပယ်ပန်းကုံး ၁ ကုံးစီ၊ အမှတ်တရလက်ဆောင်အတွက် ဓာတ်ပုံ ၁၀၀ နှင့် DVD တစ်ချပ် |
| မှတ်ချက် | ညစာ (၁ ဦးနှုန်း) ၆၀၀၀ ကျပ်နှင့် ၇၆၀၀ ကျပ်ထဲ၌ အပြင်အဆင်နှင့် ဝန်ဆောင်မှုစရိတ်များအားလုံး အပြီးအစီး ပါဝင်ပြီးဖြစ်ပါသည်။ |

တစ်နှစ်မှာတစ်ခါ၊ တစ်ရာသီမှာ တစ်ကြိမ် မင်္ဂလာခန်းမများ၏ အပြင်အဆင်နှင့် ဝန်ဆောင်မှုပုံစံများ ပြောင်းလဲတတ်သည်။ ဝါတွင်းကာလအတွက် သတ်မှတ်နှုန်းထားအချို့ ဝါလကင်းလွတ်သီတင်းကျွတ်၌ ထပ်မံပြောင်းလဲပါသည်။

ပင်စိမ်းကို

Asian Fame Media Group



# FLASH BACK **FASHION**

**MODEL :** EMERALD NYEIN
**MAKE-UP :** HTET (POP SOUL)
**DRESS :** TRI STAR STUDIO
**PHOTO :** AUNG PHYO THWIN (TRI STAR)
**ARRANGED BY :** PHYOE SU PO PO

MEDIA GROUP
Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



MEDIA GROUP
Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



မြန်မာပြည်မှာတော့ ရန်ကုန်က ဂီတမြို့တော်။ ဂီတကို ရူးသွပ်သူမှန်သမျှ မြို့တော် ရန်ကုန်ဆီ ချဉ်းကပ်တိုးဝင်ကာ ဂီတအလုပ်တွေ ဖောက်ချ လုပ်ကိုင်ရသည်။ မြန်မာပြည်ရဲ့နယ်မြို့လေးတစ်မြို့ မကွေးတိုင်းက အထက်မင်းလှဆိုတဲ့ မြို့လေးက လူငယ်တစ်ယောက်၊ ဂီတကို ရူးသွပ်မိတဲ့အခါ ဇာတိနယ်မြို့ကလေးကို ကြေကွဲစွာ ချန်ရစ်ခဲ့ပြီး မျှော်လင့်ခြင်းတွေ သယ်ဆောင်ကာ မြို့တော်ရန်ကုန် ရင်ငွေ့ဆီ ကွန်းခိုခဲ့ရသည်။ ၁၉၈၅ ခုနှစ်မှာ သူ ရန်ကုန်ကို စရောက်သည်။ ရန်ကုန်က အေးစက်စက်။

# ဂီတကိုချစ်လို့

## ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်နေတဲ့သူ

# ဇစ်ဇက်

Zigzag

ရန်ကုန်ကို အကျွမ်းတဝင်ရှိဖို့ သူလေ့ကျင့်သင်ယူရသလို တစ်ဖက်ကလည်း ဂီတအနုပညာအလုပ်တွေကို ခြေစမ်းခရမ်းပျိုးရာက ထဲထဲဝင်ဝင်ရှိဖို့ အပတ်တကုပ်အားထုတ်ခဲ့ရသည်။ နှလုံးသားတွေဆူပွက်၊ ဦးနှောက်တွေ ရှုပ်ထွေးပွယောင်း၊ ရှုးဖိနပ်တွေ ပွန်းပဲ့တိုက်စားနဲ့ ဂီတလမ်းက ကြမ်းတမ်းခက်ထန်လှသည်။ ဒါပေမဲ့ သူအားမလျှော့။ အဆုံးသတ်မှာတော့ သူ့ကို အောင်မြင်မှုက ဖက်ယမ်းနမ်းရှုပ်လာရတော့သည်။ Stage Show တွေမှာ သူဖျော်ဖြေလေတိုင်း ဂီတချစ်သူလူငယ်တွေက သူ့အမည်နာမကို လှုပ်လှုပ်ခတ်ခတ် အော်ဟစ်တောင်းဆိုကြသည်၊ သူ့ဂီတ၊ သူ့သီချင်း lyrics တွေကို သူ့အသံနဲ့ ထပ်တူထပ်မျှကျတဲ့အထိ စိတ်ရောကိုယ်ပါ လိုက်ဆိုကြသည်။ လောလောဆယ် လူငယ်တွေပါးစပ်ဖျားမှာ ရေပန်းစားနေသည့် Hit Song နှစ်ပုဒ်ရှိသည်။ 'ဆယ့်နှစ်လက်မ တစ်ပေ'နဲ့ 'အိပ်ရေးပျက်ည'။ ၁၉၉၂ ခုနှစ်ကစတင် ထွက်ရှိခဲ့သည့် Solo Album ကစကာ ရေတွက်လျှင် ဂီတနယ်ပယ်မှာ Solo Album စုစုပေါင်း ၁၆ ခု ထွက်ရှိခဲ့ပြီးပြီ။ ဂီတအနုပညာအင်အားတွေက သူ့သွေးကြောမှာအပြည့်၊ အောင်မြင်ခဲ့ပြီးသည့် ဂီတလူတစ်ယောက်အတွက် သူ့သီချင်းတွေနဲ့ပတ်သက်ပြီး အထွေအထူး ချီးမွမ်းခန်းဖွင့်ရန် မလိုတော့ပြီ။ သူ့သွေးကြောထဲမှာ ရှင်သန်ရုန်းကြွနေသည့် ဂီတအနုပညာဆီကိုသာတိုးဝင်မိတော့သည်။

**အနုပညာဆိုသည့်အရာက လူသားတွေရဲ့ စိတ်နှလုံးကို ဘယ်လောက်ထိ ဆွဲဆောင်ဖမ်းစားနိုင်ပါလိမ့်. . . အရင်ဆုံး သိချင်သည်။**

ကျွန်တော့်အတွက်ပြောရရင် ဂီတပေါ့။ ဂီတအနုပညာက မျက်စိနဲ့မမြင်နိုင်တဲ့အရာတွေကို ဖန်တီးရတာ၊ မရှိတဲ့အရာတွေကိုရှိအောင် ဖန်တီးရတာဆိုတော့ အင်မတန်နက်နဲပြီး ခက်ခဲတယ်။ ပြီးတော့ သူ့ကို မှော်လို့လည်း ပြောလို့ရတယ်။ အတတ်ပညာရှိဖို့လိုသလို ဖမ်းစားသူအတွက်မှော် ဒါတွေပြည့်စုံမှသာ ပြည့်ဝတဲ့ အနုပညာတစ်ခုဖြစ်မှာ၊ ဂီတမှာ ဘာသာစကားမရှိဘူးဆိုတဲ့စကားအတိုင်းပဲ အင်္ဂလိပ်သီချင်းပဲ ဖြစ်ဖြစ်၊ အခြားဘာသာစကားနဲ့ သီချင်းပဲဖြစ်ဖြစ် အဓိပ္ပာယ်နားမလည်လည်းပဲ ခံစားလို့ရ ကြိုက်လို့ရတာပဲ။ ဒီလို ဘာသာစကားမလိုတဲ့အတွက် လူတစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့နေရာမှာ အလွန်အမင်းထွင်းဖောက်ပြီး ထိရောက်မှုရှိတဲ့ အနုပညာတစ်ခုဖြစ်တယ်။ ဘယ်လောက်ထိ စွမ်းဆောင်မှု ရှိလဲဆိုတာ ခံစားမှုအားကောင်းရင် ကောင်းသလိုပါပဲ နားထောင်သူအပေါ်မူတည်တယ်။

**ခံစားမှုအားကောင်းရင် ကောင်းသလို ဖမ်းစားနိုင်စွမ်းရှိသည့် ဂီတ။ ဒါက စိတ်ပိုင်းခံစားချက်ဖြစ်သလို နူးညံ့ သိမ်မွေ့သည့် သဘောကို ဆောင်သည်။ ဘယ်အတိုင်းအတာထိ နူးညံ့စွာ ဖမ်းစားဦးမလဲ၊ သူ့ခံစားချက်က မှုတသည်။**

အနုပညာဆိုတာနဲ့ လူတော်တော်များများက သိမ်မွေ့တယ်။ နူးညံ့တယ်လို့ တစ်ဖက်သတ်တွေးထင်နေကြတယ်ဗျ။ တကယ်တော့ သူက နုလို့လည်း ရတယ်။ ကြမ်းလို့လည်း ရတယ်။ ရမ်းလို့လည်း ရတယ်။ အသံနဲ့ သရုပ်ဆောင်ရတဲ့ သဘောပဲ။ တစ်ခါတလေအသည်းကွဲတာကို သရုပ်ဆောင်လို့ရသလို၊ တစ်ခါတလေ ဒေါသထွက်တာကိုလည်း ဖောက်ခွဲသရုပ်ဆောင်လို့ရတာပဲ။





ဥပမာ နိုင်ငံရေးအကြောင်း သီချင်း lyrics ရေးမယ်၊ ဖိနှိပ်ခံရတာတွေကို ရေးမယ် ဆိုရင် ဒေါသနဲ့ပေါက်ကွဲမှုတွေတော့ ပါမှာပဲ။ ဒါကြောင့် ကျွန်တော့်အမြင်တော့ အနုပညာဆိုတာ နူးညံ့မှုတစ်ခုတည်း မဟုတ်ဘူး။ ကြမ်းတမ်းမှုလည်း ဖြစ်နိုင်တယ်။ လူတစ်ယောက်ကို သွေးဆူလာအောင် ဂီတနဲ့ ဖမ်းစားလို့ရတယ်။ စစ်ကားတွေကို ကြည့်တဲ့အခါ နောက်ခံဂီတ စစ်သွေးကြွသီချင်းတွေပါမယ်။ စိတ်ဓာတ်တက်ကြွရဲရင့်စေမယ့် lyrics တွေ မာမာထန်ထန်ရေးဖွဲ့မှုရမယ်။ အသည်းကွဲသီချင်းစာသား၊ နူးညံ့တဲ့သဘောသဘာဝ သွားဆောင်လို့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ lyrics နဲ့အတူ Background Music ကပါ ကြမ်းတမ်းဖောက်ခွဲပစ်မှုရမယ့် နေရာမျိုးမှာတော့ လာပြီး နူးညံ့သိမ်မွေ့တဲ့ ဂီတထည့်လို့ ဘယ်လိုမှ မရဘူးဗျ။ ဒီသဘောပါပဲ။ အဓိကကတော့ စိတ်ခံစားမှုအပေါ် လိုက်ပြီး ပုံဖော်ဖန်တီးကြတာ။ ကျွန်တော်တို့ မြန်မာပြည်ပရိသတ်ကတော့ တေးသီချင်းဆို အေးမှ၊ ချိုမှ၊ နုမှ အများစုက ကြိုက်ကြသလိုပဲ။ ကျွန်တော်ကိုယ်တိုင် Soft ဖြစ်တဲ့သီချင်းတွေ ရေးဖြစ် ဆိုဖြစ်သလို၊ hard ဖြစ်တဲ့ သီချင်းမျိုးလည်း ရေးချင်ရေးတယ်၊ ဆိုချင်ဆိုလိုက်တယ်။ တကယ်ခံစားရတဲ့အတိုင်း ဖန်တီးချလိုက်တာပဲ။ စိတ်ရဲ့ထွက်ပေါက်တစ်ခုအဖြစ် ဖန်တီးလိုက်တာ။ ဝမ်းနည်းစရာနဲ့ကြုံကြိုက်ခံစားနေရချိန်မှာ ဝမ်းနည်းထိခိုက်တဲ့ lyrics နဲ့ ပုံဖော်မှာပေါ့။ တေးသံသာလို့ခေါ် ဆိုနေကြသလို အသံသာမှ တေးသီချင်းဖြစ်တယ်လို့ ကျွန်တော် လက်မခံဘူး။ ဂီတမှာ ပုံစံအမျိုးမျိုးရှိတယ်။

**ဟုတ်ပြီ။ ဂီတကို ပုံဖော်ရာမှာ ပုံစံအမျိုးမျိုးရှိသလို ဖန်တီးနေချိန်မှာ လွယ်ကူခြင်း၊ ခက်ခဲခြင်း ကွဲထွက်နိုင်သေးသည်။ အတိမ်အနက်နဲ့ လျှို့ဝှက်ချက်တွေအကြောင်း ခွဲခြားသုံးသပ်ကြည့်ရမည်။**

ဂီတအလုပ်မှမဟုတ်ဘူး၊ ဘယ်အလုပ်မှ မလွယ်ပါဘူးဗျာ။ အားလုံးအခက်အခဲတွေကြားမှာ လုပ်ကြရတာ။ အဆင်ပြေချောမွေ့ဖို့ကတော့ ကိုယ်လုပ်တဲ့အလုပ်တစ်ခုမှာ ကျွမ်းကျင်တဲ့အတတ်ပညာတော့ ရှိနေရမယ်။ ဂီတအခြေခံသဘောတရားလည်း နားလည်ရမယ်။ ဂီတနဲ့ပတ်သက်တဲ့ ဝမ်းစာတွေပြည့်နေရမယ်။ ဒါတွေကို အခြေခံပြီး ခံစားချက်နဲ့ ပေါင်းစပ်တာ။ ဒါပေမဲ့ ဂီတက ထူးဆန်းတယ်ဗျ။ ကျွန်တော်သီချင်းတစ်ပုဒ်ဖန်တီးရင်တောင် တစ်ခါတစ်ခါ လွယ်လွယ်ကူကူနဲ့ပြီးသွားတာရှိသလို ခက်ခက်ခဲခဲနဲ့ ကြန့်ကြာသွားတဲ့သီချင်းတွေလည်း ရှိတယ်။ ပုံသေတွက်လို့တော့ မရဘူး။ အလွယ်ကလေးနဲ့ ပရိသတ်အားပေးတာခံစားရသလို၊ ခက်ခက်ခဲခဲနဲ့ အားပေးမှုရတာမျိုးလည်း ကြုံဖူးတာပါပဲဗျာ။

**သူကြည့်ရတာ ဒီလို ခက်ခဲတစ်ခါ၊ လွယ်ကူတစ်လှည့် ပုံဖော်ရရှိလာတဲ့ သီချင်းဂီတတွေကြားမှာ ကျင်လည်ကျက်စားနေရတာကိုပဲ ရတနာပီတိ ဝှမ်းဆီထိသလို ခမ်းခမ်းနားနားကြီး ပီတိဖြစ်နေပုံ၊ ဒီလို ဂီတနဲ့နေထိုင် ရှင်သန်နေသူ တစ်ယောက် သူ့ဘဝမှာ ဂီတအနုပညာ (မဆိုစကောင်း ဆိုစကောင်း) ကင်းမဲ့များ ကင်းမဲ့သွားခဲ့ရင် သူ ဘယ်လို ခံစားရမှာပါလိမ့်။**

ကျွန်တော်သာ ဒီဂီတလောကထဲ မရောက်ခဲ့ရင် ခုလောက်ဆို အရိုးဆွေးနေလောက်ပြီ၊ ဘာလို့လဲဆို ကျွန်တော်တို့က ဆိုးခဲ့တယ်၊ ပေခဲ့တယ်၊ ဆော့ခဲ့တယ်။ ဂီတကိုချစ်တဲ့စိတ်ကြောင့်သာ အခုထိ ရှင်သန်နေတာ၊ ကျွန်တော်နဲ့ရွယ်တူ သူငယ်ချင်းတွေ တချို့ဆို မရှိကြတော့တာ များတယ်၊ စိတ်မကောင်းစရာပဲ။ အနာဂတ်တွေ၊ မျှော်လင့်ချက်တွေ ဘာမှ မရှိကြဘူး။ ပျော်ကြတယ် ဒီလိုပဲ။ အဓိကကတော့ လူတစ်ယောက်ဘဝ ရှင်သန်ဖို့ ဝါသနာနဲ့ ဂီတကိုချစ်တဲ့စိတ်၊ အနာဂတ်၊ မျှော်လင့်ချက်တွေ ခိုင်မာနေရမယ်။ ကိုယ့်မှာ တကယ်ချစ်တဲ့အရာ တစ်ခုရှိနေရင် အနာဂတ်၊ မျှော်လင့်ချက်တွေ ဘယ်တော့မှ ကင်းမဲ့မသွားဘူး။ ကျွန်တော်ဆို ဂီတကိုချစ်တဲ့စိတ်နဲ့ ငါ ဒီနေရာကို ရောက်ကိုရောက်ရမယ်လို့ မျှော်လင့်ချက်ထားပြီး ရုန်းကန်ကြိုးစားခဲ့လို့ပေါ့။ ကိုယ်ကြိုးစားခဲ့ရတဲ့ အချိန်တွေရဲ့ တန်ဖိုးသိလို့ သူ့ကို (ဂီတဆိုတဲ့အရာကို)ထိခိုက်ပျက်ပြားသွားစေမယ့်အရာ ဘာတစ်ခုမှ ကျွန်တော်မလုပ်ဘူး။ ဂီတအနုပညာကို မျှော်လင့်ခြင်းတွေနဲ့အတူ ဆက်ပြီးဖန်တီးချင်တဲ့ စိတ် အပြည့်ရှိနေလို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် နေတယ်။

သူ့ရင်ထဲက ထွက်အန်ကျလာတဲ့ စကားလုံးတွေရဲ့ အနက်အဓိပ္ပာယ်ကို ကောက်ယူစားသုံးလိုက်တဲ့အခါ ဂီတဆိုတာ သူ့အတွက်၊ သူ့ဘဝမှာ ဘယ်တော့မှ ကင်းမဲ့မသွားနိုင်တဲ့အရာ ဆိုတာ သိပ်ကို သေချာသွားခဲ့ပေါ့။

Zigzag

Asian Fame Media Group







# ပြဿနာ အကြောင်း

af MEDIA GROUP
Asian Fame Media Group

ကိုယ်တွေးရင် တွေးသလောက် အကြီးအသေးဖြစ်တာပေါ့နော်။ အဲဒါတော့ ကျွန်မထင်တာသိပ်ပြဿနာအကြီးကြီးလည်း မကြုံဖူးလို့တွေးနိုင်တာလည်း ဖြစ်နိုင်တယ်လေ။ သိပ်ကြီးလွန်း ရင်တော့ အဲဒီလောက်ခွင့်လွှတ်နိုင်ဖို့ဆိုတာ ပုထုဇဉ်တစ်ယောက်အနေနဲ့ . . .

**သားလေးအပေါ်ထားတဲ့ မိခင်မေတ္တာ**

မေတ္တာတွေထဲမှာတော့ သားသမီးအပေါ်မှာ ချစ်တဲ့မေတ္တာမျိုး၊ မိဘကို သားသမီးက ချစ်တာထက် သားသမီးကို မိဘကချစ်တဲ့ မေတ္တာမျိုးက အကျိုးကို လိုလားတဲ့ မေတ္တာမျိုးပေါ့နော်။ အကျိုးကို လိုလားတယ်ဆိုတာက ကိုယ့်အကျိုးကို လိုလားတာမျိုး မဟုတ်ဘူး။ ဥပမာ - အစ်မအနေနဲ့ သားလေးကို မေတ္တာရှိတယ်။ သားလေးအကျိုးကို တစ်ချိန်လုံးစဉ်းစားပြီး ကောင်းကျိုးတွေက ဘာတွေဖြစ်နိုင်မလဲဆိုတာလေးကို တတ်နိုင်သလောက် ပံ့ပိုးမယ်။ အန္တရာယ်ဖြစ်တာတွေလည်း ကာကွယ်မယ်။ သူကောင်းစားမယ်၊ ချမ်းသာမယ်ဆိုတဲ့ ကိစ္စမှန်သမျှကို ကိုယ်တတ်နိုင်သလောက် လုပ်ပေးမယ်ဆိုတဲ့ စိတ်နဲ့ သူ့အကျိုးကို လိုလားပြီးတော့ ချစ်တဲ့ အချစ်မျိုးလို့ပဲ ပြောချင်ပါတယ်။

**သည်းမခံပေးနိုင်တဲ့လုပ်ရပ်**

သိပ်ကြီးကြီးမားမားကြီးတော့ မဖြစ်ဖူးဘူး။ ပြဿနာတစ်ခုဟာ ကြီးလား၊



MODEL
TUN EAINDRA BO
PHOTO
KO NAING (POPULAR)
ARRANGED BY
THIDA SOE

Asian Fame Media Group

သေးလားဆိုတာ ကာယကံရှင်ရဲ့ ခံယူမှုအပေါ် မှာပဲ မူတည်တယ်။ ကိုယ်က 'ငါ့ကိုလုပ်ရက်လှချည်လား' ဆိုပြီး စဉ်းစားရင် ကြီးသွားတာပေါ့။ ဒါလေးက ဘာမှ လည်း မဖြစ်လောက်ပါဘူး၊ ဒါဖြစ်တတ်တဲ့ သဘာဝပါပဲလို့ တွေးရင်လည်း ရတာပဲလေ။ ကိုယ်တွေးရင်တွေးသလောက် အကြီးအသေး ဖြစ်တာပေါ့နော်။ အဲဒါတော့ ကျွန်မထင်တာ သိပ်ပြဿနာအကြီးကြီးလည်း မကြုံဖူးလို့ တွေးနိုင်တာလည်း ဖြစ်နိုင်တယ်လေ။ သိပ်ကြီး လွန်းရင်တော့ အဲဒီလောက်ခွင့်လွှတ်နိုင်ဖို့ဆိုတာ ပုထုဇဉ်တစ်ယောက်အနေနဲ့ မလွယ်ဘူးလို့ထင်ပါ တယ်။ ကြုံရတဲ့ ပြဿနာအပေါ် မှာလည်း မူတည် သလို၊ ကြုံရတဲ့ကာယကံရှင်ရဲ့ ခံယူမှုအပေါ် မှာ လည်း မူတည်ပါတယ်။



**ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလိုနေရာမှာ များများသုံးဖြစ်တယ်**

အားလုံးမျှအောင် သုံးပါတယ်။ ကျွန်မအိမ်ရဲ့ Management အားလုံးကိုတော့ ကိုအောင်မင်း ထွန်းလုပ်တာပါ။

**ဘဝမှာအကြည်ညိုဆုံးစံပြပုဂ္ဂိုလ်**

လောလောဆယ်တော့ ဒေါ်အောင်ဆန်းစု ကြည်ပါ။

**ပရိသတ်နဲ့ကိုယ်နဲ့တစ်သားတည်းဖြစ်သွားခဲ့တဲ့ အောင်မြင်မှု**

အဲဒါကတော့ ပရိသတ်က သတ်မှတ်ရမှာ

> အနုပညာနဲ့ ပတ်သက်ပြီး ကိုယ့်ဆီ ရောက်လာတဲ့ ဇာတ်ညွှန်းကို ဖတ် ကြည့်တဲ့အချိန်မှာ ကိုယ့်အသက် အရွယ်နဲ့လိုက်ဖက်လိုက်တာ၊ သရုပ် ဆောင်ချင်လိုက်တာဆိုတဲ့ စိတ်မျိုး ကျွန်မကိုယ်တိုင် မဖြစ်မချင်းကားရိုက် ဖို့ အစီအစဉ်မရှိပါဘူး။ သီချင်းဆို တဲ့သက်မှာကျတော့စီးရီးတစ်ခွေတော့ သေသေချာချာ ပြန်လုပ်မယ်ဆိုတဲ့...



ပေါ့နော်။ 'အဆိပ်ပြင်းသည်' ဆိုတဲ့ ဇာတ်ကား ကတော့ ထွန်းအိန္ဒြာဗိုဆိုပြီး စဖြစ်တာပေါ့၊ ဦးကျော်ဟိန်းနဲ့ ရိုက်ထားတာပါ။

**ယနေ့ခေတ်လူငယ်တွေအပေါ် အကြံပေးစကား က ဒီလို . . .**

ဒီနေ့ခေတ်လူငယ်တွေကို ကျွန်မကြည့်တာ တော့ ကျွန်မတို့ခေတ်တုန်းကထက် အများကြီး Talent ရှိတယ်၊ မိုဒြမ်းစရာလက်လှမ်းမီတဲ့ ပတ်ဝန်းကျင်လည်း ကျွန်မတို့ငယ်ငယ်တုန်းက ထက် အများကြီးသာတယ်။ နောက်ပြီး သူတို့ ကိုယ်တိုင်ကလည်း သတ္တိရှိတယ်၊ လုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲတာလေးတွေ ရှိတယ်။ တစ်ခုပဲ ရှိတာ က ဖြစ်ချင်ဇောအားကြီးပြီးတော့ တချို့ အိုဟာဖြစ်




တာလေးတွေကို နည်းနည်းရှောင်ရမယ်၊ ဒီလောက်ပါပဲ။ သူတို့က ကျွန်မတို့ခေတ်တုန်းက ထက် ကျွန်မတို့အသစ်တုန်းကထက် အများကြီး ပိုပြီးအရည်အချင်းရှိကြပါတယ်။

**ထွန်းအိန္ဒြာဗိုရဲ့ ကျန်းမာရေးနဲ့ အားကစားအပေါ် အမြင်**

Exercise ကတော့ လုပ်နိုင်လေ ကောင်း လေပါပဲ။ အသက်အရွယ်မရွေး လူတိုင်းလုပ်သင့် ပါတယ်။ အထူးသဖြင့် အသက်ကြီးလာတဲ့အချိန် မှာ ပိုပြီးလုပ်သင့်ပါတယ်၊ Member ဝင်ထားတဲ့ Gym နှစ်နေရာလောက်ရှိတယ်။ တခြားရေကူးတာ တွေလည်း ရှိပါတယ်။

**ထွန်းအိန္ဒြာဗိုနဲ့ ပရဟိတ**

ကိုခန့်စည်သူက ကျွန်မကို သူ့ရဲ့အိုင်ဒီယာ လေး ပြောပြတဲ့အချိန်မှာ ဒါဟာလုပ်သင့်တဲ့ အလုပ်၊ ပါဝင်ဖို့လည်း ဝန်မလေးပါဘူး။ တကယ် လည်း စိတ်ပါလက်ပါ စိတ်ဝင်စားတဲ့အတွက် ပါဝင်ပူးပေါင်းဖြစ်တာပါ။ တကယ်တော့ 'မေတ္တာ သင်္ဂဟအဖွဲ့' က စိတ်တူတဲ့သူလေးတွေအားလုံး

Asian Fame Media Group



စုစည်းထားတာပါ။ မိုးရိုးရှင်းရှင်းလေးပါ။ ဘာ စည်းကမ်းချက်မှလည်း မရှိသလို၊ ဘောင်တွေလည်း မရှိဘူး။ ဟိတ်ဟန်ထုတ်တာတွေလည်း မရှိပါဘူး။

**ထွန်းအိန္ဒြာဗိုရဲ့ ဘာသာရေးနဲ့ပတ်သတ်ပြီး ခံယူချက်**

ဘာသာရေးအခြေခံကြောင့်ပဲ One Lady Show ပွဲလုပ်ပြီး ရသမျှတွေကို လှူလိုက်နိုင်တာ ပေါ့နော်၊ အဲဒီလိုပွဲမျိုးကို နောက်ထပ် Idea တစ်ခုနဲ့ ထပ်လုပ်ဦးမှာပါ။ ဒါပေမဲ့ ဒီနှစ်ထဲတော့ လုပ်ဖြစ်မှာမဟုတ်ပါ။ အဲဒီလိုမျိုး Show ပွဲလုပ်ဖို့ အတွက် အများကြီးပြင်ဆင်ရပါတယ်။ ပြင်ဆင်ချိန်လုံလုံလောက်လောက်ယူပြီးရင် ထပ်လုပ်ပြီး ရသမျှလှူဦးမှာပါ။ ဘာသာရေးအနေနဲ့တော့ နေ့စဉ် ပဌာန်းရွတ်တယ်။ ပရိတ်ကြီး ၁၁ သုတ် ရွတ်တယ်။ ပဌာန်းကို အကျယ်ရွတ်တယ်။ နေ့စဉ် ဓမ္မစကြာကို ၃ ကြိမ်ရွတ်ပါတယ်။ တကယ်တမ်း ပိုလုပ်သင့်တာကတော့ တရားအားထုတ်မှုကို ပိုလုပ်သင့်တာပေါ့နော်၊

**ထွန်းအိန္ဒြာဗိုရဲ့ အနာဂတ်အစီအစဉ်**

အနာဂတ်မှာ ဘာလုပ်မယ်ဆိုတာထက် လက်ရှိလုပ်နေတာကတော့ ကားရိုက်တွေအားလုံး ဖျက်လိုက်ပါပြီ။ အနုပညာနဲ့ ပတ်သက်ပြီး ကိုယ့်ဆီရောက်လာတဲ့ ဇာတ်ညွှန်းကို ဖတ်ကြည့်တဲ့ အချိန်မှာ ကိုယ့်အသက်အရွယ်နဲ့ လိုက်ဖက် လိုက်တာ၊ သရုပ်ဆောင်ချင် လိုက်တာဆိုတဲ့စိတ်မျိုး ကျွန်မကိုယ်တိုင်မဖြစ်မချင်း ကားရိုက်ဖို့ အစီအစဉ်မရှိပါဘူး၊ သီချင်းဆိုတဲ့ဘက်မှာကျတော့ စီးရီးတစ်ခွေတော့ သေသေချာချာ ပြန်လုပ်မယ် ဆိုတဲ့စိတ် ရှိပါတယ်။ ဘယ်တော့လုပ်မလဲ ဆိုတာတော့ မသေချာသေး ပါဘူး။ အခုကျောင်းတွေလည်း တက်နေတယ်၊ လုပ်စရာရှိတာတွေလည်း လုပ်နေရသေးတယ်လေ။ Stage Show အနေနဲ့ ဆိုရင်လည်း အစီအစဉ်ကောင်းကောင်း၊ အစီအစဉ်လှလှနဲ့ သေချာပြင်ဆင်ထားတဲ့ Show မျိုး လေးတွေကို ဆိုမယ်ပေါ့နော်။

**သီတာစိုး**

Asian Fame Media Group

# သူတို့ပြောတဲ့... W

arranged by phyoe su po po







ဒီလမှာတော့
အသစ်စက်စက်
မင်္ဂလာမောင်နှံတွေထဲက
စာရေးဆရာမ
ဆုမြတ်မွန်မွန်၊
ရဲလေးနဲ့ ချမ်းချမ်းတို့က
Wedding, Wish နဲ့
Wealth ဆိုတဲ့
စကားလုံးတွေကို
ဆွေးနွေးခဲ့ကြပါတယ်။

Asian Fame Media Group



# ဆရာမ ဆုမြတ်မွန်မွန်

Wedding

wedding နဲ့ပတ်သက်ပြီး ပြောရရင်တော့ မနေ့တစ်နေ့ကလိုပဲ အချိန်ကလည်း သိပ်မကြာသေးသလိုပဲလေ။ ကျွန်မက 2013 ခုနှစ် February မှာပဲ Wedding Reception နှစ်ခုကို လုပ်ခဲ့တယ်။ ရန်ကုန် Sedona နဲ့ ကျွန်မရဲ့ ဇာတိမြို့ဖြစ်တဲ့ မိတ္ထီလာမှာပေါ့နော်။ အဲဒီပွဲနှစ်ခုက အချိန် 6 ရက်ပဲ ခြားတော့လေ အားလားလား အရမ်းကို Rush ဖြစ်ခဲ့ရတာ။ ပြီးတော့ အဲဒီပွဲကြီးနှစ်ခုလုံးကို ကျွန်မတစ်ယောက်တည်း စီစဉ်ခဲ့ရတာ။ အမျိုးသားက သင်္ဘောအရာရှိဆိုတော့ ဒီမှာရှိမနေတာများတယ်။ သူ ရှိတုန်းကလည်း ရှိသလိုတော့ နှစ်ယောက်အတူတူ ပြေးလွှားရသလို သူသင်္ဘောတက်နေချိန်မှာလည်း ကိုယ့်ဘာသာ Run ရတာလေ။ အကုန် ကိုယ့်စိတ်တိုင်းကျလုပ်ချင်တော့လည်း ခံပေတော့ပေါ့နော်။ တစ်ခါ တစ်ခါကျရင် ကိုယ့်ဟာ ကိုယ်တောင် ပြန်စဉ်းစားမိပါတယ်။ ဒီပွဲနှစ်ပွဲကို ဘယ်လိုများ လုပ်ခဲ့ပါလိမ့်လို့။ ဘယ်လို Wedding Planner မှလည်းမငှား ပါလည်းမပါဘဲနဲ့လေ။

ပထမဆုံး မိတ္ထီလာမှာအရင် Wedding လုပ်တာ။ နယ်တွေရဲ့ထုံးစံ မင်္ဂလာဆောင်က ရန်ကုန်မှာလို မဟုတ်ဘူး။ ရန်ကုန်မှာ မင်္ဂလာဆောင်တာက နည်းနည်းသက်သာသေးတယ်။ သတို့သား၊ သတို့သမီးက ခန်းမထဲဝင်၊ လက်စွပ်လဲ၊ ပန်းကုံးစွပ်ပြီးရင် VIP ဝိုင်းလောက်ပဲ ဆင်းနှုတ်ဆက်ပြီး အပေါက်ဝမှာ ဧည့်သည်တွေကို နှုတ်ဆက်ရုံပဲနော်။ နယ်တွေမှာက အဲလို မဟုတ်ဘူး။ ခန်းမထဲမှာ ရှိသလောက် ဧည့်သည်ရဲ့ စားပွဲဝိုင်းတိုင်းကို လိုက်နှုတ်ဆက်ရတာ ဧည့်သည် များရင် သတို့သား၊ သတို့သမီးက မစားသာဘူးမှတ်။ ပွဲခန်းမရဲ့ထိပ်ကနေ နောက်ထိ ဘေးဘယ်ညာ အဲဒီ ဝတ်စုံကြီးတွေနဲ့ လှည့်သွားနေရတာ ဘယ်လောက်တောင် ပင်ပန်းလိုက်မလဲဆိုတာ စဉ်းစားကြည့်ပါနော်။ ဒီဝိုင်းကို သွားလိုက်ပါဦး ဟိုဝိုင်းကို သွားလိုက်ပါဦးဆိုပြီး အဲဒီခန်းမထဲ လူးလာခေါက်တုံ့ခေါက်ပြန်ပဲ။ ပြီးတော့ နယ်မင်္ဂလာဆောင်တွေက မနက်ဘက်ပဲလုပ်ကြတာများတယ်။ မနက်ပိုင်းပဲ အဆောင်များကြတာပေါ့နော်။ ရန်ကုန်လိုနေ့ခင်းဆောင်တာ သိပ်မရှိဘူး။ ဖိတ်စာတွေမှာဆို နံနက် ၇ နာရီမှ ၁၁ နာရီ အထိဆိုပြီး ရေးထားတာလေ။ တချို့ဆို သတို့သား၊ သတို့သမီးတောင် မရောက်သေးဘူး။ ပွဲလာ စားသောက် လက်ဖွဲ့ပေးပြီး ပြန်သွားကြတာ ၇ နာရီက စတာဆိုတော့လေ။ သတို့သား၊ သတို့သမီး အဲ သတို့သမီးက မိတ်ကပ်ဆို မနက် ၄ နာရီလောက်က လိမ်းရတာ အဲဒီလောက်ထဲက တစ်မနက်လုံးဆိုတော့ သတို့သမီးကတော့ အဲဒီမင်္ဂလာဆောင်မှာ အပင်ပန်းဆုံးပဲ။

ကျွန်မဆို လာတဲ့ဧည့်သည်တွေက... တစ်ဖက်မိတ်တွေပေါ့နော်။ ကိုယ့်ဇာတိမြို့မှာဆိုတော့ ဧည့်သည်တွေက မိန်းကလေးရှင် ဘက်ကချည်းပဲ။ သတို့သားဘက်က သူတို့ မိသားစုနဲ့ ဆွေမျိုးမိတ်ဆွေ အနည်းအကျဉ်းလောက်ပဲ။ သူတို့ကတောင် ဧည့်သည်လို ဖြစ်ဖြစ်နေတာလေ။ ဒါပေမဲ့ တစ်ဖက်မိတ် တစ်ခုတည်းဆိုပေမယ့် ကျွန်မ မိဘအသိုင်းအဝိုင်းက စီးပွားရေး အသိုင်းအဝိုင်းကဆိုတော့ ဧည့်သည်က အရမ်းများတယ်။ ကျွန်မမှာ အဖေကလည်းဆုံးသွားပြီ မေမေ တစ်ယောက်တည်းလေ။ ကျွန်မ အမေကလည်း ဟိုဒီ ပြေးလွှားရနဲ့ ကျွန်မဆိုတာလည်း ကိုယ့်ကိုယ် ကိုယ်သတို့သမီးဆိုတာတောင် မေ့သွားတဲ့အထိပါပဲ။ ပဝါရှည်ကြီးတောင် ပခုံးပေါ်မှာ နှစ်ထပ်ပြန်ပတ်တင်ပြီး ဧည့်သည်တိုင်းကို ဧည့်ဝတ်မကျေမှာစိုးလို့ လိုက်ဧည့်ခံတာကျွေးတာကလည်း ဒံပေါက်နဲ့ ရေခဲမုန့် လက်ဖက်ပွဲဆိုတော့ ကိုယ်က သတို့သမီးဆိုတဲ့ စိတ်တောင်ပျောက်ပြီး။ ဟိုဒီဝိုင်းကို ဘာလချောင်ကြော်ချပေးဦး။ ဒံပေါက် လိုက်ပွဲ လိုသေးတယ်လေ။ ဘာညာနဲ့မသိရင် အလှူရှင်အစ်မနဲ့ တူနေတယ်။ သတို့သမီးနဲ့မတူဘူး။ သတို့သမီးလို ကျနွဲ့ရရလေး မရှိဘူးပေါ့နော်။ ဒါကလည်း ကိုယ့်ဘဝပေး ကံပေါ့လေ။ ကိုယ့်ဧည့်သည်တွေကို ဧည့်ဝတ်ကျေချင်တာပဲ သိတယ်။ သတို့သားကတော့ ရှုံ့မဲ့နေတာပေါ့။ နယ်မင်္ဂလာဆောင်ဆိုတာ လန့်သွားတယ်။ ရန်ကုန်နဲ့တော့ မတူဘူးပေါ့လေ။ ပင်ပန်းတာလည်း တအားပဲ။ ဒါပေမဲ့ တွေးကြည့်တော့လည်း ကျေနပ်ပါတယ်။

နယ်မှာ ပြီးသွားတော့ မနားရသေးဘူး နောက်တစ်ရက်ပဲ ရန်ကုန်ကို ဆင်းရတယ်။ အမြန်လမ်းက လာရတာလေ။ ရန်ကုန်မှာလည်း ဝတ်မယ့် ဝတ်စုံတောင် Fitting မချရသေးဘူးဆိုတော့ အို တော်တော်ကို မလွယ်တဲ့ကာလတွေပါပဲ။

တစ်ခါတလေကျရင် အမျိုးသားကို ပြောမိတယ်။ တို့တစ်တွေလုပ်ခဲ့တဲ့ပွဲတွေက နှစ်ဖက်မိဘတွေ ဆွေမျိုးအင်အားတွေနဲ့ သိုင်းကြ ဝိုင်းကြတဲ့ ပွဲပုံစံမျိုး ကူညီမယ့်သူတွေ အများကြီးနဲ့ လုပ်

Asian Fame Media Group

ကြတဲ့ ပွဲမျိုးကို လုပ်ခဲ့ကြတာလို့။ ဒါပေမဲ့ ကိုယ်တွေကတော့ ကိုယ့်ဘာသာကြံရတာလေ။ သူများတွေ လူအင်အားများများနဲ့ လုပ်ခဲ့ရတဲ့ ပွဲတွေကို ကိုယ်တွေက လက်ငါးချောင်းတောင် မပြည့်တဲ့ လူအင်အားမျိုးနဲ့ လုပ်ခဲ့တာ ဖိတ်စာ ဝေတာကအစ ကိုယ်တိုင်ကိုယ်ကျ၊ နောက် လက်ဆောင်ပြန်ကမ်းတဲ့ ပစ္စည်းလေးတွေကအစ သွားသယ်ရတာ၊ သတို့ သမီးက ကားမောင်း၊ သတို့သားက အဲဒီ ပုံးကြီးကို ကိုယ်တိုင်မပြီး ကားပေါ်တင် ကားပါကင်မရှိလို့ အဲလိုလုပ်ပြီးတော့ သယ်သယ် တင်တင် အဲဒီလို အောက်ခြေသိမ်းကအစ ကိုယ်တိုင်လုပ်ခဲ့ရတာဆိုတော့ ကိုယ်က အရမ်း စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ခဲ့ရတယ်။ ဒီလောက် ဂရုစိုက်နေတဲ့ ကြားကနေ Sedona ပွဲမှာ ကျွန်မဝတ်မယ့် သတို့သမီးဝတ်စုံက အတွင်းခံအကျီ ပျောက်နေခဲ့လို့ မှက်လောရိုက် သွားခဲ့ရတာလည်း အမှတ်တရများစွာ ထဲက အမှတ်တရအကြီးကြီးပါပဲ။ ဆံပင်ကို ဆက်တင်လုပ်နေတုန်း မာမီရဲ့ တပည့်ကျော်ကြောင့် ဦးရေပြားကို အပူချောင်းနဲ့ ကပ်မိပြီး လောင်သွားတာကလည်း အမှတ်တရပဲ။ အတွင်းခံအကျီပျောက်လို့ဖြစ်ရတဲ့ ဒေါသသောက နဲ့အပူခေါင်းမှာကလည်း ဦးရေပြားထိ အပူ လောင်ထားတဲ့ အနာနဲ့ စိတ်ကအရမ်းကို ပျက် ထွက်နေရတာလေ။

ဒါပေမဲ့ ဒီလို မျက်နှာကြီးနဲ့ ကျွန်မဘယ်လို ပွဲထွက်မလဲ။ တစ်သက်လုံး ပြန်ကြည့်ရမယ့် ဓာတ်ပုံတွေမလှဘဲနေမှာ စိုးတာ ကြောင့် အလှဆုံး ပြုံးပြီး ပွဲထွက်ခဲ့ရပေမယ့် တကယ့်တကယ် ကိုယ်ခံစားနေရတာတွေ လူမသိဘူး။

မင်္ဂလာဆောင်မှာ တရားကျ တရားရနေတဲ့ သတို့သမီးတစ်ယောက်ရှိနေခဲ့တယ်ဆိုရင် အံ့သြစရာကောင်းနေမလား။ မင်္ဂလာဆောင်နေရင်းနဲ့ကို လူ့ဘဝကို တရားကျ တရားရမိပါတယ်လေ၊ ဘယ်လိုပြောရမလဲ။ ကိုယ်ကသေချာစီစဉ်ထားခဲ့ပေမယ့်လည်း ကိုယ်စီစဉ်သလို ဖြစ်မလာတာ အများကြီးပဲလေ။ ဒါတောင် Dinner အကြောင်း ထည့် မပြောတော့ပါဘူး။ သေချာတာတော့ မိတ်ကပ်တောင် မလိမ်းတော့ခဲ့တဲ့ Dinner ပါပဲ။ ခုချိန်မှာ ပြန်စဉ်းစားရင် ကိုယ့်ကိုယ်ကိုယ် အံ့သြမိတယ်။ အသိုင်းအဝိုင်းလည်း မကြီးဘဲနဲ့။ ဒီလို Wedding နှစ်ပွဲကို တစ်မြို့ဆီ ၆ ရက်ပဲခြားပြီး ဘယ်လို ခွန်အားမျိုးတွေနဲ့ လုပ်ခဲ့လဲလို့၊ အဲဒီ မေးခွန်းကို ခဏခဏပြန်မေး မိတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ။ အဲဒီပွဲတွေကို ကျွန်မစိတ်တိုင်းကျလုပ်ခွင့်ရခဲ့တဲ့အတွက် ကျွန်မအမျိုးသားကိုတော့ ကျေးဇူးတင်ပါတယ်။ ပြီးတော့ နောက်တစ်ခုက သူ့ဝင်ငွေနဲ့သူ သူချစ်တဲ့မိန်းမတစ်ယောက်ကို ဒီလိုလုပ်ပေးနိုင်တယ်ဆိုတာလေးက ဒီ Wedding Reception တွေရဲ့ တကယ့်အနှစ်သာရ တစ်ခုပါပဲ။ အဲဒီ ပီတိလေးပဲ ကျန်ခဲ့တာပါ။

## Wish

မြန်မာစကားမှာတော့ ဆုတောင်းတာက သပ်သပ်၊ အလိုဆန္ဒရှိတာက သက်သက်ပဲ၊ သိပ်မတူဘူး။ အင်္ဂလိပ်မှာတော့ wish ကဆန္ဒရော၊ ဆုတောင်းပြုတာရော ဒါပဲပေါ့။ ဒါကလည်း မြန်မာနဲ့ နီးတော့ နီးစပ်တာပါပဲ။ ဆန္ဒရှိတာကို ဆုတောင်းကြတာပေါ့။ ကျွန်မအနေနဲ့ wish ကို ခွဲပြောရမယ်ထင်တယ်။ ဆန္ဒရှိတာနဲ့ ဆုတောင်းတာကိုပေါ့။ ဘဝမှာ ဘာတွေကို ဆန္ဒရှိသလဲလို့ အခု ပြန်စဉ်းစားကြည့်လိုက်တော့ ဆန္ဒရှိတာတွေက အများကြီးပဲပေါ့နော်။ ကားကောင်းကောင်း စီးချင်တယ်။ အိမ်ကောင်းကောင်း လိုချင်တယ်။ အဲလိုပေါ့ ဒါပေမဲ့ ဒါတွေဟာ အရေးကြီးလားဆိုတော့ အရမ်းအရေးမကြီးဘူး။

ဘာလို့ အရေးမကြီးတော့တာလည်းဆိုတော့ ကျွန်မဘဝမှာ အရမ်းဖြစ်ချင်တဲ့ ဆန္ဒတစ်ခုက ပြည့်မြောက်ပြီးခဲ့ပြီမို့လို့ပဲ။ ကျွန်မ ငယ်ငယ်တုန်းက



နယ်မှာ ကြီးပြင်းခဲ့ရပြီး မိဘအသိုင်းအဝိုင်းကလည်း စာရေးတာကို သိပ်အားမပေးခဲ့တော့ ကိုယ့်အိပ်မက်ဆိုတာလည်း တကယ်အလှမ်းဝေးခဲ့ရတာပေါ့။ ဒီနေ့ ဒီနေရာလေးထိ ရောက်လာဖို့ အခုလို Professional စာရေးဆရာတစ်ယောက် ဖြစ်လာဖို့ဆိုတာလေ မာရသွန်လမ်းလျှောက်ပြိုင်ပွဲကို လျှောက်ခဲ့ရသလိုပါပဲ။ ဖြည်းဖြည်းချင်းနဲ့ စိတ်ရှည်ရှည် လျှောက်ခဲ့ရတယ်၊ အမှတ်တရတွေ အများကြီးနဲ့ ဒီလိုဖြစ်လာတယ်။ ဒါ့ကြောင့် ဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒဆိုတာ ခက်ခက်ခဲခဲဖြစ်လာခဲ့ပြီဆိုတော့ အဲဒါလေးကို အရမ်းတန်းဖိုးထားပြီး ကျေနပ်ပျော်ရွှင်တယ်၊ ဘဝမှာ ဒီ့ထက် ဖြစ်ချင်တဲ့ ဆန္ဒဆိုတာ တခြားကြီးကြီးမားမား မရှိတော့သလို မတိုးတော့သလိုပါပဲ။ ဒါပေမဲ့လည်း ကျွန်မက အိမ်ထောင်ရှင်ဖြစ်တဲ့အတွက် တစ်ချိန်ချိန်မှာ မိခင်တစ်ယောက်ဖြစ်ဖို့ အခွင့်အရေးရလာမယ် ပေါ့နော်၊ အဲဒီအခါကျရင်တော့ အရမ်းချစ်စရာကောင်းတဲ့ သားလေးတစ်ယောက်ကို ပိုင်ဆိုင်ချင်တယ်။ အဲဒီလောက်ပါပဲ။

Wish ရဲ့ နောက်ထပ် အဓိပ္ပာယ်တစ်ခု ဖြစ်တဲ့ ဆုတောင်းတာနဲ့ ပတ်သက်ပြီး ပြောရရင်တော့ ကျွန်မ ဆုတောင်းတာကို သိပ်မလုပ်တတ်ဘူး။ ဆုတောင်းမေတ္တာပို့ပေးတာပဲ လုပ်တတ်တယ်။ သူများအတွက် ဆုတောင်းမေတ္တာပို့ပေးရင်း ကိုယ့်ဆီမှာ အေးချမ်းလာတာနဲ့ပဲ ရောင့်ရဲကျေနပ်ပါတယ်။

ဆုတောင်းတိုင်းလည်း ဖြစ်မလာတတ်တာတွေ များလွန်းတော့ မျှော်လင့်ချက်နဲ့ ဆုတောင်းတာမျိုးလည်း မလုပ်ဖြစ်တော့တာ ကြာပါပြီ။

## Wealth

လူတိုင်းကတော့ ချမ်းသာချင်ကြတာပဲလေနော်။ ချမ်းသာကြွယ်ဝစေတဲ့ အကြောင်းတရားတွေကတော့ အများကြီးပဲ ရှိပါတယ်။ ဘယ်လို အကျိုးတရားတွေ ရလာမလဲဆိုတာပဲ တစ်ချက် ဆန်းစစ်ဖို့လိုတာပါ။ ကျွန်မဟာ ဗုဒ္ဓဘာသာဝင် တစ်ဦးပီပီ ကံကံရဲ့ အကျိုးကို အရမ်းယုံကြည်ပါတယ်။ လူတစ်ယောက် ချမ်းသာကြွယ်ဝဖို့ဆိုတာ တစ်ခါတလေတော့လည်း အရမ်းလွယ်ပါတယ်နော်။ သံသရာဆိုတာကို မကြောက်တတ်ရင်ပေါ့။ ကျွန်မက မချမ်းသာချင်ဘူးလားဆိုတော့ ချမ်းသာချင်တယ်။ ဒါပေမဲ့ သံသရာမကောင်းမယ့်ကိစ္စ၊ ကိုယ့်ကြောင့် တစ်ဖက်သား ဒုက္ခရောက်ရမယ့် ကိစ္စမျိုးနဲ့တော့ မချမ်းသာချင်ပါဘူး။

ကျွန်မအတွက်ကတော့ wealth = save ပဲ။ saving ပေါ့။ ကျွန်မအနေနဲ့ စီးပွားရေးနဲ့ ပတ်သက်လာရင် လက်ကိုင်ထားတဲ့ ဆောင်ပုဒ်က "ချွေတာစုဆောင်း သူဌေးလောင်း"ပါပဲ၊ ကျွန်မ saving လုပ်ရတာ အရမ်းဝါသနာပါတယ်။ သုံးတာ ဖြုန်းတာသိပ်ဝါသနာမပါဘူး။ ငယ်ငယ်ကတည်းက စာတွေအရမ်းဖတ်ခဲ့လို့လားတော့ မသိဘူး၊ ငွေကို လွယ်လွယ်သုံးမပစ်တဲ့ အထဲမှာပါတယ်။ ဘယ်သူကမှ ဆုံးမလို့ မဟုတ်ဘူး၊ ကိုယ်က စီးပွားရေးလည်း ကြီးကြီးကျယ်ကျယ် မလုပ်နိုင်သေးတဲ့ အခြေအနေမှာ ကိုယ့်ဝင်ငွေလေးနဲ့မဆိုစလောက် ပိုင်ဆိုင်တာတွေ ရှိလာခဲ့ပေမယ့်လည်း ကိုယ့်အတွက်တော့ စိတ်ချမ်းသာရတာကိုကရတဲ့ ပိုက်ဆံကြွယ်ဝမှုထက်သာတဲ့ အမြတ်ပဲလေ။

ကျွန်မရဲ့ သတ်မှတ်ချက်ကတော့ ကိုယ့်ရဲ့ ချမ်းသာကြွယ်ဝမှုကြောင့် ကိုယ်စိတ်ချမ်းသာရတယ်။ ပျော်ရွှင်ရတယ်ဆိုရင် အဲဒါဟာ တကယ်ချမ်းသာတာပဲလို့ ထင်မြင်ယူဆတယ်။ ကိုယ်ဟာ ချမ်းသာကြွယ်ဝနေရဲ့သားနဲ့ တစ်နှစ်မှာ တစ်လလောက်တောင် စိတ်ချမ်းသာ ပျော်ရွှင်စရာရှိမနေဘူး ဆိုရင်တော့. . . အဲဒါဟာ Really Wealth မဟုတ်တော့ဘူး ထင်တာပဲ။



## ရဲလေး

### Wedding

wedding ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောရရင်တော့ လူနှစ်ယောက်က တစ်ယောက် တာဝန်ကို တစ်ယောက်ကယူမယ့် တာဝန်အပ်နှင်းပွဲလို့ပဲ ပြောချင်ပါတယ်။ မင်္ဂလာ လက်ထပ်ပွဲပေါ့။ တအားလှတဲ့ စကားလေးပါပဲ။ မိန်းကလေးကလည်း သူ့တစ်ဘဝလုံးကို ဘာမှ သွေးမတော်တဲ့ ယောက်ျားသားတစ်ယောက်ဆီမှာ ပုံအပ်သလို အဲဒီ ယောက်ျားသားကလည်း ဒီမိန်းကလေးရဲ့ တစ်ဘဝလုံးကို ကျေကျေနပ်နပ်ကြီး တာဝန်ယူဖို့ ဆုံးဖြတ်ပြီး နှစ်ယောက်ဘဝ Register လုပ်တဲ့ပွဲပါပဲ။ လူဆိုတာလည်း ဘဝရဲ့ တာဝန်တွေကို ထမ်းဆောင်မှ လူနဲ့တူတာလို့ ပြောကြတာကိုး။ အိမ်ထောင်သားမွေးဆိုတာလည်း လူ့တာဝန်တွေထဲမှာ ပါတာကိုး။ တချို့ကလည်း ပိုပြီး အောင်မြင်တဲ့ လူ့ဘဝရဲ့ အစလို့လည်း ပြောကြတယ်။ လက်ထပ်မင်္ဂလာပွဲဆိုတာလည်း အမျိုးမျိုး ရှိကြတယ်။ အခြေအနေနဲ့အချိန်အခါပေါ် မူတည်ပြီး ကိုယ့်ရဲ့မင်္ဂလာပွဲကို အကောင်းဆုံး ဖြစ်အောင် ဖန်တီးကြတဲ့သူတွေချည်းပါပဲ။ အေးဆေးသက်သာပြီး ကြည်နူးဖို့ကောင်းတဲ့ မင်္ဂလာပွဲပဲ မင်္ဂလာ မောင်နှံတိုင်းက ဖြစ်ချင်ကြတာပါ။ အရမ်းကြီး ပင်ပန်းမွန်းကျပ်ပြီး ပကာသနတွေဖုံးလွှမ်းတဲ့ ပွဲမျိုးတွေလည်း ရှိကြပါတယ်။ ဒါကလည်း သူတို့ရဲ့ အခြေအနေအရပေါ့နော်။ လူဆိုတာလည်း မိဘ အသိုင်းအဝိုင်း၊ ဆွေမျိုးအပေါင်းအသင်းတွေနဲ့ နေကြတဲ့သူတွေချည်းပဲလေ။ လူမှုရေးတွေရှိတယ်။ ဒီတော့ တချို့ကျတော့လည်း မိတ်ဆွေတွေ တအားများတော့ လူစုံအောင် ဖိတ်ချင်တော့ ပွဲတွေအများကြီး လုပ်လိုက်ရတာမျိုးတွေ ဖြစ်လာရတယ်။ ကိုယ့်မိတ်ဆွေတွေအားလုံးကို ဖိတ်ချင်





တာကိုး။ ကျွန်တော့်ရဲ့ မင်္ဂလာပွဲကိုဆိုရင် ကျွန်တော်အရမ်းကျေနပ်ကြည်နူးရပါတယ်။ ကျွန်တော် ပြောချင်တာကတော့ သတို့သားတိုင်းက ကိုယ့်ရဲ့ သတို့သမီးတိုင်းကို အကောင်းဆုံးဆိုတာတွေပဲ ဖန်တီးပေးချင်ကြမှာပါ။



Wish

wish ဆိုတာ တောင်းဆုပေါ့။ Birthday wish တို့ wedding wish တို့ valentines' Day wish တို့ပေါ့။ wish တွေအများကြီးရှိကြပါတယ်။ ကျွန်တော်က လုပ်သင့်လုပ်ထိုက်တဲ့ wish တွေဆိုရင်တော့ ကျွန်တော်လုပ်တယ်။ တစ်ခါတလေမှာ အပိုတွေလုပ်ကြတာမျိုးတွေတော့ မလုပ်တတ်ဘူး။ ဒါပေမဲ့ ကျွန်တော့်ပုံမှန်ဆုတောင်း မေတ္တာပို့တာတော့ ဘုရားရှစ်ခိုးတိုင်းလုပ်ပါတယ်။ မြင်နိုင်တဲ့၊ မမြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို မေတ္တာပို့ပေးတယ်။ ကျွန်တော်တို့ရဲ့ မိဘတွေအတွက်၊ ကျွန်တော့်ပရိသတ်တွေအတွက်လည်း wish လုပ်ပေးပါတယ်။ သူတို့စိတ်ချမ်းသာကိုယ်ကျန်းမာဖို့ အထူးဆုတောင်းပေးတယ်။ နောက်ပြီး ကျွန်တော့်ပရိသတ်မဟုတ်တဲ့ သူတွေကိုလည်း ဆုတောင်းပေးပါတယ်။ ကျွန်တော်က အားလုံးအပေါ်ကိုမေတ္တာထားမှ သူတို့က ကျွန်တော့်အပေါ် ပြန်ပြီး မေတ္တာထားနိုင်ကြမှာလေ။

Wealth

Wealth ဆိုတာ ဥစ္စာဓနကြွယ်ဝတာကို ပြောတာပေါ့။ ကျွန်တော်ဆိုလည်း မကြွယ်ဝပါဘူး။ ဒီလိုပဲ ကြိုးစားပြီးမှ ဒီနေ့လိုလေးဖြစ်လာရတာပါ။ အဓိကက ပညာကြွယ်ဝဖို့ပါပဲ။ ပညာဆိုတာမှာ အတတ်ပညာ၊ အသိပညာ၊ အတန်းပညာထက် ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းပညာကို ကြွယ်ဝအောင် လုပ်ထားရင် တခြား wealth တွေရလာမှာပါ။ နောက်ပြီး ကျန်းမာရေးပေါ့။ ကျန်းမာရေးပြည့်စုံကောင်းမွန်မှ ကိုယ့်ရဲ့ပညာကို ကြွယ်ဝအောင်လုပ်နိုင်ပြီး ငွေကြေးချမ်းသာအောင် ကြံဆောင်နိုင်မှာပါ။ နောက်ပြီး လူမှုရေး wealth ပေါ့။

လူမှုရေးရာတွင်မှာလည်း ကိုယ်က ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေနေနိုင်အောင် ကြိုးစားတတ်ရမယ်။ ငွေကြေးဆိုတာက ဘဝမှာ လိုအပ်တဲ့ထဲမှာပါပေမယ့် အရေးကြီးတဲ့ အပိုင်းတွေ မဟုတ်ပါဘူး။ ဒါကို ကျွန်တော်က ငွေကြေးမပြည့်စုံဘဲနေခဲ့ဖူးတော့ ကောင်းကောင်းသိတယ်။ တကယ်လိုအပ်တာက ကိုယ့်ရဲ့ပညာပါပဲ။

Asian Fame Media Group



## ချမ်းချမ်း



Wedding

Wedding ဆိုတာက ဘာမှသွေးမတော် သားမစပ်တဲ့ လူနှစ်ယောက်ပေါင်းစပ်တဲ့ပွဲပါ။ လူနှစ်ယောက်ပေါင်းစပ်ကြတယ် ဆိုတာမှာလည်း အမျိုးမျိုးရှိတယ်။ တချို့ကလည်း အချင်းချင်း ချစ်မြတ်နိုးလို့ တချို့ကကျတော့လည်း မိဘ ကပေးစားလို့ပေါ့လေ။ ဘယ်လိုပဲပေါင်းစပ်ကြ ပေါင်းစပ်ကြ အဓိကကတော့ အဲဒီလူနှစ်ဦးလုံးမှာ အပြန်အလှန် သံယောဇဉ်ဆိုတာရှိထားရမယ်၊ တစ်ယောက်ကို တစ်ယောက်ကလည်း တာဝန် ယူမှုဆိုတာပါထားရမယ်။ အခြေအနေအရပ်ရပ် ပေါ်မူတည်ပြီး wedding ဆိုတာဖြစ်လာရတာ ပါ။ ဒါပေမဲ့ ကိုယ်တကယ်ချစ်ပြီး ကိုယ်တကယ် မြတ်နိုးရတဲ့သူနဲ့ လက်ထပ်ရတဲ့ wedding မျိုးက တော့ ပိုပြီး ကြည်နူးရတာပေါ့။ အမှန်ကတော့ wedding ဆိုတာ လူနှစ်ယောက် ပေါင်းပြီး ဘဝတစ်ခုဖွဲ့လုပ်တဲ့ Celebration လေးတစ်ခုပါ ပဲ။ ချမ်းချမ်းအတွက်ကတော့ Wedding က ပျော်စရာကောင်းတဲ့အရာပါပဲ။ ငယ်ငယ်တုန်းက တော့ ကိုယ်ရဲ့ စိတ်ကူးယဉ် မင်္ဂလာပွဲက ကမ်းခြေ မှာလုပ်တဲ့ ပွဲမျိုးလေးပေါ့။ ဒါက ငယ်ငယ်တုန်းက စိတ်ကူးယဉ်မှုသက်သက် ပါပဲ။ တကယ့်လက်တွေ့ Wedding ကလည်း Church တို့ ဘုန်းကြီးကျောင်း တို့မှာ လုပ်ခဲ့တော့ ပျော်စရာကောင်းပြီး ကုသိုလ် လည်း ရပါတယ်။ relaxing လည်းဖြစ်ပြီး ဘယ်သူ မဆို သက်သောင့်သက်သာနဲ့ လာနိုင်တဲ့ wedding ပွဲလေးဖြစ်တာကြောင့် ကျေနပ်ပါတယ်၊ အလှူလည်းလုပ်တော့ ကုသိုလ်တွေလည်း အများ ကြီးရတယ်။ ကမ်းခြေမှာ လုပ်ချင်တဲ့စိတ်ကူးက ကလေးဘဝက ကလေးအတွေးနဲ့တွေးမိခဲ့တာပါ။

Wish

wish ကတော့ ဆုတောင်းမှုပြုတာပေါ့၊ လူတွေအားလုံးက ဆုတောင်းတာတော့ လုပ်ကြ မယ်လို့ ချမ်းချမ်းထင်တယ်။ ချမ်းချမ်းဆို ကိုယ်က သီချင်းဆိုတဲ့သူဆိုတော့ ဘုရားမှာဆုတောင်းရင် ကိုယ့်အသံကြားတာနဲ့ ချစ်ခင်ကြပါစေလို့ ဆု တောင်းတယ်။ ဒီလိုအလုပ်တွေမလုပ်ခင် ငယ်ငယ် ကလေးဘဝတုန်းကလည်း အလှူတစ်ခု လုပ်ပြီးရင်



ကိုယ့်ကိုလူအများက ချစ်ခင်ပါစေဆိုပြီး ဆုတောင်းတတ်တယ်။ ကိုယ့်ကြောင့်သူများစိတ် မဆင်းရဲပါစေနဲ့။ ကိုယ့်ကြောင့် ကိုယ့်မိသားစုစိတ် မဆင်းရဲပါစေနဲ့။ အမြဲဆုတောင်းတယ်။ အခု ဒီဆုတောင်းတွေ တကယ်ပြည့်လာပြီလို့ပြောရ မယ်။ ပြီးတော့ ချမ်းချမ်းက ဆုတောင်းရင်လည်း ကိုယ်လိုချင်တဲ့အရာထက် ဘုရားကပေးမယ့် အရာကို ပိုပြီး ဆုတောင်းခံတယ်။ ဥပမာ ဒီလိုအိမ် လေးနဲ့နေပါစေပေါ့။ ဒါပေမဲ့ သခင်အလိုရှိမှ ပေးပါ။ သခင်အလိုမရှိရင်လည်း သခင်အလိုရှိတဲ့ နေရာမှာ နေပါ့မယ်ဆိုပြီး ဆုတောင်းတယ်။ ဒါက ချမ်းချမ်းတို့ဘာသာအရ ဆုတောင်းပေါ့လေ။ ချမ်းချမ်းသဘောအရကတော့ ဘယ်အရာမဆို ဘုရားပေးတာက အကောင်းဆုံးလို့ပဲ ယူဆထားတယ်။ ပြီးတော့ ကိုယ်လိုချင်တဲ့အရာက သူများကို ထိခိုက်စေမယ်ဆိုရင် ဘယ်လောက်ပဲ လိုချင်ချင် စွန့်လွှတ်တတ်တယ်။ အခုကျတော့ ချမ်းချမ်းက နှစ်ယောက်ဘဝဖြစ်သွားပြီ။ ဒီတော့ ဆုတောင်းတွေမှာလည်း သူ့အတွက် ပါရပြီပေါ့။ သူ့အလုပ်တွေ အဆင်ပြေပါစေ။ သူ့ကိုလူတွေ ချစ်ခင်ပါစေ စသဖြင့် ဆုတောင်းတွေ ထပ်တိုးသွားတာပေါ့။ ပြီးတော့ အခုဆိုရင် ကချင်ပြည်နယ်ဘက်မှာ ရေတွေကြီးတယ်။ တနင်္သာရီဘက်မှာလည်း ရေတွေကြီးတယ်။ အဲဒီကလူတွေ ဘေးအန္တရာယ်ကင်းဖို့နဲ့ စစ်ဖြစ်တဲ့နေရာတွေလည်း အန္တရာယ်ကင်းကြဖို့ ဆုတောင်းတယ်။ ဒါကဗုဒ္ဓဘာသာအရဆိုရင် မေတ္တာပို့တာပါ။ ဒီလိုမေတ္တာလေးတွေက ထိရောက်ပါတယ်။ တစ်ယောက်ချင်းစီရဲ့ ဆုတောင်းတွေကိုစုပြီး အဲဒီလူတွေ တစ်ယောက်ချင်းစီကို ထိရောက်မှုတွေရှိသွားမှာပါ။ ချမ်းချမ်းကတော့ ယုံကြည်တယ်။



### Wealth

လူတော်တော်များများကတော့ wealth ဆိုတာ ငွေကြေးဥစ္စာခနကြွယ်ဝချမ်းသာမှုလို့ ပြောကြမှာပေါ့။ ဒါပေမဲ့ စီးပွားရေးအောင်မြင်မှုတွေ လူမှုရေးအောင်မြင်မှုတွေ၊ အနုပညာအောင်မြင်မှုတွေ၊ ငွေကြေးချမ်းသာမှုတွေ ဒါတွေအားလုံးရဲ့ အခြေခံက ကျန်းမာရေးပါပဲ။ ကျန်းမာခြင်းက လာဘ်တစ်ပါးဆိုပြီး ရှိတာလေ။ အဲဒီကျန်းမာခြင်းချမ်းသာကို ရတဲ့ သူက အရမ်းကံကောင်းတာပါပဲ။ ငွေကြေးဘယ်လောက်ပဲ ကြွယ်ဝကြွယ်ဝ ကျန်းမာခြင်း ချမ်းသာခြင်းမရှိ ရင် ကိုယ်သွားချင်တာ၊ ကိုယ်လုပ်ချင်တာတွေ ဘာမှလုပ်လို့မရဘူး။ ပြီးတော့ စိတ်ချမ်းသာမှုပေါ့။ စိတ်ချမ်းသာမှုက လုပ်ယူလို့မရဘူး။ ငွေနဲ့ ပေးဝယ်လို့ မရဘူး။ ချမ်းချမ်းကတော့ ငွေနဲ့ ဝယ်လို့မရတဲ့ အရာတွေရဲ့ ချမ်းသာမှုကိုပဲ တကယ့် wealth အစစ်လို့ခံယူတယ်။ အလှူဒါန မှာဖြစ်တဲ့ ပီတိမျိုးတို့ သတ္တဝါတွေအားလုံး အပေါ်ထားတဲ့ မေတ္တာတရားမျိုး၊ ဒါမျိုးတွေပေါ့။ ဒီလိုအရာတွေ ချမ်းသာတဲ့ သူတွေကို ချမ်းချမ်းအားကျတယ်။

**ငြိမ်းစုပိုပို**

Asian Fame Media Group




# တစ်သက်တာ ကြည်နူးစရာပုံရိပ်တွေကို မှတ်တမ်းတင်ပေးမယ့် ဓာတ်ပုံဆရာများ

| | | |
|---|---|---|
| ပီတာ | အမှတ် ၅၊ အောင်ဇေယျလမ်း၊ ဒုတိယထပ်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ် | ၀၉ ၅၀၁၀၁၅၉၊ ၅၆၄၉၂၁ |
| ဝဏ္ဏခွာနီး (Focus Daily) | အမှတ် ၆၆၉၊ မြကန်သာ ၂ လမ်း၊ ၅ မိုင်ခွဲ၊ ကမာရွတ်မြို့နယ် | ၀၉ ၄၅၀၀၁၁၃၃၊ ၅၂၆၇၁၅ |
| အေးဇော်မိုး (စက်မှု) | အမှတ် ၃၊ ပဏ္ဍိတလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ် | ၀၉ ၅၁၀၉၇၇၀၊<br>၀၉ ၅၁၂၇၈၃၃ |
| လင်းထွန်း (Leopard) | အမှတ် ၁၅/၁၉၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ် | ၀၉ ၅၀၂၀၉၈၈၊ ၇၃၁၂၀၉၈၈ |
| အောင်ကျော်မိုး (New Image) | အမှတ် ၂၄၆၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း (ပေါ်)၊ ကျောက်တံတားမြို့နယ် | ၀၉ ၅၁၄၆၄၅၆ |
| ပြည်ချန်း | အမှတ် ၉၀ ၊ မြေညီထပ်၊ ၄၉ လမ်း (လယ်)၊ ပုဇွန်တောင်မြို့နယ် | ၀၉ ၅၀၄၄၃၂၆ |
| ကိုလင်း (Studio K) | အမှတ် ၇၆/၈၀၊ C - 2၊ ပထမထပ်၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၀၉ ၅၄၁၀၇၀၈ |
| ကိုနိုင် (Escape) | အမှတ် ၄၃၊ အခန်း B၊ ပထမထပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ် | ၀၉ ၅၀၀၁၈၀၄ |
| မိုးပိုင်စိုး (ယွန်း) | အမှတ် ၂၈၄၊ ပန်းဆိုးတန်း (ထက်)၊ ကျောက်တံတားမြို့နယ် | ၀၉ ၇၃၀၅၁၇၇၁ |
| မလိမ္မာ (မြန်မာစာ) | အမှတ် ၂၅၃၊ B (102)၊ ၄၅ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ YMCA ဘေး | ၀၉ ၄၃၃၇၀၀၄၄၊<br>၀၉ ၅၅၇၀၀၄၄ |
| စိုင်းဘုန်းထူး | ၄၆ လမ်း (လယ်)၊ ဗိုလ်တထောင်မြို့နယ် | ၂၉၂၉၅၃၊ ၂၉၄၆၀၆ |
| နိုင်နိုင် (R2) | အမှတ် ၄၅/A၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ် | ၀၉ ၅၀၇၆၀၂၆ |
| ပြည်ဟန် (Color Max) | ဘုရင့်နောင်တာဝါ 21A၊ ဒုတိယထပ်၊ အခန်း ၂၀၄၊ ဘုရင့်နောင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် | ၀၉ ၇၃၀၂၅၅၄၈ |

Asian Fame Media Group
MEDIA GROUP

# သတို့သမီးမိတ်ကပ်ဖန်တီးမှုအတွက် ဝန်ဆောင်မှုဈေးနှုန်းများ



## ဒီဇင်ဘာနှင်း - ၀၉ ၇၃၂၉၀၁၁၀

| | | |
|---|---|---|
| သတို့သမီး | ထိုင်မသိမ်း (ဆိုင်) | ၁ သိန်းခွဲ |
| | ထိုင်မသိမ်း (ဟိုတယ်) | ၂ သိန်း |
| | ဂါဝန် (ဆိုင်) | ၅ သောင်း |
| | ဂါဝန် (ဟိုတယ်) | ၁ သိန်းခွဲ |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်း |

## ထက် (Pop Soul) - ၀၉ ၅၁၆၆၀၆၉

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၃ သောင်း |
| | ဟိုတယ် | ၁ သိန်း |
| (ဂါဝန်တစ်စုံနှင့်အထက် လဲပြီးပွဲထွက်ပါက) | | ၁ သိန်းခွဲ |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်း |

## တော်ဝင်သူ (မေဦးမောင်) - ၀၉ ၅၀၀၇၁၄၉

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၅ သောင်း |
| | ဟိုတယ် | ၁ သိန်း |
| (Full Rehearsal တစ်ကြိမ်အပါအဝင်) | | |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | [illegible] သောင်း |

## မိတ်ကပ်စိုးစိုး - ၀၉ ၅၀၀၀၉၉၇

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၁ သိန်း |
| | ဟိုတယ် | ၂ သိန်း |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၃ သောင်း |

## ညီညီမောင် (ဝမ်းချောင်း) - ၅၂၇၇၆၄၊ ၀၉ ၅၀၉၃၁၃၆

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၅ သောင်း |
| | ဟိုတယ် | ၁ သိန်း |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၃ သောင်း |

## HELLO - ၅၄၀၀၇၀ ၊ ၀၉ ၅၁၆၄၂၆၄

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၅ သောင်းမှ ၁ သိန်း |
| | ဟိုတယ် | ဆိုင်ပြင်၏ နှစ်ဆ |
| | မိဘ | ၂ သောင်း |
| အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၃ သောင်း |

## မေဦး - ၀၉ ၅၀၉၈၄၁၃

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၅ သောင်း |
| | ဟိုတယ် | ၁ သိန်းခွဲ |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်းခွဲ |

## လင်းလင်း - ၀၉ ၅၁၆၃၀၆၇၊ ၀၉ ၄၉၂၉၀၄၈၂

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၅ သောင်း |
| | ဟိုတယ် | ၁ သိန်း |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်း |

## ကျော်မိုး - ၀၉ ၅၁၅၆၄၈၈

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၇ သောင်း |
| | ဟိုတယ် | ၁ သိန်း |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်း |

## Gucci အောင် - ၀၉ ၈၆၃၀၇၈၁

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၃ သောင်း |
| | ဟိုတယ် | ၆ သောင်း |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်း |

## ဂျီးဂျီး - ၀၉ ၄၃၀၇၇၉၉၇

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၆ သောင်း |
| | ဟိုတယ် | ၁ သိန်း |
| အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်းခွဲ |
| မိဘ | | ၂ သောင်း |

## ခင်စန်းဝင်း - ၃၈၈၅၈၉

| | | |
|---|---|---|
| သတို့သမီး | ဆိုင် | ၅ သောင်း |
| | ဟိုတယ် | ၁ သိန်း |
| မိဘ၊ အရံ၊ ပန်းကြဲ၊ ဖန်းကိုင် | | ၂ သောင်း |

Asian Fame Media Group
MEDIA GROUP



# ရုပ်ရှင်မဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း
# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရုပ်ရှင်မဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ နိုဝင်ဘာလထုတ် ရုပ်ရှင်မဂ္ဂဇင်းအတွက် အဆိုတော် ရဲဝေသွေးနောင် နဲ့အတူ ရုပ်ရှင်စာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရုပ်ရှင်မဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အရောင်ဓာတ်ပုံပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ခေါင်းတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရုပ်ရှင်မဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရုပ်ရှင်မဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ...ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့်အခွင့်အရေးကို လက်လွတ်မခံဘဲ **၂၀၁၃ အောက်တိုဘာလ ၁၀ ရက် (ကြာသပတေးနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရုပ်ရှင် စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

✂

အမည် ------------------------------------------------

မွေးသက္ကရာဇ် ------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------------

ပညာအရည်အချင်း ------------------------------------------------

အလုပ်အကိုင် ------------------------------------------------


အနုပညာလှုပ်ရှားမှု ------------------------------------------------

အိမ်ထောင်ရှိ/မရှိ ------------------------------------------------

အရပ်အမြင့် ------------------------------------------------

နေရပ်လိပ်စာ ------------------------------------------------

ဖုန်းနံပါတ် ------------------------------------------------



Asian Fame Media Group



MEDIA GROUP

စက်တင်ဘာလရဲ့ Audience of Celebrities' Choice ကဏ္ဍရဲ့ စာမျက်နှာထက်ကို ရောက်ရှိလာသူတွေကတော့ သရုပ်ဆောင် နေမင်းနဲ့ ပုဇွန်တောင်မြို့နယ်မှာနေထိုင်သူ လင်းလက်ချိုတို့ပဲ ဖြစ်ပါတယ်။ လစဉ်ဖော်ပြပေးနေကျဖြစ်တဲ့ ဒီကဏ္ဍလေးမှာ အနုပညာရှင်တွေကို အပြင်မှာ ကိုယ်တိုင်တွေ့ဆုံချင်သူတွေနဲ့ အနုပညာလောကမှာ လျှောက်လှမ်းဖို့အတွက် အကြံဉာဏ်ယူချင်သူတွေကို တွေ့ဆုံစေခဲ့တဲ့ ပေါင်းကူးတံတားလေးဆိုရင်လည်း မမှားပါဘူးနော်။ နောက်လတွေမှာလည်း အနုပညာရှင်နဲ့အတူ တွဲဖက်ဖော်ပြခံရမယ့် ပရိသတ်က ဘယ်သူများဖြစ်မလဲ ဆိုတာကိုတော့ ...




# AUDIENCE OF CELEBRITIES CHOICE

MODEL NAY MINN, LINN LATT CHO
MAKE-UP GUCCI AUNG (NYINYIMG-SANCHAUNG)
DRESS PRETTY GIRL PHOTO KOLINN (STUDIO-K)
ARRANGED BY THIDA SOE

Asian Fame Media Group
af MEDIA GROUP


Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



ပရိသတ်အမေး အနုပညာရှင်အဖြေ

**အစ်ကိုသရုပ်ဆောင်စလုပ်ခဲ့တဲ့ အချိန်ကနေ အခုအချိန်အထိ အစ်ကို သရုပ်ဆောင်ခဲ့တဲ့ ကာရိုက်တာတွေထဲမှာ အကြိုက်ဆုံးကာရိုက်တာမျိုးရှိလား။**

အဲဒီလို အကြိုက်ဆုံးဆိုတဲ့ ကာရိုက်တာမျိုး ဆိုပြီး သတ်မှတ်ထားတာ မရှိပါဘူး။ အစ်ကိုတို့ သရုပ်ဆောင်ရတဲ့အနုပညာမှာ အဲဒီလိုမျိုး အကြိုက်ဆုံးဆိုတဲ့အရာတစ်ခုကို သတ်မှတ်လိုက်ရင် နောက်ထပ်သာလွန်တဲ့ အနုပညာတစ်ခုကို ဖန်တီးယူလို့ မလွယ်တော့ဘူး။ ကိုယ်လုပ်လိုက်တဲ့ ကာရိုက်တာတစ်ခုကို အကောင်းဆုံးကြိုးစားတယ်။ ကာရိုက်တာတိုင်းကိုလည်း လုပ်နိုင်အောင်လို့ အမြဲတမ်းကိုယ့်စိတ်မှာ မွေးထားတယ်။ ကိုယ့်စိတ်က ဘယ်လိုသဘောထားလဲဆိုတော့ ကိုယ်ရောက်နေတဲ့အချိန်၊ ကိုယ်ရိုက်တဲ့ဇာတ်၊ ကိုယ့်ရဲ့ဇာတ်ကောင်ပေါ်မှာ အကောင်းဆုံးဖြစ်အောင် ဘယ်လိုတည်ဆောက်မလဲဆိုတဲ့စိတ် အမြဲတမ်းဖြစ်တယ်။

**အစ်ကိုက အခုဆိုရင် ကာရိုက်တာမျိုးစုံလုပ်ခဲ့ပြီးပြီပေါ့နော်။ အပြင်မှာ လုံးဝသရုပ်မဆောင်ရသေးတဲ့ စိတ်ထဲမှာ အရမ်းသရုပ်ဆောင်ချင်နေတဲ့ ကာရိုက်တာမျိုးရှိလား။**

အဲဒီလိုမျိုးကြီးတော့ မရှိပါဘူး။ ခုနက ပြောသလိုပါပဲ။ ဘယ်တော့လာမလဲ ဘယ်တော့လာမလဲလို့ မျှော်လင့်နေတာနဲ့ လက်ရှိရှိနေတဲ့ ပစ္စုပ္ပန်ကို ရာခိုင်နှုန်းအပြည့်မရဘဲ ဖြစ်နေမှာပေါ့နော်။ ကိုယ်က ဒီကာရိုက်တာပေါ်မှာ တစ်ရာအပြည့်ရမယ့် ကိုယ့်ရဲ့ပါဝါတွေရှိပေမယ့်လည်း မလာနိုင်သေးတဲ့ အရာတစ်ခုကို စဉ်းစားပြီးနေရင်တော့ လက်ရှိအရာက ပျောက်တာပေါ့နော်။ 'စင်ကြယ်သောစိတ်' ဆိုတဲ့ စာအုပ်ထဲမှာပါတဲ့ စာတန်းလေးတစ်ခုက 'ကြောက်ခြင်းဟာ အရိပ်' စာလေးပါ။ အခုလက်ရှိ ပစ္စုပ္ပန်မှာရှိတဲ့ ကိုယ့်ရဲ့စွမ်းအားတွေကို ဆုံးရှုံးစေတယ်။ မရောက်လာသေးတဲ့ ကိစ္စတစ်ခုကို ကိုယ်က ကြိုစဉ်းစားပြီးတော့ ကြောက်နေရင် လက်ရှိကိုယ်ပိုင်ဆိုင်ထားတဲ့ အရာတွေကို ဆုံးရှုံးတာပေါ့နော်။ အဲဒီတော့ အစ်ကိုက နောက်ကွယ်က ဘာတွေညာတွေကို မျှော်လင့်ချက်မထားဘူး။ လက်ရှိရောက်နေတဲ့ ကိုယ့်ကာရိုက်တာက ဆိုက်ကားသမားဆိုရင် ဆိုက်ကားသမားနဲ့ပတ်သက်တာကိုပဲ ခေါင်းထဲမှာ ထည့်ထားတယ်။ နောက်တစ်ခုက ကားရိုက်နေတဲ့အချိန်မှာ တတ်နိုင်သလောက် ဖုန်းမကိုင်ဘူး။ ကိုယ်ဖုန်းကိုင်လိုက်ရင် အပြင်မှာ အလုပ်လုပ်နေတဲ့ နေမင်းက ဖုန်းကိုင်လိုက်တာ ဖြစ်သွားရော။ ဒီကာရိုက်တာထဲကလူက ဖုန်းကိုင်လို့ မရဘူးလေ။

**အစ်ကိုအနေနဲ့ အစအဆုံးကြိုးစားပြီးတော့ ပုံဖော်ခဲ့တဲ့ 'တက်တူး' ဇာတ်ကားလိုမျိုး နောက်ထပ် အစ်ကို ကြိုးစားပြီး ပုံဖော်မယ့် ဇာတ်ကားမျိုး ရှိသေးလား။**

အစ်ကိုတို့ ပထမဆုံးစမ်းသပ်ကြတာက 'မျှောလွှင့်နေတဲ့ တိမ်' ပါ။ 'မျှောလွှင့်နေတဲ့ တိမ်' က ခုနကပြောတဲ့ Version တစ်ခုကို စမ်းသပ်တာပေါ့နော်။ မြန်မာကားတွေမှာ ဖြစ်နေကြပုံစံ မဟုတ်တဲ့ဟာမျိုးကို လုပ်ကြည့်တာပေါ့။ အဲဒီတုန်းက ကြာလည်းကြာတယ်၊ ပိုက်ဆံလည်း တော်တော်ကုန်တယ်။ Location တွေကအစ ဂုံးထိပ်တံတားတွေပါ ပါအောင် ထည့်ရိုက်ထားတယ်။ လိုချင်တဲ့တိမ်တွေပါအောင်လည်း ညနေစောင်းအထိ ရိုက်ရတယ်။ ထင်းရှူးတောထဲမှာ အစ်ကိုရိုက်တဲ့ ဖိုက်တင်အခန်းဆိုရင်လည်း တစ်နေကုန် မနက်ကတည်းက တောက်လျှောက်ရိုက်လိုက်တာ

Asianfame Media Group

ညနေ ၄ နာရီအထိ ရိုက်ခဲ့ရတယ်။ အဲဒါတောင် ဖိုက်တင်ထိုးနေရင်းနဲ့ ပက်လက်လန်ပြီး လဲကျသွားတော့ ပြန်မထနိုင်တော့ဘူး။ အားပြတ်သွားတဲ့သဘောပေါ့နော်။ အဲဒီတော့မှ ဒါရိုက်တာတွေရော၊ အဖွဲ့သားတွေရော ဘာမှမစားရသေးဘူးဆိုတာကို သိတယ်။ အဲဒီလိုမျိုးအထိ အစ်ကိုတို့ တည်ဆောက်ပြီး ကြိုးစားခဲ့ကြတယ်၊ အဲဒီကားလေးကို ပရိသတ်လည်း လက်ခံလိမ့်မယ်၊ ကြိုက်လိမ့်မယ်လို့ မျှော်လင့်မိခဲ့တယ်။ ဒါပေမဲ့ အဲဒီတုန်းက ပရိသတ်အားပေးမှုကို ထင်သလောက်မရခဲ့ဘူး။ အဲဒီကားနောက်ပိုင်းမှာတော့ ယောကျာ်းလေး ပရိသတ်က ပိုပြီးအားပေးလာတယ်။ အစ်ကိုတို့ မေမြို့မှာ ၁ လနဲ့ ၁၅ ရက်ကြာအောင် ရိုက်ခဲ့တဲ့ကား 'မိုးမှာကြွေသော ပန်း'၊ 'မမေ့မယ့် မိုး' ကားဆိုရင် မနက်(၃) နာရီထပြီးတော့ မဟာမြတ်မုနိဘုရား မျက်နှာသစ်တော်ရေကပ်တာတို့၊ စံပယ်ပန်းကပ်တာတို့၊ ဆရာတော်ကြီးကြွလာတာတို့၊ အေးမြတ်သူနဲ့ကိုယ်နဲ့ လမ်းလျှောက်လာတာတို့တွေကို ရိုက်ရတာပေါ့နော်။ အေးမြတ်သူကိုလည်း မနက်အစောကြီးနိုးရတာပေါ့၊ အနုပညာနဲ့ ပတ်သတ်ပြီး အာရုံစိုက်တတ်တဲ့အတတ်ကို ဦးညွန့်ဝင်းဆီက ရခဲ့တာပါ။ အန်ကယ်က မနက်အစောကြီးထပြီး လမ်းလျှောက်ရင်းနဲ့ရိုက်တဲ့အခါမှာ ပြောရမယ့်စကားတွေကို စာအုပ်ကြည့်ဖို့ မျက်စိက အဆင်မပြေတဲ့အတွက် အသံသွင်းပြီးတော့ တောက်လျှောက် နားထောင်နေတာပေါ့နော်။ အဲဒီအချိန်မှာ သူဘယ်သူနဲ့မှ စကားမပြောဘဲနဲ့ သူနေရာလေးမှာပဲ အေးအေးဆေးဆေး ထိုင်နေတယ်။ အနုပညာအတွက် မနက်အစောကြီးနိုးတော့လည်း သူလိုက်တယ်။ 'မမေ့မယ့်မိုး' ကိုကြိုက်တယ်ဆိုရင် 'မျှော်လွင့်နေတဲ့တိမ်' နဲ့ 'တက်တူး' တို့ကို ထပ်ပြီးလုပ်ဖို့အားရှိတာပေါ့နော်။ 'မမေ့မယ့်မိုး' ဆိုရင်လည်း စစ်ကိုင်းဘက်တွေနဲ့ မန္တလေးမှာ ရှိသမျှ Location တွေပါအောင် ထည့်ရိုက်ခဲ့တာပေါ့နော်။ 'မျှော်လွင့်နေတဲ့တိမ်' ကတော့ မေမြို့မှာ တောက်လျှောက်ရိုက်ခဲ့တယ်။ မြန်မာကားတော်တော်များများကို မင်းသားနဲ့ မင်းသမီးညားမှတို့၊ နောက်ဆုံးမှာ ပျော်ရွှင်မှုတွေနဲ့သိမ်းမှတို့ ဟာသဖြစ်မှကြည့်မယ်တို့ ဆိုတာတွေ ရှိကြတယ်လေ။ ကိုယ်တို့တွေးထားတဲ့အတွေးကတော့ သူခိုးတစ်ယောက်ကို ဥပဒေဘက်ကကြည့်ရင် သူခိုးပေါ့၊ ဒါပေမဲ့ သူ့ဘက်ကကြည့်မယ်ဆိုရင် သူ့မိသားစုအတွက်၊ သူ့သားလေးအတွက် လိုအပ်ချက် တစ်ခုခုကြောင့် ခိုးတာဖြစ်မှာပေါ့နော်။ သူ့မိသားစုဘက်က ကြည့်ရင်တော့ သူက သူ့ရဲကောင်းပေါ့၊ 'တက်တူး' ဆိုရင်လည်း အဲဒီလို သဘောတရားကို ပြတာပေါ့နော်။ မြတ်နိုးဆိုတဲ့ ကောင်မလေးက မကောင်းတဲ့မိန်းကလေးဖြစ်တယ်။ သူဖြစ်တာက သူ့ကြောင့်ဖြစ်တာမဟုတ်ဘူး။ မိဘက သားသမီးကို ထိန်းချုပ်တဲ့ပုံစံမှားတဲ့အတွက် သားသမီးက အဲဒီလိုဖြစ်တယ်ဆိုပြီး ရိုက်ပြခဲ့တယ်။ အစ်ကိုလည်း 'တက်တူး' ကားမှာဆိုရင် စိတ်အရမ်းဆတ်တဲ့အတွက် ကိုယ်သေသေချာချာ တယုတယနဲ့ ထိန်းသိမ်းလာခဲ့တဲ့ အမေကို ဆုံးရှုံးလိုက်ရတယ်လေ။ ဟိုးအရင်ကတည်းက အားပေးတဲ့ပရိသတ်တွေက မြန်မာကားတွေကို စိတ်အပန်းဖြေဖို့တစ်ခုအတွက် ကြည့်ကြတယ်။ ဇာတ်နဲ့လွဲပြီးတော့ ပရိသတ်ရဲ့ဆန္ဒကိုကြည့်ပြီး ဇာတ်လမ်းအဆုံးမှာ ပေါင်းပေးလိုက်တာတွေ ရှိခဲ့တယ်။ အမှန်တကယ်တော့ ပရိသတ်က အဲဒီလိုရိုက်ပေးပါလို့ တိတိကျကျပြောတာမရှိဘူးဗျ။ တင်ပြသူတွေရဲ့ ငွေကြေးရယ်၊ ရလိုမှုတစ်ခုရယ်မှာ ဦးတည်ပြီးတော့ ကိုယ့်ရဲ့အနုပညာကို သစ္စာဖောက်တယ်လို့ ပြောရမှာပေါ့။ 'သမား' ဆိုတာကတော့ ဟိုးအရင်ကတည်းက ရိုက်ခဲ့ဖူးတဲ့ကားပေါ့။ အစ်ကိုက ဆရာဝန်ပေါ့နော်။ ဆေးမကုဘဲနဲ့ ရွာလေးတစ်ရွာကို ရောက်သွားခဲ့တယ်။ ဆေးမကုဘဲနဲ့ နောက်ဆုံးမှာ ဆေးပြန်ကုတဲ့ ပုံစံမျိုးပေါ့။ ကိုယ် တကယ်မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့ အရာတစ်ခုကို တကယ်တမ်း လူတစ်ယောက်အသက်ဘေးနဲ့ကြုံလာတော့ ကိုယ်တိုင်ကယ်လိုက်တဲ့ သဘောပေါ့နော်၊ အဲဒီ ဇာတ်ကားမှာဆိုရင် မင်းသား၊ မင်းသမီးပေါင်းခြင်း မပေါင်းခြင်းက အဓိကမဟုတ်ဘူး။ 'တက်တူး' ဆိုရင်လည်း ဇာတ်သိမ်းမှာ မြတ်နိုးကသေသွားတာပဲလေ၊ အရင်တုန်းကဆိုရင် မိဘတွေက သားသမီးတွေကို အပြင်မထွက်ရဘူး၊ မိဘစကား နားထောင်ရမယ်ဆိုပြီး ပြောတာတွေရှိတယ်။ ဒါပေမဲ့ အစ်ကိုတို့ ဒီဘက်ခေတ်ကျတော့ နည်းပညာတိုးတက်လာတဲ့အတွက် လေ့လာစရာရှိတာတွေကို အပြင်ထွက်ပြီး လူငယ်တွေက လေ့လာချင်တယ်။ မိဘတွေက အပြင်မထွက်စေချင်ဘူး၊ အဲဒီလိုတွေ ဖြစ်နေတာပေါ့နော်၊ အဲဒီတော့ ကိုယ်လုပ်နေတဲ့အနုပညာနဲ့ အတူ Entertainment ရော၊ ကိုယ်ပေးချင်တဲ့



Asian Fame Media Group

Message ရောပါအောင် ပေးချင်တာပေါ့နော်။ အစ်ကို ဓာတ်ပုံရိုက်ရင်တောင် ကိုလင်း (Studio K) နဲ့အတူ ပုဂံဘက်တွေရော၊ ဒီပြင်နေရာတွေရော လိုက်ရိုက်ဖြစ်တယ်။ ဓာတ်ပုံက အလှပ်မဟုတ်ဘဲ အငြိမ်ဖြစ်တဲ့အတွက် လူတစ်ယောက်ကကြည့်လိုက်လို့ရှိရင် စိတ်ဝင်စားမှုပေးနိုင်ရမယ်။ ကိုယ့်ရုပ်က မပေးနိုင်ရင်တောင် နောက်က Background က ဘယ်မှာလဲဆိုတဲ့ စိတ်ဝင်စားမှု ပေးနိုင်ရမယ်။

**ပြည်ပသရုပ်ဆောင်တွေထဲမှာ အစ်ကို အကြိုက်ဆုံးမင်းသား၊ မင်းသမီးကို သိချင်ပါတယ်။**

ခုနက ပြောသလိုပါပဲ။ အကြိုက်ဆုံးဆိုတာကို အစ်ကို မထားဘူး။ အစ်ကိုလေးစားတဲ့ အိန္ဒိယမင်းသားရှိတယ်။ သူဆိုရင် အစ်ကိုတို့ ခုနကပြောတဲ့ အကြောင်းတရားတွေ တော်တော်များများကို ရိုက်ထားတယ်။ နောက်တစ်ခုကတော့ အင်တာနက်သုံးတာကိုလည်း အစ်ကို့အနေနဲ့ ပြောချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မကောင်းတာ ပြောဖို့ရယ်၊ ငြင်းခုံဖို့ရယ် အဲဒီလိုသုံးတာထက်သိသင့်တဲ့ အကြောင်းအရာကို လေ့လာတာ ပိုကောင်းတယ်လို့ အစ်ကိုထင်တယ်။'မာယာများတဲ့ အလက်ဘ' ဇာတ်ကားဆိုရင် သဉ္ဇာနွယ်ဝင်းနဲ့ အစ်ကိုနဲ့ ရိုက်ထားတဲ့အခန်းကိုပဲ အွန်လိုင်းပေါ်မှာ ပြောကြတယ်၊ ငြင်းကြတယ်၊ ခုန်ကြတယ်။ ဇာတ်ကားတစ်ခုလုံးကိုသိလားဆိုတော့ ဘယ်သူမှ မသိကြဘူး။ ဇာတ်ရဲ့သဘောတရားကို တစ်ဇာတ်လုံး ကြည့်ပြီးမှ အားလုံးကိုသိပြီး နားလည်မှာပေါ့နော်။ အဲဒီဇာတ်ကားက တစ်နေ့တည်းဖြစ်တဲ့ အဖြစ် အပျက်ကို ရိုက်ပြထားတာပါ။ ပရိသတ်ကို ဇာတ်သိမ်း အထိပါလာအောင် ဆွဲခေါ်ဖို့ဆိုတာ တီးလုံးရော၊ အိုက်တင်ရော အားလုံးလုပ်ခဲ့ရတာပါ။ 'အနာဂတ်ညီမျှခြင်းကလေးငယ်' ဆိုတဲ့သီချင်းကို အစ်ကိုရယ်၊ ရသရယ်၊ ဂျောက်ဂျက်ရယ် ရခိုင်ကိုစွနဲ့ပတ်သက် ပြီးဖြစ်ကြတဲ့ အကြောင်းအရာတွေကို ရေးပြီးဆို ထားတာပါ။ အခုလို ငြင်းကြ၊ ခုန်ကြမယ့်အစား ကိုယ့်သားသမီးရဲ့အနာဂတ်၊ ကိုယ့်သားသမီးရဲ့ ပညာရေးကို ပြန်ကြည့်သင့်တဲ့ အကြောင်းကို သိစေချင်တာပါ။ အဲဒီသီချင်းကို You Tube မှာ တင်ထားပါတယ်။ အဲဒီသီချင်းကိုတော့ ခုနက Share လုပ်သလိုမျိုး ဘယ်သူမှ Share မလုပ်ကြပါဘူး။

**အစ်ကို့မှာ မေတ္တာရှိရမယ့်လူပေါ်လာပြီလား။ ဒါမှမဟုတ် အစ်ကိုသဘောကျတဲ့ မိန်းကလေး ပုံစံက . . .**

ကိုယ်ချစ်သူထားလိုက်ပြီဆိုရင် သူ့အတွက် တည်ဆောက်ရတာတွေရှိမယ်၊ ငွေကြေးစုရတာတွေလည်း ရှိမယ်၊ ဘဝတစ်ခုအတွက် ပြင်ဆင်ရတာတွေ ရှိမယ်လေ။ အဲဒီဘက်မှာ ကိုယ့်ရဲ့ စိတ်ရော၊ ကိုယ်ပိုင်ဆိုင်ထားတဲ့ အချိန်ရော များသောအားဖြင့် ပေးကြရတာပဲလေ။ အဲဒီလို ပေးဖြစ်သွားရင် ဇာတ်ကားအတွက် လေ့လာဖို့ ပြင်ဆင်ဖို့ပေးရတဲ့အချိန်တွေ နည်းသွားမယ်လို့ စဉ်းစားမိတယ်။ အဲဒါကြောင့် အခုနောက်ပိုင်းမှာ ဟိုးအရင်တုန်းကလို သီးသီးသန့်သန့် မထားဖြစ်တော့ဘူး။ အရင်တုန်းက ထားခဲ့တဲ့အချိန်နဲ့ အခုမရှိတော့တဲ့အချိန်နဲ့ယှဉ်ရင် မရှိတော့တဲ့ အချိန်မှာ ကိုယ်လုပ်ချင်တဲ့ အမျိုးသားရေးပဲဖြစ်ဖြစ် ပရဟိတပဲဖြစ်ဖြစ် လုပ်လို့ရတယ်။ လုပ်ချင်တာတွေအတွက် အချိန်ပိုပေးဖြစ်တာပေါ့နော်။

**အနုပညာရှင်အမေး ပရိသတ်အဖြေ**

**ညီမလေးအနေနဲ့ အနုပညာလောကကို ဘယ်လိုမျိုးကြောင့် ဝင်ဖြစ်ခဲ့တာလဲ။**

ညီမက အနုပညာကို အရမ်းဝါသနာပါပါတယ်။ အနုပညာမျိုးရိုးလည်း မရှိပါဘူး။ အရမ်းဝါသနာပါလွန်းလို့သာ အနုပညာလောကထဲကို ဝင်လာခဲ့တာပါ။ ကျောင်းကတော့ MHR မှာ Management သင်တန်းတွေ တက်နေပါတယ်



အစ်ကို။ အနုပညာနဲ့ပတ်သက်ပြီး အဆက်အသွယ်တွေတော့ မရှိပါဘူး။ ပညာရေးနဲ့ပတ်သက်ရင်လည်း အဆုံးစွန်ထိ ကြိုးစားချင်ပါတယ်၊

**အစ်ကိုနဲ့ တွဲရိုက်ဖို့အတွက် Form တင်ဖြစ်ခဲ့တာက . . .**

ညီမက အစ်ကို့ဇာတ်ကားတွေကို အမြဲတမ်းကြည့်ဖြစ်ပါတယ်။ အစ်ကို့ကို Crazy ဖြစ်တာပေါ့နော်။ အစ်ကိုနဲ့ရိုက်ဖို့ ဖိတ်ခေါ်ထားတာကိုတွေ့တော့ ညီမကဝင်ပြီး ပြိုင်ဖြစ်တာပါ။ အခုလို အရွေးခံရမယ်လို့လည်း မထင်ပါဘူး။ အရွေးခံလိုက်ရတော့ အရမ်းဝမ်းသာမိပါတယ်၊

**ညီမလေးက အနုပညာနဲ့ပတ်သက်ပြီး ဘယ်လောက်အတိုင်းအတာအထိလုပ်ဖို့ စဉ်းစားထားလဲ။**

အနုပညာကိုတော့ အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားမှာပါ။ ညီမဘက်ကတော့ အတတ်နိုင်ဆုံး ကြိုးစားမှာပေါ့နော်။ အနုပညာကလည်း ကံတွေ၊ စန်းတွေလိုအပ်တယ်လေ၊ အနုပညာလောကကို ဝင်လာပြီးတော့ ပရိသတ်လက်ခံပြီး အားပေးတဲ့အနုပညာရှင်တစ်ယောက်အနေနဲ့ ဖြစ်ခွင့်ရရင် အတိုင်းမသိဝမ်းသာမိမှာပါ။ အခုထိ ကြိုးစားနေတုန်းပါပဲ။

**အခုလက်ရှိမှာရော အနုပညာနဲ့ပတ်သက်ပြီး ဘာတွေလုပ်ဖြစ်နေလဲ။**

အခုလက်ရှိမှာတော့ မဂ္ဂဇင်းဓာတ်ပုံတွေ ရိုက်ဖြစ်နေတယ်၊ Show ပွဲတွေလည်း လျှောက်ဖြစ်ပါတယ်၊ Fashion Image မဂ္ဂဇင်းနဲ့ ပေဖူးလွှာမဂ္ဂဇင်းတွေမှာလည်း ရိုက်ထားပါတယ်။

**အနုပညာနဲ့ပတ်သက်ပြီး ညီမလေးဝါသနာပါတာတွေက . . .**

ညီမက Model လုပ်ရတာကို ဝါသနာပါပါတယ်။ သရုပ်ဆောင်တစ်ယောက်လည်း ဖြစ်ချင်တယ်။ အဓိကကတော့ Model နဲ့ သရုပ်ဆောင်ကိုတွဲပြီး လုပ်ချင်တာပေါ့နော်၊ ဥပမာပြောရရင် မအူဝဲလိုမျိုးပေါ့နော်။

**Celebrity နေမင်းရဲ့ ဒီကဗျာအပေါ် အမြင်**

ဒီကဗျာလေးက ကောင်းပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် မဂ္ဂဇင်းအတွက်ဆိုပြီး အချိန်သီးသီးသန့်သန့်ပေးပြီး မရိုက်ဖြစ်ဘူး။ မရိုက်ဖြစ်ဘူးဆိုတာက တစ်လ ၃ ကားရိုက်ရတာဖြစ်တဲ့အတွက် တစ်ကားနဲ့တစ်ကားကို မနည်းပြီးအောင် ရိုက်နေရပါတယ်။ အဲဒါကြောင့် အခုလို သီးသန့်ကြီးချိန်းပြီး ရိုက်ဖို့လည်းအချိန်မရတော့တာပေါ့နော်။ ဒီကဗျာကို ရိုက်ဖို့အတွက် ညနေခင်းမှာ ရှူတင်ကို စောစောသိမ်းဖို့ ကြိုပြီး စီစဉ်ထားပါတယ်။ ပရိသတ်နဲ့ ရိုက်ရမှာဖြစ်တဲ့အတွက် ကျွန်တော်ရိုက်လည်း ရိုက်ချင်ပါတယ်။ ဒီညီမလေးနဲ့ ဓာတ်ပုံတွဲရိုက်ရတာ အဆင်ပြေပါတယ်။ ကျွန်တော် ဓာတ်ပုံစရိုက်တုန်းက ဦးပီတာနဲ့ပါ။ မနက်အစောကြီးကတည်းက ရိုက်တာ ည ၉ နာရီမှ ပြီးတယ်။ မလုပ်တတ်တာရော၊ ရှိန်နေတာရော ပါတာပေါ့နော်။

**Audience လင်းလက်ချိုရဲ့ ဒီကဗျာအပေါ် အမြင်**

ဒီကဗျာလေးကို အရမ်းသဘောကျပါတယ်၊ အနုပညာရှင်တွေနဲ့ တွဲရိုက်ခွင့်ရတာက ဝမ်းသာစရာပါပဲ၊ အဝတ်အစားနဲ့ မိတ်ကပ်ကိုလည်း မဂ္ဂဇင်းကစီစဉ်ပေးတဲ့အတွက် ပိုပြီးအဆင်ပြေစေပါတယ်။ ဓာတ်ပုံတွဲရိုက်ရတဲ့အခါမှာလည်း ကိုနေမင်းရော၊ ဓာတ်ပုံဆရာရော အားလုံးက ဖေးမကူညီပြီး သင်ပေးကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကိုနေမင်းကို အရမ်း Crazy ဖြစ်တဲ့အတွက် အခုလိုအပြင်မှာတွေ့ပြီး ဓာတ်ပုံတွဲရိုက်ခွင့်ရတာက အိပ်မက်တစ်ခုလိုပါပဲရှင်။


**သီတာစိုး**

Asian Fame Media Group

ကိုယ်ရောစိတ်ပါ

# ကျန်းမာစေမယ့် ကိုယ်ဝန်ဆောင် ယောဂကျင့်စဉ်များ ၂

မြင့်သူဇာထွန်း




## သစ်ပင်ပုံစံကျင့်စဉ်

ဒူးကို ကွေးလိုက်ပါ။ ခြေကျင်းဝတ်နားမှာ ခြေထောက်ကို ထောက်လိုက်ပါ။ တဖြည်းဖြည်းနဲ့ ခြေထောက်ကို မြှင့်နိုင်သမျှ အထပ်သို့မြှင့်တင်လိုက်ပါ။ အကယ်၍ သက်သောင့်သက်သာနဲ့ နိုင်နင်းမယ်ဆိုရင် ခြေထောက်ကို ပေါင်ရင်းအထိ မြှင့်တင်လိုက်ပါ။ မတတ်နိုင်သူများအနေနဲ့ အခက်အခဲဖြစ်အောင် ထိတော့ လုပ်ဖို့မလိုပါ။

> ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးကတော့ ခြေထောက်ကို အားအင်ဖြစ်စေပြီး ခန္ဓာကိုယ်ဟန်ချက်ကို ထိန်းညှိပေးသလို စိတ်အာရုံကိုလည်း စုစည်းထားနိုင်စေပါတယ်။




## ထိုင်ခုံပုံစံကျင့်စဉ်

ခြေထောက်နှစ်ခုကိုပူးကပ်ထားပါ။ ဒူးနှစ်ဖက်ကို ကွေးလိုက်ပါ။ ကျောကိုဖြောင့်မတ်အောင် ထားပါ။ လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့မှာ လက်အုပ်ချီထားလိုက်ပါ။ အသက်ရှူသွင်းတဲ့အခါမှာ လက်နှစ်ဖက်ကို ဦးခေါင်းအထက်သို့ ဆန့်ထုတ်တင်လိုက်ပါ။ ခန္ဓာအထက်ပိုင်းက အတည့်ဖြစ်နေပြီး ခန္ဓာကိုယ်ရှေ့ကို မယိုင်စေဖို့သတိထားရပါမယ်။

> ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးကတော့ သစ်ပင်ပုံစံကျင့်စဉ်အတိုင်းပဲ ဖြစ်ပါတယ်။

Asian Fame Media Group
MEDIA GROUP




# ဘေးတိုက်ဆွဲဆန့်ကျင့်စဉ်

ရှေ့မှာပြောခဲ့တဲ့ထိုင်နည်း ၈ ခုထဲက ကိုယ်ကြိုက်နှစ်သက်တဲ့ထိုင်နည်းနဲ့ထိုင်လို့ ရပါတယ်။ ပြီးရင်လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ပါမယ်။ လေရှူထုတ်တဲ့အခါ ဘယ်ဘက်ကို စောင်းလိုက်ပါမယ်။ ဒီအချိန်မှာခြေထောက်က ကြမ်းပေါ်မှ မကြွအောင်ထားရပါမယ်။ ဒါကကိုယ်ဝန်ဘယ်လပဲဖြစ်ဖြစ် လုပ်လို့ ရပါတယ်။ လွယ်လည်းလွယ်ပါတယ်။

> ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးကတော့ ခါးကနေ လက်တစ်လျှောက် အကြောတွေကို ပျော့ပျောင်း သက်သာစေပါတယ်။

# ခြေဆန့်ထုတ်ထိုင်ပုံစံကျင့်စဉ်

ခြေထောက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ပါ။ ဒူးနှစ်ဖက်ကလည်း တစ်ဖြောင့်တည်းဖြစ်ရပါမယ်။ အသက်ရှူသွင်းတဲ့အခါ လက်နှစ်ဖက်ကို ဦးခေါင်းအထက်သို့ ဆန့်ထုတ်လိုက်ပါ။ အသက်ရှူထုတ်တဲ့အခါ ခါးကိုအားပြုပြီး ကွေးချလိုက်ပါ။ ဒါပေမဲ့ ဒီပုံစံက ယောဂကျင့်စဉ်ကို တစ်ခါမှ မသင်ယူမလေ့ကျင့်ခဲ့ဘူးဆိုရင် ပြုလုပ်ရန် ခက်ခဲတတ်လို့ လူတိုင်းအတွက် မသင့်တော်ပါဘူး။

> ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးကတော့ ကလေး မွေးဖွားဖို့အတွက် လွယ်ကူစေပါတယ်။ ခြေထောက် ပျော့ပျောင်းပြီး သက်သောင့် သက်သာလည်းရှိစေပါတယ်။




Asian Fame Media Group



# ကြောင်ပုံစံကျင့်စဉ်

လေးဖက်ထောက်လိုက်ပါ။ ခြေတွေ လက်တွေက ကြမ်းပေါ်မှာထောင့်မတ်ကျ နေရပါမယ်။ အသက်ရှူ သွင်းလိုက်ချိန်မှာ တင်ပါးကိုပင့်လိုက်ပြီး ခါးကိုနှိမ့်ထား ခေါင်းကိုနောက်ဘက်သို့မော့လိုက်ရပါမယ်။ လေရှူထုတ်လိုက်တဲ့အခါ ခါးကို ကုန်းလိုက်ပြီး ခေါင်းကို လက်နှစ်ဖက်ကြားထဲငုံ့လိုက်ပါ။

> ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးကတော့ အဲဒီ ကျင့်စဉ်ပုံစံက ကျောရိုးကို ပျော့ပျောင်း သက်သာစေပါတယ်။ အညောင်းအညာကိုလည်း သက်သာစေတယ်။

# လေယာဉ်ပျံပုံစံကျင့်စဉ်


ခြေထောက်နှစ်ဖက်ကိုခွဲလိုက်ပါ။ လက်နှစ်ဖက်ကိုဆန့်ထုတ်လိုက်ပြီး လေကိုဖြည်းဖြည်းချင်း ရှူထုတ်လိုက်ပါ။ ခါးနဲ့ကျောပြင် ဟာ ဖြောင့်တန်းနေရပါမယ်။

> ဒီကျင့်စဉ်ရဲ့အကျိုးကျေးဇူးက ပေါင်နောက်ကျောကို ဆွဲဆန့်ပေးပြီး ခြေထောက်ကို ပိုပြီး သွက်လက်စေတယ်။ ဒီလိုနဲ့ ခန္ဓာကိုယ်အထက်ပိုင်းကိုလည်း လေ့ကျင့်ပေးသလို ဖြစ်သွားတယ်။





Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



# ကညွှမ်းဖြင့် ဖွဲ့တည်လေသော သံညှင်သစ္စာ ၊ သတုံ ၊

ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

အရာရာတွင် လစ်မစ်ရှိပေမယ့် စိတ်ခံစားချက်တွေမှာတော့ ဘာလစ်မစ်မှ ကန့်သတ်မထားသလို ကျွန်မရင်ထဲ၌လည်း သူ့ကိုချစ်သော အချစ်တွေက အကန့်အသတ်မရှိအောင် နက်ရှိုင်းလွန်းလှသည်။ မျက်မှန်ကြည်ကြည်လေးအောက်မှ တောက်ပသော မျက်လုံးလေးများကို ကျွန်မ အလွန်ချစ်သည်။ တင်းတင်းစေ့ထားတတ်သော နှုတ်ခမ်းပါးတစ်စုံကို မြတ်နိုးလှသည်။ ပိရိသေသပ်သော ဆံပင်ဘေးခွဲလေးများသည် သူ့ကိုပို၍ နုပျိုစေသည်။ ဖြူနုနေသော ခြေအစ်တွင် အောက်ကျိုပါနီညိုရောင်ကြိုးပြားလေးက တင်းနေအောင် ပေါ်နေတတ်သည်။ သူ့ပုံရိပ်သည် ကျွန်မနှလုံးသားထောင့်တစ်နေရာတွင် မေ့မရစွာ စွဲထင်ကျန်ရစ်နေခဲ့လေသည်။

ကျွန်မတို့ဆုံတွေ့ရာသည် စာအုပ်အငှားဆိုင်လေးမှာ ဖြစ်သည်။ သူ့အား ကျွန်မ သတိထားမိတာ တစ်လပြည့်သောနေ့၊ အဲဒီနေ့ပေါ့။ ထိုနေ့လေးကို ကျွန်မ ဘယ်တော့မှ မေ့လို့ရမည်မဟုတ်တာ သေချာလေသည်။

ခပ်စိပ်စိပ်ရွာနေသော မိုးရေတွေကြားထဲမှာပင် စက်ဘီးတစ်စီးဖြင့် စာအုပ်အငှားဆိုင်လေးကို ကျွန်မရောက်သွားချိန်တွင် သူလည်း စာအုပ်အငှားဆိုင်လေးတွင် ရှိနေခဲ့လေသည်။ ရေမစိုအောင်ထုပ်လာသော စာအုပ်လေးကိုအပ်ကာ မသိမသာ သူ့အား ခိုးကြည့်မိသည်။ သူကတော့ စာအုပ်ရွေးနေဆဲပင်။ စမ်းစမ်းနွဲ့ (သာယာဝတီ) ၏ သတ္တိရှိရင် မြေကြီးနင်းကြည့်ပါလား စာအုပ်ကို ဆွဲထုတ်ကာ စားပွဲပေါ်တင်ပြီး စာအုပ်ထပ်ရွေးနေရင်းမှ စာအုပ်တွေထဲ စိတ်ရောက်သွားကာ သူ့ကို ခဏတော့ ကျွန်မ မေ့သွားခဲ့သည်။

"ဒီစာအုပ်က ညီမ ရွေးထားတာလား"

ဩရှရှအသံနှင့်အတူ ကျွန်မဘေးသို့ သူရောက်လာခဲ့သည်။ သူ့လက်ထဲမှာတော့ ကျွန်မရွေးထားသော စာအုပ်လေးကို ကိုင်ထားခဲ့သည်။ မထင်ပါ ။ သူ ကျွန်မကို

Asian Fame Media Group
af MEDIA GROUP

စကားလာပြောလိမ့်မည်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့ပေ။ ကျွန်မ ယောင်ယမ်းစွာ ခေါင်းညိတ်ပြရင်းမှ

"ဟုတ်တယ်၊ ကျွန်မငှားဖို့ ရွေးထားတာ ဘာဖြစ်လို့လဲဟင်"

"ကျွန်တော် ဖတ်ကြည့်ချင်လို့ ရပါတယ်၊ ခင်ဗျား ရွေးထားတာဆိုတော့ ခင်ဗျားပဲ ယူလိုက်တော့"

အို း . . . သူ့စကားတွေအောက်မှာ ကျွန်မက လိုလိုလားလားနဲ့ကို စာအုပ်ပြန်ကမ်းပေးလိုက်မိပါလား။ ပြီးတော့ ဘယ်အချိန်ကတည်းက ရောက်နေလဲဆိုတာ မသိခဲ့သော စကားလုံးတွေက ခုန်ပေါက်ထွက်သွားတော့သည်။

"ဒါဆို ရှင် အရင်ဖတ်လိုက်လေ။ ကျွန်မတော့ နှစ်ခါတောင်ဖတ်ပြီးပြီ၊ ရှင် မဖတ်ရသေးရင် ယူသွားပါ"

"ကျေးဇူးပဲ"

လိုချင်တာရသွားသောကလေးတစ်ယောက်လို သူ့မျက်လုံးများသည် ဝမ်းသာရိပ်ဖြင့် အရည်လဲ့နေခဲ့သည်။ ကျွန်မအား ပြုံးပြရင်း စာအုပ်စာရင်းသွင်းကာ နာမည်မှတ်တော့ သူ့နာမည်ကို ဆိုင်ရှင်ဦးလေးကြီး ရေးလိုက်တာကို တွေ့လိုက်ရလေသည်။

'ကောင်းလင်းနေဘင်' တဲ့။

သူ့နာမည်လေးအား ဖွဖွရွတ်ကြည့်ရင်းမှ ကျွန်မ တော်တော်ကလက်သွားပြီလားဟု စိုးရိမ်လိုက်မိပြန်သည်။ တစ်ခါမှ မဖြစ်ဖူးသော ခံစားချက်တချို့အောက်တွင် ကျွန်မ မယုံနိုင်စွာ ခေါင်းယမ်းလိုက်မိသည်။ အင်မတန်ထူးဆန်းသော အတွေ့အကြုံတစ်ခုလည်း ဖြစ်နေခဲ့သည့်အတွက် ကျွန်မ စာအုပ်စာရင်းမှတ်ပြီးတာနှင့် ဘေးဘီတောင်မကြည့်ဘဲ ထွက်လာခဲ့တော့သည်။ အတွေးတွေကို လိုက်ကောက်ရင်း နင်းနေသော စက်ဘီးလေးက လေကိုဖြိုခွင်းကာ အေးစက်စက် အထိအတွေ့က မျက်နှာပေါ်တွင် လာရိုက်မှ ကျွန်မ သတိဝင်လာသလို ပတ်ဝန်းကျင်ကို အခုမှ သတိထားမိတော့သည်၊ သူကျွန်မနောက်က ပါလာခဲ့တယ်၊ ကျွန်မနောက်က မဟုတ်ဘူး။ ကျွန်မဘေးက၊ ဟုတ်တယ်၊ ကျွန်မနဲ့ယှဉ်ပြီး သူ နင်းလာတာ။

"ခင်ဗျား စက်ဘီးစီးတော်တော်ကျွမ်းပုံရတယ်နော်"

သူ့စကားကြောင့် ကျွန်မ လှစ်ခနဲပြုံးလိုက်မိသည်။ စက်ဘီးကို စတန့်ထွင်ပြီးအစီးကောင်းလို့ ခြေထောက်က အမာရွတ်တွေသာ မြင်ရင် သူဘယ်လိုပြောမလဲမသိ။ ဘရိတ်ကြိုးပေါက်လို့ ဆယ်ဘီးကားကြီးနဲ့ သီသီလေးကပ်ပြီး လွဲသွားခဲ့တာ၊ ပလက်ဖောင်းမှာ ခြေကားရားလက်ကားရားနဲ့ မြှုတ်ကျခဲ့တာတွေ သူမှမသိတာ။ သူက စက်ဘီးကို ကျွန်မနှင့်အပြိုင်နင်းရင်း သဘောကျသလို ရယ်လိုက်တာ တွေ့ရလေသည်။

အဲဒီနေ့ကစပြီး သူနှင့်ကျွန်မတို့၏ရင်းနှီးမှုက နိုင်မာလာခဲ့သည်။ စာအုပ်တွေကို ချစ်တတ်သော သူနှင့်ကျွန်မတို့ကြားတွင် အမြဲတမ်းညီမျှခြင်းဖြင့်သာ ရှိနေခဲ့သည်။ ကျွန်မဆီမှ မြသန္တာရဲ့ နော်ရင်မွေးဝတ္ထုကိုအငိုင်တောင်းကာ မစန္ဒာ၏ အရိပ်ဝတ္ထုကို အစားလက်ဆောင်ဝယ်ပေးခဲ့သည်။ သူကိုယ်ပိုင်စာအုပ်စင်မှ ဘာသာပြန်စာအုပ်တော်တော်များများကိုလည်း ကျွန်မရင်းနှီးကျွမ်းဝင်ခဲ့လေသည်။

စာမဖတ်တဲ့သူနဲ့ စာဖတ်တဲ့သူနဲ့ စကားပြောတာချင်းတောင် မတူဘူးတဲ့ ။ သူပြောတော့ ကျွန်မ အပြည့်အဝ ထောက်ခံမိသည်၊ ကျွန်မတို့၏ နေ့စဉ်စာမျက်နှာများတွင် ရင်းနှီးမှုက ပို၍နီးကပ်သွားအောင် လုပ်နိုင်ခဲ့သည်။ ကျွန်မက သူ့အားသတိထားမိတဲ့ အချိန်တွင် သူလည်း ကျွန်မအား သတိထားမိနေခဲ့တယ်လို့ သူပြောပြခဲ့သောနေ့က ကျွန်မ သူ့ကို အလွန်အမင်းချစ်သွားမိခဲ့သည်။ ကျွန်မတို့၏ တစ်နေ့တာတွင် အယူအဆ၊ အတွေးအခေါ်များ ငြင်းခုန်ကြရင်း၊ တစ်ခါတစ်ရံ သူ့အကြောင်းတွေကို နားထောင်ရင်း ကျွန်မအကြောင်းတွေကို ပြောပြရင်း ရယ်စရာတွေပြောရင်း လှပသော အသက်ဝင်သည့်နေ့ရက်တွေကို ထုဆစ်ခဲ့ကြလေသည်။


ကျွန်မတို့မြို့မှမဟုတ်ဘဲ သူ့အဖေတာဝန်ကျရာကို လိုက်လာရသောသူသည် တစ်ဦးတည်းသော သားတစ်ယောက်လည်း ဖြစ်လို့နေသေးသည်၊ ကျွန်မအား တစ်ခါတစ်ရံအစ်ကိုတစ်ယောက်လို ဆုံးမတတ်သလို မောင်တစ်ယောက်လိုလည်း ဆိုးနွဲ့တတ်သောသူသည် ကျွန်မအတွက် အစားထိုးမရသော တန်ဖိုးရှိလူသားလေးလည်း ဖြစ်သည်။

(၂)

ရယ်လိုက်တိုင်း ပေါ်လာတတ်သော ပါးချိုင့်ရှည်မျောမျောလေးကို ငေးကြည့်တိုင်း ခပ်ငြိမ့်ငြိမ့်လေး ခုန်နေတတ်သော ရင်ခုန်သံအား ဟန်ဆောင်ဖုံးကွယ်ကာ တိတ်တိတ်လေး လွမ်းမောခဲ့ရသည်။ သုံးနှစ်ဆိုသော အချိန်လေးသည် ကျွန်မအတွက်တော့ တကယ့်ကို မမေ့နိုင်စရာကာလလေးတစ်ခုပင် ဖြစ်သည်။

"ကျွန်တော်တို့ပြောင်းရတော့မယ် လေးငယ်"

အနီးကပ်ပစ်ခွဲလိုက်သော ဗုံးတစ်လုံးလို သူ့ရဲ့တိုးတိတ်သော စကားသံလေးသည် ကျွန်မနားစည်ထဲမှာတော့ အဆက်မပြတ်မြည်နေ



Asian Fame Media Group
MEDIA GROUP

ခဲ့သည်။ ကံကြမ္မာက ကျီစယ်သလို ဗိုဒ်ပမက်မှ ပုတ်နိုးလိုက်ချိန်တွင် သူ့မျက်နှာအား သတိလက်လွတ် ငေးကြည့်နေမိတော့သည်။ ရင်ထဲမှ တစ်စုံတစ်ခု ထွက်သွားသလို စူးနစ်သောဝေဒနာက နာကျင်ခံရခက်လှသည်။ ဒီကိစ္စကို ကျွန်မ ဘာကြောင့် မတွေးမိခဲ့ရတာလဲကွယ်။ တစ်နယ်ခြားကို သံယောဇဉ်တွယ်မိသော ကျွန်မသည် တစ်ချိန်တွင် သူ အချိန်မရွေးထွက်သွားနိုင်တာကို တွေးတောင် မတွေးမိလောက်အောင် နုံချာလွန်းနေခဲ့သည်၊ စေးထန်းလွန်းသော လည်ချောင်းဝမှ စကားလုံးများကို တုန်ယင်ကာ ပြောလိုက်ရင်း ကျွန်မ မောလျှနေခဲ့သည်။

"ဟုတ်လား ဘယ်တော့လဲဟင်"

"စနေနေ့"

မနက်ဖြန်ပေါ့။ နှလုံးသားပုစ္ဆာမှာ ချစ်မိသူက အရှုံးတဲ့၊ နည်းနည်းချစ်တဲ့လူက နည်းနည်းရှုံးတယ်။ များများချစ်တဲ့သူက များများရှုံးတယ်တဲ့၊ ကျွန်မ သက်ပြင်းတစ်ချက်ရှူက်လိုက်ချိန်တွင် သူ့ဆီမှ သက်ပြင်းမှုတ်ချသံကို ကြားလိုက်ရသည်။ သူ၏ စူးရှရှကြည့်လာသော အကြည့်ကို ရှောင်လိုက်ရင်း ဟန်ဆောင်အပြုံးတစ်ခုကို ကမန်းကတန်းတပ်ဆင်လိုက်ရသေးသည်။

"ကျွန်မ လိုက်မပို့တော့ဘူးနော် ကောင်း"

"ရပါတယ် ကျွန်တော် တစ်ခုလောက် လေးလေးကို ပြောခဲ့ချင်တယ်။ ခင်ဗျား လက်ခံမယ်ဆိုရင်ပေါ့။ ကျွန်တော်တို့ ရည်မှန်းချက်တွေ ပြည့်တဲ့တစ်နေ့မှာ ကျွန်တော် ခင်ဗျားဆီ လာချင်တယ်"

သူ့စကားက ဘာအဓိပ္ပာယ်လဲဆိုတာ ကျွန်မ ကောင်းစွာသဘောပေါက်လိုက်မိချိန်တွင် သူ့နှုတ်ခမ်းများသည် အလိုလိုပြုံးနေခဲ့သည်။ သူ့အကြည့်တွင် အရိပ်တချို့ ဖြတ်ပြေးနေကာ ကျွန်မမျက်ဝန်းများနှင့် ဆုံမိချိန်မှာတော့ လျှပ်စီးတစ်ခု ဝင်းလက်သလို တောက်ပနေခဲ့သည်။ မျက်လုံးထဲမှ စာများသည် နှလုံးသားထဲမှလာသော စကားများပင်။ သူလည်း ကျွန်မကို ချစ်နေခဲ့တာလား။ မယုံရဲစွာကြားနေရသော သူ့အသံတွေ။ အိုး... ကျွန်မအတွက် တကယ့်ကို ဗိုဒ်ပမက်တစ်ခုလိုပင်၊ သူက ပေါ်လီယာနာစာအုပ်လေးကို ကမ်းပေးရင်း

"ခင်ဗျားကို ကျွန်တော် ပေါ်လီယာနာလို ဖြစ်စေချင်တယ်။ အကောင်းဘက်ကပဲ တွေးရင်းနဲ့ အချိန်တိုင်းမဟုတ်တောင် တစ်ကြိမ်တစ်ခါလောက်တော့ သတိရနေခဲ့မယ်ဆိုရင် ကျွန်တော်ကျေနပ်ပါပြီ။ ခင်ဗျား မောင်းမထုတ်ဘူးဆိုရင်ပေါ့။ တစ်နေ့တော့ ကျွန်တော်ဒီမြို့လေးကို ရောက်လာမှာ သေချာတယ် လေးငယ်" တဲ့။

ကျွန်မတို့နှစ်ယောက်ကြားတွင် နားလည်မှုက အပေးအယူမျှစွာ ရှိနေခဲ့သည်။ သူ့အား သယ်ဆောင်ကာထွက်သွားသော ကားအား ခိုးကြည့်ရင်း မျက်ရည်တစ်စက ကျဆင်းလာခဲ့သည်။ သူတို့ပြောင်းသွားသောနေ့တွင် ကျွန်မငိုနေခဲ့တာကို သူက သိနိုင်လွန်းစွာ တစ်ပတ်အကြာတွင်ရောက်လာသော အပြာရောင်စာရွက်လေးတွင် ထည့်ရေးခဲ့လေသည်။ အံ့ဩစရာကောင်းစွာ သူသည် ကျွန်မအား ချစ်တယ်လို့ တစ်ခါမှ မပြောဖူးသလို ကျွန်မကလည်း ဝန်မခံခဲ့ပေ။ ရင်ချင်းနားလည်သော ချစ်ခြင်းသံစဉ်သည် နှလုံးသားထဲ၌သာ အကြိမ်ကြိမ်တီးခတ်နေခဲ့သည်။ စကားပြောတိုင်း ကျွန်တော်၊ ခင်ဗျားဖြင့်သာ ပြောတတ်သည့် သူ့အသံတွေကြားယောင်တိုင်း ပေါ်လီယာနာလို အကောင်းဘက်မှ တွေးနေတတ်ခဲ့ပြီးဖြစ်သည်။

တစ်ပတ်တစ်ခါ လာတတ်သော သူ့စာလေးများသည် ခွန်အားတစ်ခုပင်။ လွမ်းမောခဲ့ရသော ညတိုင်း ကျွန်မအဖော်မှာ စာတွေပဲဖြစ်သည်။ ချစ်ခြင်းတစ်ခုအား ယုံကြည်စွာ စားသုံးခဲ့သော ကျွန်မသည် အချစ်ကပေးသော ကောင်းမွေ၊ ဆိုးမွေကိုခံယူဖို့လည်း အသင့်ရှိနေခဲ့သည်။ နှလုံးသားတစ်ခုလုံးတွင် သူသာလျှင် ပထမ၊ နောက်တစ်ယောက်ဆိုတာ မဖြစ်နိုင်လောက်အောင် ကျွန်မက သစ္စာတရားကို ယုံကြည်စွာကျင့်သုံးခဲ့သူဖြစ်သည်။ အလွမ်းဆိုသော ခါးသီးသည့်ဝေဒနာသည် အချစ်စစ်တစ်ခုအောက်မှာတော့ အင်မတန်မှ ခံစားလို့ကောင်းနေတာ သေချာလေသည်။ အလွမ်းဖြင့်ဖွဲ့သီခဲ့လေသော နှလုံးသားသည် ကျွန်မအတွက်တော့ ချိုမြိန်လွန်းနေခဲ့ပါသည်။

ခင်ဗျားကို ကျွန်တော်
ပေါ်လီယာနာလို ဖြစ်စေချင်တယ်။
အကောင်းဘက်ကပဲ
တွေးရင်းနဲ့ အချိန်တိုင်း
မဟုတ်တောင် တစ်ကြိမ်တစ်ခါ
လောက်တော့ သတိရနေခဲ့ မယ်
ဆိုရင် ကျွန်တော်ကျေနပ်ပါပြီ။



သံလွင်သစ္စာ(သထုံ)

Asian Fame Media Group
MEDIA GROUP

# ဒေသ သင်္ကေတ

## မိုးနဲ

**လှမြင့်ဆွေ**

'ရှမ်းပြည်နယ်ရဲ့ပုဂံ' လို့တင်စားကြတဲ့ 'မိုးနဲ' မြို့လေးဟာ ရှမ်းပြည်တောင်ပိုင်း တောင်ပေါ် ဒေသမှာရှိတဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ပင်လယ်မျက်နှာပြင်အထက် ပေ ၃၁၇၉ အမြင့်မှာတည်ရှိပြီး အရှေ့ဘက်မှာ နမ့်စန်မြို့နဲ့ ကွန်ဟိန်းမြို့နယ် ၊ အနောက်ဘက်မှာ မိုင်းပန်းမြို့နယ်၊ တောင်ဘက်မှာ လင်းခေးမြို့နယ်နဲ့ မြောက်ဘက်မှာ မောက်မယ်မြို့နယ်တို့ရှိကြပါတယ်။ မိုးနဲမြို့ရဲ့ အရှေ့နဲ့အနောက်ဘက်တွေမှာ မြင့်မားတဲ့တောင်တန်းတွေရှိပြီး အရှေ့မြောက်ဘက်မှာ အမြင့်ပေ ၅၈၃၄ မြင့်တဲ့ လွိုင်မုန်တောင်၊ အရှေ့ဘက်မှာ လွိုင်မဟော်၊ လွိုင်ကော် ၊ လွိုင်မောင် ၊ လွိုင်တန်ဇင်နဲ့လွိုင်အင်တောင်များရှိပါတယ်။မိုးနဲမြို့ကို ပြည်မကနေသွားမယ်ဆိုရင် ရန်ကုန်ကနေဟဲဟိုးကို လေယာဉ်ပျံနဲ့ဖြစ်ဖြစ် ၊ ကားနဲ့ဖြစ်ဖြစ်သွားပြီး ဟဲဟိုးကနေ မိုးနဲကိုတော့ ကားနဲ့သွားရမှာဖြစ်ပါတယ်။ တောင်ကြီးကနေလွိုင်လင်ကို ၆၅ မိုင်၊ လွိုင်လင်ကနေ နမ့်စန်ကို ၁၆ မိုင်၊ နမ့်စန်ကနေမိုးနဲကို ၁၆ မိုင်ရှိတာကြောင့် နေ့ချင်းရောက်ရှိနိုင်တဲ့ ခရီးအကွာအဝေးပဲ ဖြစ်ပါတယ်။

မိုးနဲ၊ နမ့်စန်၊လင်းခေး၊ မောက်မယ်၊ ခိုလန် ၊ ကျိုင်းတောင် ဒေသတစ်ဝိုက်မှာ လှပတဲ့တောင်ပေါ်ရှုခင်းတွေနဲ့ မှိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေအများကြီး မပျက်စီးသေးတဲ့ ရှမ်း၊ ယင်း၊ တအန်း (ပလောင်)၊ လီဆူ၊ တိုင်းလွိုင်၊ ပအိုဝ်တဲ့ တိုင်းရင်းသားတွေနေထိုင်တဲ့ တောင်ပေါ်ဒေသကျေးရွာတွေအများအပြားရှိပါတယ်။













မြကလပ်တောင်









Asian Frame Media Group





မိုးနဲမြို့ဟာ တစ်ခေတ်တစ်ချိန်တစ်ခါက ရှမ်းပြည်နယ် တစ်ခွင်မှာ ဘယ်လောက်ကြီးကျယ်ခမ်းနားခဲ့ပြီး ဘယ်လောက် ကျော်ကြားခဲ့တယ်ဆိုတာ မိုးနဲမြို့ထဲအနှံ့နဲ့ ပတ်ဝန်းကျင်တစ်ဝိုက် မှာတည်ထားခဲ့တဲ့ ဘုရားစေတီကျောင်းကန်တွေက သက်သေခံ လျက် ရှိနေကြပါတယ်။ ဒီ့အပြင် မိုးနဲတစ်ဝိုက်မှာနေထိုင်ကြတဲ့ ရှမ်းတိုင်းရင်းသားတွေအပါအဝင် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသား တွေရဲ့ ဗုဒ္ဓသာသနာအပေါ် ဘယ်လောက်သက်ဝင်ယုံကြည် ကိုးကွယ်ခဲ့ကြတယ်ဆိုတာကိုလည်း မှန်းဆလို့ရနိုင်ပါတယ်။ ဓော်ဘွားကြီးတွေခေတ်က မြို့အဝင်လမ်းရဲ့ ဘေးတစ်ဖက်တစ် ချက်မှာ စိုက်ထူထားတဲ့ ကြာဖူးပုံသဏ္ဌာန် ကျောက်တိုင်ကြီး နှစ်တိုင်ကြားကနေ မြို့တွင်းလမ်းကို စဝင်လိုက်တာနဲ့ မြောက်မြား လှစွာသောစေတီ၊ ပုထိုး၊ ကျောင်းကန်တွေကို မြတ်သန်းသွားရတာ ဖြစ်ပါတယ်။ မြို့တွင်းရပ်ကွက်ထဲမှာလည်း ပြုပြင်ထားတဲ့ ဘုရား၊ စေတီ၊ ကျောင်းကန်တွေကို တွေ့ရှိရသလို မပြုမပြင် ပြိုကျပျက်စီး နေတဲ့ ဇရပ်တွေ၊ ဘုရားပျက်တွေ၊ မြို့ရိုးတံတိုင်းပျက်တွေကိုလည်း တွေ့ရှိရပါတယ်။ ဒီ့အပြင်မြို့ရဲ့ အနောက်ဘက်တောင်တန်း၊ တောင်စွယ်ပေါ်မှာလည်း ဓော်ဘွားအဆက်ဆက် တည်ထားကြ တဲ့စေတီ၊ ပုထိုးတွေကိုလည်း လှမ်းတွေ့နေရတာဖြစ်ပါတယ်။ မှတ်တမ်းတွေအရ မိုးနဲမြို့ထဲမှာ ဘုရားစေတီပေါင်း (၄၇၈)ဆူ ရှိပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၄၂)ကျောင်းရှိတယ်လို့ သိရပါတယ်။ လူဦးရေအားဖြင့်တော့ မိုးနဲမြို့ပေါ်မှာ (၁)သောင်း ကျော်နဲ့ မြို့နယ်ထဲကကျေးရွာတွေမှာ (၁၅၀၀၀)ကျော်ရှိတာမို့ မိုးနဲမြို့နယ်မှာ လူဦးရေ (၅၀)မှာ စေတီဘုရား(၁)ဆူ နှုန်း လောက်ကိုးကွယ်လျက်ရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။








မိုးနဲမြို့ပေါ်မှာ ရှမ်းတိုင်းရင်းသားအများစု နေထိုင်ကြပေမဲ့လည်း မိုးနဲမြို့နယ်တစ်ဝိုက်မှာတော့ လီဆူ၊ တိုင်းလွိုင်၊ တအန်း (ပလောင်)၊ပအို့(တောင်သူ) စတဲ့တိုင်းရင်းသားတွေနေထိုင်ကြပါတယ်။'ယင်း' တိုင်းရင်းသားတွေဟာနမ့်စန်မြို့နယ်ထဲက နမ့်ဟို၊ နောင်လုံ၊လွိုင်ဆင်၊ နောင်သို၊ဆန်ခါထွန်း၊ဝမ်ရွှေလွိုင်ငံ၊ နမ့်ဟိုင်း၊ ဝမ်ကွမ်း၊ဝမ်ပန်စတဲ့ ကျေးရွာတွေမှာနေထိုင်ကြပြီး လူဦးရေကလည်းထောင်ဂဏန်းလောက်သာရှိကြပါတယ်။ ဘာသာဗေဒပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ သူတို့ဟာ မွန် ခမယ်အနွယ်အဝင် (Mon Khmel sub Family)တွေဖြစ်ကြပါတယ်။ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မွန်ခမယ်စကားကို မွန်အစု၊ ပလောင်၊ ဝ ၊ ယင်းအစုနဲ့ မျောင်၊ ယောင်အစုဆိုပြီး ခွဲခြားထားရာမှာ ယင်းတိုင်းသားတွေဟာ ' ရီ-ယန်(င)အစုခွဲမှာပါဝင်ကြပါတယ်။ အဲဒီအစုဝင်တွေထဲမှာ ရှမ်းတွေက'ယန်လန်'လို့ခေါ်တဲ့ ယင်းနက်နဲ့ 'ယန်ဆက်' လို့ခေါ်တဲ့ 'ယင်းကျား' တို့ပါဝင်ပါတယ်။ အမှန်ကယင်းနက်နဲ့ ယင်းကျားဟာ အဝတ်အနက်ရောင်ဝတ်တဲ့အမျိုးနဲ့ အဖြူကျားဝတ်တဲ့အမျိုးသာဖြစ်ပြီး ကျန်ဘာသာစကားတွေက အတူတူပဲလို့ဆိုပါတယ်။သူတို့ဟာ မြန်မာနိုင်ငံထဲဝင်တုန်းက တအန်း(ပလောင်) တိုင်းရင်းသားတွေနဲ့အတူနေခဲ့ကြရာကနေ ရွှေ့ပြောင်း တောင်ယာလုပ်ကိုင်ကြသူတွေဖြစ်တဲ့အတွက် ထပ်မံပြောင်းရွှေ့ပြီး ယခုနေထိုင်တဲ့ ရှမ်းပြည်တောင်ပိုင်း၊ နမ့်စန်မြို့နယ်ထဲကို ရောက်လာတာဖြစ်ပါတယ်။

မိုးနဲမြို့နယ်ထဲမှာရှိတဲ့ နောက်တိုင်းရင်းသားတစ်မျိုးကတော့ မိုးနဲလီဆူတိုင်းရင်းသားတွေပဲဖြစ်ပါတယ်။မိုးနဲ လီဆူတွေရဲ့ ဝတ်ဆင်မှုဟာ ပူတာအိုလီဆူ၊ မြစ်ကြီးနား ဗန်းမော်ဘက်လီဆူ၊ မိုးကုတ်-မိုးမိတ်ဘက်က လီဆူတို့နဲ့ မတူဘဲခွဲပြားခြားနားပါတယ်။

















မိုးနဲတစ်ဝိုက်မှာတွေ့ရတဲ့ နောက်တိုင်းရင်းသားတော့ တအန်း (ပလောင်)တွေဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနှံ့မှာနေထိုင်ကြပြီး တောင်ယာလုပ်ငန်းလုပ်ကိုင်ကြတဲ့ ပလောင်တွေဟာလည်း ရိုးရာဝတ်စုံကို အမြဲ ဝတ်ဆင်ကြပြီး သူတို့ဝတ်တဲ့ အဝတ်အထည်တွေကို ကိုယ်တိုင် ရက်လုပ်ကြပါတယ်။ ဒီ့အပြင် လင်းခေးတစ်ဝိုက် တောင်ပေါ်တွေမှာတော့ ဒေသခံတွေက 'တောင်သူ' လို့ခေါ်ကြတဲ့ 'ပအိုဝ်' တိုင်းရင်းသား ကျေးရွာ တွေရှိပါတယ်။ အဲဒီဘက်မှာနေထိုင်ကြတဲ့ 'ပအိုဝ်' တွေဟာ တောင်ကြီး၊ ဟိုပုံး၊ ဆိုက်ခေါင်ဒေသဘက်မှာရှိတဲ့ 'ပအိုဝ်' တွေလို အနက်ရောင်သင်တိုင်းကို အဝတ်ကြပါဘူး။ အပေါ်ရင်ဖုံးအင်္ကျီ အစိမ်းပြာရင့်၊ ဒါမှမဟုတ် မရမ်းရင့်ရောင်အင်္ကျီကိုဝတ်ဆင်ပြီး ထဘီကိုအနီနဲ့အနက်ရောင်လိုင်းစင်းဝတ်ကြပါတယ်။ ခါးမှာ ငွေခါးပတ် ပတ်ထားပြီး ခေါင်းမှာတော့မျက်နှာသုတ်ပဝါကို ပေါင်းထားကြပါတယ်။ အများအားဖြင့်တော့ လင်းခေး(၅) ရက်ဈေးနေ့တွေမှာ တောင်ပေါ်ကျေးရွာကနေဆင်းပြီး ဈေးရောင်းဈေးဝယ်လာလေ့ရှိကြပါတယ်။

ဒီ့အပြင် မိုးနဲအနောက်ဘက် တောင်ပေါ်မှာ 'တိုင်းလွိုင်' လို့ခေါ်တဲ့ တောင်ပေါ်ရှမ်းတစ်မျိုးလည်း နေထိုင်ကြပါတယ်။ 'တိုင်းလွိုင်' ဆိုပေမယ့်လည်း ရိုးရိုးရှမ်း ဝတ်စားဆင်ယင်မှုမျိုးနဲ့ ရိုးရိုးရှမ်းစကားပဲ ပြောတာဖြစ်ပါတယ်။ တောင်ပေါ်မှာနေလို့ 'တိုင်းလွိုင်' လို့ခေါ်ကြတာလား၊ ဒါမှမဟုတ် ရှမ်းအနွယ်စု တစ်စုဖြစ်တဲ့ 'တိုင်းလွိုင်' တိုင်းရင်းသားပဲဖြစ်သလားဆိုတာကတော့ သေချာမခွဲခြားနိုင်ခဲ့ပါ။ အမှန်တော့ မိုးနဲ၊ နမ့်စန် ဒေသတစ်ဝိုက်ဟာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ အများကြီး မပျက်စီးသေးတဲ့ ရှမ်း၊ ယင်း၊ တအန်း (ပလောင်)၊ လီဆူ၊ တိုင်းလွိုင်၊ တောင်သူ (ပအို့) စတဲ့တိုင်းရင်းသားတွေရဲ့ ' ဒေသသင်္ကေတ 'တွေနဲ့ ပြည့်လျှမ်းနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်. . .

# သံမြင်းတစ်ကောင်၏ ဘာသံများ



ဝတ္ထုတိုရသ

Asian Fame Media Group

သံမြင်းတွေကို မြန်မာပြည်စယူလာတာ မဟာမိတ်တွေပေါ့။ အဲဒီတုန်းက ဖက်ဆစ်တွေဟာ မြန်မာပြည်သူတွေအပေါ် ထင်တိုင်းကြဲနေကြပြီ။ ရိုက်နှက်လုယက်၊ ထုတ်ဆွဲ၊ ရေလောင်း၊ လက်သည်းခွာရုံမက မုဒိမ်းကျင့်လူသတ်တဲ့ အဆင့်အထိ အစွမ်းကုန် ရက်စက်ယုတ်မာနေကြတယ်။ အဲဒီစနစ်ဆိုးကြီးကို မြေလှန်တိုက်ထုတ်ဖို့ မဟာမိတ်တွေ ချီတက်လာရာမှာ လက်နက်တွေ ကားတွေနဲ့အတူ ဒီသံမြင်းတွေ ပါလာခဲ့တာ။ သံမြင်းတွေက စစ်ကြောင်းချီရာမှာ တပ်ဦးက တကယ့်အရေးပါ အရာရောက်ခဲ့တာ။ လမ်းချောလမ်းကြမ်း မှန်သမျှ တောတန်းတောင်ကမူဟူ သရွေ့ ရဲရဲရင့်ရင့် တိုးဖောက်ထွက်ခဲ့ကြတာလေ။ အဲဒီလိုစစ်ကြောင်းရဲ့ အခရာ အမှန်တကယ် အစွမ်းထက်မြက်အားကိုးခဲ့ရတဲ့ သံမြင်းတွေဆိုတာ BSA ဆိုင်ကယ်ကြီးတွေပါပဲ။

အခုတော့ သံမြင်းခွာသံတွေ ဆိတ်သုဉ်းခဲ့ပြီပေါ့။ အဲဒီနေရာမှာ တရုတ်ဆိုင်ကယ်တွေ၊ ထိုင်းဆိုင်ကယ်တွေ ပလူပျံလို့ လမ်းမကြီးပေါ်မှာ လမ်းဖြတ်မကူးရဲလောက်အောင် ရှုပ်ယှက်ခတ်နေသလို ရပ်ကွက်ထဲ ဘူးချဉ်၊ ဟင်းဂလာချဉ်ရောင်းလည်း သင်းတို့နဲ့ပဲ၊ လယ်ကန်သင်းရိုး နွားစာမြက် ထုံးသယ်တာလည်း သင်းတို့နဲ့ပဲဆိုတော့ ဒီခေတ်ကြီးမှာ ဆိုင်ကယ်အကြောင်း ပြောရင် ကန်ဘို၊ လော့ဂျား၊ ငွေစ်တွေသာ သိမယ်။ ဘီအက်စ်အေဆိုတာ ဘီအေဘီအက်စ်စီတို့လို တက္ကသိုလ်က ဘွဲ့တစ်ဘွဲ့လား မေးကြမယ်ထင်တယ်။

ဒါပေမဲ့ လောကကြီးမှာက လူအမျိုးမျိုး စိတ်အထွေထွေမို့လား၊ တချို့က ရွှေမလိုချင်ဘူး၊ ငွေမခက်မောဘူး။ ကိုယ့်ရောဂါနဲ့ ကိုယ်ပေါ့။ တချို့ စာပေ၊ တချို့ ပန်းချီ၊ တချို့ ကင်မရာ . . . အို အများကြီးပါ။ တချို့ တံဆိပ်ခေါင်းစုဆောင်းတာတောင် ရှိသေးတယ်။ အဲဒီလို သူသန်ရာသူ စိုက်လိုက်မတ်တက် လုပ်တတ်ကြတဲ့ အထဲက ကျုပ်တို့ကတော့ 'ဘီအက်စ်အေ' ခရေဇီပေါ့ဗျာ။

ကျုပ်တို့ပစ္စည်းက တကယ့်ကို ရှေးထက်ရှားနေပြီး ပြန်တွက်ကြည့်ရင် ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း ခုနစ်ဆယ်



Asian Fame Media Group
MEDIA GROUP

လောက်က ဘီးတွေပေါ့။ အခုဆိုရင် ကုမ္ပဏီလည်း မရှိတော့ဘူး၊ စစ်ပြီးလို့ ပစ်ထားခဲ့တဲ့ ဘီးတွေကလည်း တောထဲတောင်ထဲ ချောင်းထဲမြောင်းထဲမှာ ပြေတာရေစာ ဖြစ်သွားကြပြီ။ အဲဒီလို အခြေအနေကြီးထဲမှာ စက်အကြောင်း ရေးတေးတေးသိတဲ့လူတွေက တစ်ချိန်ချိန် အသုံးတည့်နိုင်လောက်တယ်ဆိုပြီး အရှည်တွေး ကောက်သိမ်း ချောင်ထိုးထားကြတာလေးတွေပဲ ရှိတာ။ အဲဒါလေးတွေကိုပဲ အနံ့ခံပြီး လိုက်ကြရတာပဲ။ တစ်ခါတလေများ တောတောင်ချောင်ကြား ရွာကလေးတွေအထိ ရောက်အောင်သွား ဟိုရောက်တော့

"ဟုတ်တယ် အဘိုးက ရထားလိုက်တာ အခုအဘိုးမရှိတော့ဘူးဆိုတော့ အဖေ့လက်ထဲ ရောက်သွားပြီ အဖေက ဟိုမြစ်သာကမ်းပါးကရွာလေးမှာ အိမ်ထောင်ကျပြီးကတည်းက ရွှေ့သွားတာ ကျုပ်ကသာ အဘိုးလက်ငုတ်တွေ အမွေခံရင်း ဒီမှာပြန်လုပ်နေတာဗျ" ဆိုတာနဲ့ ပက်လက်လန်မတတ် အမောဆို့ခဲ့ရတာတွေလည်း အများသား၊

ဒါပေမဲ့ အမောသာဆို့တာနော်၊ လက်လျှော့သလားဆိုတော့ ဆောရီးပဲ။ ကလေးဝ မြစ်သာမကလို့ တွန်းဖဲတီးတိန်ဆိုလည်း လိုက်မှာပဲ။ အဲဒီလို ဟိုတစ်စ ဒီတစ်စစုရတာ။ တစ်ခါတလေလည်း အလုံးမပျက်ရတတ်ပါရဲ့။ အဲဒီအခါမျိုးများ ကြုံတော့လည်း ဝမ်းသာလုံးဆို့ပြီး ထမင်းစားတောင် ပျက်တယ်။

အဲဒီလိုနဲ့ 'ဘီအက်စ်အေဆရာဖေ' ဆိုပြီး အတော်အတန် လူသိများလာတယ်။ ကျုပ်နာမည်ရင်းတကိုသောင်းဖေ၊ နေတာက မန္တလေး ၃၆ လမ်းမှာဆိုတော့ အထက်ဗမာပြည်တစ်ဝန်းက ဘီအက်စ်အေနဲ့ ပတ်သက်တဲ့သတင်း ဖြစ်စေ၊ ပစ္စည်းဖြစ်စေ ကျုပ်ဆီ ရောက်လာတော့တာပဲ။ ကျုပ်ကလည်း တန်ရာတန်ကြေးပေးတယ်လေ၊ နောက်ဆုံးတော့ အခုခင်ဗျားမြင်တဲ့ အတိုင်းပဲ။ အိမ်အောက်ထပ်တစ်ခုလုံး ပွစာကြဲနေတယ်၊ မိန်းမကတော့ ငြိုငြင်တာပေါ့ဗျာ။ မတတ်နိုင်ဘူး။ သူကလည်း



သူ့လိုင်းနဲ့သူ၊ သူက ကျောင်းဆရာမ။ ဘာသာရေးလည်း တော်တော်လုပ်နေပြီ။ အဲဒီတော့ သူ့လိုင်းကိုလည်း ကျုပ်ဘာမှ ဝင်မရောဘူး။ ကျုပ်လိုင်းကိုလည်း သူ သည်းခံပေတော့၊ ဒါပါပဲ။

ပြောကြစို့ဗျာ၊ နောက်ဆုံးတော့ ကျုပ်လက်ထဲမှာ ကျုပ်တို့စကားနဲ့ပြောရရင် ပတ်ကင်ပိတ်ပေါ့။ သဘောကတော့ စီးဖို့အဆင်သင့် အသားလေးကစ်လိုက်တာနဲ့ ဒေါက်ဗိုးပေါ့ဗျာ။ ဒေါက်ဗိုးဆိုလို့ ပြောရဦးမယ်။ ကျုပ်တို့ ဘီအက်စ်အေကြီးတွေက အခုခေတ်ဘီးတွေလို စတတ်စ်တာသုံးတာ မဟုတ်ဘူး။ မက်ဂနစ်တစ်တိုက်တွေဗျ၊ အင်ဂျင်နဲ့မော်တာကို ဒီမက်ဂနစ်တစ်တွေနဲ့ ဂျိုင်းပေးမှ စက်လည်ပတ်ရတာ (ဆရာဖေက ပစ္စည်းပုံထဲမှ မက်ဂနစ်တစ်တစ်ခု ကောက်ယူပြတယ်) ကျုပ်တို့ ဗမာတွေများဗျာ အဲဒီမက်ဂနစ်တစ်တွေနဲ့ မီးခြစ်ကြီးတွေ ထွင်သုံးလိုက်ပါသေးရော။ ခင်ဗျားလည်း တွေ့ဖူးချင်တွေ့ဖူးလိမ့်မယ်။ ထားပါတော့။ အဲဒီဒေါက်ဗိုးငါးစီးလောက် ဖြစ်လာတယ်။ အဲဒီကျမှ ကျုပ်လည်း သိတော့တယ်၊ ဘာလဲဆိုတော့ ကျုပ်တို့တိုင်းပြည်မှာလည်း ဆိုင်ကယ်ဝါသနာအိုးတွေ၊ ချိုးတွေ တယ်များပါလားဆိုတာကို ပေါ့။ တချို့ လမ်းကြုံလို့ ဝင်ကြည့်တာ။ တချို့ တကူးတကကို လာကြည့်ကြတာ။ ကျုပ်အိမ်မှာ ဧည့်ပြတ်တယ် မရှိဘူး၊ ကျုပ်က ကျုပ်ပစ္စည်းတွေကို သားသမီးတွေလို အရိပ်တကြည့်ကြည့်နေတာသိတော့ တော်ရုံတန်ရုံ စကားမစရဲဘူး။ ဈေးစကား မပြောရဲဘူး။ "အားပါး. . . လုပခန့်ညားလိုက်တာ" နဲ့ "ခုခေတ်တော့ တအားတန်နေပြီနော်" ဆိုတာလောက်နဲ့ ပြန်ကြတာပါပဲ။

ဒါပေမဲ့ ပွဲစားအကြောင်းတော့ ခင်ဗျား သိတယ်မို့လား။ အားအားရှိတိုင်း ကျုပ်ဆီလာပြီး စကားနှိုက်နေကြတာလေ။ အဲဒီလိုနှိုက်လိုက်နဲ့လိုက်နဲ့ ကြာတော့လည်း ကျုပ်က အမြင်ကပ်ကပ်နဲ့ ပါးစပ်ထဲတွေ့ရာဈေး အော်ပစ်လိုက်တယ်၊ ဒါလည်း ဒီကောင်တွေက ဆိုင်ကယ်ခရေဇီတစ်ယောက်တော့ ခေါ်လာနိုင်တာချည့်ပဲ။

ပထမဆုံးဆိုင်ကယ်က အဲဒီလိုနဲ့ မိတ္ထီလာဘက်ပါသွားပါလေရော။ ကျုပ်ဗျာ သမီးတစ်ယောက် ယောက်ျားနောက် ပါသွားသလိုကြီးခံစားရပြီး ရင်ထဲ တော်တော်ထိတာဗျ။ တစ်လလောက်ကြာတော့ ကျုပ်မနေနိုင်ဘူး။ ဝယ်သွားတဲ့လူ လိပ်စာကိုင်ပြီး မိတ္ထီလာဘက် လိုက်တာပေါ့။ တော်ပါသေးတယ်ဗျာ၊ ကိုယ်တော်ချောက သူ့ဟိုတယ်ရှေ့မှာ ဆိုင်ကယ်ကြီးကို ပြောင်လက်နေအောင် ရှိုင်းပြီးချထားရှာတယ်။ သူ့ခိုးသူ့ဝှက် ဘေးကင်းအောင် ဘီးတွေကိုတော့ ကွန်ကရစ်လောင်း ထားရတာပေါ့။ အဲဒီကျမှ ကျုပ်လည်း သမီးလင်ရက်ကောင်းတဲ့အဖေလိုခံစားရပြီး ဘဝင်ကျသွားတော့တယ်။

ကျုပ်ဆီကို နိုင်ငံခြားဝယ်လက်တွေလည်း ဂနီး ဂနီးရောက်လာတတ်တယ်၊ ကျုပ်က ကြည့်တာတော့ ခွင့်ပြုပါတယ်၊ မောတ်ပုံတော့ အရိုက်မခံဘူး။ အထူးသဖြင့် အများဆုံးလာတာ ထိုင်းဗျ။ ဒီကောင်တွေက စူပါခရေဇီတွေပေါ့။ ဒုတိယလိုက်တာက နယူးဇီလန်၊ အဲဒီနောက်က အမေရိကန်တွေပဲ။ သူတို့ကလည်း ခေါ်ဈေးပေးကြပါတယ်၊ ကျုပ်ကလည်း တစ်မျိုးမှ တကယ့်တစ်မျိုးပါဗျာ၊ မိန်းမနဲ့ စကားများကြတာလည်း အဲဒါပဲ၊ အဲဒီလို ကြိုက်ဈေးရပေမယ့် ကျုပ်ပစ္စည်း ပြည်ပထွက်သွားမှာ မလိုချင်ဘူး။ ဒါကြောင့် သင်းတို့ကို လာမေးသမျှ အချိုသတ်လွှတ်လိုက်တာချည့်ပဲ၊ ကျုပ်ခေါ်ဈေးလည်း လိုက်မယ်၊ ကျုပ်အလွမ်းပြေကြည့်လို့လည်းရမယ့် ပြည်တွင်းဝယ်လက်ပဲ ရောင်းဖြစ်တယ်၊ အဲဒီလိုနဲ့ ဒုတိယဘီးနဲ့ တတိယဘီး (၂) ဘီးစလုံး မန္တလေးမှာချည့် အလုပ်ဖြစ်သွားတယ်။ သူတို့ကလည်း မခေကြဘူး။ တစ်ယောက်က သူ့သုံးထပ်တိုက်ပေါ်မှာကို တင်ထားတာ၊ နောက်တစ်ယောက်ကလည်း သူ့ဧည့်ခန်းထဲမှာ ဖိတ်ဖိတ်တောက်နေတာပဲ။ တကယ့် 'ဖော်ရှိုး' သမားတွေပေါ့။

စတုတ္ထဘီးကျတော့ ကျုပ်နာကြည်းမိတယ်။ အဲဒီကောင်လေးကို ပွဲစားတွေ ခေါ်လာတာဗျ။ အဲဒီဆိုင်ကယ်ရူးကလေးက အဲဒီအချိန်မှာ မြန်မာပြည်တစ်ဝန်း လျှမ်းလျှမ်းတောက် နာမည်ကြီးနေတဲ့ လွှယ်အိတ်ဆိုင်ကြီးရဲ့ သားပေါ့။ ကျုပ်ခေါ်တဲ့ဈေးကိုလည်း ပေးတယ်၊ ဒါနဲ့ စာချုပ်နဲ့အရောင်းအဝယ် ဖြစ်ကြတယ်။ စာချုပ်ထဲမှာ 'နိုင်ငံခြားကို ပြန်မရောင်းရ' ဆိုတာလည်း အတိအလင်း ထည့်ရေးထားတာပဲ။ အဲဒါဗျာ ကျုပ်ဆီက ဝယ်သွားပြီး ဆိုင်ကယ်ဆိုင်မှာ ပြန်ပြီး 'ဖစ်တင်း' လုပ်နေတုန်း နိုင်ငံခြားသားတွေ ရောက်လာပြီး ဈေးမေးသတဲ့။ ကောင်လေးကလည်း ကျုပ်ဆီက ဝယ်သွားတာ သုံးသိန်း (ရွှေတစ်ကျပ်သား ငါးသောင်းကာလ) ရှုတ်နောက်နောက်နဲ့ လက်ဆယ်ချောင်းထောင်ပြပြီး 'တန်းဟန်ဒရက်သောင်ဇင်'

**ဒါပေမဲ့ ကျုပ်စိတ်ကြီးက ခက်နေတယ်။ ဒီကောင်ကြီးထုတ်လိုက်ရင် ကျုပ်ရင်ထဲမှာလည်း ဘာမှရှိတော့မှာ မဟုတ်ဘူး။ ကျုပ်ဘဝတစ်ခုလုံး ဘာမှအဓိပ္ပာယ်မရှိတော့ဘူးလို့ ခွဲလမ်းနေတယ်။**

လို့ခေါ်လိုက်သတဲ့။ ဘသားချောတွေက ပိုက်ဆံတန်းချေပြီး ကားပေါ်ကောက်တင်သွားပါလေရောတဲ့။ ကောင်းကြရော။ ကောင်လေးကတော့ သုံးသိန်းတန်ကို ဆယ်သိန်းရလိုက်လို့ ငြိမ့်နေနိုင်ပေမယ့် ကျုပ်ရင်ကွဲရတာပါပဲဗျာ။ ဒါကြောင့် မိန်းမက ပြောတာ တော်ဟာ ဆင်းရဲဇာတာပါတယ်။ ကုန်သည်စိတ် မရှိဘူး။ ဘယ်တော့မှ ချမ်းသာမှာမဟုတ်ဘူးတဲ့။ သူလည်း ကရုဏာဒေါသောနဲ့ ပြောရှာတာပါ။ မှန်လည်း မှန်ပေသကိုး။ ကျုပ်မှာက တကယ့်ကို ဆင်းရဲဇာတာ ကျောမှာကပ်ပါလာတယ် ထင်ပါရဲ့။

၁၉၈၇ ကျတော့ ကျုပ်ဘဝနဲ့ ရင်းပြီး ကုလားစုစုထားတာလေးတွေ အစိုးရက ငွေစက္ကူတွေ ကြေညာချက်ထုတ်ပြန်သိမ်းလိုက်တော့ ပြောင်ပါလေရော။ တချို့များ ဘဝပျက်ကြရတာ။ သက်ကြီးရွယ်အိုတွေ နှလုံးရောဂါနဲ့ အသေမြန်ကုန်ကြတယ်။ ကျုပ်ကတော့ ဘဝအပျက်မခံပါဘူး။ အများနည်းပဲဆိုပြီး ဖြေရတာပေါ့ဗျာ။ ကြိတ်ခံရတာပေါ့။

ခင်ဗျားမေးမယ်ဆိုတာ သိပါတယ်။ ဟုတ်တယ် ကျုပ်ရဲ့ဘီအက်စ်အကြီးတွေ လေးစီးကတော့ ပုံစံအမျိုးမျိုးနဲ့ ထွက်သွားကြပြီ၊ တစ်စီးကျန်ရမှာပေါ့။ ဟုတ်ပါတယ်၊ ကျန်ပါတယ်။ ဒီကောင်ကြီးကျန်နေသေးလို့ ကျုပ်လည်း ကြုံလာတဲ့လောကဓံတွေကို ခံနိုင်နေသေးတာလို့ ထင်တာပါပဲ။

ကဲပါဗျာ. . . လာ. . . လာ အပေါ်ထပ်လိုက်ခဲ့၊ ခင်ဗျားက တကယ်စိတ်ဝင်စားတဲ့လူ ဘာမှ အနှောင့်အယှက်ပေးမယ့်လူ မဟုတ်လို့ ကျုပ်ပြမယ်။ လာ. . . ဟိုမှာ မြင်လား၊ ဝင်းအိစက်နေတာပဲ မှန်သေတ္တာကြီးနဲ့ကို သော့ခတ်ထားတာ၊ သေချာသလား မမေးနဲ့ ဒီကောင်ကြီးကို ကျုပ်ဇာတ်မြှုပ်ထားတာဗျ။ ခင်ဗျားကို တကယ်ခင်လို့ ပြလိုက်တာ နှုတ်တော့လုံပါစေဗျာ။ ဒီထဲကကို သိုက်စာအညွှန်းဖတ်သလိုဖတ်ပြီး သက်လုံကောင်းကောင်းနဲ့ လိုက်လာတဲ့ လူတစ်ယောက်ရောက်လာသေးတယ်။ အဲဒီလူက သေချာပေါက်ကြီးဗျာ။ ခင်ဗျားမှာကျန်တဲ့ ဘီးကို ဈေးခေါ်စမ်းပါတဲ့။ ကျုပ်က မရှိတော့ပါဘူးပြောတာ ဘယ်လိုမှ မယုံဘူး။ အဲဒါနဲ့ ကျုပ်လည်း စိတ်လည်လာလို့ ရောင်းချင်လာရင် ခင်ဗျားရပ့်ါစေမယ်လို့ ချော့မော့ပြီး ပြန်လွှတ်လိုက်ရတယ်။

ဟုတ်တယ်၊ ခင်ဗျားပြောသလို ကျုပ်တို့က လူ့ဘဝသက်တမ်း သုံးပုံနှစ်ပုံကျိုးလာကြပြီ။ သက်တမ်းစေ့နေနိုင်မယ်ဆိုရင်တောင် သိပ်နေချိန်မရှိတော့ဘူး။ ဒီကြားမှာ လူပီပီသသနေနိုင်ရေးဆိုတဲ့ စံနှုန်းတွေပြည့်ဝဖို့ အိမ်ကနေ တိုက်ဖြစ်အောင် ကားစီးနိုင်အောင်၊ ဖုန်းကိုင်နိုင်အောင်၊ မြို့သစ်မှာ ဒုက္ခရောက်နေတဲ့ သမီးရှိတယ်။ ဆိုင်တယ်ပြင်တဲ့ကောင်လေးနဲ့ အိမ်ထောင်ကျပြီး သဘောမတူလို့ ပစ်ထားလိုက်တာ၊ ဘာပဲဖြစ်ဖြစ် သွေးဟာသွေးပါပဲ။ အဲဒီမြေးနှစ်ကောင်ကိုလည်း သက်နိုးဆီးပေးရတယ်။ ကျုပ်မှာ အများကြီး လုပ်စရာရှိတာ မှန်ပါတယ်။

ကျုပ်မှာတရားမရှိလို့လည်း မဟုတ်ပါဘူး။ အားလုံးဟာ သင်္ခါရတွေချည့်ပဲဆိုတာလည်း သဘောပေါက်ပါရဲ့။ ဒါပေမဲ့ ကျုပ်စိတ်ကြီးက ခက်နေတယ်။ ဒီကောင်ကြီးထုတ်လိုက်ရင် ကျုပ်ရင်ထဲမှာလည်း ဘာမှရှိတော့မှာ မဟုတ်ဘူး။ ကျုပ်ဘဝတစ်ခုလုံး ဘာမှအဓိပ္ပာယ်မရှိတော့ဘူးလို့ စွဲလမ်းနေတယ်။ ဒါကြောင့် ထင်ပါရဲ့။ ကျုပ်မိန်းမကလည်း ညတိုင်းဘုရားရှိခိုးတာ သံမှန်လေးနဲ့ပေမယ့် သံဝေဂမွလက်ာကိုတော့ တော်တော်ကျယ်ကျယ်အော်တာဗျ။ ကျုပ်ကြားစေချင်လို့ပေါ့။ ကျုပ်ခုတင်ပေါ်ကိုလည်း အဲဒီ သံဝေဂလင်္ကာပါတဲ့ နာရေးယပ်တောင်တစ်ချောင်း လာတင်ပေးသွားသေးသဗျ။ ဘာတဲ့. . . 'ရုပ်နာမ်မွေ့ သင်္ခါရတဲ့ ကိုယ်ကဤပုံဖြစ်လိုတို့လည်း တစ်ဖုံဆင်ကွဲ သူတစ်နဲဖြင့် ဖောက်လွဲတတ်စွာ မွေ့တာကို ပညာစက္ခု မျှော်ထောက်ရှု၍ ယခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့. . . ယခုပင်လျှင် မနာခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့. . . ယခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့. . . ရတုချိန်ထောက် ဤခါရောက်မှ ချပ်ပျောက်ခန္ဓာ သေပိန့်ပါဟု သတ္တဝါခပင်းရှင်သေမင်းနှင့် မိတ်သင်းဖွဲ့လျက် ချိန်းဆချက်လျှင် တစ်စက်ကမှ မရှိကြဘူး (အပ္ပာဒေန ဘိက္ခဝေ သမ္ပာဒေထ) ဘုရားစကား လိုက်နာပွားသည် တရားလက်မလွှတ်စေနှင့်. . . " တဲ့။

အင်းဗျာ. . . တဖြည်းဖြည်းတော့ ကျုပ်စိတ်ကို နိုင်လိမ့်မယ် ထင်ပါရဲ့။ ဟိုတစ်ညကတော့ ကျုပ်စိတ်ကူးထဲမှာ ဒီကောင်ကြီးကို သိန်း (၁၂၀၀) နဲ့ အောက်ထပ်က အပိုင်းအစတွေကို သိန်း (၃၀၀) နဲ့ ဖြတ်ကြည့်မိတယ်။ တစ်ယောက်တည်း ငိုရမလို ရယ်ရမလိုနဲ့ ခွေးကိုးမြှန်နေတာပဲ။

လာပါဗျာ. . . စိတ်မပင်ပန်းပါတယ် ဆင်းကြပါစို့။

♦

အန်းဖိတ်ကြီး 'ဘီအက်စ်အေဆရာဖေ' ကို ကြည့်ရတာ။ အိုင်စီယူအခန်းထဲက မိမိရင်သွေးငယ်ကို ယုကျုံးမရကြည့်ပြီး ကြေကွဲစိတ်တွေနဲ့ လှေကားကို မသက်မသာကိုင်ဆင်းနေရပုံပါပဲ။ ခေါင်းမွေးတွေ ဖြူနေပုံ၊ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး အဖြူငုတ်တွေ ပြန့်ကျဲနေပုံကို အနီးကပ်မြင်လိုက်ရတာ ရှိရင်းအသက်ထက် ဆယ်နှစ်လောက်ပိုပြီး အိုစာသွားသလို မြင်မိတယ်။ စိတ်ထဲမှာ သူ့မိသားစုအတွက်ရော သူ့အတွက်ရော နောက်ကျိရှုပ်ထွေးနေမိတယ်၊ ငယ်ငယ်က ဖတ်ခဲ့ရတဲ့ ဆရာကြီးမြစကြာရဲ့ စာအုပ်ထဲက စာသားလေး ခေါင်းထဲပြန်ပေါ်လာတယ်၊ မီးတွင်း ထဲမှာ ဆုံးသွားတဲ့အမေနဲ့ ကျန်ခဲ့တဲ့ ကလေးကို ခွဲတဲ့အခန်းမှာ ဆရာကြီးက "ဟဲ့ မိစိမ်းမြဒီကလေးက နင်နဲ့ ဘာမှမဆိုင်တော့ဘူးတဲ့ လွှတ်စမ်း . . . လွှတ်လိုက်စမ်း. . . အထက် ဆရာများအမိန့် . . . ငါ့အမိန့်" တဲ့။ ကျွန်တော်တို့နှစ်ယောက် အရှိန် ကြောင့် လှေကားက အနည်းငယ် လှုပ်ရမ်းနေသလို ထင်မိတယ်။ ကျွန်တော့်နားထဲမှာလည်း မှန်သေတ္တာထဲမှာရှိတဲ့ သံမြင်းကြီးရဲ့ ခွာရုပ်သံတွေကို ကြားယောင်နေမိတယ်။

**မွန်းဇူး**



ဝတ္ထုတိုရသ

ခင်တို့အိမ်က ၉ မိုင် အေဝမ်းခြံထဲမှာရှိတဲ့ နှစ်ထပ်တိုက် အိမ်ခြံဝင်းလေးနဲ့၊ ခင့်ရဲ့ခင်ပွန်းက နယ်မှာ အင်ဂျင်နီယာချုပ်တာဝန် ထမ်းဆောင်ရင်း နယ်မှာတစ်လှည့်၊ ရန်ကုန်တစ်လှည့် နေရတယ်။ ခုလောလောဆယ်မှာ သမီးကြီးရယ်၊ သားလတ်ရယ်၊ ဗိုက်ထဲမှာတော့ ရင်သွေးလေး နောက်တစ်ယောက် လွယ်ထားတယ်လေ။

ခင်က ၃, ၆, ၉ ဂဏန်းတွေနဲ့ သိပ်အကျိုးပေးတာ။ ခင်တို့ အိမ်နံပါတ်အားလုံးပေါင်းရင် ၃၊ ကားနံပါတ်တွေအားလုံးပေါင်းရင် ၆ ၊ ခင့်မွေးနေ့ ဂဏန်းကလည်း ၉၊ ခြံထဲမှာ မွေးထားတဲ့ ခွေးလေးတွေကလည်း စုစုပေါင်း ၆ ကောင်၊ သမီးကြီးမွေးရက်က ၃၊ သားလတ်လေးမွေးရက်က ၆ အားလုံးက တိုက်ဆိုင်မှုလေးတွေပဲပေါ့။

ခင်တို့မိသားစုဟာ ပျော်ရွှင်ပြည့်စုံစွာနဲ့ အပူအပင်ကင်းပြီး စိတ်ချမ်းမြေ့စရာ မိသားစုလေးပါပဲ။ ခင်တို့ရဲ့ နောက်ဘက်ဘေးတိုက်ကျတဲ့ခြံကြီးက ပေ ၁၃၀ ပတ်လည် အကျယ်ရှိတယ်။ အဲဒီခြံထဲမှာ နှစ်ထပ်ပျဉ်ထောင်အိမ်တောင့်တောင့်တင်းတင်းလေးနဲ့ သစ်ပင်ပန်းမန်တွေနဲ့ အုန်းပင်၊ သရက်၊ ပိန္နဲ၊ ကုက္ကို၊ ဉာနဲ့စတဲ့ အပင်ကြီးတွေကလည်း ၁၀ ပင် လောက်ရှိတယ်၊ ခင့်ရဲ့အိပ်ခန်း အပေါ်ထပ်ကနေ အဲဒီခြံကို လှမ်းကြည့်လိုက်ရင် ရင်ထဲမှာ ကြည်နူးစရာနေချင်စရာလေးပါပဲ၊ အဲဒီခြံမှာလည်း မိသားစု ၄ ယောက်ပဲရှိတာ။ အဘိုးကြီး၊ အဘွားကြီးရယ်၊ သား

Asian Fame Media Group



Asian Fame Media Group

တစ်ယောက် ၊ သမီးတစ်ယောက်ရယ်၊ အိမ်ဖော်ကောင်မလေးရယ်။ သူတို့နဲ့ခင်တို့ မိသားစုလည်းခင်ခင်မင်မင် ဆက်ဆံနေထိုင်ကြတယ်။ သူတို့ခြံထွက်စားပင်၊ သီးပင်တွေကို ခင်တို့ အိမ်ကိုလက်ဆောင်ပေး၊ ခင်တို့ အိမ်ကလည်း တစ်ပတ်တစ်ခါ မုန့်တွေလုပ်စားတိုင်းသူတို့ခြံကိုပို့နဲ့ နှစ်အိမ်တစ်အိမ်လိုပဲလေ။

ဒါနဲ့ တစ်နေ့တော့ သူတို့ မိသားစုဟာ ခြံကို သိန်း ၁၀၀ နဲ့ ရောင်းသွားပြီး မန္တလေးကို အပြီးပြောင်းသွားကြရော။ ဒါ လွန်ခဲ့တဲ့ ၁၀ နှစ်က ရောင်းသွားတာ နော်။ နောက်ဝယ်လိုက်တဲ့ ခြံပိုင် ရှင်က လာမနေဘဲ ခြံကို ဒီတိုင်းပစ်ထားခဲ့တယ်။ အချိန်ကြာတော့ ခြံကြီးဟာ ခြုံနွယ်ပိတ်ပေါင်းတွေထ အိမ်လည်းဟောင်းပြီး သစ်သားတွေလည်း ဆွေးလာပါရော။ လူမနေတဲ့ ခြံကြီး၊ အစောင့်လည်း မထားတော့ သူခိုးတွေကလည်း လာစတည်းချ။ ညဘက်ရောက်ရင်လည်း ခြံဝင်းကြီးက ပိန်းပိတ်အောင် မှောင်နေတာပဲ။ ပတ်ဝန်းကျင်မှာလည်း သူရဲခြောက်တဲ့ ခြံကြီးဆိုပြီး နာမည် ထွက်လာပါလေရော။ ခင်တို့ကို လည်း "အဲဒီခြံကြီးနဲ့ ကပ်လျက်နေတာ. . . မကြောက်ဖူးလား"ဆိုပြီး လာမေးကြတယ်။

ခင့်ခင်ပွန်းကလည်း နယ်မှာနေတာများတော့ အဘိုး၊ အဘွား၊ ကလေးတွေ၊ ခွေးတွေနဲ့ အိမ်ဖော်တွေပဲနေတော့ ပတ်ဝန်းကျင်ကဝိုင်းပြီး စိတ်ပူပေးကြတယ်လေ။ ခင်ကလည်း ကြောက်စိတ်နည်းနည်းလေးမှ မရှိဘူး။ ညဘက်တစ်ရေးနိုးတိုင်း အဲဒီလူမနေတဲ့ ဝိန်းဝိတ်အောင်မှောင်နေတဲ့ ခြံကြီးကို ပတ်ဝန်းကျင်က ပြောတာတွေ ဟုတ်မလားဆိုပြီး နေ့တိုင်း ညတိုင်း ကြည့်မိတယ်လေ။ ပတ်ဝန်းကျင်က ဘယ်လိုတွေပြောပြော။

ခင့်မျက်လုံးထဲမှာ ဘာဆိုဘာမှ မတွေ့ပါဘူး။ ခင်ကတော့ အယုံအကြည်မရှိ။

တစ်နေ့တော့ ခင့်ခေါင်းထဲမှာ အကြံတစ်ခုပေါ်လာတယ်။ ဒီခြံကြီးကို ဝယ်လိုက်ရင် ကလေးတွေ ကြီးပြင်းလာတဲ့အခါ အိမ်ဆောက်ပေးပြီး အိမ်ထောင်ရက်သားကျရင်လည်း မောင်နှမတွေ ခြံထဲမှာ အတူတူနေကြ။ မိဘနဲ့ ကပ်လျက်နေရင် အရေးအကြောင်းရှိရင် အနီးကပ် အားကိုးရပြီပေါ့။

အဲဒီအတွေးဝင်တဲ့နေ့ကစပြီး အနောက်ဘက်က ခြံကြီးကိုကြည့်တိုင်းဝယ်ချင်စိတ်တွေ ဖြစ်လာပါရော။ ဒါနဲ့ ခင့် ခင်ပွန်းနယ်ကနေ အိမ်ကိုပြန်လာတဲ့အချိန်မှာ "ကိုကိုရေ ခင့်ကိုအနောက်ဘက်က ခြံကြီးကို ဝယ်ပေးပါလား။ ခုဆို ခင်တို့မှာ သားသမီးသုံးယောက် ဖြစ်တော့မယ်။ ကလေးတွေကြီးလာရင် အိမ်ထောင်ရက်သားကျတဲ့ အခါ အဝေးကြီးမှာ ခွဲမနေဘဲ ဒီခြံမှာဆိုနီးနီးနားနား စိတ်အေးရတာပေါ့။ ဝယ်ပေးပါနော် ကိုကို"လို့ပြောတော့

"နေပါဦးကွာ။ ကလေးတွေက ငယ်ငယ်လေးရှိသေးတာ ဘာလုပ်ဖို့ဝယ်မှာလဲ။ သူတို့ကြီးလာတော့လည်း ကြီးတဲ့ အလျောက်ပေါ့"

အဲဒီလိုနဲ့ စကားပြတ်ပစ်ပါလေရော။ ခင်လည်း ဖွဲမလျှော့ဘဲ နှစ်ခါသုံးခါလောက်ပြောလည်း ကိုကိုက ငြင်းတာပါပဲ။

ခင်လေ အဲဒီခြံကြီးကို ဝယ်ချင်လွန်းလို့ ဆုတွေတောင်းရတာလည်း အမောပါပဲ။ တစ်ရက်မှာတော့ နောက်ဝယ်တဲ့ မြို့ပိုင်ရှင်ဟာ ခြံတံခါးနားပတ်လည်က ခြုံတွေလာရှင်းပြီးတော့ မြေကြီးနည်းနည်းတူးဖယောင်းတိုင်ထွန်းပြီး ဆုတောင်း၊ သူတို့ယူလာတဲ့ အရွက်တွေနဲ့ ခြံတံခါးတွေချိတ် လုပ်နေပါရော။

"ဩော် သူတို့ခြံရောင်းထွက်အောင် ယတြာ ချေနေကြပြီထင်တယ်။ ဘယ်သူမှမဝယ်ဖြစ်ဘဲ ငါသာဝယ်ရရင် သိပ်ကောင်းမှာပဲ"

အဲဒါနဲ့ လင်မယားနှစ်ယောက် ခြံဝယ်ဖို့ဆိုပြီး တစ်ရက်လာကြည့်ပါရော။ နောက်သရဲခြောက်တဲ့ အိမ်ရဲ့ ခြံဝင်းဆိုပြီး မဝယ်ဖြစ်တော့ဘူးလေ။ သူများမဝယ်ဖြစ်လေ ခင်က ပျော်လေပဲ။ ခင်က အဲဒီခြံဝယ်ချင်နေတာကိုး။ ဒီတစ်ခေါက် ကိုကိုနယ်ကပြန်လာတော့

"ကိုကိုရေ နောက်ဘက်က ခြံကို သူများတွေ လာကြည့်ကုန်ပြီ၊ ခင်တို့ မဝယ်ရင် တစ်ယောက်ယောက်ဝယ်ဖြစ်သွားရင် ရတော့မှာမဟုတ်ဘူး။ ခင်တို့မလိုချင်တော့ တစ်နေ့ပြန်ရောင်းရင် အမြတ်အစွန်းတော့ ရမှာပဲလေ။ ဝယ်ပေးဖို့စဉ်းစားပါဦး"

ကိုကိုလည်း နယ်ကပြန်လာတိုင်း နားပူနားဆာ လုပ်တာ နားငြီးသက်သာချင်လို့ ထင်ပါရဲ့

"ခင့်သဘောပဲကွာ ဝယ်ချင်လည်း ဝယ်တော့"

ခင်ပျော်လိုက်တာ ခင့်ဆုတောင်းတွေပြည့်သွားပြီ။

အဲဒါနဲ့ ပိုင်ရှင်ဆီချက်ချင်း ဆက်သွယ်ပြီး ခင်တို့ဝယ်မှာ ပြောတော့ အရောင်းအဝယ်တည့်ပြီး ခင်တို့လည်း ဝယ်ဖြစ်သွားတယ်။

ကိုကိုစဉ်းစားတာကလည်း ၂ နှစ်လောက်ကြာသွားတယ်။ ခင်တို့ရဲ့ တတိယမြောက်သမီးလေး ၂ နှစ်အရွယ်ရောက်မှပဲ ဝယ်ဖြစ်တော့တယ်။ သမီးလေးကို ဗိုက်ခွဲမွေးတော့ ခင်နဲ့ အကျိုးပေးတဲ့နံပါတ် ၆ ရက်နေ့ကိုရွေးလိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ခင်တို့ဝယ်လိုက်တဲ့ နောက်ခြံ နံပါတ်အားလုံးပေါင်းရင်လည်း ၃ ဂဏန်းရတယ်။

ခင်လည်း ခြံဝယ်ပြီး တစ်ပတ်အကြာမှာ ခြံကို မြို့နယ်ပိတ်ပေါင်းတွေ တစ်ခြံလုံးလူငှားပြီးရှင်းခိုင်း၊ နှစ်ထပ်သစ်သားအိမ်လေးကိုလည်း အမှိုက်သရိုက်ဖုန်တွေ၊ ပိုးအိမ်တွေ ပြောင်နေအောင်ရှင်းခိုင်း၊ ပြိုလဲယိုင်နဲ့နေတဲ့ ခြံစည်းရိုးပေါ်က နွယ်ပင်တွေပါ အကုန်ရှင်း။ တစ်ခြံလုံးတော့ မလိုအပ်တာတွေ အကုန်ရှင်းလင်းသွားပြီ။ အဲဒီတော့မှ ခြံကြီးဟာ အကျယ်ကြီးဆိုတာ ပိုပေါ်လွင်လာတယ်။

ဒုတိယဆင့်အနေနဲ့ သစ်ပင်ကြီးတွေ ခုတ်ခိုင်းဖို့ ပြင်ဆင်ရပြီ။ ညောင်ပိန္နဲ၊ မှို်ပင်၊ ကုက္ကို၊ ပိတောက် အဲဒီ ၄ ပင်ကို စပြီး ခုတ်ခိုင်းတော့မယ်။ အဲဒါကို ခင့်အစ်မလွှင်က သိတော့ ခင်ရေ အပင်ကြီးတွေ ခုတ်ရင် ဒီတိုင်းခုတ်လို့မရဘူးနော်။ သေချာကန်တော့ပွဲပေး ဆိုင်ရာ ပိုင်ရာတွေ တောင်းပန်။ သစ်ပင်ကြီးရင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ နေထိုင်ကြတာတွေထဲမှာ ပတ်ဖူးတယ်။ ဂရုစိုက်ပြီး သေချာလုပ်ပါ"ဆိုပြီး ပြောတယ်။

ခင်လည်း "အင်းပါ" ပြန်ပြောပြီး သစ်ပင်ခုတ်မယ့် သူတွေကို ပြောတော့ သူတို့က ခုတ်ခါနီး သစ်ပင်ခြေရင်းကို ပုဆိန်တွေ၊ လွှတွေနဲ့ ကန်တော့တောင်းပန်ပြီး အပင်ခုတ်ပါလေရော။ ခုတ်ပြီးတဲ့ သစ်တုံးတွေကို အနီးနားက ဘုန်းကြီးကျောင်းကိုလှူလိုက်တယ်၊ အဲဒီ ထိပြဿနာမရှိလို့ ခင်လည်း စိတ်အေးနေတာ။



သစ်ပင်ခုတ်ပြီး ၂ ရက်လောက် လည်းနေရော ခင့်သမီးကြီးစပြီး ဖျားနာ နေမကောင်းဖြစ်ရော၊ သမီးကြီးအဖျားပျောက်တဲ့ ညမှာ သားလတ်လေးဖျား၊ သားလတ်လေး အဖျားပျောက်တဲ့ ညမှာ သမီးငယ်လေး ဖျား။ တစ်ယောက်အဖျား ပျောက်ရုံရှိသေး နောက်တစ်ယောက် ဆက်ဖျား။ သုံးယောက်လုံးဖျားပြီး သမီးကြီးက ပြန်ဖျား။ ခင့်စိတ်ထဲ သံသယတွေ ဝင်လာမိတယ်။ သမီးအငယ်လေးကလည်း ညဘက်ဆို လန့်လန့်ပြီး ငိုလို့လေ။

ဒါနဲ့ ခင်တို့ အိမ်သားတွေနဲ့ ခင်မင်နေတဲ့ အမေသီလရှင် နှစ်ပါးကို အိမ်ပင့် ကလေးငယ်တွေ အတွက် လိပ်ပြာခေါ် ခေါ်စာပစ် ပရိတ်ကြီး ၁၁ သုတ်တွေရွတ်ဖတ်တော့ ကလေးတွေ သက်သာသွားပါတယ်။

အဲ ဒါပေမဲ့ ကျန်တဲ့သစ်ပင်ကြီးလေးပင်ကို ခုတ်မယ်လို့ ကြံရွယ်နေကြချိန်မှာ ကလေးငယ်နှစ်ယောင် ညဘက်ဆိုလန့်ငို၊ အဖျားတွေပြန်ဝင်ဆိုတော့၊ ခင်တို့မိတ်ဆွေ ဘာသာတရားသိပ်ပြီး ယုံကြည်ကိုးကွယ်လေးစားတဲ့ အန်တီထားကို "အိမ်လာပြီး မေတ္တာသုတ်တွေ ရွတ်ပေးပါဦး အန်တီရေ အိမ်မှာ ထူးခြားမှုလေးတွေဖြစ်လို့" အကျိုးအကြောင်းပြောပြတော့ အန်တီထားလည်း အနောက်ဘက်ခြံရော ခင်တို့ လက်ရှိနေတဲ့ ခြံရောမှာ မိုးတင်းနေထိုင်ကြတဲ့ မြင်အပ်မမြင်အပ်တွေကို မေတ္တာပို့ အမျှဝေပြီး ဘုရားခန်းထဲက ထွက်လာရော။

"ခင့်အစ်မလွင်က ထမင်းစားခန်း ပြတင်းပေါက်နားမှာ ရပ်နေတုန်း ပုပ်စော်နံလိုက်တာ အရမ်းပဲ"

"ညီမရေ ခင်ရော အနံ့မရဘူးလား"

"ဟုတ်တယ် ခင့်နှာခေါင်းမှာလည်း အပုပ်နံ့တွေ အရမ်းရတာပဲ"

အပုပ်နံ့တွေ ထောင်းခနဲ ထောင်းခနဲရလို့ အန်တီထားကပါ သဘော ပေါက်သွားပြီး "သမီးရေ သမီးတို့ ခုတ်လိုက်တဲ့ အပင်က ဆိုင်ရာ ပုဂ္ဂိုလ်အစောင့်တွေ နေစရာ မရှိတော့လို့ သူတို့ နေစရာရအောင် အနံ့ပေးနေတာပါ။ နောက်တစ်ခါ ကျန်တဲ့အပင်တွေ ခုတ်မယ်ဆိုသူတို့ ပြောင်းရွှေ့နေချိန်ရအောင် တစ်ပတ်လောက်ကန်တော့ပွဲပေး အချိန်ပေးတောင်းပန်ပြီးမှ ခုတ်ပါ"ဆိုပြီး အကြံပေးပါတယ်။

ဒီတစ်ခါတော့ ကျန်တဲ့ သစ်ပင်ကြီး ၄ ပင်ကို ခုတ်ဖို့ ကန်တော့ပွဲတွေပေး၊ အချိန်တစ်ပတ်လောက်ပေးပြီးမှ ခုတ်လိုက်တာ ပြဿနာမရှိတော့ပေမယ့် ခြံဝင်းထဲက သစ်သား နှစ်ထပ်အိမ်ကို အရင်လို ကြည့်လိုက်ရင် စိတ်ထဲမှာ တစ်မျိုးဖြစ်ပြီး ကြက်သီးတွေထထလာတယ်။

အရင်က လုံးဝကြောက်စိတ်မရှိတဲ့ ခင်ဟာ ခုဆိုစိတ်ထဲမှာ ကြောက်စိတ်လေးတွေ ဝင်နေမိတယ်။ ခင့်မိဘတွေကလည်း "သမီးရေ ခြံဝယ်ပြီး အချိန်သိပ်မဆွဲဘဲ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်ဖတ်ကမှ ဝါဖတ်ပါ၊ ဒါမှခြံလည်း မြင်အပ် . . . မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ အမြန်ရှင်းလင်းသွားတာပေါ့"

ဒါနဲ့ ခင်တို့ရပ်ကွက်နားမှာရှိတဲ့ ဘုန်းကြီးကျောင်းက ဘုန်းဘုန်းကြီးကိုပင့်ဖိတ်လျှောက်တင်လိုက်ပါတယ်။ ဘုန်းဘုန်းကြီးကလည်း ရက်သတ်မှတ်ပေးလိုက်ပါတယ်။ ရာကျော်ဘုန်းဘုန်းကြီးရဲ့ ထူးခြားချက်က ဘုန်းဘုန်းကြီးဟာ ရာသက်ပန် သက်သတ်လွတ်စားပြီး ကျောင်းထိုင်ဘုန်းကြီးဖြစ်ပေမယ့် မနက်ထိုင်းဆွမ်းခံကြွပါတယ်။ ဆွမ်းခံကြွရင်း ဘုန်းဘုန်းကြီးကို ကြည်ညို လေးစားလွန်းလို့ လူတွေက ဘုန်းဘုန်းကို နဝကမ္မဝတ္တုငွေတွေပါ လောင်းလှူကြပါတယ်။

တကယ်တော့ ဘုန်းဘုန်းကျောင်းဟာ အစစအရာရာ ပြည့်စုံနေတဲ့ကျောင်းပါ။ ဆွမ်းမခံဘဲနေရင် ရပေမယ့် ဘုန်းဘုန်းဟာ ဆွမ်းခံရင်း ရလာတဲ့ အလှူငွေတွေကို ကျောင်းအတွက် လုံးဝမသုံးဘဲ လမ်းခင်းဖို့အတွက် အလှူလုပ်နေတာပါ။

ဘုန်းဘုန်းဟာ သီလသမာဓိ သိက္ခာအပြည့်ရှိတဲ့ ဘုန်းဘုန်းကြီးတစ်ပါးပါ။ အဲဒါနဲ့ ဘုန်းဘုန်း ညွှန်ကြား မှာကြားချက်အတိုင်း



သစ်ပင်ခုတ်ပြီး ၂ ရက်လောက် လည်းနေရော ခင့်သမီးကြီးစပြီး ဖျားနာ နေမကောင်းဖြစ်ရော၊ သမီးကြီးအဖျားပျောက်တဲ့ ညမှာ သားလတ်လေးဖျား၊ သားလတ်လေး အဖျားပျောက်တဲ့ ညမှာ သမီးငယ်လေး ဖျား။ တစ်ယောက်အဖျား ပျောက်ရုံရှိသေး နောက်တစ်ယောက် ဆက်ဖျား....

Asian Fame Media Group

ပရိတ်ရွတ်မယ့် ညနေမှာ ပရိတ်ချည်၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ဆန်ပန်း၊ ပေါက်ပေါက်၊ သဲ၊ ကန်တော့ပွဲနဲ့ ဘုန်းကြီးငါးပါးနဲ့ ရွတ်ဖတ်ဖို့ ပြင်ဆင်ကြပါတယ်။

ပရိတ်တရားတော်ရွတ်ဖတ်မယ့် သံဃာတော်ငါးပါးက အိမ်ဘက် မျက်နှာမူ တရားနာမယ့် လူတွေက အိမ်ကို ကျောပေးပြီး ခြံဝင်းအဝင် အဝနားမှာ တရားနာယူကြပါတယ်။ အဲဒီအချိန်မှာ ကိုယ့်မိသားစုရယ် ပတ်ဝန်းကျင်နားအိမ်က လူတွေရယ် ခင့်မောင်လေးဝမ်းကွဲ ရယ် ကလေးတွေရယ် အားလုံး တရားနာယူနေကြပါတယ်။

ဘုန်းဘုန်းကြီးကလည်း ပရိတ်



ရေတော်ပုလင်းအဖုံးတွေ ဖွင့်ကိုင် ဆန်ပန်း၊ သဲ၊ ပေါက်ပေါက်၊ ပရိတ်အိုး အားလုံးကို ဘုန်းဘုန်းလက်နဲ့ တစ်လှည့်စီကိုင်ပြီး ပရိတ်တော်တွေ ရွတ်ဖတ်နေကြပါပြီ။ ခုချိန်ထိတော့ အေးအေးဆေးဆေး တရားနာယူနေကြတုန်းပါဘဲ။ သံဃာတော်ငါးပါးကမှဝါဒ ရွတ်ဖတ်ချိန် တစ်ဝက်ကျော်အချိန်လောက်မှာတော့ သစ်သားနှစ်ထပ်အိမ်ခေါင်မိုးပေါ်က "ဝုန်း ဝုန်း ဝုန်း ဒိုင်း ဒိုင်း . . . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဝုန်း. . . . ဝုန်း" ဆိုတဲ့ အသံအကျယ်ကြီး မြည်သံ သွပ်ပြားကို ရိုက်လိုက်သံတွေကြားလို့ တရားနာသူတွေ အားလုံး အိမ်နောက်ဘက်ကို လှမ်းကြည့်လိုက်မိပါတော့တယ်။ သံဃာတော်တွေက ဣန္ဒြေမပျက် ဆက်လက်ရွတ်ဖတ်နေပေးပါတယ်"

လူတွေက အသံကြားလို့ လှည့်ကြည့်ပေမယ့် ဘာမှမတွေ့ရပါဘူး။ အချိန်ကလည်း ညနေနေဝင်ရီတရော အချိန်လေး"

အားလုံးရွတ်ဖတ်ပြီးတော့ ခင်က ဆရာတော်ကြီးကို လျှောက်တင်မိပါတယ်။

"ဘုန်းဘုန်းဘုရား ခုနက အသံကျယ်ကြီးတွေ အားလုံးကြားလို့ အိမ်ဘက်လှည့်ကြည့်ကြပါတယ်။ ဘာမှတော့ မတွေ့ကြပေမယ့် တရားနာနေသူတွေအားလုံး ထိတ်လန့်မိကြပါတယ်။ အဲဒါ ဘာဖြစ်လို့ပါလဲဘုရား"

ဘုန်းဘုန်းကြီးက မစိုးရိမ်ပါနဲ့ ဒကာမတို့ အဲဒါ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ သူတို့ကို နှင်လို့ သူတို့ မနေနိုင်တော့ဘဲ ထွက်သွားရတဲ့ အတွက် သူတို့ထွက်သွားကြောင်း အသံနဲ့ပြသပြီး သွားတာပါ၊ စိတ်မပူကြပါနဲ့" လို့ပြောပါတယ်၊

သံဃာတော်တွေ ရွတ်ဖတ်ပြီးလို့ ပြန်ကြွသွားရော. . . ခင်တို့လည်း ပရိတ်ရေတော်တွေ ဆန်ပန်း ပေါက်ပေါက်တွေနဲ့ ခြံတစ်ခြံလုံး အနှံ့မကျွံပိုသပြီး လိုက်ပက်ပါတယ်။ ခင့်အမေနဲ့ ခင့်မောင်လေး ဝမ်းကွဲကလည်း တစ်ခြံလုံးအပြည့် ပရိတ်ကြိုးတွေလိုက်ချည်ပါတယ်။

ခင့်မောင်လေးဝမ်းကွဲနဲ့ မမလွင်က အရှေ့ဘက်လှနေတဲ့ ခင်တို့ ခြံထဲသွားပြီး ပရိတ်ကြိုးတွေ ချည်ပြီး ဆန် ၊ ပေါက်ပေါက်၊ ရေတော်တွေ ပက်ဖျန်းဖို့ အသွားမှာ ခြံဝင်းကနေ အိမ်တံစက်မြိတ်အောက်လည်းရောက်ရော ခေါင်မိုးပေါ်ကနေ သဲတွေ ခင့်အစ်မ ခေါင်းပေါ် ကျလာပါရော။ မမလွင်ကလည်း သိပ်ကြောက်တတ်တဲ့ သူ။

"အိုး အမယ်လေး ထုံးဆန်းလိုက်တာ။ ဒီတံစက်မြိတ်အောက်က အမြဲဖြတ်သွားနေတာ တစ်ခါမှ ခုလိုမဖြစ်ဘူး။ မောင်လေးရေ ဘာဖြစ်တာလဲ ကြောက်လိုက်တာ အစ်မခေါင်းပေါ်သဲတွေကျလာလို့"

"မမကလည်း မစိုးရိမ်ပါနဲ့ ကျွန်တော်လည်းရှိပါတယ်" အဲဒီလို ပြန်ပြောပြီး

မောင်လေးလည်း အိမ်ရှေ့ အိမ်အနှံ့အားလုံးလိုက်ပြီး ပရိတ်ကြိုးတွေ ချည်နှောင် ပရိတ်ရေ ပက်ဖျန်းတာတွေ လုပ်ပါတယ်၊ အနီးဝန်းကျင် အိမ်က လူတွေကလည်း ဘုန်းကြီးတွေ ပြန်ကြွသွားတော့ စောစောက အသံဝုန်းဒိုင်းတွေကြားလို့ စိတ်ပူပြီး လာမေးကြပါတယ်၊

ဒီလိုနဲ့ မိုးချုပ်သွားတော့ ဧည့်သည်တွေလည်း ပြန်သွားကြရော ခင်တို့မိသားစုပဲ ကျန်ပါတော့တယ်။ အဲဒီညမှာ ပတ်ဝန်းကျင်ကလည်း အရင်ထက် ပိုပြီး တိတ်ဆိတ်နေပါတယ်။ ခင်တို့ မိသားစုလည်း ည ၉ နာရီမှာ အိပ်ရာစောစောဝင်ခဲ့ကြပါတယ်။ ၉ နာရီဆိုပေမယ့် ညသန်းခေါင်ထင်ရလောက်အောင် ပတ်ဝန်းကျင်က အရင်ထက်ပိုပြီး တိတ်ဆိတ်ငြိမ်သက်နေတာ အပ်ကျသံတောင် ကြားရမလောက်ပါဘဲ။

အိပ်ရာဝင်ကြပြီး အိပ်မပျော်ကြသေးပါဘူး၊ တစ်နာရီလောက် အကြာမှာ ကြွက်က တစ်ခုခုကို ဆွဲပြေးတဲ့အသံလိုမျိုး ခင်တို့ အိမ်နောက်ဖေးနားက အသံတွေ ကျယ်လောင်စွာ ထွက်လာပါတယ်။

ခင်လည်း တတ်စွမ်းသမျှ ဘုရားစာတွေ အကုန်လုံးရွတ်ဖတ်ပြီး မေတ္တာပို့တာလည်း ပြီးရော အသံတွေ ပျောက်သွားပြန်ပါတယ်။ ခင်လည်း ရင်တထိတ်ထိတ်နဲ့ သန်းခေါင်ကျော်လောက် အိပ်ပျော်သွားတာ မိုးလင်းမှနိုးတော့တယ်။

မနက်ခင်း ခင်အိပ်ခန်းအပေါ် ထပ်ကနေ နောက်ခြံကိုကြည့်တော့ အားလုံးမြင်ကွင်းလေးတွေ ရှင်းလင်းလှပနေပါတယ်။

ရာကျော်ဘုန်းဘုန်းတို့ ဘုရားစာတွေ ရွတ်ဖတ်ပေးပြီး ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေကြားရပြီး နောက်ပိုင်း ခင့်ခြံထဲမှာ ဘာမှထပ်မဖြစ်တော့ပါဘူး။ ခုနောက်ပိုင်း ခင်လည်း တစ်နှစ်တစ်ခါ နောက်ခြံထဲက သစ်သားအိမ်ပေါ်လေးမှာရော ခင်လက်ရှိနေတဲ့ အိမ်လေးမှာပါ သံဃာတော်တွေပင့်ဖိတ်ပြီး အမြဲမပြတ် ကုသိုလ်တွေ ပြုလုပ်ပါတယ်။

Asian Fame Media Group



ခင့်နောက်ခြံကို ခြံဝင်းအုတ်တံတိုင်း ပတ်လည်ခတ်ဖို့ နှစ်ထပ်အိမ်လေးကိုလည်း ပြင်ဆောက်ဖို့ အလုပ်သမားတွေငှားပြီးပြုပြင်၊ ပစ္စည်းတွေစောင့်ဖို့ အလုပ်သမားကောင်လေးတစ်ယောက်ကို အငှားထားပြီး ညဘက်ဆိုရင် နှစ်ထပ်သစ်သားအိမ်အောက်ထပ်လေးမှာ စောင့်အိပ်ခိုင်းပါတယ်။ ကောင်လေးလည်း ညဘက်ဆို မှောင်နဲ့မည်းမည်းထဲမှာ တစ်ယောက်တည်း အိပ်ရပါတယ်။

နောက်ခင်ကိုယ်တိုင် သူ့ကို မေးကြည့်မိပါတယ်။ "မောင်ဝင်းထွေးရေ ခြံအကျယ်ကြီး အမှောင်ထဲမှာ၊ မင်းတစ်ယောက်တည်း အိပ်ရတာ မကြောက်ဘူးလား။ ဘာမှ မဖြစ်ဘူးလား" မေးတော့

"အစ်မ ကျွန်တော်က မနက်တစ်ခေါက် ညတစ်ခေါက် ဘုရားစာတွေ ရွတ်ဆိုရှိခိုးတယ်။ အရပ်ဆယ်မျက်နှာက မြင်အပ်မမြင်မအပ်တာတွေကို မေတ္တာပို့ပေးတယ်၊ ကျွန်တော့်ကို ဘာအနှောင့်အယှက်မှ မပေးကြဘူး။ ဘာမှလည်းမရှိဘူး။ ကျွန်တော်က ဆယ့်ရှစ်နှစ်သားထိ ကိုရင်ဝတ်ခဲ့တော့ ဘုရားဂုဏ်တော် ပရိတ်တွေ မေတ္တာသုတ်တွေ သေသေချာချာ ရွတ်ဆိုနိုင်တယ် စိတ်ချပါအစ်မ"

သူက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ဦးထိပ်ထားတဲ့ သူမို့လို့ မကြောက်တတ်တာ၊ သူ့ခမျာ ညဘက်ဆို သစ်သား နှစ်ထပ်အိမ်ရဲ့ အောက်ထပ်က ကြမ်းခင်းတွေ နံရံလေးဖက်သစ်တွေ လုံးဝမရှိတော့ဘဲ ပတ်လည်မှာ အကာအကွယ်မရှိဘဲ အိမ်အောက်ထပ်လေးမှာ တစ်ယောက်အိပ်ခုတင်လေးနဲ့ ဖယောင်းတိုင်ထွန်းနေရတာ။ တစ်ခြံလုံးလည်း မှောင်မည်းနေတာလေ။

အဲဒီနောက်ပိုင်း သစ်သားပျဉ်ထောင်အိမ်ကိုဘေး နံရံတိုင်တွေ အလယ်တိုင်တွေ တောင့်တင်းအောင်ပြင်ဆင် အပေါ်ထပ်ကြမ်းခင်းနဲ့ နံရံတွေပြင်ဆင်၊ အောက်ထပ်မှာ လူအိပ်စောင့်ဖို့ တစ်ခြမ်း၊ ခွေးလေးတွေနဲ့ ကားနဲ့တစ်ခြမ်းထားပြီး မီးကြိုးတွေပါဆွဲရတော့ အိမ်လေးမှာ မီးအလင်းရောင်ရသွားတော့တယ်။

အဲဒီနောက်ပိုင်းမှတစ်ဆင့် ခြံစည်းရိုးပတ်လည်အုတ်တံတိုင်း အပြည့်ခတ်လိုက်တယ်။ ခုတော့ အိမ်လေးက ဟိုအရင်က နှစ်ထပ်အိမ်လို တောင့်တောင့်တင်းတင်းလေး ဖြစ်သွားပြီပေါ့။

အိမ်လေးလည်း ပြုပြင်ပြီး၊ ခြံစည်းရိုးပတ်လည်အုတ်တံတိုင်းလည်း ခတ်ပြီးရော ခင်က မာလကာပင်တွေစိုက်၊ အိမ်နောက်ဖေး မီးဖိုချောင်အတွက် သီးပင်စားပင်လေးတွေ ခြံတစ်ခြမ်းကိုစိုက်၊ တစ်ဖက်ခြမ်းမှာ သစ်ခွ၊ ဝိန်းပန်း၊ ကစ်စမီကွစ်ပင်၊ တရုတ်စကား၊ စံပယ်၊ ရွှေပန်း၊ ငွေပန်းပင်တွေစိုက်၊ ဆေးဖက်ဝင်အပင်တွေစိုက်၊ အလှကျပေါက်တဲ့ စူလာနဖာပင်တွေပါ ပေါက်လာ။

အချိန်ကြာလာတော့ သီးပင်၊ စားပင်တွေ ဆွတ်ခူးစားသုံးလို့ရလာပြီး ခြံအနောက်ဘက်ခြမ်းမှာ ကန်စွန်း၊ ချဉ်ပေါင်၊ ခရမ်းသီး၊ ရုံးပတီသီး၊ နာနတ်သီး၊ ကြောင်လျှာသီး၊ ငရုတ်ပင်၊ နံနံပင်၊ ပူဒီနာပင်၊ ကရဝေးပင်၊ ဘူးပင်၊ ရှားစောင်းလက်ပပ်၊ မြင်းခွာရွက်ပင်စတဲ့ စားသုံးသီးနှံပင် တွေနဲ့ ဝေဖြာနေပြီး ကိုယ့်အိမ်သားတွေ စားသုံးတဲ့အပြင် ပတ်ဝန်းကျင်က အိမ်တွေ ဝေပေး၊ မိတ်ဆွေတွေဝေ ပေးနဲ့ သရက်ပင်၊ အုန်းပင်၊ အသီးတွေဆို ဘုန်းကြီးကျောင်းကိုပါ မပြတ်လှူဒါန်းနိုင်တော့တယ်။

ခင့်ရဲ့ကလေးတွေ မနက်ကျောင်းကို လိုက်ပို့ပြီးတာနဲ့ ခင်က ခြံထဲသွားပြီး ဒန်းလေးပေါ်မှာ ဒါမှမဟုတ် ကုလားထိုင်တန်းတွေမှာ ထိုင်ပြီး ဘုရားစာ ပရိတ်တွေ အကုန်ရွတ်ဖတ် မေတ္တာပို့သပြီးမှ ထမင်းဟင်းတွေချက်။ အားလပ်တဲ့ အချိန်မှာ အလှမွေးငါးကန် ၅ ခုမှာ မွေးထားတဲ့ ငါးကလေးတွေ ထိုင်ကြည့်ပြီး စိတ်အပန်းဖြေ၊ ခြံထဲမှာ လမ်းလျှောက်၊ မွေးထားတဲ့ ခွေးလေးတွေရော၊ အိမ်က ကလေးတွေရော၊ သားတွေသမီးတွေရဲ့ သူငယ်ချင်းတွေပါ ခြံထဲမှာပျော်လို့ ပြေးလွှားဆော့ကစားနေကြရင် စိတ်ထဲဝင်မှာ ကြည်နူးပီတိဖြစ်စရာလေးတွေပါပဲ။

အခုဆို ကိုကိုကပါ နယ်ကပြန်လာတိုင်း အိပ်ရာနိုးရင် ဘုရားရှိခိုး၊ မနက်စာအဆာပြေစားပြီးတာနဲ့ ခြံထဲ သွားပြီး လမ်းလျှောက်၊ ငါးကန်ထဲက ငါးလေးတွေထိုင်ကြည့် ပန်းပင် လေးတွေပြုပြင်နဲ့ သူပါ စိတ်ချမ်းသာနေပြီလေ။

အဲဒါကြောင့်မို့ "ကိုကိုရေ ခင့်စိတ်ကူးလေး မှန်သွားပြီ မဟုတ်လား" မေးတော့ "ငါ့မိန်းမ တော်ပါပေတယ်"တဲ့လေ။

ဟိုအရင်က ခြုံနွယ်ပိတ်ပေါင်းတွေထ ပျက်စီးယိုယွင်းပြီး မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေပါ နေထိုင်နေကြတဲ့ ခြံကြီးဟာ အခုဆိုရင် မြတ်စွာဘုရားရဲ့ သားတပည့် သံဃာတော်တွေရဲ့ ဂုဏ်တော် ပရိတ်တန်ခိုးတော်တွေကြောင့် ခုဆို သန့်ရှင်းသာယာလှပနေပါပြီ။

ခြံထဲမှာ မနက်မိုးလင်းက စပြီး ကျေးငှက်သာရကာလေးတွေရဲ့ သာယာနာပျော်ဖွယ်တွန်ကြူးသံလေးတွေနဲ့ လောကကြီးကို အလှဆင်နိုင်သွားပါပြီ။

**မွန်မြတ်သီရိ**



# ငါတို့အိမ်

ငါတို့အိမ်မှာ . . .
မတူညီခြင်းတွေရဲ့ သံစဉ်တွေရှိသလို မေးငေါ့တတ်တဲ့ မျက်ဝန်းတွေရှိတယ်
ကျားမှန်းသိရအောင် အစွယ်ပြတတ်တဲ့လူတွေရှိတယ်။
ငါတို့အိမ်မှာ . . .
အမေပျောက်တဲ့လူတွေရှိသလို အမေလိုက်ရှာနေတဲ့ ကလေးတွေရှိတယ်
ဆတ်ကိုင်းအောက်က ညှို့ယူအားကောင်းတဲ့ မိတ်ကပ်နီလေးတွေလည်း ရှိတယ်
ရှုံးတရင် မင်းတော့မဖြစ်ဘူး ခွေးတော့ဖြစ်မယ်ဆိုတတ်တဲ့ လူတန်းစားတွေရှိသလို
ခြေကျုံ့တတ်တဲ့ စကားလုံးရိုင်းတွေလည်း ရှိတယ်။
ငါတို့အိမ်မှာ . . .
အဘောရူးတွေရှိသလို တဘောရူးတွေလည်းရှိတယ်
လောကကြီးမှာ တည့်တည့်မလျှောက်တဲ့ ခြေလှမ်းတွေကို တည့်တည့်လှမ်းနိုင်ရမယ်ဆိုတဲ့ လူတွေရှိသလို
စကားပိုင်ကျကျ ကောင်းတစ်ခုကို သေရည်ကောင်းကောင်းထက်မက်တဲ့လူတွေလည်း ရှိတယ်။
ငါတို့အိမ်မှာ . . .
ဦးနှောက်ပြေတဲ့အရူးတွေရှိသလို မရူးတရူးလူတွေလည်း ရှိကြပြန်တယ်။
ငါတို့အိမ်မှာ . . .
ဒီမိုကရေစီမကျတကျ ရွေးကောက်ပွဲတွေရှိသလို
ဒီမိုကရေစီမကျတကျလူတွေလည်း ရှိကြပြန်တယ်
ဖက်အရယ်သာရှိတဲ့ ရွေးကောက်ပွဲတွေလည်း ရှိကြပြန်တယ်။
ငါတို့အိမ်မှာ . . .
လပြည့်ညရဲ့ အလှကို ငါးမျှားချိတ်နဲ့ချိတ်ယူပြီး ပိုင်ဆိုင်ဖို့ ကြိုးစားတဲ့သူတွေရှိသလို
မနက်ခင်းရဲ့ တေးကြိုးသံကို ငါးမျှားဖို့ကြိုးစားနေတဲ့သူတွေ ရှိကြပြန်တယ်။
ငါတို့အိမ်မှာ . . .
နားကပ်မတပ်ရဆိုတဲ့ အမိန့်တွေရှိသလို နားကပ်တပ်တဲ့လူနည်းစုတွေရှိတယ်
အကျီပြုတ်ပါဆိုတော့ အမြဲရောင်မပြင်ဖူးတဲ့လူတွေရှိသလို
ဥပဒေဆိုတော့ အပေါ်ကို မော့မကြည့်ဘဲ ခြေထောက်အောက်ကို ငုံ့ကြည့်တဲ့လူတွေ တစ်ပုံတစ်ပင်ကြီး ရှိနေပြန်တယ်။
ငါတို့အိမ်မှာ . . .
ဘုရားပေးတဲ့ကျွန်တွေရှိသလို ဘုရားမကြိုက်တဲ့ လုပ်ရပ်တွေရှိတယ်
ထိုင်တာချင်းတူပေမယ့် ရတာချင်းမတူတဲ့ လူတွေရှိပြန်တယ်
ကုသိုလ်ပြုတာပြောပါဆိုတော့ လက်ချိုးရေတဲ့ လူတွေရှိသလို
ချိုးစရာလက်မရှိတဲ့ အိမ်လူအိမ်သားတွေ ငါတို့အိမ်မှာ များလှပေါ့။
ဒီလိုနဲ့ . . . ငါတို့အိမ်လေး အသက်ရှူမဝတာနဲ့ အသက်ဆက်လာခဲ့တာ
ခုရှိနေပြီ ဆိုပါတော့ဗျာ . . .။

ဆလိုင်းမြတ်နိုးသူ (တောင်ဇလပ်မြေ)

Asian Fame Media Group
MEDIA GROUP



## လူ

အမှန်တရားကို သင်းသတ်ထားတဲ့မြို့တွေ
လိမ်ပြောမလုံတဲ့ အတ္တတက်ပါထဲမှာမြှုပ်ထားရင်း
ရှုံ့လှုနေတဲ့စိတ်ဓာတ်ကို အတိမ်မြှုပ်ရလို့
တစ်ပါးသူမျက်နှာမွေးပေါ် တိုက်တွေဆောက်တယ်
ရင်ဘတ်ထဲ မှုန့်ရှိယာပျိုးနေတော့ကြွက်ကြဲလို့
လောကနီတိကို ချောင်ထိုးလို့
အဘောမထောက်နိုင်တဲ့ ရမ္မက်မီးလျှံထဲ
သိက္ခာနဲ့ဂိုက္ခာကို လဲလှယ်ပွဲကျင်းပတယ်
လက်သီးလက်မောင်းတန်း ကြွေးကြော်ရင်း
ငါကွ ငါကွနဲ့ ခြေအချုပ်ပဲ
အလင်းနဲ့အမှောင်က ဘဝကို တိုက်စားလို့
မရထထရားက ကုပ်ဆွဲခေါ်သွားတယ်
ထူးမ (ပေါင်)



## မုန်တိုင်းထဲ

ဘယ်လိုလဲ
နှစ်ကိုယ်တွဲဖို့ သစ္စာတွေနဲ့
လောကဓံကို ရင်ကြည့်ခဲ့ရဲ့လား။
အရိုက်အရှက်
အတိုက်အခက်တွေထဲ
နေနိုင်ခဲ့ဖို့ အားတင်းထား။
ဘာဖြစ်ဖြစ်
အခါခါ အချစ်တွေ ရင်မှာအမြစ်တွယ်
အကြောင်းနာစစ်တယ်ဆိုရင်လေ။
မုန်တိုင်းတွေ
ကြုံတိုင်းလည်း
တကယ်တမ်း အချစ်ဟာတိုင်ရင်တော့
သစ်ပင်ပင်လို အမြစ်ခိုင်နေမယ်လေ။
ဆန်းငယ်လေး (ပုတီးကုန်း)



## လမ်းခွဲ

ကျကွဲသွားတဲ့ ဆုံမှတ်မှာ
နှင်းဆီတစ်ပွင့်ပွင့်နေတာ ဘယ်သူသိလဲ။
ပေါက်ယက်ခတ်အိပ်မက်တွေ
ထပ်ချုန်းတဲ့ မိုးကြိုး
ပိတ်ပိတ်ကောင်းနဲ့ တိုးဝင်ပျောက်ကွယ်သွားတယ်
အရုပ်တက်အတက်ရာ နံနက်တွေက
ကိုယ်တိုင်ရှုး ရာသီဥတုမှာ
မှိုင်သံသဲ့သဲ့နဲ့
ပွင့်ဖတ်တွေစိမ်းအောင် ကျညီကြ
စောချိုင်းယှဉ်ထွက် ရက်စက်တဲ့မာယာ
နားကြည်မှုရောင်ပြန်ဟပ်တဲ့ကြားက
ယုံယုံလေးအပြုံးနဲ့ နှင်းဆီရဲ့ နှလုံးသားကို ခြေ
သုံးကိုယ်တိုင်လည်း ဝိုင်းကြွေနေတယ်။
ကိုစနေ (ဝန်းပေါ်)

# ဖူးနုသစ်လွင် ကဗျာဥယျာဉ်



## ကမ်းပါး

ကမ္ဘာကြီးနဲ့ ပခုံးချင်းယှဉ်ဖို့ရတဲ့ ပေးဆပ်မှုတွေနဲ့
နေ့ရက်အိုတိုင်းကိုလည်း
လက်ကလွတ်မကျအောင် ဆုပ်ကိုင်ထားနိုင်ကြ
လက်နှစ်စုံတည်းနဲ့
လက်ခြောက်ဖက်ကို ကျော့နပ်စေမှုက
နေ့ထွက်နေဝင် ထည်ပတ်ပုံလို့မို့
မိုးခါးရေဆိုတာကိုလည်း အဆိပ်ရည်လို့ ရွံကြောက်ကြ
ကိုယ်ပိုင်အနေတွေ သိုသိပ်
ကိုယ်ပိုင်လိုအပ်ချက်တွေ ဘေးဖယ်
ပေးမှုတွေ အာနိသင်မပြယ်စေရ
လေလုညစ်ညမ်းမှုကို ဂရုမပြု
အာဟာရပြည့်ရမှာကို မကြည့်
သူတို့သိတာက
သူတို့အပင်လေးတွေ ထောင်းထိုးကင်းစေဖို့
သူတို့အပင်လေးတွေ အသီးအပွင့်ဝေစေဖို့
သူတို့ အပင်လေးတွေ အနာကင်းသုစေဖို့
အပူအစမ်းနဲ့ ပေးကူ
ကြားအစမ်းနဲ့ ပေးပ
သူတို့အပင်လေးတွေ ဆောင်ထွန်းစေဖို့

ရာဇဝင် (ဒီပဲယင်း)

## သေနေရင်း အသက်ရှင်ချင်တယ်

ခွာမနိုင်
အရိပ်ယှိုင်ကျလာပြီ … ။
ဘဝအိမ်ကို
ကဗျာနဲ့ ကျားကန်ထားခဲ့
အသက်ထက်ဆုံး အချစ်ဦးဆိုတာ
ဒို့အတွက်… ကဗျာပြီးရင် ကဗျာပဲပေါ့
လူဆိုတာ…
ကိုယ်သိတာထက်ကျော်မပြောနိုင်
ကဗျာက သူသိတာထက်
တပြန်မှုံ့တပြုံး ညွှန်ဆိုခဲ့လို့ နေတတ်တယ်။
သူ့ကိုယ်သူ… အသံထုတ်ပုံက
ကဗျာဆိုတာ 'ဟစ်တလာ' မဟုတ်ဘူး
ကမ္ဘာကို အနုစိတ်နဲ့ ယုယသိမ်းပိုက်ထားသူပေါ့
ဒါ … သူ့ကို …
မတွေ့တတ် မပြောတတ်ခဲ့
ဒို့နှလုံးသား အတက်တစ်ခုရှိတယ်
ကဗျာတွေ… ကမ္ဘာမြေထားရစ်ပြီးတော့
သေနေရင်း… အသက်ရှင်ချင်တယ်

နေဦးသစ် (အထက်၊ ပင်လှ)



'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'၏ ပရိသတ်များဖြစ်သည့် ကဗျာဝါသနာရှင်များအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပေးပို့လာသော ကဗျာများအနက်မှ သင့်တော်ရာအချို့ကို ရတီမဂ္ဂဇင်း၏ Face book စာမျက်နှာထက်တွင် အပိုဆောင်း ကဗျာအဖြစ် ဖော်ပြပေးသွားမည်ဖြစ်သောကြောင့် စာမျက်နှာထက်တွင် ပုံနှိပ်ဖော်ပြခြင်း မခံရသူများအနေဖြင့် အွန်လိုင်းတွင် မိမိတို့၏ ကဗျာများကို စောင့်မျှော်ဖတ်ရှုနိုင်ပါကြောင်း. . . . .



Asian Fame Media Group

# ဖူးနေသစ်လွင် ကဗျာဥယျာဉ်



## မီးစွဲလောင်နေတဲ့ လျှာ

ကျွန်တော်တို့ဘက်က ရိုးရိုးသားသားဆာလောင်လို့
ခင်ဗျား . . . ခြံထဲက သစ်သီးဟာ
ကျွန်တော်တို့ဘက်ကို အလိုအလျောက်
ရောက်မလာဘူး။
ကောင်းမှုကုသိုလ်ကံဆိုတာ ကျွန်တော်တို့
စားသုံးမကြည့်ရသေးတဲ့ သစ်သီး။
ဆာလောင်မွတ်သိပ်
ဆင်းရဲခြင်းဒုက္ခ။
ကယ်တင်ခြင်း ဖြည့်ဆည်းခြင်း မွေးတွေ့ခြင်း
နှစ်ဦးနှစ်ဖက်
ငြိမ်းချမ်းသာယာသော ဥယျာဉ်၊ မိုးရွာ
ဘာကြောင့်
ခင်ဗျား . . . မျက်ဝန်းတွေ ခဏခဏ
ကက်(စ်)မီးဖိုလို တောက်လောင်နေရသလဲ။
အကုသိုလ်ကံမှာ ဘုရားရဲ့ ဦးရီးတော်ပဲဖြစ်ဖြစ်
ဘုရားရဲ့ယောက်ဖတော်ပဲဖြစ်ဖြစ်
ခင်ဗျားစိတ်ကူးစိတ်သန်း မကောင်းရင်
ခင်ဗျားရှေ့ကပြွတ်တဲ့ဟင်းလည်း
ချိုး (ဂျိုး) ဗွဲသွားမှာပဲ။
ကြေညာတစ်ပေါက်ကြောင့်
သွေးတစ်စက်ကြောင့်
စစ်ပွဲမှာ ကျွန်ုပ်တို့လား . . .
အိုဆေးဟာ . . .
ဒေါသ။
အချိန်တန်ရင် စမ်းချောင်းထဲက ရေလည်း
ခန်းခြောက်ရင်
အားလုံးကုန်ဆုံးမှာပဲ။ ။

မင်းလွင်ဦး (မြှည်)



## မျှော်လင့်နေသူတစ်ယောက်ရဲ့ ကင်ဆာဆဲလ်

ကောင်းဆိုးခြင်းတွေ ဖရိုလည်း
အရိုနိုင်တိုင်းပေးဆပ်ခြင်းတွေနဲ့
မျှော်လင့်နေသူတစ်ယောက်အတွက်
အလှဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုချက်
လိုသေးလို့လား . . .
အချိန်တိုင်း အတူရှိနေချင်လည်း
သေရေးကို ကြောက်လို့
မမြင်ကွယ်ရာမှာ စေ့ကြည့်နေရတဲ့ရက်တွေအတွက်
အစားထိုးဖို့ဆိုတာ ဘယ်မှာရှာတွေ့နိုင်မလဲ
ဆန့်ကျင်ဘက်ဆိုတာ အရောင်တိုင်းမှာရှိနိုင်ပေမယ့်
ငါ့အချစ်တွေအတွက် အမုန်းတော့မယူပါရစေနဲ့ . . . ။
ရက် လ နှစ်ဆိုတဲ့
ပြောင်းလဲခြင်းသက္ကရာဇ်တွေနဲ့စာရင်
ငါ့အချစ်က အဆပေါင်းများစွာ
တည်မြဲပါတယ် . . .
သိချင်လို့ ကြည့်ချင်တဲ့ဆန္ဒရှိရင်
ငါ့ရင်ထဲမှာ မင်းကြောင့်ရတဲ့
ကင်ဆာဆဲလ်တွေ
သွေးကြောအနှံ့ အမြစ်တွယ်နေပါပြီ . . . ။

သဲရာ

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **'ဖူးနေသစ်လွင်ကဗျာဥယျာဉ်'**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Fame Media Group
af MEDIA GROUP

# ဆယ်ချက်ရာမေး ပြချက်ကြဖြေ

လှကျော်ထွန်းမြကျင်



(တစ်)

အင်တာဗျူး အဘယ်ကစသနည်း။

ဟုတ်ကဲ့. . . ကျွန်ုပ်သည်ကား အားတစ် (Artist) ခေါ် အနုပညာသမားကလေးမျှသာ ဖြစ်ပြီး စကော်လာ (Scholar) ခေါ် ပညာရှင်သုတေသနသမားတစ်ဦး မဟုတ်သည့်အတွက် အထက်ပါအင်တာဗျူး အဘယ်ကစသနည်းဟူသည့် မေးခွန်း၏အဖြေကို တိတိကျကျပြောဆိုတတ်ရန် အလို့ငှာ မစွမ်းနိုင်ပါချေ။



အေဒီ ၁၁ ရာစု ပုဂံ ခေတ်ဦးမှသည် ယခုသည် ၂၁ ရာစုစွန်းပြီးလျှင် ၁၀ နှစ်ပင် ကျော်လာခဲ့ပြီဖြစ်သော ၂၀၁၀ ပြည့် နှစ်အကြား အဘယ်သို့သော နှစ်ကာလများဆီ က အင်တာဗျူး စလုပ်ခဲ့ကြပါသနည်း။ အဘယ် သူက မေးမြန်း သမှုပြု၍ အဘယ်သူက ဖြေဆိုသမှု ပြုခဲ့ကြပါ သနည်း။ ဘဇာအကြောင်းအရာကိစ္စ ဝိစ္စတို့ကို မေးခဲ့ဖြေခဲ့ကြပါသနည်း။ ကျွန်ုပ်ဉာဏ် မမီချေ။

အနှိုသော် သို့သော်လည်းပေါ့။ ကျွန်ုပ်၏ တိုတောင်းလှသော လက်တံကလေးနှင့် လှမ်းလျှင် မီသော အင်တာဗျူးဆိုင်ရာ ဗဟုသုတကလေးတော့ အနည်းငယ်ရှိပါ၏။ ယင်းကား ကျွန်ုပ်တို့၏ အစ်ကိုကြီး ကိုဝင်းငြိမ်းပါတည်း။ ဟုတ်၏ ကိုဝင်းငြိမ်း။ ကိုမျိုးမြင့်ညိမ်း၏ ဘရားသားခေါ် အစ်ကိုကြီးကိုဝင်းငြိမ်း။ လက်ဝှေ့အထိုးကောင်းသူ ကျားဘညိမ်း၏သားကြီး ကိုဝင်းငြိမ်း။ ယခု ပစ္စက္ခ မျက်မှောက်ကာလ၌ ရွှေအမြုတေဟူသော မဂ္ဂဇင်း ဘုတ်အုပ်ကြီးနှင့် အလင်းတန်းပါးပါး လျားလျားကလေးကို စီမံထုတ်လုပ်၍နေသူ ကိုဝင်းငြိမ်း။

အနှီအဆိုပါ ကိုဝင်းငြိမ်းသည်ကား ဟိုး ရှေးရှေးတုန်းအခါဆီက ပေဖူးလွှာဟူသော မဂ္ဂဇင်းတစ်အုပ်ရှိခဲ့ဖူးလေရာ ယင်း၌ စာပေ အင်တာဗျူးတို့ကို တင်ဆက်ခဲ့သူပင်ဖြစ်ပါ၏၊ သူကိုင်လိုက်သည့် လူတွေကလည်း ဘုတ်အုပ် လောကထဲက ဆင်ကြီးကျားကြီးတွေ။ ကြည်လေ ဆရာအောင်သင်းတဲ့၊ ဆရာမြသန်းတင့်တဲ့၊ ဆရာ တက္ကသိုလ်ဘုန်းနိုင်တဲ့၊ ဆရာမောင်သော်ကတို့ ဆရာမသာယာဝတီစမ်းစမ်းနွဲ့တဲ့၊ ချုပ်၍ဆိုရ သော် ၎င်းအင်တာဗျူးတို့သည် စူး၏။ ရှ၏၊ ပေါက်၏။ အရှိန်အဟုန်ကြီး၏၊ စာဖတ်နာသူက မေးသည်မဟုတ်သလော၊

အနို့နောက် ကိုဟိန်းလတ်သည်လည်း အင်တာဗျူးကောင်းသူတစ်ယောက်။ ၎င်းကမူ လူရွယ်လူလတ်တို့ကို ကောက်ဆွဲလိုက်သူ ဖြစ်ပါ ၏။ ကိုသိုက်ထွန်းသက်တို့၊ ကိုကျော်ဟိုဏ်ထက်တို့၊ ကိုရဲသျှမ်းတို့၊ ကိုညီပုလေးတို့၊ ကိုဝင်းစည်သူတို့ မဟေသီမဂ္ဂဇင်းဘုတ်အုပ်ကြီးထဲမှာ ဖတ်ခဲ့ရသည့် အင်တာဗျူးများ၊

သို့ဖြင့် ၎င်းတို့၏နောက်ပိုင်းတွင်ကား လုပ် လိုက်ကြသည့် အင်တာဗျူးတွေ၊ ဂျာနယ်ထဲမှာ၊ မဂ္ဂဇင်းထဲမှာ၊ ရုပ်သံထဲမှာ မေးသူမေး ဖြေသူဖြေ၊ World of Interview ပါပေတည့်တကား။

(နှစ်)

တစ်နေ့သ၌ သူကိုယ်သူ ဂျာနယ်လစ်ဟု နာမည်တပ်ထားသော မိန်းမငယ်ကလေးတစ်ဦး သည် ရုပ်ရှင်ဒါရိုက်တာတစ်ဦး၏အိမ်သို့ ရောက် သွား၏။ အနှီဒါရိုက်တာကား အကယ်ဒမီဆုရ ဒါရိုက်တာဖြစ်သည့်အပြင် ဝတ္ထုလည်းအရေး ကောင်းသူတစ်ဦး ဖြစ်ပါ၏။ သူ၏ဖခင်ကြီးမှာ



သယ်. . .ငါရိုက်တဲ့
ရုပ်ရှင်လည်း မကြည့်၊
ငါရေးတဲ့ စာအုပ်လည်းမဖတ်၊
ငါ့ကိုလည်း မသိ၊
ငါ့အဖေကိုလည်း မသိ၊
အသင် ငါ့ကို အဘယ့်ကြောင့်
အင်တာဗျူးလုပ်ဘိသနည်း . . .

ဒါရိုက်တာစာရေးဆရာကြီးတစ်ဦးဖြစ်ပြီး သူ၏ညီ တစ်ယောက်ကလည်း အဆိုတော်စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ဖြစ်ကာ အခြား ညီတစ်ယောက်ကလည်း စာရေးဆရာပင်ဖြစ်ပါ ၏၊ အနှီလူပုဂ္ဂိုလ်ကို ရိပ်မိမည်စိုးသောကြောင့် ဤမျှလောက်သာ ဖော်ပြလိုပါသည်။ ထား။

စကားကိုဆက်ရသော် အင်တာဗျူးသွား လုပ်သူ မိန်းမငယ်ကလေးက ထိုအနှီ၎င်း ကျွန်ုပ် တို့၏ပုဂ္ဂိုလ်ကို မေးမြန်းသည့်မေးခွန်းတချို့ကို စုစည်းဖော်ပြရသည်ရှိသော် အောက်ပါအတိုင်း ဖြစ်ပါ၏။

"ဆရာက ရုပ်ရှင်ဒါရိုက်တာဆိုတော့ ဘာ ကားတွေ ရိုက်ခဲ့ပါသလဲရှင်"

"ဆရာအကယ်ဒမီရခဲ့တဲ့ ဇာတ်ကားက ဘာကားပါလဲရှင်"

"ဆရာက ဝတ္ထုရေးခဲ့တယ်ဆို ဝတ္ထုနာမည် ကလေး ပြောပြပါဦး"

"ဆရာ့ဖခင်ကြီးက အနုပညာသမားကြီးလို့ သိရပါတယ်၊ ဘယ်သူများပါလဲရှင့်"

ထိုအခါ ကျွန်ုပ်တို့၏အစ်ကိုကြီး ဒေါကန်ဘိ ချေပြီ။

"သယ်. . . ငါရိုက်တဲ့ရုပ်ရှင်လည်း မကြည့်၊ ငါရေးတဲ့ စာအုပ်လည်းမဖတ်၊ ငါ့ကိုလည်း မသိ၊ ငါ့အဖေကိုလည်း မသိ၊ အသင် ငါ့ကို အဘယ့် ကြောင့် အင်တာဗျူးလုပ်ဘိသနည်း"

ဟူသောစကားဖြင့် ထိုအင်တာဗျူး နိဋ္ဌိတံ ရလေသတည်း။

တစ်ခါကမူ ဤသို့မဟုတ်။ အင်တာဗျူးဆရာ တလေးတစ်ယောက်က စာရေးဆရာကြီးတစ်ဦးထံ အင်တာဗျူးလိုကြောင်း ကမ်းလှမ်းလာပါ၏၊ ပြောပုံမှာ . . .

"ဆရာ ဖြေချင်တာတွေ လျှောက်ဖြေပေါ့ ဆရာရယ်၊ ကျွန်တော်က ဆရာဖြေထားတာတွေ နဲ့လိုက်ဖက်မယ့် မေးခွန်းလေးတွေ နောက်မှ လိုက်ထည့်ပေးမယ်" ဟူသတတ်။

ဩော်. . . အဖြေက ပထမ၊ အမေးက နောက်မှဟူသည့် မြန်မာ့အင်တာဗျူးကို ကမ္ဘာက ကြားမှကြားဖူးကြပါ့မလားမသိ။

ကျွန်ုပ်ကိုယ်တွေ့ကမူ ဤသို့မဟုတ်။ သမီး ငယ်တစ်ယောက်က ကျွန်ုပ်ကို အင်တာဗျူး လိုကြောင်း ပထမကမ်းလှမ်း၏။

"ဆရာ့ဆီ မီး လာခဲ့မယ်ဆရာ။ မီးက ဘာတွေမေးရမလဲဆိုတာ ဆရာက မေးခွန်းကလေး တွေ ရေးပေးရမယ်နော် ဒါပဲ" ဟူ၏။

ဩော် . . . ဘယ်နှယ့်သော အင်တာဗျူး လောကကြီးပေလဲ မသိ။ မေးခွန်းမရှိသော သူတို့ကို ကျွန်ုပ်တို့က ဖြေကြားပေးနေရသော လောကကြီးပါပေတမုံ့တကား။

ဂျက်တွမ်းမြိုကုန်း

May I help you ကျွန်မ လှည့်ကြည့်လိုက်တော့ အပြုံးနှင့်အတူ လေယာဉ်မောင်လေးက လက်ဆန့်တန်းပြီး ကျွန်မရဲ့ ပစ္စည်းများကို ကူညီမတင်ပေးပါတယ်။ ကျွန်မကိုကြည့်ပြီးတော့လည်း သူက ရယ်နေလိုက်သေးသည်၊ သူရယ်မည်ဆိုရင်လည်း ကျွန်မပုံက ရယ်ချင်စရာရယ်ပါ။ ကျွန်မ တစ်ကိုယ်လုံး အိတ်ကြီးအိတ်ငယ် အသွယ်သွယ်နှင့်ပြည့်နက်နေခဲ့သည်။ကျွန်မ၏ company က ဝယ်ပေးလိုက်သော ကုန်ချိန် ၃၀ ကီလိုကိုပင် ကျွန်မ Hand Carry အပို ၁၀ ကီလိုလောက် ပိုသယ်လာ လိုက်သေးသည်။



# အလွမ်းရင့်တက်တူး Tattoo

## မေဃဝတီ (ဒဂုံတက္ကသိုလ်)

အပြီးပြန်လာတာပဲ ဒီလောက်ကတော့ မရမှာပေါ့၊ ဒါနဲ့တောင် အားမရသေး၊ ကျွန်မ ကိုယ်လုံးနီးပါးရှိသည့် ဝက်ဝံရုပ်ချောက လက်ရောင်ကြီးကိုပါ သယ်လာလိုက်သေးသည်။

“ဘာကိုမှ မချန်ထားခဲ့ဘူး၊ ဟီးဟီး”

ကိုယ့်ဘာသာ သဘောကျပြီးရယ် မိသေး။ ဤဝက်ဝံရုပ်ကြီးကို ဖိလစ်ပိုင်လေး ‘ဒီဝပ်’ကပိုးပန်းပြီး ကျွန်မ မွေးနေ့မှာ လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုင်ခုံပေါ် ထိုင်ချပြီးတော့မှ

“ဟူး . . . ခုမှဘဲ စိတ်အေးရတော့တယ်”

ကျွန်မခုံဘေးနားကို လှည့်ကြည့်မိတော့ တစ်ယောက်မှတောင်

Asian Fame Media Group



Asian Fame Media Group

မရောက်ကြသေးပါ။ ကျွန်မသာလျှင် စိတ်စောလွန်းပြီး ဦးဆုံးတတ်လာသူ ဖြစ်နေသည်။ နောက်ကစီတန်းပြီး လိုက်လာသူများကို လေယာဉ် ပြတင်းပေါက်ကနေ ကြည့်ရသည်မှာ ပုရွက်ဆိတ်တန်းလေး ပမာ။ တစ်ခုပဲ ရှိသည် အချို့ပုရွက်ဆိတ် ကလေး များမှာ အထုပ်အပိုးတွေ မနိုင်မနင်း နှင့် သယ်လိုက်၊ ဒရွတ်တိုက် ဆွဲလာ လိုက်နှင့် မိမိလိုလူစားမျိုးတွေပဲ ဖြစ်လိမ့်မည်။ ဟောဟို တစ်ယောက် ကတော့ ပေါ့ပေါ့ပါးပါးလေးနှင့် တက်လာသည့် ပုံဆိုတော့ အလည် ပြန်တာဖြစ်လိမ့်မည်၊ ကိုယ်က အရင်ရောက်နှင့်နေသူ ဖြစ်သဖြင့် ကိုယ့်နောက်မှတတ်လာသူ တစ် ယောက်ချင်းစီကို ကြည့်ပြီး မှတ်ချက် တွေပေးနေမိသည်။ 'ဂလွမ်း'အသံ နှင့်အတူပစ္စည်း တစ်ခုကျွန်မ ဘေး နားကျလာသည်။ ကျွန်မလည်း ယောင်ယမ်းပြီး မေးမိသည်။

"ဘာကြီးလဲ"သူကရယ်သွမ်း သွေးပြီး

"အဟီး . . . ပန်ကာကြီးပါ" တစ်ဆိတ်လောက်ဗျာ. . . ကျွန် တော်က ဟိုဘက်ခုံကပါ"

"သူ့ကို အလျင်အမြန်ဖယ်ပေး ပြီး၊ အမယ်လေး။ . . . ဒီလူနယ်နေ၁် ငါ့ထက်တောင်ပိုဆိုးနေပါလား။ နံရံ ကပ် ပန်ကာကိုတောင် ပြန်သယ်လာ ရတယ်လို့ ဟီး ဟီး"

လေယာဉ်ခုံတွေ ပြည့်လုနီးပါး တက်မည့်သူလည်း မရှိသလောက် အချိန်တွင်မှ စပ်ကာမှ အင်္ဂလိပ်လို လက်ကိုင်ဖုန်းများကို ပိတ်ထားရန် နှင့် ခါးပတ်များကို ပတ်ထားကြရန် ကြေညာသံကို ကြားရမှာပဲ။ ရင်ခုန် သံတွေ တဒုတ်ဒုတ်ပိုမြန်လာပြီး ရင် ထဲမှ တလှပ်လှပ် ခံစားမှုကြောင့်

"အို . . . ငါဘာကြောင့် . . . ဒီလောက်တောင် စိတ်လှုပ်ရှားနေရ တာလဲ။ ကျွန်မပြန်ခဲ့ပြီမောင်ရေ"

အိမ်အပြန် . . . တွေ့ရမည့် အမေနှင့် မောင်လေး . . . ကျွန်မရဲ့ သူငယ်ချင်းများနှင့် မောင့်ကို ပြန် တွေ့ရတော့မည်မို့လား။ လေယာဉ် ကဘီးလိမ့်ရင်း ဝေဟင်ပေါ် ပျံတက် ရန် အားယူနေသည်။ လေယာဉ် ကြီးက ဦးမော့တက်ရင်း သတ်မှတ် အမြင့်ပေအရောက်မှာ ပုံမှန်ပျံသန်း လျက်ရှိသည်။ အခုမှ စိတ်လှုပ်ရှားမှု ရပ်တာ နဂိုအနေအထား ပြန်ရောက် သွားသလိုပင်၊ အောက်ဘက်တွင် တွေ့ရသော စိမ်းညိုနေသည် ဆီအုန်းတောများကို ကြည့်မိ တော့ မှ နေရစ်ခဲ့ပေတော့ မလေးရှား ရေ"

အပြန်ခရီးမှာတော့ အများစု က ကိုရွှေမြန်မာများသာလျှင်၊ နိုင်ငံခြားသား အနည်းငယ်ကိုသာ တွေ့မြင်ရသည်။ ဟို ရောက်သွားလို့ အမေနဲ့တွေ့ရင် မောင်လေးနဲ့တွေ့ ရင် ပြောပြစရာတွေအပုံအပင် အိပ် ချိန်တွေတောင် နောက်ကျကုန်လိမ့် မည်။ မောင်နှင့်တွေ့ရင်ရော စကား တွေကို ပြောလို့ ကုန်မည်မထင်ပါ။ အတွေးများက ဟိုရောက် ဒီရောက် နှင့် ရင်ခွင်တွင်းက 'ဒါလင်ချောက လက်' ဝက်ဝံရုပ်ကြီးကို ဖက်ထား ရင်း နားခေါင်းလေးကိုလိမ်ဆွဲလိုက် သည်။ မောင့်အမှတ်နှင့်ပေါ့။ သည် လို အပြုအမူမျိုးတွေက ကျွန်မလုပ် နေကျပါမောင်။ ဒီဝက်ဝံရုပ်လေးကို ဖိလစ်ပိုင်လေး 'ဒီဝယ်'ဆီကနေ လက် ဆောင်ရကတည်းက သူ့ကို မောင့် အမှတ်နဲ့ အလုပ်က ပြန်လာရင် မောင့်ကိုပြောချင်တဲ့ စကားတွေ၊ ဝမ်းနည်းနေတာတွေ၊ ပျော်ရွှင်ရ တာတွေ၊ ဒေါသဖြစ်လာတာတွေကို လည်း မောင့်ကိုယ်စား 'ဒါလင် ချောကလက်' ဝက်ဝံရုပ် ကလေးကိုပဲ ရင်ဖွင့်ဖြစ်တာပေါ့မောင်။ အိပ် တော့လည်းအတူ စားရင်လည်း ထမင်းစားပွဲခုံမှာ ထိုင်ခိုင်းထားတယ် မောင်။ မောင်နဲ့ ဖုန်းပြောပြီးလို့ ကျွန်မစိတ် အရမ်းရွှင်နေရင်လည်း မောင့်အမှတ်နဲ့ အနမ်းတွေကို အများကြီးပေးလိုက်တာကိုး မောင် ရဲ့။ ပြန်ရောက်တော့မှမောင့်ကို ဒီ အကြောင်းတွေ ပြန်ပြောရင်တော့ ဝက်ဝံလေးကို မနာလိုမဖြစ်ရဘူး နော်မောင်။ မောင့်ကို အသိမပေးဘဲ ကျွန်မပြန်လာခဲ့ပြီး မောင်ရုံးတက် ချိန်မောင့်ရုံးရှေ့မှာ သွားရပ်နေလို့ မောင်က ကျွန်မကိုတွေ့သွားခဲ့ရင် ဘယ်လောက်တောင် ဝမ်းသာလိမ့် မလဲ . . နော်။

ကျွန်မကြည့်ချင်သေးတယ် မောင်။ မောင်က စိတ်ဆိုးနေလို့ မမြင်ယောင်ဆောင်ပြီး ကျော်သွား ခဲ့ရင်လည်း ကျွန်မမောင့်လက်ကို ဆွဲပြေးပြီး မောင့်ကိုရုံးမတက်ခိုင်း တော့ဘဲ နှစ်ယောက်သားလစ်ကြ တာပေါ့မောင်။

"အစ်မ ဒီမှာမိန္နူး ဘာမှာမလဲ ဟင်"

"ညီမပေးချင်တာပေးလေ"

"ညီမတို့က မပေးဘူး၊ ကြိုက် တာဝယ်စားရတာ အစ်မရဲ့"

"ဗုဒ္ဓေါရေ. . . "

ကျွန်မယောင်ပြီး လေယာဉ် မယ်လေးရှေ့တွင် အသံမထွက်ရ အောင် သတိထားလိုက်ရသည်။ ဝယ်စားရမည် ဆိုပါလား။ အလာ တုန်းကတော့ သူတို့တစ်တွေလိုက်ချ ကျွေးနေသည်။ ဘေးနားက အန်တီ Colaဘူးတောင်း သောက်လို့တောင် ကိုယ်က လိုက်တောင်းသောက်လိုက် သေးတယ်၊ ဝယ်စားဆိုတော့လည်း ဝယ်စားလိုက်တာပေါ့။

"အမလေးလေး . . . . ဈေး ကြီးလိုက်တာ"

နံဘေးက ပန်ကာသယ်လာ သော ထိုလူက ငြီးနေသည်။ ကျွန်မ လည်း မိန္နူးကိုကြည့်ပြီး ဈေးအနည်း ဆုံး RM-7 ရင်းဂစ်တန် ပေါင်မုန့် အသားညှပ်ကိုရွေးမှာလိုက်သည်။

"ဒီ Sandwich ပဲပေးပါ ညီမ လေး" သူမကမှာသည့် အသားညှပ် ပေါင်မုန့်ကို ထုတ်ပေးသည်။

"အရည်ကော အစ်မ"

"ရေဘူးအသေးတစ်ဘူးပေးပါ" မလေးငွေ ဆယ်တန်တစ်ရွက် ထုတ် ပေးတော့ တစ်ကျပ်ခွဲ ပြန်အမ်းပေး သည်။ ပေါင်မုန့်ကို ဖွင့်ထုတ် စားရင်း အင်း. . . အရသာတော့ ကောင်း သား။ အမှန်ကတော့ ကျွန်မ မနက်စာ ကိတ်ခြောက်နှင့် ကော်ဖီ ကလွဲလို့ ဘာမှကိုမစားရသေး၊ ကျွန်မနေသည့် မာလက္ကာမြို့မှ နှစ် နာရီခွဲလောက် Taxi စီးပြီးလို့ လေယာဉ်ကွင်းရောက်တော့လည်း လက်မှတ်ပြန်စစ်ရ၊ Check In လုပ်ရ၊ ကီလိုချိန်ရနှင့် ပြန်ချင်ဇော နှင့် တစ်ခုပြီးတစ်ခု တောက်လျှောက် လုပ်နေခဲ့ပြီ။ လေယာဉ်ပေါ် တတ်ဖို့ ထိုင်စောင့်နေတုန်းက လည်း အာရုံ မရ၊ ဆာလည်း မဆာ အခုခြောက် နာရီ ကျော်နေပြီ။ တစ်နေ့ခင်းလုံးနှင့် တစ်ညနေလုံး အစားအသောက်ကိစ္စ ကို မေ့နေခဲ့ပြီး ရေတစ်ဘူးနှင့် ကိစ္စ ပြီးနေခဲ့သည်။ အခုတော့ အစာ တစ်ခုကို ဝတ်ကျေတမ်းကျေဖြင့် ဝယ်စားလိုက်တော့မှ မိမိဆာလောင် နေမှန်းသိတော့သည်။

"ဈေးကမြင့်တယ်နော်၊ လေ ယာဉ်ပေါ်မှာ ရောင်းလို့လား မသိ ဘူး ဟား ဟား ဟား. . . . "



Asian Media Group

ကျွန်မခေါင်းညိတ်ပြလိုက်တော့ သူက ဆက်ပြောရင်း

"ဒီ Air Asia က ဒါကြောင့် ဒီလောက်လေယာဉ်လက်မှတ်ဈေးချိုနေတာကိုး။ အစားအသောက်တွေကျတော့ မပေးဘူး။ နှစ်နာရီခွဲ ခရီးလောက်ကိုတော့ အောင့်ထားကြကွာ၊ အဲ. . . မနေနိုင်ရင် ကိုယ့်ဘာသာဝယ်စားကြကွာဆိုပြီး ရောင်းပေးနေကြတာကိုး"

တစ်ယောက်တည်းထင်မြင်ချက်တွေကို ဖွင့်ဟသွားသည်။

"သူပြောတော့လည်း ဟုတ်သားဟ" လေယာဉ်ပြတင်းပေါက်နားက ကျွန်မတို့နှင့်အတူ ထိုင်နေတဲ့ ညီမလေးကတော့ အနေအေးပါသည်။ ပြုံးရုံသာ ပြုံးပြပြီး ဘာစကားမှလိုက်မပြောပေ။ သူမကတော့ အလည်ပြန်လာသည်ပြောပါသည်။ ကျွန်မစားပြီးလို့ ဗိုက်ပြည့် သွား၍သော်လား မပြောတတ်ပါ။ စိတ်တင်းကျပ်မှုနှင့် စိုးရိမ်ကြောင့်ကြမှုများလျော့ပါးသွားပြီး သက်သောင့်သက်သာ ဖြစ်သွားခဲ့ပြီ။

"အား. . . နားတွေအူပြီးကိုက်လိုက်တာ" ကျွန်မနားနှစ်ဖက်ထဲကို လက်ညှိုးနှစ်ချောင်းဖိထိုးထားမိသည်။ လေယာဉ်သည် သိမ့်သိမ့်တုန်နေပြီး လေထုကို ထိုးခွဲမောင်းနှင်နေသလို တစ်ချက်တစ်ချက် တဒုတ်ဒုတ်နှင့် လေထုကို ဝင်ဆောင့်နေသည် ထင်မိသည်။

"ဘုရား. . . ဘုရား" မိမိထင်နေလို့များလား ညက ပြန်ရတော့မည်ဆိုပြီး တစ်ညလုံး အတွေးများလွန်း၍ အိပ်ရေးပျက်ပြီး ဤသို့ ဖြစ်နေသည်များလား။ ဘေးနားက လူကိုကြည့်မိတော့ သူကလည်း ကျွန်မလိုပင် နားနှစ်ဖက်ကို အုပ်ထားသည်။

"နားတွေအူလိုက်တာဗျာ မခံနိုင်တော့ဘူး"

သူက ကျွန်မကို အကျယ်ကြီးအော်ပြောနေသည်။

"ပြော် . . . သူလည်း ကျွန်မလို ခံစားရလို့ ဖြစ်လိမ့်မည် ဟု ကျွန်မတစ်ယောက်တည်း ခံစားရသည် မဟုတ်။ လူတိုင်းထိုသို့ ဖြစ်လိမ့်မည်ဟု အသိကြောင့် စိတ်တင်းမိ၏။ နားတွေအူပြီး လေတွေကဝင်သလို ထွက်သလို ကလိကလိဖြစ်နေသဖြင့် နားဖာကလော်ကိုဖြေးယူပြီးတော့ကို ကလော်ချင်စိတ်ကဖြင်းပြလာမိသည်။ "အမလေးနော်ငါတော့ ဒီအဖြစ်ကို အိမ်ပြန်ရောက်ရင် ပြန်ကို ပြောမယ်။ လေယာဉ်ပေါ်မှာတုန်းက အရမ်းကို နားကလော်ချင်နေတာလို့ ဟင်းဟင်းဟင်း"

ကျွန်မအတွေးနဲ့ ကျွန်မရယ်သံကထွက်လာတော့

"ဟော. . . အစ်မက နားကိုအုပ်ပြီး ရယ်နေတယ်ပေါ့လေ၊ အပြင်မှာ ရာသီဥတုဆိုးနေလို့ မိုးတွေရွာလို့ အဲဒီလိုဖြစ်နေတာ အစ်မရဲ့. . . မြန်မာပြည်ဘက်ခြမ်း ရောက်နေပြီလေ"

"အဲဒီတော့ဘာ ဖြစ်လဲဟင်"

"ပြော် ဒီလိုလေ. . . ဟိုကထွက်လာတုန်းက ရာသီဥတုသာယာတယ်မဟုတ်လား။ အခုကငါးလပိုင်းလယ် ရောက်နေပြီဆိုတော့ မြန်မာပြည်မှာက ဒီလလောက်မှာဆို အနောက်တောင် မုတ်သုံလေက ဝင်ရောက်တတ်နေပြီလေ၊ ဘာမှ စိတ်မပူနဲ့အစ်မ။ နောက်နာရီဝက်လောက်ဆိုရင် နားအူတာပျောက်သွားလိမ့်မယ်"

သူပြောတာ ဟုတ်လိမ့်မည်၊ သူမတွင် ဤသို့သော အဖြစ်ကို တွေ့ကြုံဖူးနေ၍ ကျွန်မကို နှစ်သိမ့်ပေးတာဖြစ်လိမ့်မည်၊ ကိုယ်က ဟိုမှာနည်းနည်း အနေကြာသွားတော့ ဒီအကြောင်းကို မေ့ချင်ချင်ဖြစ်နေခဲ့သည်၊ မလေးရှားမှာက မုတ်သုံလေရယ်လို့လည်း ရှိမည်မထင်၊ အဲလေ . . . ငါ့နယ်ရှိချင်လည်း ရှိမှာပေါ့။ ကိုယ်ကနည်းနည်းပဲ သိတာ။ ကိုယ်သိတာကတော့ တစ်နှစ်ပတ်လုံး မိုးရွာနေတာ၊ ရွာတာကလည်း အမြဲမဟုတ်။ တစ်ပတ်ခြားတစ်ခါ နှစ်ပတ်ခြားမှ တစ်ခါရွာပြန်တော့လည်း နာရီဝက်တစ်နာရီ အများဆုံးရွာတဲ့အချိန်ကျတော့လည်း လျှပ်စီးတွေတဝင်းဝင်း၊ မိုးကြိုး တဗုံးဗုံးနှင့် တကယ့်ကို မိုးဦးကျမိုးလို ဟော နာရီဝက် လေးဆယ့်ငါးမိနစ်လောက်လည်း ရွာပြီးရော. . . ပါပိတ်တိတ်။ နောက်တစ်ပတ်ဘယ်ရက်ခါရွာ ဦးမလဲ ကိုရွှေမိုးရာလို့ မေးရမလောက်။ မိုးတွင်းရယ်လို့လည်း သီးသီးသန့်သန့်မရှိ။ နွေရာသီလို အပြတ်မိုးပူအိုက်လျက်ဆောင်းဆိုတာမရှိလို့ သိတောင်မသိခဲ့ပါ။ အိမ်ကထည့်သွားတဲ့ စွယ်တာလေးတောင် ပွဲမထုတ်လိုက်ရ။ ကျွန်မ ရောက်ခါစ နိုဝင်ဘာလမှာ မိုးတွေ ရွာနေလို့ Superviser ကို

"အခုက ဒီမှာ မိုးရာသီလား" လို့ မေးတော့ သူက "မိုးရာသီတော့ မဟုတ်ဘူး။ ဒီလိုပဲ မိုးတွေရွာလိုက်ပူလိုက်နဲ့ တစ်နှစ်ပတ်လုံးပဲ"တဲ့။ ပြောခဲ့ဖူး၍ မှတ်မိနေခဲ့သည်။ "မလဲချင်ပါဘူး ဆိုတာကို" ကောင်မလေး၏ အသံက ဆောင့်ဆောင့်အောင့်အောင့် ထွက်လာသည့်အသံမျိုး။ ကျွန်မခုံနှင့် မျက်စောင်းထိုးခုံက အတွဲ စကားကြိတ်များနေသလိုပင်။ သူ့ကောင်မလေးကို ဘေးနားက ကောင်လေးနှင့် မထိုင်စေချင်၍ သူနှင့်လဲထိုင်ရန်ပြောနေခြင်းဖြစ်လိမ့်မည်။ စကန့်သူ့ကောင်မလေးကို သဝန်တိုနေတာဖြစ်မည်။ အဟင်း ကျွန်မရဲ့ မောင်တစ်ယောက်လည်း ကျွန်မကို သဝန်တိုတတ်သည်။ မှတ်မိနေသေးသည်။ တစ်ခါသား မောင်နဲ့ ကျွန်မချစ်သူတွေ ဖြစ်ခါစပေါ့။ ဘတ်စ်ကားအတူ စီးကြသည်။ နောက်ဆုံးခုံ တန်းလျားနား နှစ်ယောက်သားရပ်နေတုန်း ထိုင်နေသည့် တစ်ယောက်က ဆင်းသွားသည်။ ဘေးနားက အစ်ကိုကြီးက မေးဆတ်ပြပြီး ကျွန်မကို ထိုင်ခိုင်းသည်။ ဒါကို မောင်က ခေါင်းခါ အချက်ပြပြီး ကျွန်မကို မထိုင်ခိုင်း။

"ဝင်ထိုင်လေညီမ"ထိုင်ခိုင်းနေသဖြင့်။

"ရတယ်အစ်ကို ရှေ့နား ဆိုရင် ဆင်းတော့မှာ" မောင်ကဝင် ပြောပြီး ကျွန်မလက်ကို ဆွဲပြီး အပေါက်ဝနားခေါ်လာသည်။ အမှန်တော့

ဆင်းမည့်မှတ်တိုင်က ဝေးသေးသည်ကို သူအတင်းပြီး ဆွဲခေါ်လာ၍ အပေါက်နားမှာ ဟိုလူက တိုးတက်လာလိုက်၊ ဒီလူက တွန်းဆင်းသွားနှင့် သူ့ကို နှုတ်ခမ်းစူပြရင်း ကျွန်မ မျက်စောင်းထိုးပြတော့ မောင်က ရယ်နေခဲ့သည်။ အတွေးရေယာဉ်ကြောဝယ် နစ်မျောနေစဉ်၊ "ဟယ်လေယာဉ်ပေါ်ကလူတွေ လှုပ်လှုပ်ရှားရှား ဖြစ်နေပါ ပေါ့လား"

"ရောက်တော့မည်ထင်ပါရဲ့" လက်ပတ်နာရီကို ငုံကြည့်လိုက်တော့ လက်တံများက ကိုးနာရီခွဲဆိုတာကို ညွှန်ပြနေသည်၊

"လေယာဉ်စီးနေချိန် နှစ်နာရီခွဲရှိနေပြီ။ ဒါဆိုရင်ရောက်တော့မှာပေါ့" လေယာဉ်ပြတင်းနားကပ်ပြီး ငုံ့ကြည့်လိုက်တော့ မီးရောင်လဲ့လဲ့ကို မြင်ရ၏၊ "အိုး . . . ရောက် ပြီပေါ့" စိတ်တွေ ပြန်လှုပ်ရှားလာ ပြန်ပြီ။ အမေတို့ ကြိုရောက် နေကြရဲ့လား။ အခုက ကိုးနာရီခွဲ ဆိုတော့ မြန်မာစံတော်ချိန် ညရှစ်နာရီရှိပြီပေါ့။ မလေးနဲ့ မြန်မာက စံတော်ချိန် တစ်နာရီခွဲ ကွာသည်မို့ အမေတို့ကို ညနေ ခုနစ်နာရီလောက် အရောက်လာကြိုဖို့ ဖုန်းနှင့်ကြိုမှာထားခဲ့ပြီးဖြစ်သည်။ ရောက်နေနှင့်လောက်ပါပြီ မိမိစိတ်ကို လျှော့မိ၏။ လေယာဉ်ဘီးက မြေလမ်းနှင့်ထိ၍ ဒုတ်ခနဲ မြည်၏၊ ကိုယ့်စိတ်အတိုင်းဆို ရှေ့ဆုံးက ဆင်းနေဦးမည်သာ။ ယခုတော့ လေယာဉ် ရှေ့ဆုံးနားက လူတွေ အရင်ဆင်းကြရသည်မို့ သည်းခံစောင့်ရသည်။ ကိုယ့်အလှည့်ရောက်တော့ အသွက်လက်ဆုံးဆင်းနေမိသည်။

"ဟေး. . . ပျော်လိုက်တာ" အရင်ဦးဆုံး ကိုကြီးရဲ့ ထိပ်ပြောင်ပြောင်။ နောက် အမေနဲ့ မောင်လေး

**ကျွန်မနားနှစ်ဖက်ထဲကိုလက်ညှိုးနှစ်ချောင်း ဖိထိုးထားမိသည်။ လေယာဉ်သည် သိမ့်သိမ့်တုန်နေပြီး လေထုကို ထိုးခွဲ မောင်းနှင် နေသလို တစ်ချက်တစ်ချက် တဒုတ်ဒုတ်နှင့်လေထုကို ဝင်ဆောင့်နေသည်ထင်မိသည်။**

. . . ညီမဝမ်းကွဲများနှင့် ဘူလေး အောင်ထွန်းဦး အိုး. . အားလုံး လူစုံတက်စုံနဲ့ လာကြိုနေကြတာပါ လား။ အားတက်စရာပင်။ ကျွန်မ လက်ကို အစွမ်းကုန်ဝှေ့ရမ်းပြပြီး ရယ်ပြမိ၏။ လ.ဝ.က ရဲ့ စစ်ဆေး ခြင်းနှင့် လက်ဆွဲသေတ္တာကို ခပ်မြန် မြန် ရွေးပြီးအထွက်။ "အမယ်လေး အမေ့သမီးလေး" အမေ၏ အပွေ့ အဖက်နှင့် အနမ်း။ မောင်လေးရဲ့ ချီးကျူး ထောပနာသံ၊

"မမ- အသားတွေဖြူပြီး ဝလာတယ်။ လှလည်းပိုလှ လာတယ် သိလား" ဒီအပြောလေးကြောင့် "မြောက်ပင့် မနေပါနဲ့ဟာ မင်း အတွက် လက်ဆောင်ဝယ်လာတယ်၊ အားလုံးအတွက်လည်း နည်းနည်း ဆီတော့ ပါတာပေါ့"

"အငှားကားပေါ် ပျော်ပျော်ပါး ပါးတတ်ကြရင်း အိမ်အပြန် ခရီးမှာ စကားတွေ တစ်ယောက်တစ်ပေါက် ပြောရင်း ပျော်ရွှင်ကြည်နူးခြင်းများ စွာနှင့်ပေါ့။ ရောက်ပြီပေါ့"

ကိုယ့်ရဲ့အိမ်ကို ပြန်ရောက်နေ ပြီဆိုတဲ့ အသိက ရင်ထဲကို နွေးထွေး သွားစေတာ တကယ်ပါ။ အေးမြ လွန်းတဲ့ အနွေးဓာတ်၊ တစ်အောင့် နေတော့။ "သမီး လာထမင်းစား တော့"

"ပြန်လာရင်ဘာစားချင်လဲ"လို့ အမေ မေးတုန်းက ကျွန်မစားချင် နေသောဟင်းလျာများအတိုင်း အစုံအလင် ချက်ပေးထားသည်။ ငါးမြွေထိုးကို မန်ကျည်းနုစ်လေးနှင့် ဆီပြန်ချက်၊ ဘဲဥနှင့် ဆူးပုပ်ရွက် ကြော်၊ သရက်ချဉ်သုပ်နှင့် ကြာရိုး ဟင်းခါး၊ ရခိုင် ငါးပိထောင်းနှင့်အတို့ အမြုပ်အစုံအလင်မို့ အားပါးစား ကောင်းလိုက်တာ မမေးနဲ့တော့ ဗိုက် ကားသွားတာပဲ။ ဟိုမှာ သုံးနှစ်လုံးလုံး မစားခဲ့ရသော အစားအစာများ တည်း။ စားပြီးတော့ အိမ်သားအားလုံး တော်တော်နှင့် မအိပ်ကြ။ ကျွန်မကို ဝိုင်း မေးကြသည်နှင့် ကျွန်မက ပြန် ပြောသည်နှင့် စကားဝိုင်းက တော် တော်နှင့် လူမကွဲ၊ ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်သည်။ ကိုယ့်ရဲ့ အိပ်ရာလေးပေါ် လှဲချလိုက်မှ ပြည့်စုံ ခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ပြည့်ပြည့် ဝဝ ခံစားရတော့သည်။ ခုညတော့ အိပ်မက်လှလှမက်ဦးတော့မယ် မောင်ရေ။ နောက်တစ်ပတ်မှ မောင့် ဆီကို လာခဲ့မယ်။ ပြန်ရောက်ပြီး တစ်ပတ်လောက်နေပြီးမှ ရောက် လာခဲ့လို့ မောင်သိရင် စိတ်ဆိုးဦးမှာ လားဟင်။ စိတ်ဆတ်၊ စိတ်ကောက် တတ်သောမောင့်ကို စိတ်ပျော့သွား အောင်တော့ အာဘွားပေးပြီး ချော့ ရလိမ့်မည်။ အဟား ရှက်စရာကြီး မောင်ရယ် အတွေးနှင့်ရှက်ပြီးဖက် ခေါင်းအုံးကြီးကို ဖက်ပြီးနမ်းလိုက် တော့ ဖက်ခေါင်းအုံးစွပ်မှသင်းပျံ့ပျံ့ Rose ဆပ်ပြာမှုန့် အနံ့ရလိုက်



သည်။ မြော် အမေက သူ့သမီးလေး ပြန်လာရင် မွှေးမွှေးသန့်သန့်အိပ်ရ အောင် အိပ်ရာစွပ် ခေါင်းအုံးစွပ်နဲ့ ဖက်လုံးစွပ်တွေ အားလုံးကို လျှော် ဖွပ်၊ မီးပူတိုက်ပြီး အသင့်ခင်းပေး ထားခြင်းဖြစ်သည်။ "ကျေးဇူးပါ မေမေရယ်" ကြည်နူးခြင်းနှင့်အတူ ကျွန်မနစ်မြုပ်စွာအိပ်ပျော်ခဲ့သည်။ နံနက်စောစော မိမိဆံနွယ်လေးများ အားယုယုယယ ပွတ်သပ်ပေးနေ ခြင်းနှင့်အတူ ပါးပြင်ပေါ်သို့ ညင် ညင်သာသာ အနမ်းတစ်ပွင့်ကြောင့် မေမေ့အနမ်းဆိုတာ အလိုလိုသိနေ သည်။ ထို့နောက် ခြေသံဖွဖွလေးက ဝေး၍ ဝေး၍ "သမီးရေ. . ထတော့ လေ။ သမီး အကြိုက် ပဲပြုတ်နဲ့နံပြား အမေ ဝယ်ထားတယ် ထပြီး စား တော့" ခေါင်းအုံး အောက်ကနာရီကို ယူကြည့်တော့ ရှစ်နာရီထိုးတော့ မည်။

"ဟယ်တော့ ပြန်အိပ်ပျော်သွား တာကိုး. . အိပ်ကောင်းလိုက်တာ"

အမေက အရိပ်တကြည့်ကြည့် နှင့် ကျွန်မ ဘာဟင်းစားချင်လဲ ဘယ်အသီးဝယ်ခဲ့ရမလဲ၊ ဘယ် ဇီဇီယိုအခွေကြည့်ချင်လဲ။ အားလုံး ကို ဖြည့်ဆည်းပေးတယ်မောင်။ အမေ့ အိမ်ပြန်ရောက်မှ သုခစည်းစိမ် အပြည့်ပြန်ရတော့တာပဲ၊ တစ်ခုပဲ လိုအပ်နေတာမောင်။ မောင့်ကို တွေ့ချင်နေတဲ့ ကျွန်မရဲ့ ဆန္ဒလေး တစ်ခု ဖြစ်နိုင်ရင်အခုပဲ ဖြစ်ဖြစ် မောင့်ဆီကိုလာချင်လိုက်တာ မောင်။ ဒါပေမဲ့ နှစ်ရှည်လများ အမေ့ကို ခွဲ သွားတဲ့သမီးတစ်ယောက် အနေနဲ့ အမေ့ကိုဦးစားပေးပြီး အချိန်ပေး တာပါမောင်၊ အမေနဲ့ အတူ အရမ်း ကိုဖူးချင်နေတဲ့ မြတ်ဘုရား ရွှေတိဂုံ ကို မနက်စောစော တတ်ကြတယ်။ ဘုရားဖူးပြီးရင် ကြေးအိုးဝင်သောက် ကြ။ အမေနဲ့အတူ ရုပ်ရှင်ဝင်ကြည့် ပြီးတော့မှ သိမ်ကြီးဈေးမှာ 'မချစ်စု' သရက်သီးမှည့်ဝယ်ခဲ့ကြပြီး ပြန်ခဲ့ကြ တယ်။ ကျွန်မအရမ်းဝမ်းသာနေ တယ်မောင်။ ကျွန်မမျှော်ခဲ့ရတဲ့ အချိန်ကာလတွေ ပြန်ရောက်လာခဲ့ပြီ မောင်။ ဒီရက်သတ္တတစ်ပတ်ကတော့ အမေ၊ မောင်လေးနဲ့မိသားစုများနဲ့ ဟိုမှာတုန်းက ဟိုမှာကလေဆိုပြီး ကျွန်မက အစချီပြောပြီး မိသားစု များက ဒီမှာကတော့ နင်ဟိုရောက် နေတုန်းကနှင့် ဒီတွေဟိုတွေ မိသားစု ကြား ခေတ်စားနေသည်။ ဘာတွေပဲ ပြောပြော ကျွန်မအတွက်က ရယ် စရာများနှင့် ပျော်စရာတွေချည်းသာ၊ ရယ်စရာ ဟာသခွေများ ငှားကြည့် ကြရင်း အိပ်ချိန်တွေတောင် နောက် ကျကုန်၏။ ဒါပေမဲ့ ဟိုမှာတုန်းက မောင့်ကြောင့် အပျော်လွန်ပြီး တစ်ညလုံးအိပ်ရေး ပျက်ရတာနှင့် စာလျှင်ခုဟာက မပြောပလောက်ပါ ဘူးလေ။ အဲဒီည ကျွန်မဆီကို မောင် က ဘီယာမူးပြီး နည်းနည်း ထွေထွေ လေးနဲ့ ဖုန်းဆက်ခဲ့တာပေါ့။ စကား နည်းတဲ့မောင်က ဖုန်းနဲ့တော့ အကြာ ကြီးပြောနေ၍ အံ့ဩရသေးသည်။

"နင့်ကို ငါအရမ်းလွမ်းတာပဲ၊ မောင့်ကိုရော လွမ်းရဲ့လားဟင်"

အိုးဟိုး ကျွန်မလုံးဝထင်မထား သော 'မောင်'ဆိုတဲ့ အသုံးအနှုန်းနဲ့ မဝံ့မရဲအသံ သူ့ခဏတိတ်ဆိတ် သွားပြီး

"မောင်ကလေ" ကျွန်မထိန်းမရ ဘဲ တဟားဟားရယ်ချမိ၏။

ဘယ့်နှယ့် သူ့ရဲ့ မောင်ဆိုတဲ့ အသံကြီးကလည်း တောင့်တောင့် ကြီး။ နောက်ထပ် မကြားရတော့၊ သွားပြီ သူဖုန်းချသွားပြီ။ စိတ်ဆိုးသွား ပြီထင်တယ်၊ ဟော ဖုန်းပြန်ဝင်လာ ခြင်းပင်။

"နင်က ငါ့ကို လှောင်တာပေါ့ လေ၊ တော်ပြီ ငါကတော့"

"မောင့်ကို ဘယ်မှာ လှောင်လို့ လဲကွယ် မောင်က ချစ်စရာကောင်း လွန်းလို့ပါ"

"မောင်ပျော်လိုက်တာ ချစ်က ရောဟင်" ဘာညာနဲ့မောင်က ဖုန်း

ကတ်ဝယ်ထည့်လိုက် ပြန်ခေါ်လိုက်နဲ့ မနက်သုံးနာရီထိုးရောပဲ ပျော်လိုက်ကြတာ တစ်ညအိပ်ရေးကိုပျက်လို့။

"သမီးရေ မီးမီး လာတယ်ဟေ့"

"ဟယ် ဆွေကြီး ဆံပင်တွေကောက်လာတာလား ပို လှလာတယ်"

"အေးပါ နင်ပဲမြှောက်ပင့်ပြီးပြောတော့။ ငါရောက်ကတည်းက ဖုန်း ဆက်ခေါ်နေတာ ခုမှပဲ ရောက်လာတယ်။ နင်လာရင် ကုန်တိုက်သွားပြီး လိုချင်တာလေးတွေ ဝယ်မလို့ သူ့ကို စောင့်နေတာ။ ပေါ်မလာဘူး"

"အေး. . . စိန်လိုက်လေ ငါ မနက်ဖြန် အိမ်ကိုပြောပြီး ထွက်ခဲ့မယ်။ နင်ငါ့ကို စောင့်နေ"

ကျွန်မက မျက်နှာကို ရှက်ပြုံးပြုံးရင်း "နောက်ပြီး နင်နဲ့ငါ တစ်နေရာကို သွားစရာရှိသေးတယ်။ အဟင်း နင် အဲဒီနေရာကို သိတယ်မဟုတ်လား"

သူမ မျက်နှာချက်ချင်းပျက်သွားပြီး ကျွန်မကို ခပ်တိုးတိုး ပြောလိုက်၏။

"ဒီရာ စုဒါ မဲရစ်ဆွေကြီး" ဘေးနားတွင် အမေရှိနေ၍ သူမက မလေးစကားကို ညှပ်ပြောလိုက်ခြင်းပင်။

"ဟား. . . ဘယ်လိုဖြစ်တာလဲ 'ဒီရာ စုဒါ မဲရစ်' သူလက်ထပ်ပြီးသွားပြီတဲ့လား။ ကျွန်မလက်ထဲတွင် ကိုင်ထားသော ဂျာနယ်စာရွက်က ကျွန်မလက်များတုန်ခါနေမှုကြောင့် တဖျပ်ဖျပ်ခါလျက်ရှိသည်။ ချက်ချင်းပင် ဣန္ဒြေရအမြန်ဆယ်လိုက်ရသည်။ အမေ့ရှေ့တွင် အမူအရာ ပျက်နေ၍ မဖြစ်။ "ရာသီဥတုကပူလိုက်တာ လာ လာ ခြံထဲဆင်းရအောင်" ခြေလှမ်းများကမပုန်ချင် ရင်ထဲမှ ကိုယ့်ရင်ခုန်သံက နားနှစ်ဖက် ပွင့်ထွက်သွားလောက်အောင်ပင် မြည်ဟည်းလျက်ရှိသည်။ မီးမီး ဘယ်လိုဖြစ်ကုန်တာ လဲဟင်၊ ကျွန်မ၏ အလောတကြီး အမေးကို

"ငါမလေးက ပြန်ရောက်ခါစ ဆွေကြီးနဲ့ သူက အဆက်အသွယ်ပြတ်နေလို့ ကြားကပြန်စေ့စပ်ပေးရအောင် သူ့အိမ်ကို ဖုန်းဆက်တော့ သူ့အမေလား၊ အစ်မလားတော့ မသိဘူး မောင်ဝဏ္ဏက သူ့အမျိုးသမီး အိမ်မှာလိုက်နေတယ်တဲ့"

"အဲဒီကတည်းက သိနေခဲ့တာ၊ ဆွေကြီး ပြန်မလာတော့မှာ စိုးလို့၊ စိတ်မကောင်းဖြစ်နေမှာစိုးလို့ မပြောရက်ခဲ့တာ"

"သွားပြီပေါ့ဟာ ငါ့ စိတ်ကူးအိပ်မက် ငါ့ဘဝမျှော်လင့်ချက်တွေ အားလုံး အားလုံးသွားပြီ။ ငါ ဘယ်လောက်ထိပြန်ချင်နေခဲ့လဲ ဘယ်လောက်ထိစောင့်စားခဲ့ရလဲ။ အရူးအမူးဖြစ်ခဲ့ရတဲ့ ငါ့ဆန္ဒ ငါ့ခံစားချက်တွေ ခုတော့ ပြောခဲ့ရောပေါ့ မီးမီးရယ်"

ကျွန်မ အဆွေးတစ်ပိုင်းနှင့် ပြောတော့

"သိပ်မခံစားပါနဲ့ ဆွေကြီးရယ် ငါပြန်တော့မယ်"

သူမကို ခေါင်းညိတ်ပြ၍ အိမ်ပေါ် ပြန်တက်လာတော့ ကိုယ့်ဖိနပ်ကိုပင် မသယ်ချင်လောက်အောင် အင်အားခန်းခြောက်[illegible] အိပ်ရာပေါ်ကို လဲချလိုက်တော့ ရင်ထဲစူးနစ်နာကျင်မှုနှင့်အတူ မျက်ရည်စီးကြောင်းများသွယ်တန်း စီးကျလာခဲ့သည်။ တကယ့်ကို မျှော်လင့်ခြင်းနှင့်ယုံကြည်ဆောက်ချင်ခဲ့သော ကျွန်မနဲ့ မောင့်ရဲ့ ကမ္ဘာလေးကို တစ်ခါတွေးလိုက်တိုင်း နှလုံးသားလေးနာကျင်ရတယ်မောင်။ ဘာကြောင့်များလဲ၊ ဘာမကျေနပ်ချက်ကြောင့်လဲ။ စဉ်းစားမရ စဉ်းစားမရ မောင့်စိတ်နာကျင်ရအောင် ကျွန်မ ဘာများ လုပ်ခဲ့မိလို့လဲ မောင်။ ခေါင်းတစ်လုံး ပွင့်ထွက်မတတ် ငိုရှိုက်ရင်း မျက်ရည်များနှင့် ရင်ခွင်တစ်ခုလုံး ကွဲကြေမတတ်ပါပဲ မောင်ရယ်၊ နှလုံးသားတစ်ခုလုံးကို ဆုတ်ခြေထားသလိုပါ။ မွန်းကျပ် လွန်းပြီး အသက်ရှူရခက်လိုက်တာကွယ်၊ ကျွန်မရဲ့ အပြုအမူကြောင့်လား၊ အဲဒီတုန်းကမောင်နဲ့ TAXI တစ်စီးရဲ့ နောက်ခန်းမှာ မောင်က စကားပြောရင်းနဲ့ ကျွန်မ လက်ကလေးကိုဆွဲကိုင်လိုက်တယ်။ ကျွန်မကလည်း ပထမဦးဆုံးဆိုတော့ ရှက်ရမ်းရမ်းပြီး

"နင်ကမြတ် ပါတယ်ဟာ၊ ငါ့လို ရည်းစားတစ်ခါမှ မထားဖူးတဲ့ ကောင်မလေးကိုရတာ၊ ငါကတော့ ရှုံးတယ်။ နင်ကတော့ ငါ့ရှေ့မှာ ရည်းစားနှစ်ယောက်တောင်ထားခဲ့ဖူးတော့ မြတ်တာပေါ့"

ချက်ချင်းပင် ကိုင်ထားသော ကျွန်မရဲ့ လက်ကို မောင်က လွှတ်ချခဲ့ဖူးသည်။ ဒါကြောင့်များလား။ ကျွန်မ စကားတစ်ခွန်းကြောင့် မောင့်မာနကို ထိခိုက်တယ်ဆိုပြီး လက်စားချေချင်ခဲ့တာများလား မောင်ရယ် အိပ်ရာထဲ လူးလိမ့်ရင်း မျက်ရည်များနှာရည်များနှင့် စောင်ခေါင်းမြီးခြုံထဲ ကရှိုက်သံများ

အိုး . . . မှတ်မိပြီ၊ ကျွန်မရဲ့ စကားတစ်ခွန်းကြောင့် အထင်သေးပြီး မောင်က လက်တွဲဖြုတ်သွားသူပင်။ အဲဒီညက ကျွန်မဆီကို မောင်နောက်ဆုံးဖုန်းဆက်ခဲ့သောည။ မောင်နှင့် စကားများပြောရင်း။

"မောင်တို့တက်တူး Tattoo ထိုးမလို"

"မောင့်ဆီခွင့်တောင်းနေတာလား၊ ဘယ်မှာ ထိုးမှာလဲ၊ မထိုးပါနဲ့လား"

"ခါးမှာထိုးမှာ မောင့်ကို ခွင့်တောင်းနေတာ မဟုတ်ဘူး၊ ထိုးကိုထိုးမှာ"

တစ်ခဏတိတ်ဆိတ်သွားခဲ့ပြီး တစ်အောင့်လောက်စကားပြောကာ မောင်ဖုန်းချသွားခဲ့သည်။ တကယ်တော့ မောင်ရယ်။ ကျွန်မ မောင့်ကို ကျီစားလိုက်တာပါ။ ဒါကို မောင်က အမှန်ထင် ကျွန်မကို အထင်သေးပြီး စရိုက်ကျသွားပြီထင် လို့လားမောင်။ ထင်ရက်လိုက်တာ မောင်ရယ်။ မောင်နဲ့အဆက်အသွယ် ပြတ်တာ တစ်နှစ်ကျော်ကာလပဲ ရှိပါသေးတယ်မောင်။ ဒီကာလအတော အတွင်းမှာ မောင့်လို ကဗျာရေး၊ စာရေး၊ စာအလွန်ဖတ်ပြီး ရည်မွန်ပါးနပ်တဲ့ လူတစ်ယောက်ဟာ ဒီလောက်အထိ ပြောင်းလဲသွားတာကို မယုံချင်ဘူးမောင်။ မယုံချင်ပေမယ့် ယုံလိုက်ရပြီမောင်။ မောင်က သက်သေပြခဲ့ပြီကိုး။ နှလုံးသားတစ်ခုကို ကစားပြီးထားခဲ့တယ်၊ မောင် ကျွန်မကို ချစ်တာမစစ်မှန်ခဲ့ပါဘူး။ ကျွန်မထက် ဖြူစင်မယ်ထင်တဲ့၊ သာမယ်ထင်တဲ့လူကို မောင်လက်ထပ်ခဲ့တာပဲ။ ကျွန်မကိုသာ အမှန်ချစ်မြတ်နိုးခဲ့ရင် ဒီတက်တူး Tattoo ကြောင့်ရယ်မှ မဟုတ်ပါဘဲ နဂိုရည်တောင် ပျက်နေဦးတော့ မောင်ချစ်လိမ့်မည်မောင်။ အတွေးတစ်ဝက်နှင့် ငိုရှိုက်လွန်းအားကြီး၍ မျက်လုံးများ ကျိန်းစပ်ပြီးနေသော်လည်း အသည်းကွဲ ဝေဒနာကြောင့် အိပ်စက်ခြင်း မပြုနိုင်။ ဤတစ်ညတာက ရှည်လျားလွန်းနေခဲ့ပြီ။ သို့သော်လည်း အမှောင်ထုက အချိန်တိုင်း မလွှမ်းမိုးနိုင်ပေ။ နေ့သစ်လင်းရောင်ခြည်က ထွန်းလင်းစမြဲပါ။ ဤသို့ဆိုပါလျှင် နာကျင်နေသောကျွန်မနှလုံးသားလေးလည်း အချိန်အတိုင်းအတာ တစ်ခုထိတော့ . . .

"ဒီကုန်တိုက်က စည်သားပဲနော်"

"အေးဟုတ်တယ် ကုန်တိုက်တွေစည်တော့ နောက်ထပ် အသစ်ထပ်ဖွင့်တဲ့ ကုန်တိုက်တွေ အများကြီးပဲ။ ဝတ်လာတာတွေကလည်း ကိုရီးယားစတိုင်တွေချည်းပဲ။ ကောင်လေးတွေရော၊ ကောင်မလေးတွေရော ကိုရီးယားခေတ်ရောက် နေတာကိုး။ တွေ့လား ဇီးရိုးကွာတားနဲ့ ပန်ဆယ်ဟီးနဲ့ မြန်မာပြည်က ဝတ်တာ စင်ကာပူနဲ့ မလေးရှားကို မမီဘူး မပြောနဲ့။ နောက်ပြီး ဟိုမှာ ကောင်မလေး ကုပ်လေးက လိပ်ပြာတစ်ကောင် နားနေသလို တက်တူး Tattoo ပန်းရောင်လေး၊ နောက်တစ်ယောက်က အသည်းယားစရာ အင်္ကျီခါးလွတ် အောက်လေးမှာ နှုတ်ခမ်းပုံတက်တူး Tattoo ထိုးထားတာ ချစ်စရာလေးနော်"

"နင်ရော လက်ပြင်လေးမှာ နှင်းဆီဖူးလေးထိုးပါလား။ သိရဲ့ဆွေ စတိုင်လေ"

သူမ စကားကြောင့် ကျွန်မနှလုံးသားကို အပ်နှင့်ထိုးဆွလိုက်သလို စူးပြီး နာကျင်သွားရသည်။

"တော်ပါပြီဟယ် တက်တူး ဆိုရင် အရုပ်လည်း မမြင်ချင်ဘူး၊ အသံလည်းမကြားချင်ဘူး၊ မုန်းလွန်းလို့"

သူမကတော့ သိမည် မထင်ပါ။ တက်တူး Tattoo ကြောင့် ကျွန်မဘဝ တစ်ခုလုံး အလွမ်းများနှင့် ရစ်နှောင်ပွဲ့ခဲ့သည်ဆိုလျှင် . .

**မေဃဝတီ(ဒဂုံတက္ကသိုလ်)**

ယခင်လမှအဆက်

# နှံ့နှစ်နှလုံးသားပတ္တမြားဖြစ်စေ

## မောင်လွင်မွန် (ကသာ)

နီနီဟု အားလုံးက ခေါ်ကြသည့် ဒီမိန်းကလေးက ဆယ်တန်းနှစ်ချင်းပေါက်အောင်တာ အီကိုရောက်လာသူ။ ဖြစ်ချင်တော့ သူတို့အဆောင်က ကိုယ်တို့အဆောင်နှင့် မောင်နှမဆောင်တော်ထားပြီး သူတို့အဆောင် နှစ်ပတ်လည်ညစာစားပွဲ နံရံကပ်စာစောင်ထုတ်ရာမှာ ကူညီလုပ်ကိုင်သည့် ပန်းချီသမားတစ်ဦးနှင့်အတူ ကိုယ်လိုက်သွားခဲ့ဖူးသည်။ ကိုယ့်ပန်းချီက ဒီလောက်မဟုတ်ပေမယ့် လက်ရေးလှလို့ဆိုကာ ခေါင်းစည်းတပ်ရန်နှင့် နံရံကပ်စာတချို့ကူရေးပေးဖို့ သူတို့ခေါ်ရာလိုက်သွားမိခြင်း ဖြစ်သည်။ ဒါကို နီနီက ပိုပိုသာသာ ပြန်ပြောခဲ့ပုံရသည်။

"အစ်ကိုနိုင်က ကျောင်းမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ၊ တို့မြို့ကဆိုတော့ အမယ်လေး၊ အစ်ကိုနိုင်အကြောင်း စိတ်ဝင်တစားမေးလိုက်ကြတာ ရွှန်းလဲ့ရာ၊ တို့အဆောင် နံရံကပ်စာစောင် လာကူလုပ်ပေးတော့လည်း အစ်ကို့လက်ရေး လှလို့ဆိုပြီးမေးကြတာများ၊ အရုပ်၊ အကိုနိုင်မှာ ရည်းစားရှိလား ဘာလားနဲ့၊ တို့က မြို့မှာတော့ မရှိပါဘူးလို့ ပြောလိုက်တယ်"

စသဖြင့် ပြောသွားပုံကို မိုးနှင်း ပြန်ပြောမှ သိရသည်။ ဒါကလည်း ရွှန်းလဲ့ အကြောင်းမဲ့ စိတ်ကောက်နေသဖြင့် မိုးနှင်းကို မေးကြည့်မှ သိရသည်ဖြစ်သည်။


အမိုက်ရှုပ်သည့်ကြား ကောက်ရိုးမွေ့လာသည့် နောက်ထပ်အဖြစ်တစ်ခုက ကျောင်းပိတ်ရက်မှာ ကျောင်းတက်ဖက် သူငယ်ချင်းတွေဆီက စာတွေရောက်လာတတ်ရာ နန်းချယ်ရီဆိုသည့် တိုင်းရင်းသူကလေးတစ်ဦးထံမှစာက မိုးနှင်းကိုယ့်အိမ်မှာရှိစဉ် ရောက်လာသည်မို့ ဒီကောင်ကစသည်၊ ဖွသည်။ တကယ်တော့ နန်းကို ကိုယ့်သူငယ်ချင်းတစ်ဦးက ကြိုက်နေပြီး ကိုယ်တို့က ဝိုင်းမြှောက်ပေးကြတာမို့ သူနှင့် ကိုယ်ထူးထူးခြားခြား ပတ်သက်စရာ မရှိ၊ သူကလည်း လိပ်စာရထားဖူး၍ စာလှမ်းရေးလိုက်ခြင်းသာဖြစ်ပြီး ဘာမှ ထူးထူးထွေထွေ မဟုတ်။

သို့ရာတွင် 'နန်းချယ်ရီ' ဆိုသောနာမည်က စိတ်ဝင်စားဖို့ကောင်းနေရာ မိုးနှင်းစတာ၊ နောက်တာဖွတာနှင့် နီနီပြောသော မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နှင့် ဆက်စပ်ပြီး ရွှန်းလဲ့အတွက် တွေးစရာ တွေဖြစ်ခဲ့ပုံပေါ်သည်။

တစ်ရက်တော့ မမျှော်လင့်ဘဲ သတင်းတစ်ခုကြားရသည်။ ကျူရှင်ကအပြန်မှာ ရွှန်းလဲ့ကို ညိုအောင်ဆိုသည့်ကောင်လေးက စာလိုက်ပေးရာ ရွှန်းလဲ့က လက်ခံထားလိုက်သည် ဆိုသည့်အကြောင်း။ ဒီအကြောင်းက ချက်ချင်းဆိုသလို မိသားစုပါ သိသွားပြီး အန်တီစိုးက မဆူစဖူးဆူတော့ ရွှန်းလဲ့က "လူတွေထဲမှာဆိုတော့ ဖွတ်ကြီးငြင်းနေရင် ဣန္ဒြေပျက်လို့ သမီးက ခဏလက်ခံထားတာပါ" ဟု အကြောင်းပြသည်။

အမှန်တော့ ညိုအောင်က လျှောက်ပြန်သံပေး လုပ်နေခဲ့တာတွေ ကိုယ်ရော အန်တီစိုးတို့ပါ မသိမဟုတ်။ ပြီးတော့ ညိုအောင်က ရွှန်းလဲ့သူငယ်ချင်း နီနီဝင်း၏မောင်ဝမ်းကွဲမို့ ရွှန်းလဲ့ထက် တစ်နှစ်လောက်ငယ်နေရာ မိဘများက ပိုမကြိုက်နိုင်စရာ ဖြစ်နေသည်။ ထိုစဉ်က ညိုအောင့်စာ လက်ခံလိုက်ခြင်းသည် ညိုအောင်ကို အခွင့်အရေးပိုပေးလိုက်ခြင်း ဖြစ်သလို ကိုယ့်ကို စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်ကြောင်း အခုကာလကျမှ ပြန်စဉ်းစားမိနေသည်။






Asian Fame Media Group

ကိုယ်ကတော့ နားမလည်သားဆိုးဝါးစွာ လူကြီးတွေ စိတ်ဆင်းရဲအောင် လုပ်ရမလားလို့ သူ့ကိုပင် ဆူပူခဲ့မိသေးသည်။ ကျန်တာတွေ မစဉ်းစားဘဲ ဆယ်တန်းလေးသာ အောင်အောင် ဖြေပါဦးဟုလည်း ပြောခဲ့မိသေးသည်။


"ရွှန်းလဲ့အတွက် ပူမနေပါနဲ့ အစ်ကိုနိုင်၊ အဝေးမှာကျန်ခဲ့တဲ့ အစ်ကိုနိုင် ကောင်မလေးတွေ အတွက်ပဲ ပူရမှာ" ဟု အငေါ့တူးပြီး သူက ဆိုသည်။ ဒီအတောအတွင်း နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ရက်ရှည်ပိတ်ခဲ့ရသော ကိုယ်တို့ကျောင်းသည်လည်း မကြာခင် ပြန်ဖွင့်မည်ဟု ကြေငြာခဲ့သည်။ တကယ်တမ်း ပြန်ခွဲကြရတော့မည်ဆိုတော့ ရွှန်းလဲ့ ဟန်မဆောင်နိုင်အောင် မျက်နှာပျက်နေတာကို သတိရမိသေးသည်။ ကိုယ်က မိဘတွေစိတ်ဆင်းရဲအောင် မလုပ်ဖို့ဆုံးမသည်ကို တစ်လုံးတစ်ပါဒမှ မတုံ့ပြန်။

ရန်ကုန်ပြန်ရောက်ပြီး သူ့ဆီ သတိတရ စာရေးဆုံးမမိသည်များလည်း ရှိသည်။ သို့သော် ထူးထူးခြားခြား သူက စာလုံးဝမပြန်။ ထိုကာလမှာပင် ကိုယ့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ကိုဝဏ္ဏက သူ့ကို အရိပ်လို အလိုက်ခံနေရပြီး အခြေအနေ မကောင်းသဖြင့် တောခိုထွက်ခွာခါနီး ကိုယ့်ကို လာနှုတ်ဆက်သွားသည်။ "ကျွန်တော်ကိုမိရင် ခင်ဗျားအတွက် စိတ်ချ၊ ခင်ဗျားကိုမိရင်လည်း ကျွန်တော်စိတ်ချမယ်၊ ဖျစ်စစ်စတမ်ပေါ့ဗျာ'ဟု ဆိုသွားသည်။ ကိုယ်လည်း စိတ်ထိခိုက်ပြီး အိပ်မပျော်ဘဲ ကျန်ခဲ့သည်။

နိုင်ငံရေးလှုပ်ရှားမှုများက တစ်ဖက်၊ နီးလာပြီဖြစ်သည့် နောက်ဆုံးနှစ်စာမေးပွဲကလည်း ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်ပေါင်း ဖြေရသည့်အတွက် ရွှန်းလဲ့အကြောင်း သိပ်မတွေးနိုင်၊ စာမေးပွဲကိုသာ အစိုးထားနေရပြီး ကျန်တာတွေကို ရင်ထဲက ထုတ်ပယ်ထားခဲ့သည်။

သို့သော် ကိုယ်မြို့ကို ပြန်မရောက်ခင် ရက်ပိုင်းအတွင်းမှာပင် ရွှန်းလဲ့က ညိုအောင်နှင့် ခိုးရာလိုက်သွားခဲ့သည်။ မြို့ပြန်ရောက်မှ ကိုယ်

မိုက်လိုက်တဲ့ကလေးမ ရွှန်းလဲ့ရယ်။ လောကကြီးကို အရွဲ့တိုက်ဖို့ ဘဝတစ်ခုလုံးကို ထိုးကျွေးပြီး လောင်ကျွမ်းစေခဲ့တာလား။ ရူးမိုက်စိတ်ဝင်တယ်လို့ပဲ ဆိုစေဦးတော့ ကိုယ်မချစ်သည့်သူကို မိဘများနှင့်ပါ ဆန့်ကျင်ပြီး ဘာကြောင့်လက်ထပ်ခဲ့ရပါလိမ့်။



ဒီအကြောင်းကို သိခဲ့ရပြီး နောက်ဆုံးတော့ ရွှန်းလဲ့တစ်ယောက် သူ့ တကယ်ချစ်ခဲ့သူကို တွေ့သွားခဲ့ပြီကိုးဟု ရယ်မိသည်။ တဏှာသိုလ်ပင် မရောက်လိုက်ဘဲ စောစောစီးစီး အိမ်ထောင်ကျသွားသည့်အတွက်တော့ ရွှန်းလဲ့အတွက် စိတ်မကောင်းဖြစ်မိသည်။

ကိုယ်လည်း ဇာတိမြို့မှာ ကိုယ့်တွဲနှင့် သက်ဆိုင်သည့် စာရင်းစစ်အလုပ်ကို အလွယ်ရပါလျက် မလုပ်ဖြစ်။ တကယ်က ထိုအချိန်မှာ နိုင်ငံရေးအစွဲပြင်းထန်နေပြီး ကိုယ့်လုပ်ဖော်ကိုင်ဖက်များက အဝေးရောက်သူရောက်၊ အကျဉ်းကျ သူကျ၊ ကျောင်းထုတ်ခံရသူခံရ ဖြစ်နေစဉ်မှာ သူတို့၏နိုင်ငံရေး ဖွဲ့စည်းမှုတစ်ခုဖြစ်သော လုပ်ငန်းစစ်ဆေးရေးအဖွဲ့အောက်မှာ မလုပ်လိုသောစိတ်ဖြင့် စာရင်းရုံးမှာ အလုပ်မဝင်ဖြစ်ခြင်းဖြစ်သည်။ ဒီလိုဖြင့် ဆယ်တန်းအောင်ရုံဖြင့် လျှောက်ထားနိုင်သော ဘဏ်စာရေးအလုပ်ခေါ်သည့်အခါ ဝင်လုပ်ဖြစ်ခဲ့သည်။

ထိုကာလမှာ ရွှန်းလဲ့က ကိုယ့်မြို့နှင့် မနီးမဝေး အင်းတော်မြို့ကလေးတွင် ညိုအောင်ရောသူပါ သမဝါယမအသင်းတွင် အလုပ်ဝင်လုပ်ရင်း အခြေချနေထိုင်ကြောင်း ကြားရသည်။ နှစ်ဖက်မိဘများက သူတို့ကို အဆက်အသွယ် ဖြတ်ထားသည်ဟု ဆိုသည်။ နောက်ငါးနှစ်ခန့်ကြာတော့ ကိုယ်လည်း လုပ်ဖော်ကိုင်ဖက် မိန်းကလေးတစ်ဦးဖြစ်သည့် စိမ့်နှင့်ချစ်ကျွမ်းဝင်ပြီး လက်ထပ်ဖြစ်သည်။ နောက်တော့ အရာရှိ ရာထူးဝင်ခွင့် စာမေးပွဲအောင်မြင်ပြီး ရန်ကုန်ကို ရောက်လာသည်။ ဒီကတည်းက ရွှန်းလဲ့နှင့် မတွေ့ခဲ့တာမို့ ကြာလှပြီ ဖြစ်သည်။

၁၉၈၈ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မူလက နှလုံးသားထဲဖုံးဝင်နေခဲ့သော ဆူးများ အဆိပ်ပြန်တက်ပြီး ကိုယ့်ဘဝကို နိုင်ငံရေးလှုပ်ရှားမှုထဲ ရေစုန်မျှောလိုက်သည်။ အမှန်တော့ ယင်းကာလမှာ ကိုယ့်ရဲ့ အနာဂတ်ဘဝလမ်းက တိကျရေရာပြီး ကြည်ကြည်လင်လင် တောက်တောက်ပပ ရှိသည်။ ကိုယ်ရထားသော ရာထူးနှင့် အသက်အရွယ်အရ ကိုယ့်ဌာနမှာ အများမော့ကြည့်ရမည့် နေရာများကို မကြာမတင် ရောက်မည့်အနေအထား။ ပြီးတော့ ပြည်ပပညာသင်ခရီးကလည်း ပြန်လာစ ဖြစ်သည်။

ဒါကြောင့် ကိုယ်က ပန်းခင်းထားတဲ့လမ်းမှ ဖဲခွာပြီး စိတ်ခံစားမှုကို ဦးစားပေးကာ မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့သည်ဟု အများက ကွယ်ရာမှာ အတင်းပြောသည်ကို ကာလရှည်ကြာခံခဲ့ရသည်။ သူတို့ ပြောတာမှားပေမယ့် ကိုယ့်စိတ်ခံစားမှုက ဆယ်စုနှစ်များစွာနှင့်ချီခဲ့တာ ဖြစ်ပြီး ကိုယ့်ရှေ့က အနစ်နာခံသွားခဲ့သူ ကိုယ့်ရဲဘော်များအား ထိုက်ထိုက်တန်တန် ပြန်ပေးဆပ်ရမည့် အချိန်ဟု ကိုယ့်ဘာသာ ပြတ်သားစိတ်မွေးပြီး ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ခဲ့ရတာသာ ဖြစ်သည်။

နောက်ဆုံးတော့ ၈၈ လှုပ်ရှားမှုတွင် ကိုယ့်ရုံး၏ အလုပ်သမားသမဂ္ဂကို ခေါင်းဆောင်ခဲ့မှုအတွက် အလုပ်မှ အဖြုတ်ခံရသည်။ သမီးဦးကလေး လေးနှစ်ကျော်မှာပင် ကိုယ့်မိသားစု၏ အနာဂတ်လမ်း လုံးလုံး အမှောင်ကျသွားပြီး ကိုယ်လည်း နိုင်ငံရေးနယ်ထဲသို့ ပိုမို စူးစူးနစ်နစ် ရောက်သွားခဲ့သည်။

အရေးအခင်း ကာလကတည်းက အလုပ်သမားလှုပ်ရှားမှု ခေါင်းဆောင်များအဖြစ် ဆက်သွယ်ပတ်သက်ခဲ့သော အလုပ်သမား၊ ဆိပ်ကမ်း၊ ရေနံစသောဌာနများမှ အလုပ်ပြုတ်ဖက် အလုပ်သမားခေါင်းဆောင်များဖြစ်သော ဒေါ်စန်းစန်း၊ ဦးမောင်ကို၊ ဦးခင်မောင်ဆွေတို့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ဗဟိုအလုပ်သမားအဖွဲ့ဝင်များအဖြစ် အလုပ်သမားရေးကိစ္စများ ပူးတွဲလှုပ်ရှားခဲ့သည်။ နိုင်ငံရေးလှိုင်းဂယက်ထဲ ဆက်မျောပါရင်း ထောင်ထဲ နှစ်ကြိမ်ရောက်သည်။ ဒုတိယအကြိမ်မှာ ထောင်ခုနှစ်နှစ်ကျသည်။

ထောင်ထဲမှာ အချိန်အားနေတော့ ဟိုဟိုသည်သည် စဉ်းစားရင်း တစ်ခါတစ်ခါ ရွှန်းလဲ့ကို သတိရမိသည်။ ဟိုစဉ်က ကိုယ့်ကိုအရွဲ့တိုက်ရင်း ညိုအောင်နှင့် ခိုးစပ်ပြီးခွန်းသွားသည်လားဟု ပထမဆုံးအကြိမ် တွေးခဲ့မိသည်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ သူညိုအောင့်ကို တကယ်ချစ်သွားခဲ့ပြီး ခိုးရာလိုက်သွားခဲ့ရာ သူ့အတွက် ကောင်းသွားသည်ပဲဟုလည်း တွေးနေမိသည်၊ အကယ်၍များ ထိုစဉ်က ကိုယ်သာ စိတ်အလိုလိုက်ပြီး သူနှင့်နီးစပ်အဆင်ပြေခဲ့လျှင် ကိုယ့်ကို အခုထောင်ဝင်စာလာပို့ရင်း ဒုက္ခရောက်နေမှာဟု တစ်ကိုယ်တည်း ရယ်ပွဲဖွဲ့နေခဲ့မိ၏။

ထောင်ကပြန်လွတ်ပြီး မိသားစုအရေးနှင့် စာပေကိစ္စ၊ နိုင်ငံရေးလှုပ်ရှားမှုများထဲ နစ်မျောနေရင်း ရွှန်းလဲ့ကို မေ့နေခဲ့တာ ကြာခဲ့ပြီဖြစ်သည်။ အခုတော့ ရထားပေါ်မှာ သမီးညိုလဲ့ရည်နှင့် မမျှော်လင့်ဘဲ ဆုံဆည်းရာက သူနှင့် ပြန်တွေ့ရဖို့ ဖြစ်လာခဲ့သည်။

အဲဒီညနေမှာ နှစ်နှစ်ဆယ်ကျော်က သူ့ဆီ ညနေတိုင်း ရောက်နေကျပေမယ့် ထူးခြားစွာ ရင်မခုန်ခဲ့ဖူးသော မိန်းကလေးထံ ရင်ခုန်သံသဲ့သဲ့ဖြင့် အရောက်သွားရန် စက်ဘီးနင်းပြီး ထွက်လာခဲ့သည်။

◆

လမ်းမှာ မြို့လယ်ညဈေးတန်းကိုဖြတ်ပြီး လမ်းမတော်လမ်းပေါ် အရောက် တစ်နေရာမှာ စတိုးဆိုင်ကြီး တစ်ခုထဲက အမျိုးသမီးတစ်ဦး ထွက်လာပြီး နှုတ်ဆက်သည်။

"ဟယ်. . . နီနီပါလား၊ ဒါနီနီတို့ဆိုင်လား"

"ဟုတ်တယ်၊ ကိုရီနိုင်ရောက်နေတာကြားတယ်။ လာ ခဏထိုင်ပါဦး၊ မတွေ့ရတာကြာနေပြီ"

ဒီလိုဖြင့် ရွှန်းလဲ့သူငယ်ချင်း နီနီဝင်း၏အိမ်ထဲ ခဏဝင်ဖြစ်သည်။ ဆိုင်က သူ့မောင်တွေ ရောင်းနေတာဖြစ်ပြီး အိမ်အပေါ်ထပ်၌နေသည်ခံ၏။ သူကတော့ အပျိုကြီးဘဝဖြင့် စာရင်းရုံးမှာ လုပ်နေဆဲဟု ဆိုသည်။

ကိုယ်က ရွှန်းလဲ့အိမ်ကို သွားမလို့ဖြစ်ကြောင်း ပြောပြတော့ သူက ကိုညိုအောင် ဆုံးပါးသွားပြီး ရွှန်းလဲ့သိပ် အဆင်မပြေလှကြောင်း၊ အခုတော့ သမီးလေးက လိမ္မာပြီး လုပ်ကျွေးနေလို့ တော်သေးကြောင်း ပြောပြသည်။ ဒီတော့ ကိုယ်ကလည်း သမီးညိုလဲ့နှင့် ရထားပေါ်မှာ ဆုံဖြစ်ပုံကို ပြန်ပြောပြဖြစ်သည်။

"ကြည့်စမ်း၊ အံ့ဩစရာကောင်းလိုက်တာ၊ ညိုလဲ့နဲ့မှ တစ်ခုံတည်းကျရတယ်လို့၊ တကယ့်ရေစက်ပဲနော်"

"ဩော်၊ ဒါကတော့ နီနီဆိုလည်း ရွှန်းလဲ့နဲ့ သူငယ်ချင်းဘဝကနေ ယောက်မတော်ခဲ့သေးတာပဲလေ၊ ဘဝရေစက်ဆိုတာ ဒီလိုပဲပေါ့"

နောက်တော့ နီနီဝင်းကို ကိုယ်ရွှန်းလဲ့ဆီသွားမလို့ ထွက်လာတာဖြစ်ကြောင်းပြောတော့ ညအပြန်မိုးချုပ်မှာဆို့ ဆိုင်ကယ်လည်း ရှုပ်သည်နှင့် မသွားစေချင်ကြောင်း၊ မနက်မှ သွားသင့်ကြောင်း ပြောပါသည်။ ပြီးတော့. . .

"တကယ်လို့ ကိုရီနိုင်လည်း တခြားသွားစရာ အထူးအထွေမရှိရင် နီနီအေးအေးဆေးဆေး ပြောပြစရာလေးတွေ ရှိလို့ပါ၊ နီနီ့ကို ဒီတစ်ညနေလောက် အချိန်ပေးနိုင်မယ်ဆိုရင်ပေါ့" ဟု ဆိုလာ၍ ကိုယ်လည်း သဘောတူလိုက်သည်။

ဒီတော့မှ နီနီက . . .

"အမှန်တော့ ကိုရီနိုင်ပြောတဲ့ ရေစက်ကြောင့် ယောက်မတော်လိုက်ရတယ်ဆိုတာ မှန်သလောက်မှန်ပါတယ်၊ ဒါပေမဲ့ နီနီကိုယ်တိုင် အမှတ်မထင် ဖန်တီးလိုက်မိတာတွေလည်းပါတယ်ဆိုရင် ကိုရီနိုင် အံ့ဩမယ်ထင်တယ်"ဟု ဆိုလာတော့ ဇဝေဇဝါမျက်နှာဖြင့် ကိုယ်နားထောင်ရသည်။

"အမှန်တော့ ရွှန်းလဲ့နဲ့ နီနီက ငယ်သူငယ်ချင်းတွေ၊ နီနီကသူ့ကို ချစ်ပါတယ်၊ ဒါပေမဲ့ နီနီနဲ့သူက အချစ်ဆုံး သူငယ်ချင်းတွေတော့ မဟုတ်ဘူး၊ အိမ်ချင်းမဝေးလို့ ကျောင်းသွားဖော်ဖြစ်ပေမယ့် အချစ်ဆုံးမဖြစ်တာက နီနီဘက်က အားနည်းချက်ကြောင့် ဖြစ်မှာပါ"

ဟုဆိုရင်း သက်ပြင်းတစ်ချက်ရှိုက်ကာ "ဒီအကြောင်းပြောရတာက နီနီမှာ အခက်အခဲရှိပါတယ်၊ ဒါကြောင့် ကိုရီနိုင် အချိန်နည်းနည်းပေးပြီး နားထောင်ပေးပါနော်"

ဟုဆိုလာသဖြင့် ခေါင်းခပ်လေးလေး ညိတ်မိသည်။

"အမှန်တော့ နီနီကိုယ့်ဘာသာ စိတ်ရင်းဖြူစင်တဲ့သူလို့တော့ မပြောလိုပေမယ့် သူများကို ယုတ်မာညစ်ပတ်တဲ့စိတ် မရှိပါဘူး၊ ဒါပေမဲ့ ရွှန်းလဲ့နဲ့ ကျောင်းအတူသွား အတူပြန်နေခဲ့တဲ့ရက်တွေမှာ ရွှန်းလဲ့ကို လူတယ်ချောတယ်လို့ ဆိုကြတိုင်း ကိုယ်က သိမ်ငယ်စိတ်ဝင်ရတယ်၊ သူနဲ့ယှဉ်ပြီး ကိုယ်ကပိုရုပ်ဆိုးသလိုဖြစ်ရလို့ပါ၊ နောက်တော့ နီနီက ဆယ်တန်း နှစ်ချင်းပေါက်အောင်ပြီး သူကျန်ရစ်သည့်တိုင် ရွှန်းလဲ့ကို နီနီ မယှဉ်နိုင်ဘူး၊ ဥပမာ ကိုရီနိုင်ဆို နီနီနဲ့ရန်ကုန်မှာ ကျောင်းအတူတက်နေပေမယ့် ရွှန်းလဲ့နဲ့က ပိုအနေနီးတယ်၊ ရွှန်းလဲ့ကိုယ်တိုင်ကလည်း တက္ကသိုလ်မရောက်ပေမယ့် နီနီတို့ကို ဂရုစိုက်ပုံ မပေါ်ဘူး၊ ကိုရီနိုင်က သူတို့ အိမ်ကိုအမြဲဝင်ထွက်နေတော့ ရွှန်းလဲ့က စာမတော်လည်း နီနီတို့ကို တစ်ကွေ့မှာ ဖြတ်တက်ဖို့ အဆင်သင့်ဆိုတဲ့ဟန်ပန်မျိုး မြင်နေရတယ်လေ၊ ဒီတော့ ဘာရယ်မဟုတ်ပါဘူး၊ သူငယ်ချင်းချင်း စကားနိုင်လုတဲ့ သဘောနဲ့ ကိုရီနိုင်ကအဓိကိုမှာ မိန်းကလေးတွေ ဝိုင်းနေတယ်ဆိုတာမျိုး တမင်ပြောခဲ့တာမျိုး ရှိခဲ့တယ်၊ ရွှန်းလဲ့ အလှမာနထောင်လွှားနေတာကို ချိုးလိုက်ချင်တာလည်း ပါမယ်ထင်တယ်"

"အဲဒါ ကိုယ်သိပါတယ်၊ ဒါသိပ်အရေးကြီးတာတော့ ဟုတ်မယ်မထင်ပါဘူးကွာ"

"အရေးမကြီးဘူးဆိုပေမယ့် ရွှန်းလဲ့အတွက် စိတ်ထိခိုက်စရာတွေ ဖြစ်ခဲ့တယ်ထင်တယ်၊ အမှန်တော့ အဲဒီတုန်းက သူစိတ်ဝင်တစား မျှော်လင့်နေတဲ့ လူတစ်ယောက်. . ."

"ဒါတွေထားလိုက်ပါတော့ နီနီရယ်၊ နောက်ဆုံးတော့ သူတကယ်ချစ်တဲ့သူကို တွေ့သွားခဲ့ပြီး လက်ထပ်ဖြစ်ခဲ့တယ် မဟုတ်လား"

"မဟုတ်ဘူးကိုရီနိုင်၊ ရွှန်းလဲ့ ညိုအောင့်ကို တကယ်ချစ်တာ မဟုတ်ဘူး၊ ဒီအကြောင်းကို ကိုရီနိုင်ကို ပြောပြချင်တာပါ၊ ကဲ. . . နီနီတို့တွေနဲ့ လိုရင်းပဲ ပြောပါမယ်၊ နီနီက ရွှန်းလဲ့ကို အဲဒီလိုပြောမိတဲ့ကာလမှာ နီနီ့မောင်ဝမ်းကွဲ ညိုအောင်ကလည်း ရွှန်းလဲ့ကို အသည်းအသန် ကြိုက်ပြီး နီနီ့ကို လာကပ်နေတယ်၊ နီနီကလည်း ရွှန်းလဲ့ကို ဘယ်ပြောပေးရဲမလဲ၊ ဒီတော့ နင့်ဘာသာ ကြိုးစားကြည့်၊ ငါတော့ သူ့ကိုမပြောရဲဘူးပဲ ပြောခဲ့တာ၊ ညိုအောင်က သူလည်း မပြောရဲဘူးဆိုတော့ ယောက်ျားလေးပဲ ၊ စစ်မရောက်ခင် မြားတုန်ရလား ဘာညာနဲ့ မြှောက်ပေးသလိုမျိုးတော့ ပြောခဲ့ဖူးတယ်၊ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ရွှန်းလဲ့က ညိုအောင်နဲ့ လိုက်ပြေးသွားတော့ နီနီကိုယ်တိုင် မယုံနိုင်အောင် ဖြစ်ခဲ့ရတာ၊ လက်ထပ်ပြီးစမှာ သူတို့ကို တွေ့တော့ ညိုအောင် ပျော်နေသလောက် ရွှန်းလဲ့က သိပ်ကြည်ကြည်လင်လင် မရှိတာတော့ သတိထားမိတယ်၊ ဒါပေမဲ့ သူတို့အိမ်ထောင်ရေးမှာ ဘာမှ ပြဿနာဖြစ်သံ မကြားခဲ့ရပါဘူး၊ အမှန်ပြောရရင် နောက်ပိုင်းကျ ညိုအောင်ကတောင် မိန်းမကိစ္စရှုပ်တာတွေရှိပြီး ရွှန်းလဲ့က သည်းခံခဲ့ပုံပေါ်ပါတယ်"

"ဩော်. . ဟုတ်လား"

ဒီတစ်ခါတော့ ကိုယ်တကယ် အံ့ဩသွားသည်။

"ဟုတ်တယ်၊ နောက်ပိုင်းကျ

Asian Fame Media Group

တော့ စီးပွားရေးက အဆင်ပြေလာတော့ ညိုအောင်က ရှုပ်ရှုပ်ယှက်ယှက်ကလေးတွေ ရှိလာတယ်၊ ဒါပေမဲ့ ရွှန်းလဲ့ကိုတော့ အမြဲကြင်ကြင်နာနာရှိပါတယ်၊ နီနီက မနေနိုင်လို့ ညိုအောင်ကိုတောင် ဆုံးမရတယ်၊ ရွှန်းလဲ့က ငယ်ငယ်ကနဲ့ လုံးဝမတူဘဲ တည်ငြိမ်သွားတော့ သူ့ခမျာ မိဘသဘောမတူတဲ့၊ သူလည်း သိပ်ချစ်ပုံမရတဲ့ သူတစ်ယောက်နဲ့ ဘဝကိုရင်ဆိုင်ရုန်းကန်ရရှာတာဆိုပြီး သနားမိတယ်၊ ဒီလိုနဲ့နောက်တော့ မမျှော်လင့်ဘဲ ညိုအောင်က မှော်ထဲမှာပဲ ဆုံးသွားတယ်၊ ငှက်ဖျားနဲ့လို့ ပြောကြတာပဲ၊ တချို့ကလည်း နံပါတ်ဖိုးထိုးရာကနေ ရှော့ဖြစ်တယ်လို့ ပြောကြတာပဲ"

"ညိုအောင်က နံပါတ်ဖိုးတွေ ဘာတွေ စွဲလို့လား"

"အဲဒီလိုတော့ စွဲတယ်မကြားပါဘူး၊ ဒါပေမဲ့ ကိုရီနိုင်ရယ်၊ သူတို့လောကမှာ အစုံမဟုတ်လား။ နီနီ့မောင်က အစကတည်းက ပညာမတတ်၊ ဘာမတတ်၊ ဘာလေးဖြစ်ဖြစ် စမ်းလုပ်ကြည့်မယ့် ကောင်လေး၊ အရက်လည်းသောက်မှာပဲ၊ ဘာပဲဖြစ်ဖြစ် ညိုအောင်ဆုံးသွားတော့ ရွှန်းလဲ့လည်း ကသီလင်တဖြစ်သွားတယ်၊ နီနီလည်း သူ့ဆီ သွားအားပေးပါတယ်၊ သမီးလေးကျောင်းနေဖို့လည်း ဝိုင်းကူပါမယ်လို့ ပြောရတာပေါ့၊ ပြီးတော့ ညိုအောင်ဟာ အတော်မိုက်တာ၊ နင့်လို မိန်းကလေး ရထားတာတောင် ရှုပ်ချင်သေးတာ၊ ဒီလိုလူ နမြောမနေနဲ့၊ ငါ့မောင်ပေမယ့် ငါတော့ ဒီလိုပဲ ပြောရမှာလို့ သူ့ကိုပြောမိတာ သူက နီနီရယ်၊ သူ ဒီလိုဖြစ်တာတွေအားလုံး ငါ့အပြစ်ပါ ဆိုပြီး ငိုပြီးပြောတယ်၊ ပြီးတော့ ငါ နင့်ကို အားလုံးပြောပြပါမယ်ဆိုပြီး ညိုအောင်အချစ်ကို သူလက်မခံခဲ့ပေမယ့် သူငယ်ချင်းတစ်ယောက်လို ခင်မင်နိုင်တယ်ဆိုပြီး စာပေးစာယူတောင်ရှိခဲ့တာတဲ့၊ ညိုအောင် သူ့ကို တကယ်ချစ်မှန်းသိလို့ သူ့ကိုယ်ရေးကိုယ်တာတွေတောင် စာရေးတိုင်ပင်ခဲ့တာတွေ ရှိတယ်တဲ့၊ ဒါပေမဲ့ တစ်နေ့မှာ သူစိတ်ရှူးပေါက်ပြီး ညိုအောင့်ကို အခွင့်အရေးတစ်ခု ပေးခဲ့တယ်တဲ့၊ အဲဒါကတော့ ညိုအောင့်ကို သူဘယ်တော့မှ ချစ်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒါကို ညိုအောင်သိရက်နဲ့ သူ့ကို လက်ထပ်နိုင်မယ်ဆိုရင် ညိုအောင့်ကို ယူမယ်လို့ပြောခဲ့တာ၊ ညိုအောင်ကလည်း သဘောတူတာနဲ့ သူနိုးရာလိုက် သွားခဲ့တာတဲ့"

"ဘယ်လို၊ ဒါဆို သူတို့ချင်း ချစ်လို့ နိုးရာလိုက်သွားခဲ့တာ မဟုတ်ဘူးလား"

ကိုယ်အံ့ဩတကြီး ထပ်ဖြစ်ရပြန်သည်။

"ဟုတ်တယ်၊ နီနီလည်း အဲဒီတော့မှ သိရတာပါ၊ ရွှန်းလဲ့က ပြောတယ်၊ အဲဒီတော့ နီနီပဲ စဉ်းစားကြည့်ပေါ့တဲ့၊ ကိုယ့်ကိုမချစ်တဲ့ မိန်းမတစ်ယောက်အပေါ် ဘယ်သူက သစ္စာရှိနိုင်မလဲ၊ ပြီးတော့ ညိုအောင့်အပေါ် ငါဘယ်လိုပဲ တာဝန်ကျေပေမယ့် သူ့ကို ငါပြောခဲ့တဲ့ ငါသူ့ကို မချစ်ဘူးဆိုတာဟာ သူ့ရင်ထဲမှာ ဆူးစူးသလို စူးနေမှာပေါ့၊ ဒီတော့ သူပျော်သလို နေနေတာတွေ ရှိခဲ့ပေါ့ဟာ၊ ဒီလိုနဲ့နောက်ဆုံး အသက်တိုသွားရတယ်လို့ ငါထင်တာပဲလို့ ပြောပြီးငိုတယ်၊ သူက နောင်တစကားပြောတော့ နီနီကလည်း ဘာပြောရမှန်းမသိဘူး၊ သူကစိတ်ရှူးပေါက်သွားတယ်လို့ပြောတယ်၊ သူမချစ်တဲ့လူတစ်ယောက်ကို လက်ထပ်ရလောက်အောင် စိတ်ရှူးပေါက်သွားတယ်ဆိုတာ ဘယ်သူ့ကြောင့်လဲ၊ နီနီ့ကြောင့်လားလို့တွေးပြီး စိတ်ထဲ အတော်မကောင်း ဖြစ်မိတယ်"

ကိုယ်လည်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ရွှန်းလဲ့တစ်ယောက် ရူးရူးမိုက်မိုက်ဖြင့် လောကကြီးကို အရှုံးတိုက်ပြီး မလုပ်သင့်တာ လုပ်သွားခဲ့သည်သာဆိုပါလျှင် ရွှန်းလဲ့ကို ရူးစေမိုက်စေသူတွေမှာ ကိုယ်ကော အပြစ်ကင်းရဲ့လားဆိုတာ ချက်ချင်း တွေးစရာ ဖြစ်သွားသည်။

"ဟင်း..၊ နီနီ ထူးထူးခြားခြား အမှားလုပ်ခဲ့တယ်လို့တော့ ကိုယ် မထင်ပါဘူး"

"နီနီလည်း တမင်အမှားလုပ်ခဲ့တာတွေ ရှိတယ်လို့တော့ မထင်ပါဘူး ကိုရီနိုင်ရယ်၊ ဒါပေမဲ့ မိန်းကလေး သဘာဝအတိုင်း သူငယ်ချင်းကို နှိုင်းစရာယှဉ်စရာလို သဘောထားခဲ့မိတာ၊ လှတာတစ်ခုကလွဲရင် ဘာမှ ကိုယ်ထက် ထူးချွန်ထက်မြက်တာ မရှိဘဲ အသာစီးရနေတဲ့ ရွှန်းလဲ့ကို နီနီ့အတွင်းစိတ်က မနာလိုသလို ဖြစ်နေခဲ့မှာ၊ အခုမှ နီနီပြန်မြင်မိတယ်၊ ဒါကြောင့် သူစိတ်ဆင်းရဲမယ့် စကားတွေ တမင်ပြောပြီး သူ့ကို ထိုးနှက်ခဲ့မိတယ်လို့ ထင်တာပါပဲ"

"အေးပါ နီနီရယ်၊ ဒီလိုလည်း မစဉ်းစားပါနဲ့၊ အဲဒီတုန်းက ကိုယ်ကငယ်တာကိုး၊ တို့တစ်တွေလည်း ငယ်စိတ်နဲ့ လူ့သဘာဝကိုကျော်လွန်ပြီး ဟီးရိုးလုပ်ချင်တာတွေ ရှိခဲ့ဖူးတယ်လေ၊ ပြီးတာတော့ ပြီးပါစေတော့၊ အခုအချိန်မှာ တို့တစ်တွေ လွန်ခဲ့တာတွေ စဉ်းစားမယ့်အစား လောလောဆယ် တစ်ယောက်ကို တစ်ယောက် ဘာလုပ်ပေးနိုင်မလဲ စဉ်းစားရတာ ပိုကောင်းမယ်ထင်တယ်"

"ဟုတ်ပါတယ် ကိုရီနိုင်၊ နီနီလည်း သူတို့ကို တတ်အားသရွေ့ ကူညီပါတယ်၊ ညိုလဲ့ကလည်း ကိုယ့်တူမလေး မဟုတ်လား"

"အေးကွာ၊ အဲဒါကောင်းပါတယ်၊ ကြည့်စမ်း အပြင်မှာ အတော်မှောင်သွားပြီ၊ နီနီပြောတာ ဟုတ်တယ်၊ ပတ္တမြားဘက်သွားမိရင် မှားဦးမယ်၊ ဆိုင်ကယ်တောထဲမှာ မှောင်ထဲစက်ဘီးစီးရရင် မလွယ်ဘူး။ အေးပါ နီနီရယ်၊ တို့ဘဝတွေကလည်း ဆည်းဆာဘက်ကို ရောက်နေပါပြီ၊ အမှောင်ထဲမှာ မလဲပြိုရအောင် တစ်ယောက်လက် တစ်ယောက် တွဲရမှာပေါ့၊ နီနီသတိပေးလိုက်လို့ မေ့သွားဖြစ်တာ ကျေးဇူးပဲကွာ၊ အိမ်ပဲ ပြန်ရတော့မယ်၊ နောက်မှ မပြန်ခင် တွေ့ကြဦးမယ်လေ နော်"

"ဟုတ်ကဲ့ ကိုရီနိုင်၊ နီနီလည်း ပြောချင်တာပြောလိုက်ရလို့ ရင်ထဲ ပေါ့သွားတာ ကျေးဇူးတင်ပါတယ်"

♦

နီနီက သူ့ရင်ပေါ့သွားသည် ဆိုပေမယ့် သူ့ဝန်ထုပ်ဝန်ပိုးကို ကိုယ့်ရင်ထဲ ထည့်ပေးလိုက်သလို ရှိသည်။ အဲဒီညက ကိုယ်အိပ်မပျော်။ မမျှော်လင့်ဘဲ သိလိုက်ရသော ကိစ္စက ရင်ထဲမှာ တစ်ငွေ့ငွေ့။

မိုက်လိုက်တဲ့ကလေးမ ရွှန်းလဲ့ရယ်။ လောကကြီးကို အရှုံးတိုက်ဖို့ ဘဝတစ်ခုလုံးကိုထိုးကျွေးပြီး လောင်းကြွမ်း စေခဲ့တာလား။ ရူးမိုက်စိတ်ဝင်တယ်လို့ပဲ ဆိုစေဦးတော့ ကိုယ်မချစ်သည့်သူကို မိဘများနှင့်ပါ ဆန့်ကျင်ပြီး ဘာကြောင့် လက်ထပ်ခဲ့ရပါလိမ့်။ ကဲ ထိုသို့ လက်ထပ်ခဲ့သည် ပဲထားပါတော့။ ဒီလိုမချစ်ဘဲ လက်ထပ်မှာလို့ ကိုယ့်ကို လက်ထပ်မယ့်သူ့ကို ဘာကြောင့် ပြောင်ဖွင့်ပြောပြီးမှ ရူးမိုက်ရတာတဲ့လဲ။ ဘဝတစ်ခုလုံးမှာ တစ်ဦးကိုတစ်ဦး တန်ဆောင်လက်တွဲပြီး ပင်ပန်းကြီးစွာ လျှောက်ခဲ့ကြသည့် ညိုအောင်နှင့် ရွှန်းလဲ့အတွက် စိတ်မကောင်းခြင်းကြီးစွာ ကြေကွဲနေမိသည်။

ဒီလောက် အရင်းအနှီးကြီးစွာ တစ်စုံတစ်ဦးကို အရှုံးတိုက် ရူးမိုက်ပြရဖို့ ရွှန်းလဲ့၏ ပစ်မှတ်က ဘယ်သူလဲ၊ ကိုယ်လား၊ နီနီလား၊ ဒါမှမဟုတ် သူ့မိဘပတ်ဝန်းကျင်လား။ တွေးရင်း အဖြေမရနိုင်ဘဲ မိုးလင်းလုနီးမှ အိပ်ပျော်သွားခဲ့သည်။

မနက်မိုးလင်းတော့ ဘာပဲဖြစ်ဖြစ် ဒီမနက်တော့ ရွှန်းလဲ့ဆီ အရောက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ သူ့ကို မျက်နှာချင်းဆိုင်တွေ့ပြီး သမီးညိုလဲ့ကို ကိုယ်ကူညီနိုင်မည့် အကြောင်းပြောပြလျှင် သူလည်း ဝမ်းသာလိမ့်မည်ထင်သည်၊ ငယ်စဉ်က ပေါ့ပါးလွတ်လပ်ပျော်ရွှင်စွာ နေခဲ့သလောက် အိမ်ထောင်သည် ဘဝတွင် လေးလံကျပ်တည်း ကျဉ်းမြောင်းစွာ ဖြတ်သန်းခဲ့ရမည့် ရွှန်းလဲ့ကို ထွက်ပေါက်လေးတစ်ခု ရစေချင်သည်။ သို့သော် ပစ္စုပ္ပန်တွင်သာ သူဖြစ်ချင်သမျှ လုပ်ပေးနိုင်သရွေ့ လုပ်ပေးလို့ပြီး အတိတ်ဆီ ပြန်မသွားလို။ သူ ဖြစ်ခဲ့သမျှကိုလည်း မမေးလို၊ ညက ပဟေဠိ ဖြစ်ခဲ့သမျှအတွက်လည်း အဖြေမသိလို။ ဘာပဲဖြစ်ဖြစ် သမီးညိုလဲ့ရည်လည်း အတူရှိနေမှာမို့ အတိတ်ဆီပြန်မသွားဘဲ ပစ္စုပ္ပန်တည့်တည့်မှာ သူ့အတွက် ဖြေဆည်ရာများ ဖန်တီးပေးနိုင်ခွင့်ရမည်ဟု မျှော်လင့်လျက် အိပ်ရာထမနက်စာစားပြီးသည်နှင့် သူ့အိမ်ဆီ ထွက်လာခဲ့သည်။

'ပတ္တမြား'ရပ်ကွက်ရှိ ညိုအောင်

တို့အမေအိမ်မှာ သူတို့နေကြသည်ဟု ကိုယ်သိထားသည်မို့ အိမ်ကို အလွယ်ရှာဖွေတွေ့ပါသည်။ အိမ်ရှေ့တွင် ကိုယ့်ကိုကျောပေးပြီး အိမ်ဆိုင်ကလေးဖွင့်ဖို့ ပြင်ဆင်နေသူကို တွေ့ရသဖြင့် စိတ်ထဲ မသေချာပေမယ့် 'ရွှန်းလဲ့'ဟု အလိုလို အသံထွက်သွားသည်။

"ဟယ်. . . အစ်ကိုနိုင် သမီးက ပြောတယ် အိမ်လာမယ်ဆိုလို့ မျှော်နေတာ တစ်ရက်နှစ်ရက် ရှိနေပြီ၊ လာ. . လာ ခဏထိုင်ဦးနော်၊ ရွှန်းလဲ့ လုပ်လက်စ လက်စသတ်လိုက်မယ်"

သူ့ဆိုင်ကလေးမှ ပစ္စည်းများ နေရာချထားပြီးနောက် ကိုယ့်အနားကို ရောက်လာချိန် သမီး ညိုလဲ့ရည်ကို မမြင်ရ၍မေးတော့ မြို့ထဲကို ဆိုင်ကယ်ဖြင့် သွားလိုက်သည်ဟု ဆိုသည်။

"သူလည်း သူငယ်ချင်းတွေနဲ့ မတွေ့ရ တာကြာတော့ အိမ်တောင်သိပ်မကပ်ချင်ဘူးလေ" ဆိုသော ရွှန်းလဲ့ကို "အမေတူသမီး အဆိုးလေးကို အလိုလိုက်နေရတာပေါ့" ဟု နောက်လိုက်ဦးမည်ဟု စိတ်ကူးပေမယ့် ပြောမထွက်ဘဲ 'ဪ'ဟု တစ်လုံးသာထွက်သွားသည်။ ရွှန်းလဲ့မှာ လောကဓံကြောင့် လားမသိ၊ အတော်လေး ပိန်နေပေမယ့် မမှတ်မိနိုင် လောက်အောင်တော့ မပြောင်းလဲသေးပါ။

"အစ်ကိုက ဝလာတယ်နော်" ဟု သူကစပြောသည်။ "အင်း၊ ရွှန်းလဲ့ကတော့ ပိန်တယ်"ဟု ပြောမိတော့. . .

"ဟုတ်တယ်၊ ကျန်းမာရေးက သိပ်မကောင်းလှဘူး။ အခု တလော ချောင်းခဏခဏ ဆိုးနေပြန်တယ်"

ဟု ဆိုသည်။ ကိုယ်က ချောင်ကျနေသော သူ့မျက်နှာလေးကို ကြည့်ပြီး စိတ်မကောင်း ဖြစ်မိသည်။ နောက်တော့ ရထားပေါ်မှာ ညိုလဲ့ရည်နှင့် တွေ့ဖြစ်ပုံကို ပြန်ပြောဖြစ်သည်။

"မနေ့က သမီးနဲ့တွေ့တော့ ဝမ်းသာသွားတာ၊ ရွှန်းလဲ့သမီးမှန်း သိတော့မှ သတိထားမိတယ်၊ အမေငယ်ငယ်ကနဲ့ အတော်တူတယ် ဆိုတာ"

"အမယ်၊ ကဲ ဒါဆို အစ်ကို အမှန် အတိုင်းဖြေနော်၊ ရွှန်းလဲ့ သမီးက ရွှန်းလဲ့နဲ့ တကယ်ပဲ တူသလား၊ အတော်တူတယ် ဆိုတာ စကားအဖြစ်ပြောတာလား၊ တကယ် တူတာလား ပြော"

"ဪ. . . ရောက်ရောက်ချင်း ပြဿနာရှာနေပြန်ပါပြီ၊ တကယ်တူတာပါဆိုမှ"

"ဒါဆိုရင်တော့ အစ်ကို



အတော် ရက်စက်တာပဲ"

"ဟင်း ဘယ်လိုဖြစ်ပြန်တာတုံး၊ ဘာတွေလုပ်မိလို့ ဘာရက်စက်ရမှာလဲ"

"ဘာတွေလုပ်ရမှာလဲ၊ ရွှန်းလဲ့သမီးက ရွှန်းလဲ့နဲ့သာ တကယ်တူတယ်ဆိုရင် အစ်ကို ရက်စက်တာပဲပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုနဲ့ တစ်ညလုံး တစ်ခုံတည်း ထိုင်လာတဲ့ မိန်းကလေးကို ဟယ်. . . ဒါကတော့ ငယ်ငယ်က ငါ့ညီမလေးနဲ့ တစ်မျက်နှာတည်းပါလား၊ သူ့သမီးလေးများလားလို့ အစ်ကိုမတွေးမိဘူး မဟုတ်လား၊ နောက်မနက်ကျမှ မိဘနာမည်ပြောမှ သိတာမဟုတ်လား"

"ဟာ ဒါကတော့. . ."

"ဒါကတော့တွေ ဘာတွေ လုပ်မနေပါနဲ့၊ အစ်ကို ရွှန်းလဲ့ကို လုံးလုံးစိတ်ထဲ မရှိပါဘူး၊ ဝန်ခံလိုက်စမ်းပါ အစ်ကိုရာ"

"လုပ်ပြီ ရွှန်းလဲ့ကတော့၊ ဒီလိုလေ၊ ရွှန်းလဲ့သမီးက သူ့ကိုယ်သူ ကသာကလို့ မပြောဘူးလေ၊ မန္တလေးကတဲ့၊ ပြီးတော့ ကိုယ်က အဲဒီမတိုင်ခင်ညက ကားပေါ်မှာ အီကိုအတူတက်ခဲ့တဲ့ သူငယ်ချင်း တစ်ယောက်နဲ့ အတူလာဖြစ်တော့ မတွေ့တာကြာပြီး တစ်ညလုံး စကားပြောတာ မအိပ်ရဘူးလေ၊ အဲဒါနဲ့ ရထားပေါ်လည်းရောက်တော့ တန်းအိပ်တာ၊ သူ့မျက်နှာလေးတောင် မကြည့်ဖြစ်ဘူး။ ကောလင်းရောက်တော့မှ စကားပြောဖြစ်တော့ သူ့ကို ကသာကမှန်းမသိခင်မှာ ဒီကလေးမလေးက အတော်ချောသားပဲ၊ ဘယ်သူနဲ့တူတာပါလိမ့် ဆိုပြီး မင်းသမီးတွေ မော်ဒယ်တွေ မျက်နှာထဲမှာ သွားစဉ်းစားမိနေတာကိုး၊ ဟား. . . ဟား"

"ကဲပါ၊ အစ်ကိုမှ အပြောကောင်း။ ရွှန်းလဲ့ကို ကပ်မြှောက်ပြီး ချော့မနေပါနဲ့၊ ရွှန်းလဲ့က ငယ်ငယ်ကလို အစ်ကိုတို့ကို ဆိုးနွဲ့ပြီး ကဲတတ်တဲ့ကောင်မလေး မဟုတ်တော့ပါဘူး၊ လောကကြီးက အဲဒီလိုနေလို့ မရဘူးဆိုတာ သင်ပေးလိုက်လို့ လူတွေနဲ့ အလိုက်သင့်နေတတ်သွားပြီ၊ တော်ရုံလူတွေရဲ့ အမှားလည်း ခွင့်လွှတ်တတ်သွားပါပြီ၊ အစ်ကိုမမှတ်မိဘူး ဆိုလည်း ဝမ်းနည်းတာကလွဲပြီး အစ်ကိုကို စိတ်မဆိုးပါဘူး၊ ဒီတော့ အစ်ကိုလည်း ပင်ပင်ပန်းပန်း အကြောင်းပြချက်တွေ ရှာမနေပါနဲ့တော့ ဟုတ်လား"

"ကဲပါ၊ ရွှန်းလဲ့နဲ့ စကားနိုင်လုနေလို့ မဖြစ်သေးဘူး၊ ရွှန်းလဲ့ကို ကိုယ်က ဘယ်တုန်းကမှလည်း နိုင်ဖူးတာမှ မဟုတ်တာ၊ အခု အရေးကြီးတာ ပြောဖို့လာတာ၊ သမီးလေးက ကွန်ပျူတာကျောင်း တက်တုန်းက စိတ်လေပြီး ကောင်းကောင်း မသင်ခဲ့ရဘူးတဲ့။ အခု ကွန်ပျူတာပညာကို ဆက်လေ့လာချင်ပေမယ့် အမေ့ကို ဒုက္ခမပေးချင်လို့ ဆက်တက်ရောလည်း ငွေကုန်မခံနိုင်ဘူးပေါ့ကွာ၊ အဲဒါ ကိုယ်က ဒီကိစ္စကို ကိုယ့်မိတ်ဆွေများက ကူညီကောင်း ကူညီနိုင်မယ်လို့ ပြောပြထားတယ်"

"ဟုတ်တယ်၊ သမီးကပြောပါတယ်၊ အစ်ကို ရန်ကုန်ရောက်မှ စုံစမ်းပေးလိုက်ဦးပေါ့"

"ရန်ကုန်ရောက်အောင် စောင့်စရာမလိုပါဘူး၊ အခုပဲမေးပြီးသွားပြီ၊ အဆင်ပြေပါတယ် ရွှန်းလဲ့ရဲ့၊ အဲဒါ အခု လာပြောတာ"

"ဟယ် တကယ်လား အစ်ကိုရယ်၊ ဝမ်းသာလိုက်တာ၊ အစ်ကိုက တကယ်မေးပြီးသွားပြီပေါ့"

"အေးလေ၊ တကယ်ပေါ့ ဒီကနေ မန္တလေးကို ဖုန်းနဲ့လှမ်းမေးလိုက်တာ၊ အသေးစိတ်ကတော့ သမီးနဲ့ ကိုယ့်မိတ်ဆွေဆရာနဲ့ ဆွေးနွေးကြရမှာပေါ့ အဆင်ပြေမှာပါ။ သင်တန်းကြေးအနေနဲ့ အကုန်အကျမရှိပါဘူး"

"ဟယ် အိပ်မက်လိုပဲနော်၊ အမှန်ပြောရရင် အစ်ကိုတကယ်လုပ်ပေးမယ်လို့ ရွှန်းလဲ့က မထင်ပါဘူး။ ကလေး စိတ်ချမ်းသာအောင် နှစ်သိမ့်ပေးလိုက်တာလို့ပဲ ထင်နေတာ"

"အမယ်၊ အစ်ကိုက ဘယ်တုန်းကလိမ်ဖူးလို့လဲ၊ လုပ်ပေးမှာမို့ တကယ်ပြောလိုက်တာပေါ့၊ အစ်ကို့ကိုများ မယုံဘူးပေါ့"

"ဒါကတော့ အစ်ကိုရယ်၊ ကိုယ့်ကိုယုံတဲ့ သူမှ ကိုယ်ကလည်း ယုံရဲမှာပေါ့"

"အမယ်၊ ကိုယ်ကရွှန်းလဲ့ကို ဘာများ မယုံသင့်တာပြောဖူးလို့လဲ၊ တစ်သက်လုံးတစ်ခါမှ မပြောဖူးပါဘူးနော်"

"ဟုတ်ပါတယ်၊ တစ်သက်လုံး တစ်ခါမှတော့ ရွှန်းလဲ့ကို မပြောဖူးပါဘူး၊ သမီးက တစ်ဆင့်ပြောလိုက်တာကတော့ တကယ့် တစ်သက်စာပါပဲ အစ်ကိုရယ်"

"သမီးကိုဟုတ်လား၊ ဘာပြောမိလို့ပါလိမ့်။ ဟောဗျာ၊ ပြဿနာပဲ၊ တကယ်ဘာမှ ပြောမိတယ် မထင်ပါဘူးကွာ၊ ကိုယ်က စိုးငြိမ်းသူငယ်ချင်းလို့ပဲ ပြောလိုက်တာ၊ အဲဒီတော့ မေမေသိရင် ဝမ်းသာမှာလို့တောင် သမီးက ပြောသေးတယ်"

"သမီးက အဲဒီလိုပြောတော့ အစ်ကိုဘာပြောခဲ့လဲ"

ကိုယ် ဘာများပြောမိပါလိမ့်၊ ကိုယ့်ဘာသာလည်း မမှတ်မိ။

"ဘာမှထူးထူးခြားခြား ပြောမိတယ် မထင်ပါဘူး ရွှန်းလဲ့ရယ်"

"အစ်ကိုက ပြောတယ်ဆို၊ ကိုစိုးငြိမ်းသူငယ်ချင်းလို့ ပြောလိုက်ရင် ရွှန်းလဲ့က ဘယ်သူများပါလိမ့်ဆိုပြီး စဉ်းစားရင် စဉ်းစားနေမှာလို့"

"ကြော်. . . ဒါလား၊ ဘာများလဲလို့ ရွှန်းလဲ့ရာ၊ ကိုယ်က ဘာမှမဟုတ်ပါဘူး၊ ဒီတိုင်း နောက်လိုက်တာပါ"

"ဆင်ကျိုးစားရာ ဆိတ်မခံသာဆိုတာ အစ်ကိုကြားဖူးတယ် မဟုတ်လား၊ ရွှန်းလဲ့ အရမ်းဝမ်းနည်းတာပဲ၊ မျက်ရည်တောင်ကျတယ်သိလား"

"ဟောဗျာ ဘာမျက်ရည်ကျစရာရှိလို့လဲ"

"ရှိတာပေါ့၊ အစ်ကိုက ရွှန်းလဲ့ အစ်ကို့ကို မေ့ပြီး တစ်ဘဝလုံး ပျော်နေတယ်လို့များ ထင်နေခဲ့တာလား"

အမှန်တော့ ဟုတ်သည်။ ရွှန်းလဲ့က သူချစ်တဲ့သူကိုသူရွေးချယ်ပြီး လက်တွဲလျှောက်နေသည့်လမ်းမှာ ကိုယ့်ကို သတိရစရာမရှိဟု တွေးခဲ့တာ အမှန်။

ဒါပေမဲ့ ဒါကိုအခု ဝန်ခံပြောရမယ့် အချိန်တော့မဟုတ်ပါ။

"ကြော်. . . ရွှန်းလဲ့၊ ရွှန်းလဲ့၊ အခုအထိ ကလေးလိုပဲ၊ လူကြီးဖြစ်ရမယ့် အရွယ်ရောက်နေပြီ ရွှန်းလဲ့ရဲ့"

"ဟုတ်တယ်အစ်ကို၊ ရွှန်းလဲ့က တကယ့် ကလေးလိုပဲ၊ တစ်သက်လုံးပါပဲ၊ တစ်ခါမှ ကိုယ့်ဘာသာ လူကြီးဖြစ်တယ် မထင်ခဲ့ဘူး၊ လူကြီးဆိုတာက မြင်ဖူးတယ်၊ လုံခြုံတယ်၊ ကလေးဆိုတာက မပြည့်စုံဘူး၊ မလုံခြုံဘူး အစ်ကို၊ ကျောင်းတုန်းက ရွှန်းလဲ့ စာမတော်ဘူး၊ ဒါပေမဲ့ ရုပ်ကလေးချောတယ်ဆိုပြီး အားလုံးကပဲ ဝိုင်းမြှောက်ထားသလိုလို ထင်နေကြတာ၊ ဘယ်သူကမှ ရွှန်းလဲ့ကို လူကြီးလို နေရာပေးတာ မဟုတ်ပါဘူး၊ ရွှန်းလဲ့က ကလေးလိုပဲအမြဲ အားငယ်တယ်၊ ရွှန်းလဲ့လည်း သူငယ်ချင်းတွေလိုပဲ ဆယ်တန်းကို အေးအေးဆေးအောင်ချင်တယ်၊ တက္ကသိုလ်တက်ချင်တယ်၊ အစ်ကိုတို့လိုပဲ ရွှန်းလဲ့မှာ အနာဂတ်ရှိတဲ့ ဘဝဖြစ်ချင်ခဲ့တာပဲ အစ်ကို၊ ဒါပေမဲ့ ရွှန်းလဲ့ကို ဘယ်သူမှ နားမလည်ကြဘူး၊ အထူးသဖြင့် အစ်ကိုရွှန်းလဲ့ကို နားမလည်ဘူးမဟုတ်လား"

တကယ်ပဲ အဲဒီကာလက ရွှန်းလဲ့ကို နားမလည်ခဲ့မိဘူးလား။ ဖြစ်ကောင်းဖြစ်မည်။ သူ့ကို စာမေးပွဲအောင်အောင် မလုပ်ဘူး၊ စာမကြိုးစားဘူး၊ ဘယ်တော့မှ ဘွဲ့ရမှာလည်း မဟုတ်ဘူးစသည်ဖြင့် ဆူခဲ့ပူခဲ့မိတာ အမှန်။ သူ့ရုပ်ကလေးသူ့သပြီး ဘာမှမလေးနက်တဲ့ ကလေးမ၊ ဘဝရည်မှန်းချက်မရှိတဲ့ ဟာလေးဟု မြင်ခဲ့မိတာတော့ အမှန်။ ဒါပေမဲ့ . . .

"ဒီလိုတော့လည်း မဟုတ်ပါဘူး ရွှန်းလဲ့ရယ်"ဟု လေသံပျော့ဖြင့် ပြေမိတော့ . . .

"ဘာလို့မဟုတ်ရမှာလဲ အစ်ကိုရာ၊ ရွှန်းလဲ့ကို လူတွေက အလှမာနတက်နေတယ်လို့ ထင်ကြတာ၊ တကယ်တော့ ရွှန်းလဲ့မှာက ဘာမှမရှိလို့ ရှိတာလေးကို အားပြုပြီး မာန်တင်းနေခဲ့ရတာ၊ ဟန်လုပ်နေခဲ့ရတာပါအစ်ကို၊ အဲဒီလူတွေဆိုတဲ့ဟာ လောက်နဲ့ ဘဝမှာ ဘာမှသုံးမရမှန်း အထူးသဖြင့် အစ်ကို့လိုလူက တန်ဖိုးမထားမှန်း အဲဒီကတည်းက ရွှန်းလဲ့သိတယ်"

ပြောရင်းဖြင့် ရွှန်းလဲ့မျက်ရည်ဝဲလာသည်ကို မသိသလို မျက်နှာလွှဲရင်းက. . .

"အဲဒီလိုမဟုတ်ပါဘူး ရွှန်းလဲ့ရယ်၊ ကိုယ်လည်း အများယောကျ်ားတွေထဲက တစ်ယောက်ပါပဲ၊ ပြီးတော့ ရွှန်းလဲ့က ကလေးဆန်ပေမယ့် သူများကို မကောက်ကျစ်တတ်တဲ့ စိတ်အလှလေးလည်းရှိမှန်း ကိုယ်အဲဒီကတည်းက သိခဲ့ပါတယ်"

ဆိုသော စကားကိုတော့ ပြောမထွက်နိုင်သည်မို့ ရင်ထဲမှာပဲမျိုချသိမ်းဆည်းထားလိုက်ရရင်း နှုတ်ဆိတ်နေမိသည်။

"ရွှန်းလဲ့ ဆိုးခဲ့ပါတယ်၊ အဲဒါကို ဝန်ခံနိုင်ပါတယ်၊ ရွှန်းလဲ့ရဲ့ အားနည်းချက်ကို လာထိခိုက်ရင် မခံနိုင်ပဲ ဘွဲ့မရတော့လည်း ဘာဖြစ်မှာမို့လဲလို့ အစ်ကို့ကိုပြန်ရန်တွေ့ခဲ့မိတာပါ၊ အစ်ကို့စေတနာကို မသိလို့လည်း မဟုတ်ဘဲ အနာပေါ်တုတ်ကျဖြစ်တာ အစ်ကိုဘယ်တုံးကမှ မသိနိုင်ခဲ့ဘူးမဟုတ်လား၊ အဲဒါဟာ အစ်ကိုပြောသလို ရွှန်းလဲ့က ကလေးမို့ပါ အစ်ကို၊ ကလေးဆိုတာ အားငယ်တတ်တယ်၊ သူများကို အားကိုးတယ်၊ အားကိုးသူက လှည့်မကြည့်ရင် လောကကြီးကိုပါ အရွဲ့တိုက်ပြီး ဖြစ်ချင်ရာဖြစ် လုပ်ပစ်ချင်တယ်"

"ဒါနဲ့ပဲ ကိုယ့်ကို အရွဲ့တိုက်ပြီး ညီအောင့်ကို မချစ်ဘဲ လက်ထပ်ခဲ့

Asian Fame Media Group

တယ် ဆိုပါတော့"

ဒီတစ်ခါမှာ ရင်ထဲမှာရှိသည့် အတိုင်း စကားလုံးများ ခုန်ထွက်သွားတော့ မျက်ရည်စများဖြင့်ရွှန်းလဲ့ပင် လန့်ဖျပ်သွားသည်။

"ဟင် . . . အဲဒါ အစ်ကို ဘယ်လိုသိတာလဲ"

ကိုယ်လည်း သက်ပြင်း တစ်ချက်ချမိရင်း

"ကိုယ်မနေ့က နီနီတို့အိမ်ကို ရောက်တယ်၊ နီနီပြောလို့ အားလုံး ကိုယ်သိပြီးပါပြီ" ဟု ပြောလိုက်ရသည်။

"ဩော် . . အစ်ကိုက ဒါတွေကို သိသွားပြီကိုး၊ အင်းလေ၊ ဒါပေမဲ့ အစ်ကိုရာ၊ နီနီမသိတာတွေကိုက အများကြီးရှိသေးတော့ အစ်ကို မသိတာတွေက ပိုများနေဦးမှာပါ"

"အစ်ကိုမသိတာတွေ ဟုတ်လား၊ ဘာတွေရှိသေးလို့လဲ ရွှန်းလဲ့ရာ"

"အင်း . . ထားလိုက်ပါတော့ အစ်ကိုရယ်၊ ရွှန်းလဲ့ထိုက်နဲ့ ရွှန်းလဲ့ကံသာ ရှိပါစေတော့၊ ပြီးတာတွေလည်း ပြီးခဲ့ပြီပဲ"

"ဒီလို မဟုတ်သေးဘူးလေ ရွှန်းလဲ့၊ ကိုယ်သိတော့မှ ရွှန်းလဲ့ကို ကူညီနိုင်မှာပေါ့"

"အစ်ကို ကူညီနိုင်မယ့်ဟာတွေ မဟုတ်ပါဘူး၊ အစ်ကိုမသိသေးတာတွေထဲက တစ်ခုကိုပြောရရင် ရွှန်းလဲ့မိုက်ခဲ့တဲ့အတွက် အဖေနဲ့ အမေက စိတ်ဆင်းရဲပြီး အသက်တိုသွားတယ်လို့ ရွှန်းလဲ့စိတ်ထဲမှာ စွဲနေတယ်၊ အဲဒါတကယ်လည်း ဟုတ်တယ်"

"ဩော် . . . ရွှန်းလဲ့ရယ်၊ ဒီလိုလည်း မဟုတ်ပါဘူး၊ ရွှန်းလဲ့လက်ထပ်ပြီး အတော်ကြီးကြာမှ သူတို့ဆုံးတာပဲ၊ အန်တီစိုးဆုံးတာဆို ကိုယ်တောင်မသိဘူး၊ ဦးဆုံးတုန်းကတော့ သတင်းကြားလို့ ဝိုးငြိမ်းဆီ ကိုယ်ကူငွေလှမ်းပို့ဖြစ်ပါသေးတယ်"

"မေမေက အစ်ကို အထဲရောက်နေတဲ့ကာလမှာ ဆုံးသွားတာကိုး၊ အစ်ကိုစိုးလည်း တူတူပဲ၊ အစ်ကိုစိုးဆုံးတော့လည်း အစ်ကို ထောင်ထဲမှာပဲ ရှိသေးတယ်၊ မေမေနဲ့အစ်ကိုကိုတော့ ရွှန်းလဲ့ပြုစုခွင့်ရပါတယ်၊ အဲဒီတော့ ရွှန်းလဲ့တို့ ကသာ ပြန်ရောက်နေပြီလေ၊ ညိုအောင့် အဘွားအိမ်၊ အခုဒီအိမ်ပေါ့၊ အဲဒါ ငွေအမ်းပြီးယူလိုက်တာ၊ ရွှန်းလဲ့တို့ အဲဒီကတည်းက ဒီအိမ်မှာနေခဲ့တာ၊ အမေတို့အိမ်ကတော့ အမေနဲ့ အစ်ကိုကို ဆေးကုရာမှာ ကုန်တယ်လို့ပဲ ပြောရမယ်၊ အစ်ကိုမဆုံးခင်တစ်နှစ်မှာ အိမ်ကိုရောင်းပြီး အစ်ကိုကို ရွှန်းလဲ့အိမ်မှာ ခေါ်ထားတယ်၊ ဆေးကုပေးတယ်၊ ကင်ဆာလည်းဖြစ်ပြန်၊ သိတာလည်း နောက်ကျတော့ ငွေကုန်ရကျိုးမနပ်ပါဘူး၊ အစ်ကိုစိုးဆုံးတော့ အိမ်ရောင်းတဲ့ ငွေကျန်တာကို ရွှန်းလဲ့အကုန်လှူပစ်လိုက်တယ်၊ ဒါပေမဲ့လည်း ရွှန်းလဲ့ကြောင့် သူတို့ အသက်တိုသွားတဲ့ဆိုတဲ့ အစွဲက မပျောက်ဘူး"

"အဲဒီလို မစွဲလမ်းရဘူး ရွှန်းလဲ့ရဲ့၊ ကိုယ်လည်း အကောင်းဆုံးဆုံးဖြတ်လုပ်ကိုင်ခဲ့တာပဲ၊ ညိုအောင်ကို မွေးတာလည်း ရွှန်းလဲ့ မှားတာဆိုတာ သေချာပါတယ်၊ သူရွှန်းလဲ့ကို တင့်တောင်းတောင့်တယ် ထားခဲ့တာပဲလေ၊ ဒါပေမဲ့ မိုးငြိမ်းကြီးကို ကိုယ်ပြန်မတွေ့လိုက်ရတာတော့ စိတ်မကောင်းဘူးကွာ"

"သူကလည်း ဆုံးခါနီးတောင် အစ်ကိုကို သတိတရအမြဲ ပြောနေရှာတာပါ"

"အေးလေ ဒါထက် အစ်ကို မသိတာတွေ အများကြီးဆိုတဲ့အထဲမှာ သမီးနဲ့ပတ်သက်ပြီး ရွှန်းလဲ့မှာ ပြဿနာဖြစ်ဖြစ် အခက်အခဲဖြစ်ဖြစ် ရှိနေသေးတာလား"

"သမီးကတော့ အထူးအထွေ မရှိပါဘူး၊ သမီးလေးက လိမ္မာရှာပါတယ်၊ သူ့အဖေဆုံးစက စိတ်လေသွားတာ တစ်ခုပါပဲ"

"ဒါတော့ ဖြစ်တတ်တဲ့ သဘောပါ ရွှန်းလဲ့ရယ်၊ ကိုယ်ဟိုနေ့ကပဲ သူ့ကို ပြောပြဆုံးမလိုက်ပါသေးတယ်"

"သမီးက အားလုံးပြောပြပါတယ် အစ်ကို၊ ကျေးဇူးလည်း တင်ပါတယ်၊ သမီးလေးကို အားပေးလို့လေ၊ သမီးလေးက အစ်ကို ပြောသလို ပတ္တမြားလေး ဖြစ်နိုင်မှာပါ။ ရွှန်းလဲ့လည်း ငယ်ငယ်က သူ့လို ပတ္တမြားလေးဖြစ်ချင်ခဲ့တာပါအစ်ကို၊ ဒါပေမဲ့ မဖြစ်နိုင်ခဲ့ဘူး၊ သူ့ကို အစ်ကို ဆုံးမတဲ့စကား ပြန်ကြားတော့ တိုက်တိုက်ဆိုင်ဆိုင် ငယ်ငယ်တုန်းက တွေးခဲ့စိတ်ရှုးပေါက်ခဲ့တာတစ်ခုကို သတိရမိတယ်၊ အဲဒါက ရွှန်းလဲ့တို့ ကိုးတန်းဆယ်တန်းမှာ ဇော်ဝမ်းရဲ့ ကျောက်ခဲသီချင်းက အရမ်း ခေတ်စားခဲ့တယ်လေ၊ ရွှန်းလဲ့ ဆယ်တန်း နှစ်ခါဖြေပြီး အေနဲ့မအောင်လို့ ကျောင်းထွက်ရတဲ့အခါ ကျောက်ခဲသီချင်းနဲ့ ကိုယ့် ဘဝနဲ့တူနေသလားလို့ ရွှန်းလဲ့တွေးမိတာ၊ သူများတွေ ဘဝက အောင်မြင်တယ်၊ အနာဂတ်ရှိတယ်၊ စိန်ခဲရွှေခဲလိုပဲ၊ ကိုယ်ကတော့လမ်းဘေးက ကျောက်ခဲပဲလို့လေ"

"ရွှန်းလဲ့ရယ်၊ ကြဲကြဲဖန်ဖန်"

"ဟုတ်တယ်အစ်ကို၊ လူတွေက ရွှန်းလဲ့မျက်နှာပေါ်မှာ ရွှန်းလဲ့ မာန်တင်းပြီး ဖန်ဆင်းထားတဲ့ မာနတွေကိုပဲ အဟုတ်မှတ်နေတာ၊ ရွှန်းလဲ့ရင်ထဲ ဘယ်လောက်ပဲ့ကြွေပြီး သိမ်ငယ်နေတယ်ဆိုတာ မသိကြပါဘူး၊ အင်း . . ၊ သိတဲ့သူတစ်ယောက်တော့ ရှိခဲ့ပါတယ်၊ အဲဒီလူက ညိုအောင်ပါ၊ ဒါတလည်း ရွှန်းလဲ့ရင်ထဲရှိသမျှ သူ့ကိုဖွင့်ပြောဖြစ်တာကိုး"

"ညိုအောင်နဲ့ရွှန်းလဲ့က ဘယ်တုန်းက ဒီလောက် နီးစပ်ရင်းနှီးသွားရတာလဲ"

"အစကတည်းက ညိုအောင်က နီနီ့ မောင်ဝမ်းကွဲအနေနဲ့ ရွှန်းလဲ့နဲ့ မစိမ်းပါဘူး၊ နောက်တော့ သူက ရွှန်းလဲ့ကို စိတ်ဝင်စားပုံပြလာတော့ ရွှန်းလဲ့က ရှောင်ဖယ်ပြီး နေခဲ့တယ်၊ နောင်တော့ အစ်ကို့ကို မကျေနပ်စိတ်နဲ့ ညိုအောင့်ကို မျက်နှာသာပေးခဲ့တယ်ဆိုတာတော့ ရွှန်းလဲ့ ဝန်ခံပါတယ်၊ ဒါပေမဲ့ သူ့ကို မျှော်လင့်ချက်ပေးထားတာ မဟုတ်ဘူး၊ သူ့ကို မချစ်နိုင်ဘူးလို့ ပြောခဲ့ပြီးမှ ဒါပေမဲ့ ဒါကိုသူလက်ခံရင် သူငယ်ချင်းလို တိုင်ပင်စရာလူလို ခင်နိုင်တယ်လို့ ပြောခဲ့တာ၊ အမှန်တော့ ညိုအောင်ကို ရွှန်းလဲ့ဘဝထဲ မဝင်လာစေချင်လို့ ကာထားခဲ့တယ်၊ ဒါပေမဲ့ အစ်ကို့အမြင်မှာ ညိုအောင်ဟာ ရွှန်းလဲ့နဲ့ အနီးဆုံးနေရာမှာလို့ ထင်စေချင်ခဲ့တာ၊ ဒါဟာ အမှန်တရားပါပဲ အစ်ကို"

ရွှန်းလဲ့က ပြတင်းပေါက်မှ တစ်ဆင့် အတိတ်ကို ပြန်မြင်သလို လှမ်းငေးနေသည်။ အတိတ်ကို ပြန်ငေးရင်း အိပ်မက်မက်သလို တစ်လုံးချင်း သူ့ နှုတ်ဖျားက ထွက်လာခဲ့သည်။

"ရွှန်းလဲ့ မှားခဲ့ပါတယ်၊ ညိုအောင်ကလည်း ရွှန်းလဲ့အတွက် ဖြည့်ဆည်းပေးချင်တဲ့ သူဆိုတော့ ရွှန်းလဲ့ပြောသလိုနေခဲ့တာ၊ ပြောရရင်တော့ အရှည်ကြီးပါအစ်ကိုရယ်၊ ရွှန်းလဲ့က ညကျောင်းတက်တယ်၊ ညိုအောင်က အမြင်ကျူရှင် တက်တယ်၊ အဲဒီတုန်းက ရွှန်းလဲ့တို့မြို့မှာ ကျူရှင်ဆိုတာ စပေါ်ခါစပေါ့၊ ရွှန်းလဲ့က အစိုးရဖွင့်ထားတဲ့ ညကျောင်းကိုတက်တာ၊ အဲဒီတော့ ညိုအောင့်ဆီက ကျူရှင်သင်ခန်းစာတချို့ကူးချင်လို့ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်ငှားဖြစ်တယ် အစ်ကို၊ ညိုအောင်ဆီက သင်္ချာကျူရှင်စာအုပ်ကို ညိုအောင်နဲ့ အင်္ဂလိပ်စာ အတူတက်နေတဲ့ ရွှန်းလဲ့ သူငယ်ချင်း မိုးမိုးဆီကတစ်ဆင့် တစ်ရက်ခြားတစ်ခါလောက်ငှားတယ်၊ ရွှန်းလဲ့က ကူးပြီးပြန်ပေးတယ်၊ ဒါက သူငယ်ချင်းရဲ့ အမြင်ပေါ့၊ အမှန်တော့ အဲဒီစာအုပ်နဲ့ ရွှန်းလဲ့နဲ့ ညိုအောင်က စာအပေးအယူလုပ်ခဲ့တာ"

"ဩော်"

ဒီတော့မှ နီနီပြောလိုက်သော 'ညိုအောင့် အချစ်ကို လက်မခံပေမယ့် သူငယ်ချင်းလို ခင်နိုင်တယ်ဆိုပြီး စာပေးစာယူတောင် ရှိခဲ့တာတဲ့' ဆိုတာကို ပြန်သတိရမိသည်။

"ညိုအောင့်စာအုပ်အဖုံးထဲမှာ ဝှက်ပြီး စာကို အပြန်အလှန်ထည့်ပေးကြတာ၊ အမှန်တော့ မိန်းကလေး သူငယ်ချင်းတွေကိုတောင် မပြောပြခဲ့တဲ့ ရွှန်းလဲ့ရင်ထဲကအကြောင်းတွေကို ညိုအောင့်ကို စာရေးပြောပြခဲ့တာ၊ အဲဒါဟာ အစ်ကိုနဲ့ ပတ်သက်တဲ့ ခံစားချက်တွေပါအစ်ကို"

ရွှန်းလဲ့က ပွင့်ပွင့်လင်းလင်း ပြောလာတော့ ကိုယ့်မှာ ပြောစရာစကားမရှိသလို ငြိမ်သက်နေမိသည်။

**မောင်လွင်မွန် (ကသာ)**
**ရွှေလဆက်ရန်**



Asian Fame Media Group

# ရတီစာအုပ်စင်

**အရှင်သံဝရာလင်္ကာရ (ဓမ္မပီယဆရာတော်)**
**နိုင်ငံတော့ဖြင့် မခြားလိုပြီ**

လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွား အလို့ငှာ ရေးသားညွှန်ပြထားသော ဆောင်းပါးများ စုစည်းထားသည့် စာအုပ်ဖြစ်သည်။ ဆရာတော် အရှင်သံဝရာလင်္ကာရ၏ ဆောင်းပါးများတွင် လောက ဓမ္မအရေးများကို သတိသံဝေဂ ဆင်ခြင်ယူဖွယ်အ ကြောင်းများ ပါဝင်သကဲ့သို့ နိုင်ငံ၏အရေးအရာများ လည်း ပါဝင်သည်ကို တွေ့မြင်ကြရမည်။

တရားတော် သက်သက်သာမကဘဲ လောက သဘာဝနှင့်ယှဉ်သော အကြောင်းတရားများ ဖြစ် သောကြောင့် အချိန်ရှားပါးသော စာဖတ်သူများ အတွက် လိုတိုရှင်းခရီး ရောက်သော စာအုပ် ဖြစ် ပါသည်။ လင်းလွန်းခင် စာပေမှ ထုတ်ဝေပြီး တန်ဖိုး မှာ ၁၅၀၀ ကျပ်ဖြစ်သည်။







**အမရာ(ဒေး- ၁)**
**အသံတိတ်အိပ်ဖက်ဆိုးများ နောက်ကွယ်မှအမျိုးသမီးနှင့် တိုးတိုးတိတ်တိတ် ကတ်လမ်းများ**

အမျိုးသမီးများနှင့်ဆိုင်သော ကျန်းမာရေး ပညာ ပေးစာအုပ်တစ်အုပ်ဖြစ်သည်။ အမျိုးသမီးထုအတွက် သိထားရမည့် ကျန်းမာရေးအသိနှင့်အတူ လူမှုဘဝ များတွင် ရှောင်ရှားသင့်သည်များ၊ အခက်အခဲ များကို ရင်ဆိုင်ဖြတ်သန်းရန် ခွန်အားဖြစ်စေမည့် သာဓက အဖြစ်အပျက်များ ပါဝင်သည်။ ဆေးပညာရပ်နှင့်ပတ် သက်သော ဗဟုသုတအချက်အလက်များကို မိမိ၏ ဖြတ်သန်းခဲ့သော အတွေ့အကြုံများဖြင့် ယှဉ်ကာ ရေးသားထားသည်။ ပုဒ်ရေ ၃၀ ကျော် ပါဝင်ပြီး စာနာမှုမေတ္တာတရားစွက်သော သုတ ရသ ဆောင်း ပါးများအဖြစ် ဖတ်ရှုကြရမည်။ လင်းလွန်းခင် စာပေမှ တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

**ဦးစန္ဒိမာ(စလင်း)**
**သာသနာ့အကျော် ဆရာတော်ကြီးများ**

သမိုင်းမှတ်တမ်းသည် ခေတ်အဆက်ဆက်သယ် ဆောင်အပ်သောအရာဖြစ်ပြီး ယင်းသမိုင်း မှတ်တမ်း တွင် အတ္ထုပ္ပတ္တိဟူသည် သမိုင်းကိုဖြည့်စွက်သည့် အစိတ်အပိုင်း မှတ်တမ်းတစ်မျိုးဖြစ်သည်။ လူပုဂ္ဂိုလ် မဟုတ်သော သံဃာတော် အရှင်မြတ်တို့အကြောင်း ထေရုပ္ပတ္တိကမူ ဗုဒ္ဓသာသနာတော်အတွက် အရေးပါ သောလုပ်ငန်းစဉ်ဖြစ်ရာ ဤစာအုပ်သည် သာသနာ တော် အကျိုးစီးပွား အတွက် တစ်စိတ်တစ်ပိုင်းသော မှတ်တမ်းပင် ဖြစ်ပါသည်။ သာသနာတော်အတွင်း အ ကျော်ဒေးယျဖြစ်ခဲ့သော ဆရာတော်ကြီးများ အ ကြောင်း စုစည်းဖော်ပြထားသည့်စာစု ၁၄ ပုဒ်ပါဝင် သည်။ ဤစာအုပ်ကို လင်းလွန်းခင် စာပေမှ ထုတ်ဝေ၍ တန်ဖိုးမှာ ၂၀၀၀ ကျပ်ဖြစ်ပါသည်။




Asian Fame Media Group

ရတီစာအုပ်စင်

### ကလောင်စုံ – သာသနာပြုခြင်းအနုပညာ

ရဟန်းကလောင်၊ လူပုဂ္ဂိုလ်ကလောင်စုံပါဝင်ရေးသားထားပြီး သာသနာပြုလမ်းညွှန်ဆောင်းပါးစုစုပေါင်း ၁၅ ပုဒ်စုစည်းဖော်ပြထားသည်။ သာသနာပြုခြင်း အနုပညာဟူသော ခေါင်းစဉ်နှင့်အညီ ပါဝင်သောဆောင်းပါးများသည်သာသနာတော်သမိုင်းကြောင်း၊ သိမှတ်ဖွယ်နှင့်တကွ ရှုမြင်ဆင်ခြင်ဖွယ်၊ ဆောင်ရွက်ဖွယ်ရာနည်းနာများပါဝင်သည်။ သာသနာတော်ပြန့်ပွားရေး၊ တည်တံ့ရေး လုပ်ငန်းစဉ်များတွင် သာသနာ့ဘောင်အတွင်းမှ သံဃာတော်များ၏အမြင်နှင့်လူမှုဝန်းကျင်ရှိ လူ့ဘောင်တွင်းမှ လူပုဂ္ဂိုလ်များ၏ ရှုထောင့်စုံမှ ရှုမြင်တင်ပြထားမှုများကို သာသနာသမိုင်းအလိုက်လည်းကောင်း၊ နှိုင်းယှဉ်ဆင်ခြင်မှုအကြောင်းအကျိုးအလိုက်လည်းကောင်း စုံလင်စွာ ဖတ်ရှုကြရမည်ဖြစ်သည်။ လင်းလွန်းခင်စာပေမှ ၁၈၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်သည်။







### မိုးအေး
### ရုရှားဒီမိုကရေစီအသွင် ကူးပြောင်းရေးဇာတ်ရှုပ်များ

ကမ္ဘာ့နိုင်ငံရေးအဖြစ်အပျက်ခုံကို လေ့လာစောင့်ကြည့်သူများအတွက် ရုရှားနိုင်ငံရေးအသွင်ကူးပြောင်းရေးကာလဖြစ်ရပ်များနှင့် လှုပ်ရှားမှုများ အကြောင်းဖြစ်သည်။

DVB ရုပ်သံလိုင်းတွင် တင်ဆက်ခဲ့သည်များမှ ပြန်လည် ရေးသားတင်ပြထားခြင်းဖြစ်သည်။ ရုရှား၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် လှုပ်ခတ်နေသည့် ပုံရိပ်များ ဖြစ်သည်ဟု ဆိုနိုင်သော်လည်း နိုင်ငံရေး ဖြစ်စဉ်များကို ရှုမြင်သုံးသပ်ထားချက်များပါရှိသည့်အတွက် နိုင်ငံရေးလေ့လာချက်စာတမ်းတစ်စောင် ကဲ့သို့ ဖြစ်နေသည်။ ဤစာအုပ်ကို လင်းလွန်းခင်စာပေမှထုတ်ဝေ၍ တန်ဖိုးမှာ ၁၅၀၀ ကျပ် ဖြစ်သည်။

### ရဲသျှမ်း – အောင်မြင်မှုရဲ့ဇာတ်ရုံများနှင့် သားရဲဝဏ္ဏသို့ ပေးစာများ

သုတ၊ ရသစာပေများအနက်တက်ကျမ်းနှင့် ဆုံးမစာများသည် အနာဂတ်ခေါင်းဆောင်လောင်းလူငယ်များကိုလမ်းညွှန်သည့်စာများဖြစ်ကြသည်။ ယင်းတို့အနက် လူငယ်၏ပထမခြေလှမ်းကလေး သူငယ်များဘဝတွင် ဦးစွာလိုအပ်သောလမ်းညွှန်ဆုံးမမှုသည် ပို၍ အရေးပါသောစာပေတစ်ရပ်ဖြစ်သည်ဟု ဆိုရမည်။ ယခုစာအုပ်သည် ထိုသို့လိုအပ်နေသောကွက်လပ်များမရှိရအောင် ဖြည့်ဆည်းမည့် စာတစ်အုပ်ဖြစ်သည်။ သားရဲဝဏ္ဏသို့ ပေးစာဟုအမည်ပေးထားသည့်အတိုင်း သားငယ်ထံသို့ ဦးတည်လျက်ရေးသားထားသောနီတိများပင်ဖြစ်သည်။ မြန်မာဆိုရိုးစကားတစ်ရပ် ဖြစ်သော လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟူသည့် စကားရပ်ကို ခံစားသိမြင်သောစာအုပ်ဖြစ်သည်။ လင်းလွန်းခင်စာပေမှ ၁၀၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်သည်။




Asian Fame Media Group

မောင်အိမ်စံ

# ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှုဖြစ်သည်။

## ဒါရိုက်တာအာယု၏ ချဉ်ဖတ်

မြင့်မြတ်နှင့်ချစ်သုဝေ အစ်ကာ ပါဝင်သရုပ်ဆောင်ထားသည့် 'ချဉ်ဖတ်' ဗီဒီယိုဇာတ်ကားသည် အာယု၏လက်ရာဖြစ်သည်။ ချဉ်ဖတ် (မြင့်မြတ်) သည် အဘွားဖြစ်သူ ဒေါ်နှင်းဆီနှင့်နေပြီး စိုက်ပျိုးစားသောက်သည်။ တစ်ရွာတည်းနေ မိန်းကလေး အေးမြကြည် (ချစ်သုဝေ)ကိုဆိတ်သိုးက နှောင့်ယှက်သဖြင့် အေးမြကြည်ကို ကာကွယ်ရာမှ ရိုက်မှုဖြစ်ပြီး ထောင်ကျသည်။ ပြန်လွတ်လာသောအခါ အေးမြကြည်နှင့် သမီးရည်းစား ဖြစ်သည်။ အေးမြကြည်၏ဖခင် ကျားကြီး (ခိုင်အောင်တင့်) သည် ချဉ်ဖတ်၏ဖခင် ဦးစိန်မောင်ကိုသတ်၍ ထောင်အနှစ်နှစ်ဆယ်ကျရာမှ ပြန်လွတ်လာခဲ့သည်။ ဆိတ်သိုး၏ ကောက်ကျစ်မှုကြောင့် ကျားကြီးက ချဉ်ဖတ်ကိုတွေ့ပြီး သူ့သမီးနှင့်ကိစ္စကို တားသည်။ ချဉ်ဖတ်က လက်မခံ။ အေးမြကြည်ကို ခိုးပြေးသည်။ သူတို့ နှစ်ဦးနေရာကို ဆိတ်သိုးက လိုက်ပြသည်။ ကျားကြီးနှင့် ဆိတ် သိုးက တစ်ဖက် ချဉ်ဖတ်က တစ်ဖက်တိုက်ခိုက်ကြသည်။ နောက်ဆုံး ချဉ်ဖတ် က အနိုင်ရသည်။ သို့သော် ကျားကြီးကိုမသတ်။ ချဉ်ဖတ်သည် အေးမြကြည်ကို ခေါ်၍ ထွက်သွားခဲ့သည်။

ဇာတ်လမ်းက ဤမျှသာ ဖြစ်သည်။ ထူးထူးခြားခြား ဘာမှမရှိ။

(၂)

အာယု၏ 'ချဉ်ဖတ်' သည် ကျေးလက်ရနံ့ သင်းသည်။ နာမည် များပင် ချဉ်ဖတ်၊ ဆိတ်သိုး၊ ကျား ကြီး၊အေးမြကြည်၊ အေးကြည်မ၊ ကြက်တိုး၊ ရွှေမိစသည်ဖြင့်ဖြစ်သည် သဘာဝအုပ်စုမှ အနုပညာသည် တစ်ဦးပီပီ အာယုသည် ကျေးရွာတစ်ရွာ၊ ထောင်ကျများ အလုပ်လုပ်သည့် နေရာများဖြင့် ဇာတ်ကား တစ်ကားလုံးကို ရိုက်ပြသွားသည်။ Location နည်းနည်းဖြင့် ဇာတ်ကား တစ်ကား ကို ဖြစ် အောင်ရိုက်ခြင်းသည် ယနေ့ခေတ် ထုတ်လုပ်သူများ အကြိုက်ဖြစ်သည်။

ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာအာယုဖြစ်နေသဖြင့် ဇာတ်လမ်း၊ ဇာတ်ညွှန်းအကြောင်း ပြောလျှင်လည်း အာယုကိုပဲ ပြောရပေမည်။ ဝတ္ထုသည် ဤလောက၌ ရှိတော့ ရှိသည် ရှားသည် ဟူသော ဇာတ်ကောင် ချဉ်ဖတ်၏ လှုပ်ရှားမှုများ ဖြစ်သည်။ ချဉ်ဖတ်သည် ပြောလျှင် ပြောသလို လုပ်တတ်သူ၊ ကျေးရွာသူ၊ ကျေးရွာသားများကို ကာကွယ်သူ၊ အမှန်တရားဘက်မှ လိုက်ပါဆောင်ရွက်တတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ကျေးရွာမှ မိန်းမပျိုလေး အေးမြကြည်ကို ဆိတ်သိုးက နှောင့်ယှက်သည်ကို တားဆီး ကာကွယ်ရင်း ရိုက်မှုဖြင့် ထောင်ကျ သွားခဲ့သည်။






Asian Fame Media Group

ဇာတ်ကား၏အဖွင့် Plot သည် ထောင်ဝန်ထမ်းနှင့် ထောင်သားများ စကားပြောခန်း ဖြစ်သည်။ "မျက်စိရှေ့မှာဖြစ်တာက အရင်ဆရာရဲ့၊ အဲဒီ တရားဥပဒေ ဆိုတာ နောက်မှလာ တာ၊ ဥပဒေရှိတာပဲ ဆိုပြီး ကျုပ်က ဒီအတိုင်း ကြည့်နေလို့မှမရတာ" ထောင်ဝါဒါက တရား ဥပဒေရှိသည်။ ပြစ်မှုမကျူးလွန်ရန် ပြောသဖြင့် ချဉ်ဖတ်ပြန်ပြောသည့် စကားဖြစ်သည်။

ထောင်ကလွတ်လာပြီး ဒေါ်နှင်းဆီနှင့် တွေ့သည့် အခန်းတွင် ဒေါ်နှင်းဆီက လိမ်လိမ်မာမာ နေဟု ပြောသည်ကို ချဉ်ဖတ်က "အဘွား ကလည်းဗျာ၊ ကျွန်တော် ဘယ်တုန်းက မိုက် ရိုင်းခဲ့ဖူးလို့လဲ၊ မှန်တာကိုပြော၊ ဟုတ်တာ ကိုလုပ်လို့ ကျွန်တော် အဲဒီထောင်ထဲ ရောက်ရတာ" ဟု ပြန်ပြောသည်။

သူငယ်ချင်းများက အလိုက် အထိုက်နေရန် အကြံပြု သည့်အခါ ချဉ်ဖတ်က "ငါ့အချိုးက တစ်သက် လုံး မပြောင်းဘူး။ မပြောင်းဘူးလို့လည်း ငါကိုယ်တိုင် ဆုံးဖြတ်ထားတာ" ဟု ပြန်ပြောသည်။

အာယုသည် ချဉ်ဖတ်၏ Character ကို အပြုအမူ အပြော အဆို၊ ပြကွင်းပြကွက်များဖြင့် ပုံပေါ်အောင် ရိုက်ကူးပြသသည်။ မြန်မာဗီဒီယိုဇာတ်ကားများသည် အများအားဖြင့် ဇာတ်လမ်းအသားပေးက များသည်။ လှည့်ကွက်များ သုံးသည်။ သို့ရာတွင် သူတို့သုံးသော လှည့်ကွက်များကား မပြမီကပင် ပေါ်နေသော လှည့်ကွက်မျိုး ဖြစ်နေသဖြင့် ပရိသတ်ရင်သို့ မထိမှန်။ ချဉ်ဖတ် ဇာတ်ကားကမူ ဘာလှည့် ကွက်မှမရှိ။ ချဉ်ဖတ် အဖေ ဦးစိန်မောင်သေသည့် အကြောင်း တစ်ခုကိုသာ ဖုံးကွယ်ထားသည်။ ဒါကလည်း ခဏမျှသာ။ ချဉ်ဖတ်က သူ့အဘွားကို မေးသောအခါ ဒါရိုက်တာက ပြန်ပြပေးသည်။

အာယုသည် ချဉ်ဖတ်၏စိတ်အနေ စိတ်စရိုက်ကို ပုံဖော်ရာတွင် ချဉ်ဖတ်ထောင်ကထွက်လာပြီဆိုသည်ကို သိသောအခါ ဆိတ်သိုးရောက်လာသည်။ ချဉ်ဖတ်ကို တောင်းပန်သည်။ ဒေါ်နှင်းဆီက ဆိတ်သိုးကိုမယုံ။ ဒါကိုပင်ချဉ်ဖတ်က အဘွားကို ဖျောင်းဖျသည်။

"ဒီကောင် ဟိုဘက်ရွာကနေ ဒီအထိလာပြီး တောင်းပန်နေပါပြီ။ ဒီကောင် ကျွန်တော့်ကိုလုပ်ချင်ရင် တောင်းပန်မနေဘဲ ချောင်းရိုက်လည်း ရတာပဲမဟုတ်လား"

စိတ်ရင်းအခံကိုက ရိုးသားသူ၊ ယုံကြည်လွယ်သူအဖြစ် ပရိသတ် သိသွားစေရန် ချဉ်ဖတ်က ပြောလိုက်သော စကားဖြစ်သည်။

အာယုသည် Dialogue ကို အလွန်ဂရုစိုက်သည်။ 'စကား စကားပြောဖန်များ စကားထဲက ဇာတိပြ' ဟူသော အဆိုနှင့်အညီ ချဉ်ဖတ်ပြောသောစကားများသည် သူ့ဇာတ်ကောင်စရိုက်နှင့် လိုက်ဖက် ညီသည်။

အေးမြကြည်ကို ဆိတ်သိုး နှောင့်ယှက်ပြီး လက်ဆွဲသည့်အခန်း၊ ချဉ်ဖတ်ထောင်ကျသွားရသည့် အခန်းတွင် ဆိတ်သိုး၏စကားကို ချဉ်ဖတ်က ယခုလိုတုံ့ပြန် ပြောဆို သည်။

"ဒီရွာထဲမှာရှိတဲ့ မိန်းကလေးတွေ အားလုံးကို ငါ့ရဲ့ နှမလိုပဲ သဘောထားတယ်၊ အဲ .. လူကြီးတွေကိုလည်း ငါ့ရဲ့မိဘ၊ ငါ့ရဲ့ ဆွေမျိုးတွေလို သဘောထားတယ်၊ ရွာထဲမှာဖြစ်တဲ့ ကိစ္စအားလုံး ငါနဲ့ ဆိုင်တယ်"

သာမန်လူများထား ရှိနိုင်ရန် ခဲယဉ်းသည့် စိတ်ထား ဖြစ်သည်။ ထို့ကြောင့်လည်း ချဉ်ဖတ်သည် အာယု၏ဟီးရိုးဖြစ်သည်။ စံပြလူငယ်တစ်ဦးလည်း ဖြစ်ပါသည်။

အာယုသည် သူ့ဇာတ်ကောင် ချဉ်ဖတ်ကို ပေါ်အောင် အရုပ်ဖြင့်ပြရသော ကိစ္စသည် မလွယ်ကူပါ။ အာယုသည် ချဉ်ဖတ် ဇာတ်ကားတွင် သူပြောလိုသည်များ ပရိသတ်ရင်ထဲရောက်အောင် ကြိုးပမ်းအားထုတ်ထားပါသည်။

မှန်တာပြော၊ ဟုတ်တာလုပ်၊ အများအကျိုး ပျက်စီးအောင် ဘာတစ်ခုမှ မလုပ်သည့်အပြင် ရပ်ရွာနှင့် ရွာသူရွာသားများ၏ အကျိုးအတွက် ဝံ့ဝံ့စားစား လုပ်ရဲသည့် လူငယ်ချဉ်ဖတ်အဖြစ် သရုပ် ဆောင်ရသည့် မြင့်မြတ်သည် ဇာတ်ကောင် စရိုက်ဝင်သည်။ အထူး သဖြင့် ထောင်ကလွတ်လာသည့်နေ့ ဗိုက်ဆာ၍ ထမင်းတောင်းစားသော အခန်းတွင် စိတ်အင်အားထည့်ပြီး သရုပ်ဆောင်ထားသည်မှာ သဘာဝကျသည်။ ကျေးလက် သမီးပျိုမလေး တစ်ဦး၊ မိခင်ကတားမြစ်ထားသူနှင့် လျှို့ဝှက်ဆက်ဆံရသူ မိန်းမပျိုလေး

“မျက်စိရှေ့မှာဖြစ်တာက အရင်ဆရာရဲ့၊ အဲဒီတရားဥပဒေဆိုတာ နောက်မှလာတာ၊ ဥပဒေရှိတာပဲဆိုပြီး ကျုပ်က ဒီအတိုင်း ကြည့်နေလို့မှ မရတာ”

ပရိသတ် ရှုံ့မှန်းသွားစေရန် ပြကွက်တစ်ခုမှမပြ။ ချဉ်ဖတ် ၏ စရိုက်ထွက်ကျွန်းထင်းသွားစေ နိုင်သော ပြကွက်ကိုလည်း တစ်ခုမှ မပြ။ ထို့ကြောင့်လည်း ချဉ်ဖတ်သည် အာယု၏စံပြ ဇာတ်ကောင် တစ်ကောင်ဟုဆိုခြင်း ဖြစ်ပါသည်။

ထောင်ကထွက်လာပြီး ဗိုက်အလွန်ဆာသဖြင့် ထမင်းဆိုင်ပိုင် ရှင်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး ထမင်းတောင်းစားသော ပြကွက်၊ ဦးစိန်မောင်၊ ချဉ်ဖတ်ကလေး ဘဝ က ချိုပြီးပျော်ရွှင်နေသည့် ပြကွက် နှင့်ကျားကြီး အေးမြကြည်ကို ချီသည့် ပြကွက်၊ အေးမြကြည် ဘုရားရှိခိုးမရသည့် ပြကွက်၊ ချဉ်ဖတ် အဘွားပေါင်ပေါ်အိပ်ပြီး ပုံပြောခိုင်းသည့် ပြကွက်၊ ချဉ်ဖတ် သီလယူသည့် ပြကွက်၊ အကြွေး တောင်းခန်းတွင် အကြွေးမပေးနိုင်သဖြင့် ကလေးကို ရိုက်သည့် ပြကွက်တို့သည် မြန်မာဗီဒီယို ဇာတ်ကားအများစုနှင့် မတူသော လှပသည့် ပြကွက်များဖြစ်သည်။

(၂)

စာရေးဆရာများသည် စကားလုံးများဖြင့် စာရေးကြ သည်။ ဒါရိုက်တာကမူ အရုပ်များဖြင့် စာရေးရ သူဖြစ် သည်။ အထူးသဖြင့် စရိုက်

တစ်ဦး၊ နောက်ဆုံး ထိုသူကိုပင် ချစ်သူအဖြစ် ရွေးချယ်ပြီးခိုးရာ လိုက်ပြေး သွားသူမိန်းမပျို အေးမြကြည်အဖြစ် သရုပ်ဆောင်ရသော ချစ်သုဝေကမူ တချို့နေရာတွင် ပေါ့ပျက်ပျက် ဖြစ်နေပြီး အေးမြကြည် မဖြစ်ဘဲ ချစ်သုဝေ ဖြစ်နေသည်က လွဲ၍ ကောင်းပါသည်။

နိဂုံးချုပ်အနေဖြင့် ပြောရလျှင် အာယု၏ 'ချဉ်ဖတ်' နိဂုံး Plot သည် ဆိတ်သိုး၊ ကျားကြီးနှင့် ချဉ်ဖတ်တို့ တိုက်ခိုက်သည့်အခန်းဖြစ်သည်။ ချဉ်ဖတ်အနိုင်ရပြီး ဓားနှင့်ထိုးချ လိုက်သည်။ သို့သော် ကျားကြီးကို မဟုတ်။ ပြီး ချဉ်ဖတ်စကားတစ်ခွန်းကို ပြောခဲ့သည်။ ထိုစကား သည်ပင် ယနေ့ကဲ့သို့သော အချိန်တွင် အလွန်တန်ဖိုးကြီးသော စကားလေး ဖြစ်သည်။ ထိုစကားလေးကိုမူ ဇာဖတ် သူကိုယ်တိုင်ကြည့်ပြီးမှ သိလာစေရန် ချန်ထားလိုက် ပါသည်။

**ယခုအညွှန်း**

၁။ ညည်းတစ်ခုရဲ့ အနမ်း

၂။ သစ္စာမြား

၃။ ကျွန်မရည်းစား အမျိုးကောင်းသား

၄။ အတ္တအဆိပ်

**မောင်ဇာမိစံ**

Asian Fame Media Group

# HOROSCOPE

## ဒေါက်တာမြတ်သစ်



### ကန်ရာသီဖွား

**ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက် မိသားစု အခြေအနေမှန်ကို သိနားလည်သင့်ပြီး ရရှိလခတို့အား မှန်ကန်စွာ စုဆောင်း၍ ပေးဆပ်သင့်သော အချိန်ဖြစ်လိမ့်မည်။ အဆင့်မြင့်သင်တန်းတက်ရောက်မှုကြောင့် ဘဝတိုးတက်လမ်းပေါ် ရောက်ရှိလာပေလိမ့်မည်။ ဘွဲ့၊ ဘွဲ့လွန်ပါရဂူအတွက် အဆင်ပြေပါလိမ့်မည်။ လုပ်ငန်းနေရာသစ်အတွက် အဆောက်အဦ ပြုပြင်ရတတ်ပေသည်။ အချစ်ရေး နီးကြားရှင်သန်လာစေတတ်ပေသည်။ ထိထိုးပေးပါ။

**ယတြာ - ဩဇာ ၃ ညွန့်လှူပါ။**



### တူရာသီဖွား

**စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် အတွေးအခေါ်တချို့ ပြုပြင်ပြီးလျှင်ပင် လမ်းကြောင်းသစ်တစ်ခု ဖောက်သင့်ပေသည်။ စီးပွားရေးသင်တန်းတစ်ခုတက်ရောက်မှုတို့ အဆင်ပြေပေလိမ့်မည်၊ ငွေလွှဲကိစ္စအတွက် စိတ်မောရလိမ့်မည်။ အချစ်စိတ်တို့ မထင်မှတ်ဘဲ နီးထကြွလာရတတ်သည်။ ငယ်ရွယ်သော သူတို့ကိုမှ မျက်စိကျမိလိမ့်မည်။ စိတ်လေသောအခြေအနေကို တရားထိုင်ခြင်းဖြင့် ဖြေရှင်းသင့်သည်။ အမျိုးသမီးကြီးတို့ မီးယပ်ရောဂါကို သေချာကုသင့်သည်။

**ယတြာ - ဝိန်းပန်းအနီရောင် ၅ ပွင့်လှူပါ။**



### ဗြိစ္ဆာရာသီဖွား

**အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

သင့်အတွက် ငွေကြေးနိုင်မာတောင့်တင်းမှုတို့ကြောင့်ပင်လျှင် အများ နှင့်ဆက်ဆံလုပ်ကိုင်မှုတို့ အဆင်ပြေပေလိမ့်မည်။ ပညာရေးအဆင့်မြင့်တန်းတက်ရန် အခြေအနေကောင်းသို့ ရောက်ရှိလာစေတတ်သည်။ ပတ်ဝန်းကျင်သဘာဝဘေးအတွက် ကူညီမှုပေးရတတ်သည်၊ မိခင်ရောဂါများ ချုချာမှုကြောင့် ငွေကုန်များလိမ့်မည်။ အချစ်ရေး အနှောင့်အယှက်များမည်၊ သည်းခံစိတ်ထားပေးပါ။

**ယတြာ - စံပယ် ၇ ကုံးလှူပါ။**



### မနုရာသီဖွား

**နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

သင့်အတွက် အတွစိတ်ကြီးမားမှု တာဝန်ပျက်ကွက်မှုတို့ကြောင့် လုပ်ငန်းတွင်းဖြေရှင်းရတတ်သလိုလစာငွေဖြတ်ခြင်း ခံရတတ်ပေသည်။ ပညာရေးပိုင်းတွင် အတွေးအခေါ် အယူအဆဉာဏ်စမ်းပိုင်းတိုးတက်မှုများ အထူးကောင်းမွန်စေမည်။ ချစ်ရသူ၏ ဂတိမတည်သစ္စာမဲ့မှု မာနထားမှုကြောင့်ပင်လျှင် စိတ်မပျော်မရွှင်ခံရတတ်ပေသည်။ ပညာရေးအတွက် တက္ကသိုလ်အဆင့်၌ အထောက်အပံ့ရရှိရန် ရှိပေသည်။ မိသားစုအိမ်တွင်းရေး သာယာမှုနည်းစေမည်။

**ယတြာ - ပြောင်းဖူးကြော်လှူပါ။**

Asian Fame Media Group
MEDIA GROUP





မကာရရာသီဖွား

**ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၀) ရက်**

သင့်အတွက် ဘဏ်စုဆောင်းငွေများကိုထုတ်၍ လုပ်ငန်းအတွက် လုပ်ဆောင်ရတတ်ပေသည်၊ တူထောင်လုပ်ငန်းသစ်အတွက် စိတ်ပင်ပန်းပေမည်။ အိမ်ထောင်ရှင်တို့ ပျော်ရွှင်မှုနည်းလိမ့်မည်၊ အိမ်တွင်း သောက်စားတတ်သူကြောင့် စိတ်ညစ်ရတတ်သည်။ ရာထူးတိုးရွှေ့ပြောင်းကိစ္စ ပေါ်ပေါက်ရန်ရှိပေသည်။ အချစ်ရေး ပေါက်ပြဲမှုတို့ သည်းခံ၍ ဆက်တွဲရတတ်ပေသည်။ ပညာရေးပင်ကို အရည်အသွေးကြောင့် အဆင့်တက်လာမည်။

**ယတြာ - နှင်းဆီနီ ၃ ပွင့်လှူပါ။**



ကုမ်ရာသီဖွား

**ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

သင့်အတွက် ရေရှည်လုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ရန် ကြိုးစားရလိမ့်မည်၊ ရေတိုတစ်ပွဲတိုးစီးပွားရေးတို့ စိတ်ပျက်မိလိမ့်မည်။ တင်ဒါ၊ ကန်ထရိုက်အလုပ်တို့ သင့်အတွက် စုပေါင်းပါဝင်လုပ်ကိုင်မှုကြောင့် အကျိုးများစေလိမ့်မည်။ ခေတ်မီလုပ်ငန်းသုံးစက်အတွက် တပ်ဆင်မှု စိတ်မောရတတ်သည်။ မအောင်မြင်သော လုပ်ငန်းတချို့အတွက် တာဝန်ကြီးယူထားသော တာဝန်ရှိသူတချို့ကို ဖယ်ရှားရတတ်၏။ အိမ်သောင်ဖက် ကျန်းမာရေး ညံ့တတ်သည်။ အချစ်ရေး လက်တွဲဖော်ကို စိတ်ကုန်ခန်းလာစေလိမ့်မည်။

**ယတြာ - ဆန်လှူပေးပါ။**



မိန်ရာသီဖွား

**ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

သင့်အတွက် အလုပ်တာဝန်များစွာ ဝိနေတတ်ပြီး အလုပ်ကြွေးကျန်များစွာ ဖြေရှင်းရတတ်သည်။ လက်ရှိနေရာဌာနမှ ရွှေ့ပြောင်းရန် အခြေအနေရှိပေသည်။ မြောင်ထားမှုကြောင့် အဆောက်အဦကောင်း ဆောက်လုပ်ရန် ရှိစေလိမ့်မည်။ ကလေးကျန်းမာရေးအတွက် စိတ်မောရလိမ့်မည်။ ပြည်ပသို့ ခေတ္တလေ့လာရေး အစီအစဉ်သွားရတတ်သည်။ ပညာရေး ထပ်ဆင့်၍လေ့လာမှုတို့ကို ပြုရလိမ့်မည်။ အချစ်စန်းထမှုကြောင့် အိမ်ထောင်ရှင်တို့ သတိထားသင့်ပေသည်။ ငယ်ရွယ်သူတို့ မင်္ဂလာမြင်သည်။

**ယတြာ - တောင်ပေါ်ဒေသအတွက် ဆားကုသိုလ်ပြုပေးပါ။**



မိဿရာသီဖွား

**မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**

သင့်အတွက် ဂုဏ်သိက္ခာ ထိပါးခံရသော ကိစ္စတို့ ပေါ်ပေါက်စေတတ်သည်။ အကြံအစည် ပျက်ပြားတတ် စိတ်ညစ်ရတတ်သည်။ စက်ဟောင်းထွက် စက်သစ်ဝင်စေမည်။ အိမ်အနီး မီးလောင်ခြင်းကြုံလာတတ်သည်။ ခရီးဝေး သွားရာ၌ လမ်းတစ်ဝက်ဘေးဒုက္ခများ ရင်ဆိုင်ကြုံတွေ့မည်။ လွှန်ထားသော ငွေတို့ စကားပြောရတတ်၏။ ဘွဲ့လွန်ပညာရေး စိတ်မောရစေမည်။ အိမ်ထောင်ရေး ဘေးဒုက္ခကြုံစေမည်။ အချစ်ရေး လက်တွဲဖော်မဲ့နေရတတ်သည်။

**ယတြာ - ထောပတ်ဆွမ်း ဘုရားကပ်လှူပါ။**

Asian Fame Media Group





### ပြိဿရာသီဖွား

**ဧပြီ (၂၀) ရက်မှ မေ (၂၀) ရက်**

သင့်အတွက် ဌာနရုံးတွင်း သာမက ပြင်ပစီးပွားရေးကွက် လောကတွင်ပါ ပြိုင်ဆိုင်မှုပြင်းထန်နေပေလိမ့်မည်။ လက်ရှိ ဝေစုရရှိထားသော ဈေးကွက်မှာ ပေါ်လိုက်ငုပ်လိုက်နှင့် ရင်ဆိုင်နေရဆဲဖြစ်ပေမည်။ ပညာရေးအခြေအနေကောင်းမွန်ပေမည်။ ကျန်းမာရေး ရင်ကျပ်အဆုတ်ပွခြင်းတို့ ရင်ဆိုင်ရဆဲပင်ဖြစ်ပေမည်။ ကြေးငွေထုသော ကိစ္စများကို ဖြေရှင်းရဆဲဖြစ်တတ်သည်။ အချစ်ရေး စန်းပွင့်စေမည်။ အိမ်ထောင်ကွဲဆွေမျိုးများနှင့် အတူနေထိုင်၍ မရနိုင်ကြောင်း သိနားလည်လာစေလိမ့်မည်။

**ယတြာ - သပြေ ၇ ညွန့်လှူပါ။**



### မေထုန်ရာသီဖွား

**မေ (၂၂) ရက်မှ ဇွန် (၂၀) ရက်**

သင့်လုပ်ဆောင်မှု အစဉ်အမြဲ မမှန်နိုင်ပေ။ လုပ်ငန်းအတွက် မိတ်ဆွေကောင်းများကို ဖြစ်ပယ်ခြင်းမပြုမိရန် အရေးကြီးပေသည်။ ကိုယ်တိုင်ပြောဆို မှားယွင်းမှု ဖြစ်ပယ်ထားခြင်းပြုထားသော အရာတချို့အတွက် တာဝန်ယူသင့်သော ဝန်ခံသင့်သောအချိန် ဖြစ်ပေလိမ့်မည်။ ဝင်ငွေဘဏ္ဍာရေး ခိုင်မာလာသောအခါ တစ်ခုပင်ဖြစ်ပေမည်။ စက်နှင့်ပတ်သက်၍ ရောင်းဝယ်မှုများ အကျိုးပြုနေချိန်ဖြစ်ပေလိမ့်မည်။ သားသမီးအတွက် စိတ်မောရလိမ့်မည်။ ပညာရေး ထူးချွန်စေမည်။

**ယတြာ - လက်သုတ် ကုသိုလ်ပြုပါ။**



### ကရကဋ်ရာသီဖွား

**ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**

သင့်အတွက် ရန်သူ မိတ်ဆွေ မခွဲခြားသော်လည်း တစ်ဖက်မှ ထိုအမြင်မျိုးမရှိ ဖြစ်နေတတ်ပေသည်။ ရန်ကြောင့်ပင် အရှုံးကွဲတတ်သလို ရုံးအမှုအခင်းရင်ဆိုင်ရတတ်သည်။ သွေးထွက်သံယိုမြင်သည်။ အသွားအလာ သတိပြုသင့်ပေသည်။ ပညာရေးတိုးတက်မှု ရှိပေမည်။ တိုက်ခန်းအရွှေ့အပြောင်း ကြုံတင်စီစဉ်သင့်ပေသည်။ မီးဘေးအန္တရာယ် သတိပြုပါ။ မိဘ၊ ဆရာသမားဆေးရုံတက်ကိစ္စရှိတတ်သည်။

**ယတြာ - ဆွမ်းကပ်လှူပါ။**



### သိဟ်ရာသီဖွား

**ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သင့်အတွက် ဖြေဆိုစာမေးပွဲ အောင်မြင်ထားမှုကြောင့် နိုင်ငံခြားကျွန်းစု နိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ရန် ကြုံမည်။ ယခုကာလ အသုံးအဖွဲ့ ကြီးနေပေဦးမည်။ လုပ်ငန်းတွင်းလူနှင့်ပင် နီးစပ်မှုဖြင့် ချစ်ကြိုက်ညား အခြေအနေလိုက်ပါလုပ်ဆောင်မှုကြောင့် အိမ်ထောင်ရေးတွင် ဒုက္ခအပူကို ပေးဆပ်နေရတတ်သည်။ ပညာရေးအတွက် မိဘဆရာပူးပေါင်းမှုတို့ကြောင့်ပင်လျှင် အရည်အသွေးတောက်ပြောင်၍ လာစေတတ်ပေသည်။ ယာဉ်၊ စက်၊ ပစ္စည်းအနိုးခံရမှုရဲ့စခန်းရောက်ရှိခြင်းတို့ ကြုံလိမ့်မည်။

**ယတြာ - နဂါးမောက်သီးလှူပါ။**

**ဒေါက်တာမြတ်သစ်**

Asian Fame Media Group
MEDIA GROUP

ကိုထွန်း-လမ်း(၈၀)


# မန္တလေးအတွေး မန္တလေးအရေး

## အပေါင်းလက္ခဏာဆောင်ကြစေချင်

Asian Fame Media Group

တစ်ညက အဖေနဲ့အမေကို အိပ်မက်ထဲမှာ တွေ့လိုက်ရပါတယ်။ အဖေနဲ့ကျွန်တော်က အိမ်ထဲမှာရှိနေတုန်း ရွာဘုရားပွဲကိုသွားတဲ့အမေ ပြန်ရောက်လာတာတဲ့၊ အမေ့ခါးကြားက အနက်စစ်ဝီးရောင်သုတ်ထားတဲ့ ခံတောင်းလေးထဲမှာ ဆူးပုပ်ရွက်တွေ၊ ခါးဆစ်သီးတွေ၊ ချဉ်ပေါင်ရွက်တွေပါရဲ့။

[illegible]လည်း တွေ့ရရဲ့။ ပြီးတော့ ကတိုးငါနဲ့ မုန့်ဆီကြော်တွေ၊ ရွှင်ရွှင်လန်းလန်း စကားပြောနေကြတဲ့ အဖေနဲ့အမေရဲ့ စကားအသံကို အတိုင်းသားလေး ကြားနေရတယ်။ ကိုကြီးဌေးကော နေကောင်းရဲ့လားတဲ့။ ဈေးပွဲကော စည်ရဲ့လားတဲ့။ အဖေက ရွာအကြောင်း သိချင်သမျှ မေးနေတာကို အမေကလည်း ရွာအပြန် အတွေ့အကြုံတွေ ဝမ်းသာအားရပြန်ပြီး ဖောက်သည်ချနေပါတယ်။ မေးတဲ့သူက သိချင်ဇောနဲ့ တရစပ်မေးနေတာကို ပြန်ပြောတဲ့သူကလည်း ဘယ့်နှယ်တော် မေးလိုက်မြန်းလိုက်တာ အသက်ဝဝရှူပြီး နားပါရစေဦးရယ်လို့ မငြိုငြင်၊ သုံးရက်တာ ရွာမှာနေခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြောပြနေတာပါ။ ကျွန်တော်ကတော့ အဖေတို့ပြောနေတာကို နားထောင်ရင်း ကတိုးငါမုန့်တွေ နှိုက်စားနေတာပေါ့။ အဖေနဲ့အမေရဲ့ စကားဝိုင်းက တော်တော်နဲ့ ပြီးမှာ မဟုတ်ဘူးလေ။ ပြောချင်တဲ့သူက သူ့စိတ်အာရုံထဲမှာ ဖျတ်ခနဲ ရောက်လာတာလေးတွေကို ပြောလိုက်၊ မေးတဲ့သူကလည်း ရုတ်တရက် သတိရတာတွေကို လှမ်းမေးလိုက်နဲ့ မိဘနှစ်ပါးရဲ့ ရွာအလွမ်းစကားဝိုင်းဟာ တစ်လကိုးသီတင်းကြာသည့်တိုင် အဆုံးမသတ်နိုင်လို့ မေးတဲ့သူနဲ့ ဖြေတဲ့သူ အတိုင်အဖောက်ညီပြီး ဟန်ကျလိုက်တာလို့ မှတ်ချက်ချလိုက်မိပါတယ်။ ဒီအချိန်မှာပဲ အိပ်



ရာက ပြန်းကနဲ နိုးလာလို့ 'ဟင်' ခနဲ ဖြစ်သွားရပါရော။ နေ့တာရှည်တဲ့ ဇူလိုင်လမို့ မနက် ၅နာရီအချိန်မှာပဲ အရှေ့ဘက်ဆီက နံနက်ခင်းအရုဏ်ရဲ့ အလင်းရောင်ကို တွေ့မြင်နေရပါပြီ။

အိပ်မက်တစ်ခု လွင့်ပျောက်သွားပေမယ့် မိဘနှစ်ပါးကတော့ ကျွန်တော့်စိတ်အာရုံထဲမှာ ရှိနေဆဲပါ။ လာမယ့် စက်တင်ဘာလ ၂၂ရက်နေ့ဆိုရင် အမေကွယ်လွန်အနိစ္စရောက် သွားတာ ၁၅ နှစ်ရှိပါပြီ။ အမေဆုံးပြီး ၇ နှစ်ကြာ စက်တင်ဘာ ၁၉ ရက်နေ့မှာ အဖေ ကွယ်လွန်သွားခဲ့ပါတယ်။

သက်ကြီးရွယ်အိုတွေ ခများ သူတို့ရဲ့ ဘဝပတ်ဝန်းကျင်ဟာ ကျဉ်းမြောင်းလာပြီး တစ်ဦးကိုတစ်ဦး မှီခိုဖေးမနေရကြရစမြဲဖြစ်ပါတယ်။ အမေ ကွယ်လွန်အနိစ္စရောက်ပြီး အဖေဟာ သူ့ရဲ့ အထီးကျန်ဘဝကို တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြတ်သန်းသွားခဲ့ရှာပါတယ်။ မနက်ခင်း အောင်သုခ လက်ဖက်ရည်ဆိုင်မှာ သူ့အဖွဲ့တွေနဲ့ ဝိုင်းဖွဲ့ပြန်လာတော့ ပုတီးစိပ်၊ နေ့ခင်းပိုင်းစာဖတ်ပြီး တစ်ရေးတစ်မောအိပ်၊ ညနေပိုင်းရောက်တော့ ညနေ ၆ နာရီကတည်းက စပြီး ရေဒီယိုလေးနဲ့ အဖော်ပြုသွားခဲ့တာပါ။ ထမင်းပွဲမှာလည်း ဘာစားချင်လို့ ချက်ပေးစမ်းဟဲ့လို့ တစ်ခါမှ မတောင်းဆိုဘူး၊ ချက်ကျွေးတာလေးနဲ့ပဲ တင်းတိမ်ခဲ့ရှာပါတယ်။ တစ်ညမှာ အဖေ့ကို ကျွန်တော် အိပ်မက်ရခဲ့ပါတယ်။ အိမ်ကြီးတစ်အိမ်ထဲမှာ အဖေက ဆေးပေါ့လိပ်ကြီးဖွာရင်း ထိုင်နေပါတယ်။ မင်းအဖေ အဆင်ပြေရဲ့လားတဲ့၊ အမေကွယ် မင်းအဖေစားချင်တာလေးတွေ ချက်ကျွေးချင်လိုက်တာတဲ့၊ နောက်တစ်နေ့မှာ အဖေ့ကို ညက အိပ်မက်အကြောင်း ပြောပြတော့ ဪ . . . မတင်ညွန့်၊ ငါ့ကို မမေ့ရှာသေးဘဲကိုးလို့ ပြောရင်း ပုတီးစိပ်ရင်းနဲ့ ငေးငိုင်သွားခဲ့ရှာပါတယ်။ ဒီတော့လည်း ကျွန်တော် စိတ်မကောင်းဖြစ်ရပြန်ရော၊ နေဖို့ သက်တမ်း ဘာမှမကျန်တော့တဲ့ အချိန်ကာလတိုလေးအတွင်းမှာ စိတ်အမောတွေ ကင်းဝေးနိုင်အောင် ကြိုးစားရင်း ဖြတ်သန်းနေတဲ့ အဖေ့ကို စိတ်ဆင်းရဲအောင် ပြုမိခဲ့လေသလားလို့ တွေးလိုက်တယ်လေ။ အိပ်မက်ထဲမှာ အဖေနဲ့အမေတို့ တစ်နှစ်ကိုတစ်ခါ၊ နှစ်ခါလောက် တွေ့ရတတ်ပါတယ်။ နှစ်ဦးစလုံး မဟုတ်ဘူး။ တစ်ဦးစီ၊ သီးခြားစီပါ။ ဒီတစ်ခါမှ မိဘနှစ်ပါးစလုံး စုံစုံညီညီ တွေ့လိုက်ရလို့ အံ့ဩပျော်ရွှင်သွားရတာကလား။

ဒါကလည်း မသိစိတ်ရဲ့ ဆက်နွယ်မှုထင်ပါရဲ့။ ပြီးခဲ့တဲ့ ဝါဆိုလပြည့်နေ့က ရွာဘုရားပွဲကို ရောက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်က တစ်ခေါက် ရောက်ပါသေးတယ်။ မုံရွာဘက် အလုပ်ကိစ္စနဲ့သွားရင်း အပြန်မှာ လမ်းကြုံလို့လှည့်ဝင်ခဲ့တာပါ။ အခုတော့ ကိုလေးသိန်းဌေးကလည်း တယ်လီဖုန်းဆက်ပြီး ရွာဘုရားပွဲလာဖို့ ခေါ်ပါတယ်၊ လာနိုင်အောင် ကြိုးစားကွာ၊ ရွာမှာ ကိုယ့်ဆွေမျိုးသားချင်းတွေ ရှိနေတာပဲတဲ့။ ကိုလေးဆိုလိုတဲ့သဘောကို ကျွန်တော် နားလည်လိုက်ပါတယ်။ တစ်ရွာလုံးလိုလို ကိုယ့်ဆွေမျိုးတွေ ချည်းဥစ္စာ၊ တည်းစရာ၊ နေစရာ၊ စားစရာ၊ ဘယ်မှာမျက်နှာငယ်စရာ လိုလို့လဲ။ ဒီလိုနဲ့ ဝါဆိုလပြည့်နေ့ ရောက်တော့ ကိုယ့်ဂျာနယ်တိုက်က တပည့်တွေ အားလုံးခေါ်ပြီး ရွာကို ထွက်လာခဲ့ပါတယ်။ မလာခင် ကျော်ဆွေဆီကိုလည်း ကြိုပြီး တယ်လီဖုန်းဆက်ထားရတာပေါ့။ ကျော်ဆွေက ကျွန်တော့်ညီဝမ်းကွဲ၊ သူငယ်ချင်းဆိုလည်းဟုတ်၊ ဆွေမျိုးဆိုလည်းဟုတ်၊ သူတို့မိသားစုက အင်မတန်မှ စေတနာကောင်းလှပါတယ်။ ဒီတစ်ခေါက် ရွာကိုရောက်တော့ သူ့ရာထူးတက်သွားပါပြီ။ မြေးတစ်ယောက်ရတဲ့ အဘိုးဖြစ်သွားပြီလေ။ သူ့မြေးလေးကလည်း လှလိုက်တာ။ သူ့အမေရင်ခွင်ထဲက ကြည်တောက်နေတဲ့ မျက်လုံးဝိုင်းလေးနဲ့ ကျွန်တော့်ကို ငေးကြည့်နေပါတယ်။ ဘိုးဘိုးဘွားဘွားတို့ရဲ့ နှလုံးသားကို ဆွဲလှုပ်လိုက်မယ့် ဆွဲလည်းလေးကိုကြည့်ရင်း ကြည်နူးစိတ်တွေက ကျွန်တော့်ရင်ထဲကို တိုးဝင်လာခဲ့ပါတယ်။ အင်း . . . ငါကောင်ကြီး သားအတွက်၊ သမီးအတွက်၊ ပြီးတော့ အိမ်ထောင်ရှင်ဖြစ်သွားတဲ့ သားဆီက ဆင်းသက်လာတဲ့ မြေးလေးအတွက် ခါးတောင်းကျိုက်ဖြတ်လို့ မရသေးပါကလားလို့ တွေးလိုက်မိပါတယ်။ သူ့ရဲ့ဇနီးက ကျွန်တော့်ကို အပြန်လက်ဆောင်အဖြစ် သနပ်ခါးတုံးတွေနဲ့ နဂါးမောက်သီးတွေပေးလိုက်လို့ အံ့ဩသွားရပြန်ရော။ သနပ်ခါးကတော့ ကျွန်တော်တို့ရွာရဲ့ အမှတ်အသား၊ အရာတော် သနပ်ခါးဆိုတာ အင်မတန်မှာ နာမည်ကြီးပေါ့၊ ဒါပေမဲ့ မိုးခေါင်တဲ့ အရပ်ဒေသမှာ နဂါးမောက်သီးတွေ စိုက်ပျိုးအောင်မြင်လို့ ကျွန်တော် အံ့ဩသွားရတာပါ။ တကယ်တော့ ကျွန်တော် သတိမပြုလိုက်လို့သာပါ။ တစ်ချိန်တစ်ခါက ရေအင်မတန်ရှားတဲ့ အရာတော်ဟာ မြေအောက်ရေတွေ ရလို့ အခုတော့ စိမ်းစိုနေတာကလား။

မနှစ်ကလည်း ရာသီဥတု မကောင်း၊ ဒီနှစ်ကျတော့လည်း မိုးမရွာ၊ သီးနှံတွေ မဖြစ်ထွန်းလို့ ရွာဘုရားပွဲ စည်ပါ့မလားလို့ တွေးပူမိလိုက်ပါတယ်။ ဒါပေမဲ့ အထင်နဲ့အမြင် တစ်လွဲစီဖြစ်သွားပါတယ်။ စည်ကားလိုက်သမှ ကြိတ်ကြိတ်တိုးစည်ကားလိုက်တာ။ အချို့ဈေးသည်တွေဆိုရင် ဘုရားပွဲမပြီးခင်ကတည်းက ရောင်းစရာတွေ ကုန်လုနီးပါးဖြစ်သွားသတဲ့။ ဘုရားပွဲမှာ ဝယ်နိုင်၊ ခြမ်းနိုင်၊ သုံးစွဲနိုင်အောင် ဘယ်တန်ခိုးကြောင့်ပါလိမ့်လို့ အစဉ်းစားရခက်သွားပါတယ်။ အကြောင်းရင်းကို နောက်တော့မှ သိရပါတယ်။ သနပ်ခါးတန်ခိုးကြောင့်ပါတဲ့။ တစ်ရွာလုံးလိုလို သနပ်ခါးစိုက်ထားကြတယ်။ သနပ်ခါးစိုက်ပြီး ၅ နှစ်ကျော်ရင် ခုတ်ပြီး ရောင်းလို့ရပါပြီ။ သနပ်ခါးတစ်ပင် ၂ သောင်းကျော်လောက် ရတာမို့ သုံးလေးပင်လောက်ခုတ်ရောင်းပြီး ဘုရားပွဲဈေးကို လိုချင်တာဝယ်ဖို့ ဖူလုံသွားပြီလေ။ ဪ . . . ဟန်ကျလိုက်ပါဘိလို့ တွေးရင်း မုဒိတာပွားပြီး ရွှင်လန်းသွားခဲ့ရပါတယ်။

ရွာကိုရောက်တိုင်း ဦးလေးဌေးနဲ့ လေးလေးအောင်ကို အမြဲ

Asian Fame Media Group
MEDIA GROUP

ကန်တော့လေ့ရှိပါတယ်။ ဒီတစ်ခေါက် လေးလေးအောင်ကို တွေ့လိုက်ရတော့ တုတ်ကောက်ကြီး ဆောင်ထားလို့ အံ့ဩသွားရပါတယ်။ အရွယ်ကို အချိန်ကာလက တိုက်စား ပြီး ဇရာက ချဉ်းနင်းဝင်ရောက်လာတဲ့ အခါမှာ ဘယ်အရာက တားဆီးနိုင် မှာလဲ။ နုရာမှရင့်၊ ရင့်ရာမှ အိုမင်း လာတဲ့ ဖြစ်ပျက်ခြင်းဟာ ကျွန်တော့် အတွက် နီးလျက်နဲ့ ဝေးနေပါတယ်။ အိုမင်းရင့်ရော်ခြင်းသဘောကို တွေးချင်ပေမယ့် ရွှင်လန်းပြုံးရယ် နေတဲ့ လေးလေးအောင်ကို မြင်ရ တော့ ဝမ်းသာလိုက်တာ။ ကျွန်တော် မြင့် အခုချိန်အထိ လေးလေးအောင် ဆီက တင်းမာခက်ထန်တဲ့ အမူအရာ မျိုး တစ်ခါမှ မတွေ့မြင်ခဲ့ပါဘူး။ လေးလေးအောင်မှာ သမီးတွေချည်း ငါးယောက်ရှိတာ။ ကျောင်းဆရာ လစာလေးနဲ့ ဒီမိသားစုကို ဘယ်လို များ ပျိုးထောင်ခဲ့သလဲ။ ခက်ခဲ ကြမ်းတမ်းတဲ့ဘဝကို ဘယ်လိုများ ရင်ဆိုင်ဖြတ်သန်းခဲ့သလဲ။ လေးလေး အောင်ရဲ့ နံပါတ်လေး (လေးယောက် မြောက်) သမီးလေးက ရန်ကုန် စာပေဗိမာန် ဘာသာပြန်ဌာနမှာ တာဝန်ထမ်းဆောင်နေတာတဲ့။ သမီးတွေအားလုံးဘွဲ့ရပြီး လုပ်ငန်း ခွင်ဝင်နေကြပြီလို့ သိရပါတယ်။ ကောင်းလိုက်တာ၊ မိဘရဲ့အမြော် အမြင်ကြီးမားမှုနဲ့ ရှေ့အနာဂတ်ကို ကြိုတင်တွေးဆပြီး ကိုယ့်ရင်သွေး တွေကို ပညာခေတ်မှာ သက်ဆိုင်ရာ ပညာရပ်တွေနဲ့ ဘဝခရီးလျှောက် လှမ်းနိုင်အောင် စီစဉ်ပေးနိုင်ခဲ့တာ ကိုးနော်။

ခြေတော်ရာ ဘုရားပွဲဈေးတန်း လျှောက်ကြည့်ပြီး ကိုလေးသိန်းဌေး တို့အိမ်မှာ ခေတ္တနားလိုက်ပါတယ်။ ကိုလေးနဲ့မတွေ့ရတာ နှစ်ပေါင်း လေးဆယ်ကျော်ပါပကော။ ကိုလေး က မလာခင်ကတည်းက ကျွန်တော် ပူဆာတဲ့ ကြက်သားရေချိုချက်နဲ့ ထမင်းရည်ကို အဆင်သင့် လုပ်ထား ပေးတယ်။

ကျွန်တော့်အတွက် သီးသန့် စပယ်ရှယ်၊ ကိုလေးက မသောက် ဘူး။ ကျွန်တော့်ကိုလိုက်ပို့တဲ့ ကျော်ဆွေကလည်း မသောက်တော့ တစ်ယောက်တည်း ကြိတ်ရတော့ တာပေါ့။ နန်းတော်ရှေ့ ဆရာတင်ရဲ့ လက်ရည်တစ်ပြိုင်တည်း သီချင်းထဲ က ငယ်မူကို မဖျောက်နိုင်ဘူပါပဲ။ ကိုလေးနဲ့ အတိတ်က အကြောင်းတွေ စပ်မိစပ်ရာ စကားတွေ ပြောဖြစ်ကြ ရင်း အဖေ့အကြောင်းကို ရောက် သွားပြန်ပါတယ်။ ကိုလေးတို့အိမ်မှာ ခဏတစ်ဖြုတ်နေရင်း အဖေနဲ့အမေ ကိုလွမ်းလိုက်တာ၊ ညမှောင်ရီပျိုးစ အချိန်ရောက်မှပဲ ကိုလေးသိန်းဌေးနဲ့ မမသန်းဌေးကို ကန်တော့ပြီး မန္တလေးကို ပြန်လာတဲ့အချိန် ကျွန်တော့်ရင်ထဲမှာ လွမ်းစိတ်နဲ့ မျက်ရည်ဝဲနေမိပါတယ်။ ရွာအပြန် အမှတ်တရတွေကို ဘယ်သူကို ကျွန်တော်ပြောမလဲ။ ဒါပေမဲ့ စာရေး ဆရာဆိုတော့ ဒီအကြောင်းတွေကို ကိုယ့်စာဖတ်ပရိသတ်ဆီကို ခံစား မျှဝေပေးနိုင်လို့ စိတ်ဖြေသာပါသေး တယ်။


ပြီးခဲ့တဲ့ ဇူလိုင်လနဲ့ ဩဂုတ်လ အတွင်းမှာ အလုပ်တွေပိပြီး ခေါင်ချာစိုင်းနေရတာကလား။ အင်္ဂါနေ့မှ သောကြာနေ့အထိ

**တကယ်တော့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့က ပညာအရင်း အမြစ်ကြွယ်ဝဖို့ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေကို ကြည့်လိုက်ရင် ဘယ်နိုင်ငံပဲကြည့်ကြည့် ပညာရှင်ပညာတတ်တွေ ပေါမှပေါ။**

အပတ်စဉ်ထုတ်ဝေနေတဲ့ ဂျာနယ် ထဲမှာ နစ်မြုပ်နေပြီး စနေ၊ တနင်္ဂနွေ နဲ့ တနင်္လာနေ့တွေမှာတော့ စာပေ ဟောပြောပွဲတွေ သွားရပြန်ပါတယ်။ လှိုင်ကော်၊ ချောင်းဦးက ခင်မွန်ရွာ၊ ဝက်လက်မြို့ အထက်တန်းကျောင်း။ ပြီးတော့ မြို့နယ်တစ်ခုနဲ့ သွားဘက် ဆိုင်ရာဆေးတက္ကသိုလ်၊ ကြာတော့ ခံနိုင်ရွှမ်းရည် ကျဆင်းလာပြီး ဖျားပါ လေရော။

ခက်တာက ဖျားတယ်ဆိုတာက လည်း အိပ်ရာထဲ လဲလောက်တဲ့ ဖျားတာမျိုးလည်း မဟုတ်ဘူး။ တငွေ့ငွေ့လေး ဖျားနေတာ။ သွား ဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှာ ဟောတုန်းက ကျွန်တော်ရော ဆရာ ကျော်ရင်မြင့်ရော ကျန်းမာရေး မကောင်းလှဘူး။ ဆရာကျော်ရင် မြင့်က ချောင်းတဟွတ်ဟွတ်နဲ့၊ ကျွန်တော်က နှာစေးအသံဝင်။ ဒီနေရာမှာ မန္တလေးက သွားဘက် ဆိုင်ရာဆေးတက္ကသိုလ်အကြောင်း နည်းနည်းလေး ပြောရဦးမယ်။ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာ ရွှေတိုးက တကယ့်စာသမားကိုး။ သူ့ရဲ့ အားလပ်ချိန်မှာ စာဖတ်ခြင်းနဲ့ပဲ မွေ့လျော်နေတဲ့သူ။

ကလေးတွေကို အသိပညာ တိုးပွားအောင် တက္ကသိုလ်မှာ စာပေ ဟောပြောပွဲတွေ ပြုလုပ်ပေးနေ



Asian Fame Media Group
MEDIA GROUP

လျက် ရှိပါတယ်။ ဆရာ့မိသားစုက ရန်ကုန်မှာတဲ့။

ဆရာကတော့ မန္တလေးမှာ ကိုယ်တစ်ယောက်တည်းသာရယ် ပေါ့။ အားလပ်တဲ့အချိန်မှာ ကိုယ်နှစ်သက်တဲ့ စာအုပ်တွေဝယ်ပြီး စာဖတ်ခြင်းနဲ့ မွေ့လျော်နေသူဖြစ်ပါတယ်။ ကျွန်တော်တော့ တက္ကသိုလ်တွေ၊ အ. ထ. က၊ အ. လ. ကတွေမှာ ဆရာကြီးဒေါက်တာရွှေတိုးတို့လို



ဆရာတွေ ရှိစေချင်လိုက်တာ။ အဲဒါမှ စာဖတ်ခြင်း အလေ့အထအားနည်းနေတဲ့လူငယ်တွေကို စာဖတ်ချင်လာအောင် တွန်းအားပေးနိုင်မှာ ဖြစ်ပါတယ်။

ယနေ့ခေတ်မှာ ဖျော်ဖြေရေးကဏ္ဍတွေများနေတော့ လူတွေက စာဖတ်ခြင်းဘက်မှာ အားနည်းနေလျက် ရှိပါတယ်။ စာမဖတ်ကြရင် အသိပညာချတ်ခြုံကျမှုနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒီတော့ ဆင်ခြင်နှိုင်းဆနိုင်စွမ်းအားနည်းလာသလို အနာဂတ်ကို မှန်ကန်စွာ ကြည့်မြင်နိုင်မယ့် အခွင့်အလမ်းတွေနဲ့ ဆုံးရှုံးသွားကြမှာပါ။ စာပေဟောပြောပွဲခရီးထွက်တိုင်း ရောက်တဲ့နေရာမှာ စာဖတ်ကြဖို့ တိုက်တွန်းဟောပြောပေးခဲ့ပါတယ်။ တချို့နေရာတွေမှာ စာပေဟောပြောပွဲ ပြီးတဲ့အခါ ရေးသူ ဖတ်သူ ဆွေးနွေးပွဲလေးတွေ ကြုံရတတ်ပါတယ်။ တစ်ခါတလေ တော့လည်း ကိုယ့်ဆီကို သီးသန့်

လာဆွေးနွေးတာမျိုးလည်း ရှိရဲ့။

ကျွန်တော်တို့ကလည်း ကိုယ့်စာဖတ် ပရိသတ်နဲ့တွေ့ရလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ဘယ်ဒေသတွေပဲ ရောက်ရောက် သူတို့ဆီက အတွေးအမြင်တွေ၊ ခံစားချက်တွေကို သိခွင့်ရခဲ့လို့ပါ။ အဲဒီတော့ ပြည်သူလူထုနဲ့ ဒေသမြင်ကွင်းတွေရဲ့ ပကတိအရှိတရားကို သိမြင်ပြီး စဉ်းစားချင့်ချိန်

နိုင်စေမယ့် အချက်အလက်တွေ ရရှိလာစေပါတယ်။ ဒါပေမဲ့ ဟောပြောပွဲ အခြေအနေက ပြောင်းလဲသွားတယ်။ အရင်ကလို တစ်နေရာမှာ ဟောပြောရင် နေ့တစ်နေ့ အချိန်ပေးလို့ မရတော့ဘူး။ တခြားတစ်နေရာကို ဟောပြောဖို့ကလည်း ရှိနေပြန်တယ်။ သဘင်သည်စကားနဲ့ ပြောရရင် ပွဲကူးပေါ့။ တစ်ခါကများဆိုရင် နယ်တစ်နယ်မှာ ဟောပြောမယ့်နေရာရောက်တော့ ပရိသတ်က ခန်းမထဲမှာ အဆင်သင့်ရှိနေလို့ မော်တော်ကားပေါ်မှာပဲ ကတိုက်ကရိုက် အဝတ်အစားလဲပြီး စင်မြင့်ပေါ် တန်းတက်လာလည်း ကြုံရရဲ့။ တချို့နေရာတွေကျတော့ ဟောပြောနေတုန်း တခြားတစ်နေရာက ဟောပြောပွဲအတွက် လာခေါ်မယ့် မော်တော်ကားက အဆင်သင့်စောင့်နေလို့ ဟောပြောပွဲပြီးပြီးချင်း နယ်ခံတွေကို နှုတ်ဆက်စကားပြောပြီး အကြိုထောက်တဲ့ မော်တော်ကား

ပေါ်တက်ရတဲ့ အတွေ့အကြုံတွေလည်း ရှိပ။ ဒါတောင် ကျွန်တော်က ကိုယ်နဲ့ မဝေးလှတဲ့ နေရာဒေသတွေ လောက်ပဲ လိုက်တာပါ။ သိပ်ဝေးတဲ့ ခရီးတွေကျတော့ အားနာနာနဲ့ ငြင်းလိုက်ရတာပေါ့။

ဟောပြောပွဲ တစ်ပွဲပြီးတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး သုံးသပ်ပါတယ်။ ဟောပြောပွဲ ဆိုပေမယ့် ပရိသတ်နဲ့ ဟောတဲ့သူက အဟပ်မိချင်မှ မိတာ။

အဲဒီလိုမျိုးကြုံရရင် ဟောတဲ့သူက ကျေနပ်မဝင်တော့ဘူး။ ကိုယ်ပြောချင်တာတွေ ပေးချင်တာတွေ ပရိသတ်ဆီကို ရောက်မှရောက်ရဲ့လား။ ဦးပုညရဲ့စာထဲကလို ဟောရင်းသာ ပျံလွန်တော်မူတော့မည် ဆန်ဖြူဖြူတစ်ခွက်မျှ တွက်ပုံမပေါ်ဆိုတဲ့ ကိန်းများဆိုက်ရင် အခက်။ ဒီတော့ ဗိုလ်ကောက်တောင့်မှာတစ်ယောက်တော့ ဖွဲကောင်းပါရဲ့ ဆိုတဲ့ အငြိမ့်သီချင်းလိုပဲ ကိုယ်သိစေချင်တဲ့ မြင်စေချင်တဲ့ ကိုယ့်စေတနာတွေကို လူတစ်ရာမှာ တစ်ယောက်လောက်သိသွားရင် မဆိုးပါဘူးလို့ စိတ်အားလျော့စွာ တွေးလိုက်ရတာကလား။

တကယ်တော့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့က ပညာအရင်းအမြစ်ကြွယ်ဝဖို့ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေကို ကြည့်လိုက်ရင် ဘယ်နိုင်ငံပဲကြည့်ကြည့် ပညာရှင် ပညာတတ်တွေ ပေါ်မှပေါ်။ အဲဒီတော့ တိုးတက်ချင်ရင် သူတို့ဆီက နည်းပညာ၊ အတတ်ပညာတွေကို ကျွန်တော်တို့ဆီကို ဘယ်လိုရောက်အောင် လုပ်ကြမလဲ။ အခုအချိန်အထိ အပ်တစ်ချောင်းတောင် ကောင်းကောင်း မထုတ်လုပ်နိုင်တဲ့ ကျွန်တော်တို့နိုင်ငံဟာ လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကမ္ဘာ့ရွာကြီးထဲကို ဝင်ဆန့်နိုင်ဖို့ ဘယ်ကဲ့သို့ ကြိုးစားဆောင်ရွက်ကြမလဲ။

အခု ဩဂုတ်လနဲ့ စက်တင်ဘာလမှာ ဟောပြောပွဲခရီးတွေ လုံးဝနားလိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အစိတ်က သမိုင်းပုံရိပ်တွေကို ကျွန်တော် မေ့ဖျောက်လို့ မရသေးသလိုဘယ်တော့မှလည်း မေ့ပျောက်သွားမှာ မဟုတ်ပါဘူး။ အခုမှ ပြန်

စဉ်းစားကြည့်လိုက်တော့ နှစ်အစိတ်ဆိုတဲ့ အချိန်ကာလခရီးဟာ ဘာမှမကြာလိုက်ပါလားလို့ တွေးလိုက်မိတယ်။ ရန်ကုန်၊ မန္တလေးနဲ့ အချို့နယ်တွေမှာ ရှစ်လေးလုံး ငွေရတုကျင်းပခဲ့ကြလို့ ဝမ်းသာစရာပါ။

ဒါပေမဲ့ အဲဒီကျင်းပတဲ့ပွဲမှာ ဟိုလူတွေပါလို့ ဒီလူတွေက မပါတော့ဘူးဆိုတဲ့ သတင်းကို ကြားရတော့ စိတ်မကောင်းဖြစ်သွားရပါရော။ ရှစ်လေးလုံးအုံကြွမှုကြီးမှာ မောင်ဖြူ၊ မောင်မဲ၊ မညို၊ မဝါ အားလုံးပါဝင်ကြတာကို သတိပြုဖို့လိုပါတယ်။ ရှေ့သို့ ချီတက်ရင်း နောက်ကြောင်းပြန်မလှည့်ဘူးလို့ ဆိုပေမယ့် သမိုင်းစာမျက်နှာထဲက အဖြစ်အပျက်တွေကို ကြည့်ပြီး သင်ခန်းစာယူကြဖို့ လိုပါတယ်။ ရှစ်လေးလုံးပုံရိပ်တွေဟာ ကျွန်တော်တို့ကို အမှန်းမွှားစရာ၊ အညိုးအာဃာတတွေ တိုးလာစေခြင်းထက် နောက်နောင် ဒီလိုမျိုးမဖြစ်အောင် ဆင်ခြင်နှိုင်းဆချင့်ချိန်ကြဖို့ သတိပေးနေတာဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံးမှာ ချို့ယွင်းအားနည်းချက်တွေ အနည်းနဲ့အများ ရှိခဲ့ကြပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေက ကျွန်တော်တို့ကို သတိပေးနေတာပါ။ ဒီတော့ ကျွန်တော်တို့အားလုံး အတိတ်ဖြစ်ရပ်တွေကို သင်ခန်းစာယူပြီး နိုင်ငံချစ်စိတ်နဲ့ ကောင်းမွန်တဲ့ အနာဂတ်ကို ဘယ်လိုဖန်တီးကြမလဲ။ အခု အခြေအနေက အနုတ်လက္ခဏာမှ သုညအဆင့်ကို ရောက်တုန်းရှိပါသေးတယ်။ ဒီအဆင့်ကကျော်လွန်ပြီး အပေါင်းလက္ခဏာဖြစ်အောင် ကြိုးစားရတော့မှာပါ။ ကျွန်တော်တို့ အားထုတ်ကြိုးစားမလား၊ မကြိုးစားဘဲ နေကြမလား။ ကျွန်တော်တို့က အနာဂတ်ကို စိန်ခေါ်ခြင်းမဟုတ်ဘဲ အနာဂတ်ရဲ့ စိန်ခေါ်ခြင်းကို ခံနေရတာပါ။ အပေါင်းလက္ခဏာဆောင်နိုင်မှသာ နောက်ထပ်နှစ်အစိတ်ကြာရင် ယခုထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန်တဲ့ အနာဂတ်ကို ပိုင်ဆိုင်မှာဖြစ်ပါတယ်။


ကိုထွန်း-လမ်း (စဝ)

သံမှုန်ဦး

# အလိုချင်ဆုံးအရာ

ဝတ္ထုတိုရသ

စားပွဲတင်ပြက္ခဒိန်လေးကို ကြည့်ရင်း ဖူး ဝမ်းသာလိုက်တာကွယ်၊ မကြာခင် သင်္ကြန်ကျတော့မှာပဲ။ သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ဆိုတဲ့စာလုံးတွေကို ကြည့်ရင်း ဖူးမျက်ဝန်းတို့က အရောင်တွေ လက်လာကြတယ်။ တစ်နှစ်တစ်ခါ ဆိုသလို သင်္ကြန်ရက်ကို ဖူးမျှော်ခဲ့ ရသည်ပဲ။ သင်္ကြန်နှစ်သစ်ကူး ပိတ်ရက်တွေမှာ ဒယ်ဒီနှင့် အတူနေခွင့်ကို နှစ်စဉ်ရရှိခဲ့တာ ဖူးအလိုအပ်ဆုံး သင်္ကြန်အချိန်ကာလပဲပေါ့။ ဖူးလိုပဲ မောင်လေးဦး လည်း ပျော်နေတာပေါ့။ ဒယ်ဒီနဲ့အတူနေရပေမယ့် ဒယ်ဒီမျက်နှာကို မမြင်ရ၊ ဖူးတို့ အိပ်ရာထချိန် ဒယ်ဒီအိမ်မှာမရှိဘဲ အလုပ်သွားသလို ဖူးတို့အိပ်ချိန်အထိ ဒယ်ဒီ မျက်နှာကို မမြင်ရတဲ့ နေ့တွေလည်း ရှိခဲ့။



မာမီပြောတော့ ဒယ်ဒီက ဖူးတို့ အခန်းထဲဝင် အိပ်နေတဲ့ဖူးဆံပင်လေးတွေ ပွတ်သပ်ပြီးတော့မှ အလုပ်သွားတာတဲ့။ ဖူးဘာလို့ နိုးမသွားရတာလဲလို့ ဖူးကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ ကုမ္ပဏီအုပ်စု ဥက္ကဋ္ဌကြီးဖြစ်တဲ့ ဒယ်ဒီကြောင့် ဖူးတို့ လိုလေသေးမရှိ နေထိုင် စားသောက်ကြရပေမယ့် ဒယ်ဒီနဲ့အတူ မနက်စာ အတူစားချင်တာ၊ ညစာ အတူစားချင်တာ၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မှာ ခူးနဲ့ဖူးကို Shopping Centre လိုက်ပို့ပေးတာ၊ မနက်ပိုင်း ကျောင်းလိုက်ပို့ လိုက်ကြိုလုပ်တာတွေနဲ့ ဒယ်ဒီ့ကို အတူရှိစေချင်တာပါ။ ဖူးအလယ်တန်းကျောင်းသူဖြစ်တဲ့အထိ ဖူးဆုပေးပွဲကို ဒယ်ဒီ မျက်နှာလေးလာပြရုံပြီး ပြန်သွားတာ၊ ကျောင်းအားကစားပွဲတွေမှာ သူများအဖေတွေလို လိုက်ပို့ပေးပြီး အတူမရှိနိုင်တာတွေက ဖူးကို အထီးကျန်စေသလိုပါပဲ ဒယ်ဒီ။ မာမီ နီးနီးကပ်ကပ်ရှိနေပေမယ့် ကျောင်းမှာ တစ်နေ့တာ တွေ့ကြုံတာတွေကို ဒယ်ဒီကိုလည်း ပြောပြချင်တာပေါ့နော်။ မောင်လေးခူးဆိုလည်း ဖေကြီးနဲ့တွေ့ရအောင် ရုံးကိုလိုက်သွားကြမယ်ဆိုပြီး ကျောင်းကအပြန် ဒယ်ဒီတို့ရုံးချုပ်ရှေ့က ဖြတ်သွားတိုင်း အမြဲပြောတတ်တာ။ မောင်လေးက ဖူးခေါ်သလို ဒယ်ဒီလို့မခေါ်ဘဲ ငယ်ငယ်ကတည်းက ဖေကြီးလို့ ဒယ်ဒီ့ကို ခေါ်တတ်တယ်နော်။ ခူးကျောင်းကို မနက်ပိုင်း ဒယ်ဒီလိုက်ပို့ရင် အရမ်းပျော်တာပဲမမရယ်ဟု တစ်ခါတလေ တစ်လမှာတစ်ကြိမ် တစ်ခါလောက်သာ လိုက်ပို့ပေးပြီဆိုရင် ခူး ကြွားလို့မဆုံးတော့။

ဖူး မိုးတွေမိပြီး အဖျားတက်တဲ့ညက အိမ်မှာ ဒယ်ဒီမရှိဘူးနော်။ ဒယ်ဒီတစ်ယောက် လူကြီးတွေက ခေါ်လို့ နေပြည်တော်သွားတယ်တဲ့။ အဲဒီလူကြီးတွေကလည်း ဒယ်ဒီ့ကိုပဲ ခဏခဏခေါ်နေတာပဲလို့ ခူးပြောသလိုပဲ ဖူးလည်း ပြောလိုက်ချင်ပါတယ်။ မိသားစုဆရာဝန် ဦးဒေါက်တာဟန်ကို ဆေးမထိုးနဲ့နော်ဦးလို့ ပြောထားမိ၍ သောက်ဆေးနှင့် ညဘက်အဖျားကကျ။

မာမီရေပတ်ဝတ်တွေနဲ့ တိုက်ပေးမှ ည ၁ နာရီကျော်ကျော်မှာ အဖျားကျသွားတယ်လို့ ခံစားမိတယ်၊ ဒယ်ဒီ့ဆီ ညဦးပိုင်းက ဖုန်းဆက်ပေမယ့်လည်း ဆက်သွယ်မှု ဧရိယာပြင်ပရောက်နေ၍ ဖူးဖျားနေတယ်လို့ Massage ပို့ထားပြီးသားကို ဒက်ဒီ လူကြီးတွေဆီက ပြန်မရောက်သေးတော့ ဖုန်းက မမိတာလား။ ဖုန်းကိုမကြည့်ဖြစ်တာလား။ ဒါမှမဟုတ် ကားထဲမှာပဲ ဖုန်းတွေ စက်ပိတ်ထားတာလားလို့ ခေါင်းနည်းနည်းကိုက်တဲ့ကြားက တွေးမိတယ် ဒက်ဒီ။

ဒယ်ဒီ စီးပွားရေးလုပ်ငန်းရှင် ဘာလို့ဖြစ်တာလဲဟင်။

ဖူးကတော့လေ ခွန်းတို့ ယွန်းတို့ဖေဖေလို ကျောင်းဆရာကြီးဖြစ် စေချင်တာ။ ဒါမှ ခွန်းတို့ ယွန်းတို့လို သူတို့ဖေဖေနဲ့ ကျောင်းတူတူတက်ရမှာ။ ပျော်စရာကြီးပေါ့နော်။

စာသင်နှစ်တစ်နှစ်ပတ်လုံး ဒယ်ဒီ့ မျက်နှာကို သေချာမမြင်ရ၊ ဒယ်ဒီ့စကားသံကို မကြားရနဲ့။ ကျောင်းပိတ်ရက်ရောက်ပြီဆိုသည်နှင့် သင်္ကြန်ပိတ်ရက်ကို ဖူးမျှော်တော့တာပေါ့။ ပြီးခဲ့တဲ့ သင်္ကြန်ပိတ်ရက် ၂ နှစ် ဆက်တိုက် ဒယ်ဒီနဲ့ ငွေဆောင်မှာ သင်္ကြန်ကျခဲ့ရသည်။ ဖူးတို့ ရေဆော့ချိန်မှာ ဒယ်ဒီက အတူရေလိုက်ဆော့ပေးသော ဒယ်ဒီ၊ ရေချိုးကန်ထဲမှာ ရေကူးရင်လည်း စိတ်ပူပြီး ကန်ပေါင်ပေါ်ကနေ ခါးကြီးထောက်ကြည့်လို့၊ ထိုင်ခုံမှာ ထိုင်လိုက်ထလိုက်နဲ့။ ပြီးတော့ ရေချိုးပြီး ရေတွေစိုနေတဲ့ ခါးလယ်လောက်ထိ ရှည်တဲ့ ဖူးဆံပင်ရှည်ရှည်လိမ်လိမ်လေးတွေကို မွှေးပွတဘက်နဲ့ ဒယ်ဒီကိုယ်တိုင်သုတ်ပေးရင်း ငါ့သမီးကြီး အရပ်ကြီးက တော်တော်ကိုရှည်လာပြီ ဒယ်ဒီ့ကိုတောင် မီခါနီးပြီဆိုပြီး ခေါင်းကိုမနာအောင် ခပ်ဖွဖွထုပြီး ပုစမ်းဟဲ့ ငါ့အရပ်၊ ပုစမ်းဆိုပြီး ဒယ်ဒီရွတ်တော့ ဖူးက ဒယ်ဒီ့လက်ကို ဖူးလက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး ရှည်စမ်းဒီအရပ် ရှည်ပါဒီအရပ်ဆိုပြီး ဒယ်ဒီလက်ကို ဆွဲမြောက်နဲ့ ဖူးပျော်လိုက်ရတာ။

ထမင်းစားချိန် ကျောက်ပုစွန်တုပ်ကြီးထဲက အသားတွေကို ဖူးတို့ကို နွှာကျွေးနှင့်၊ သစ်သီးတွေ ခက်ရင်းလေးနဲ့ ထိုးထိုးပြီး ကျွေး တတ်တဲ့ ဒယ်ဒီကို ကျေးဇူးတင်လိုက်တာ။ ကမ်းခြေမှာရေဆော့၊ ရေကူး၊ အုန်းစိမ်းရည်သောက်၊ စက်ဘီးစီး၊ စွန်လွှတ်၊ ဘောလုံးကန်၊ မုန့်စား၊ တစ်ရေးအိပ်၊ ပြန်ထ မုန့်ပြန်စားနှင့် ရက်တွေ ဘယ်လိုကုန်မှန်းမသိပါဘူး။ အပြန်ကားပေါ်မှာ

**ဖူးရယ် မင်းဒယ်ဒီ**
**အရမ်းအလုပ်များတာ**
**မင်းလည်း သိသားပဲ။**
**တို့ဖေဖေတောင်**
**သင်္ကြန်တွင်း Duty ကျလို့**
**အိမ်မှာ မေမေနဲ့တို့ ညီမနှစ်ယောက်**
**အိမ်အလုပ်တွေ ဝိုင်းကူရမှာ။**
**တစ်အိမ်လုံးကြမ်းတိုက်ရမယ်။**
**ခန်းဆီးတွေ ဖြုတ်လျှော်မယ်၊**
**အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊**
**ခြင်ထောင်တွေ ....**

Asian Fame Media Group
af MEDIA GROUP



ဒယ်ဒီ့ရင်ခွင်ထဲမှာ ခေါင်းအုံးပြီး အိပ်ချင်ယောင်ဆောင်ကာ တစ်လမ်းလုံး လိုက်လာခဲ့တယ်။ ခူးတောင်မှ သူ့အလှည့်မရလို့ ဖူးကိုတောင် စိတ်ကောက်ပြီး မာမီ့လက်မောင်းကို မှီရင်း မျက်လုံးလေး ပေကလတ်ပေကလတ်နဲ့ အိပ်ချင်ယောင်ဆောင်တုန်း။

ဖူးရင်ခုန်စွာ စောင့်စားရတဲ့ သင်္ကြန်ရက်၊ သန်ဘက်ခါဆိုရောက် ပြီပေါ့နော်။

ဒီတစ်ခါ ပုဂံညောင်ဦး မန္တလေးဘက် သွားမည်ဆို၍ ချည်သားဂါဝန်လေးများ ရှပ်အကျီနဲ့ ချည်ဘောင်းဘီလေးများတို့ကို ခရီးဆောင်အိတ်ထဲထည့်ရင်း ဟိုနေ့က Junction Centre မှ ဝယ်လာတဲ့ ဒယ်ဒီ့အတွက် နေကာမျက်မှန်နဲ့ ဟာဝိုင်ရီ ဦးထုပ်အဝိုင်းကို ဒယ်ဒီတို့ မမြင်အောင် ဝှက်ပြီး အိတ်ထဲထိုးထည့်ရင်း ဒယ်ဒီ့ကို ပြင်ဦးလွင်ပါ လိုက်ပို့ခိုင်းရမယ်ဆိုတဲ့ အတွေးတွေနဲ့ ညဘက်တော်တော်နဲ့ အိပ်မပျော်နိုင်။

နံဖူးကို လက်ဖဝါးခပ်နွေးနွေးနဲ့ ပွတ်သပ်ပြီး ဆံစတွေထိပွတ်သပ်မှု အထိ အတွေ့ကြောင့် မျက်လုံးဖွင့် ကြည့်လိုက် ချိန်တွင် အပြုံးရောင် လွှမ်းနေသော ဒယ်ဒီ့ မျက်နှာကို တွေ့တော့ အလန့်တကြားနှင့် "ဒယ်ဒီ ဘယ်သွားမလို့လဲလို့" အိပ်ရာမှ လူးလဲထရင်း မေးမိသည်။

"ငါ့သမီး ဖူးလေး နိုးသွားပြီကိုး။ ပြန်အိပ်လိုက်ဦး သမီးဖူး၊ အစောကြီးရှိသေးတယ်" ဆိုတဲ့ ဒယ်ဒီ့ လက်မောင်းကို ဆုပ်ကိုင်ထားရင်း ဒယ်ဒီ "ဘယ်လဲဟင် ဘယ်ကိုသွားမလို့လဲ" ဟု တတွတ်တွတ်ထပ်မေးမိပြန်သည်။

"ဒယ်ဒီ လူကြီးခရီးစဉ် လိုက်စရာရှိလို့ပါ သမီးရယ်၊ ဖူးတို့အရင်သွားနှင့်၊ ဒယ်ဒီလိုက်ခဲ့မယ်နော်၊ သွားမယ် သမီး၊ တာ့တာ"

ဖူး အိပ်ရာထဲကို ဆူဆောင့်လှဲချလိုက်ချိန်မှာ ခေါင်းအုံးစွပ်ဖြူဖြူလေးပေါ် သို့ ဖူးမျက်ရည်စက်တွေက ပြုတ်ကျလို့နေပြီလေ၊ ဒယ်ဒီရောက်လာမှာ မဟုတ်ပါဘူး။

ဖူးတို့ မန္တလေးသင်္ကြန် သွားတဲ့နှစ်တုန်းကလည်း လမ်းကြောင်းပြီး ရင်လိုက်လာမယ်ဆိုပြီး ဒယ်ဒီမလာဖြစ်။ သူငယ်ချင်းခွန်းဆီကို မနက်အစောကြီး ဖုန်းဆက်ပြီး ငါ့ဒယ်ဒီ မလိုက်ဖြစ်ဘူး ခွန်းရယ်လို့ ငိုသံပါကြီးနှင့် ပြောမိသည်။

"ဖူးရယ် မင်းဒယ်ဒီ အရမ်း အလုပ်များတာ မင်းလည်း သိသားပဲ။ တို့ဖေဖေတောင် သင်္ကြန်တွင်း Duty ကျလို့ အိမ်မှာ မေမေနဲ့တို့ ညီမနှစ်ယောက် အိမ်အလုပ်တွေ ဝိုင်းကူရမှာ။ တစ်အိမ်လုံးကြမ်းတိုက်ရမယ်။ ခန်းဆီးတွေ ဖြုတ်လျှော်မယ်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်တွေ၊ အဝတ်တွေ လျှော်ပေးရမယ်" ဆိုတဲ့ တက်ကြွနေတဲ့ ခွန်းကို စိတ်ကောက်ပြီး ပန်းကလေးတို့ဆီ ဖုန်းဆက်လိုက်တော့ ဒီနေ့မနက်ဘုရားကနေ အခုပဲ ပြန်ရောက်တာ။ ဖေဖေဆုံးတာ ဒီနေ့နှစ်လပြည့်တာတဲ့။ ဟုတ်ပါရဲ့ ဖူးအရမ်းအားနာပြီး စိတ်မကောင်းဖြစ်သွားမိတယ်။ ပန်းကလေးဖေဖေကနယ်မြေမအေးချမ်းတဲ့ ဘက်မှာ တာဝန်ကျရင်း ချုံခိုတိုက်ခိုက်ခံရလို့ တိုက်ပွဲကျသွားတာ သာကြာသေးလို့လဲ။ ဒယ်ဒီကိုစိတ်ကောက်ပြီး သူငယ်ချင်းတွေဆီ ဖုန်းဆက်မိတာ ဖူးအမှားပါပဲ။ လူတိုင်း လူတိုင်း သူတို့မိသားစုအရေးနဲ့ အလုပ်များနေကြတာ ထုံးစံပါနော်။ ဖူးတို့မှာသာ မပူပင်မကြောင့်ကြရဘဲ လိုသလိုရတဲ့ အရာတွေက များနေလို့ပဲလား မသိ။ မရနိုင်တဲ့အရာကိုမှ ဖူးက တမ်းတလိုချင်မိနေတာကိုး။

ဒယ်ဒီစီးပွားရှာနေတာ ဖူးနဲ့ခူးအတွက်ပဲ။ ဘဏ်လုပ်ငန်းက ဖူးအတွက်၊ ဟိုတယ်လုပ်ငန်းက ခူးအတွက်ပဲတဲ့။ ကျောင်းပိတ်ရက်တွေမှာ ဒယ်ဒီနဲ့လုပ်ငန်းတွေရှိတဲ့နေရာ လိုက်ရမယ်ဆိုတဲ့ ဒက်ဒီဖုန်းသံကြားအပြီးမှာ ဖူးပြန်ပြီးပျော်ရွှင်သွားရတယ်။ ဒယ်ဒီဆီကို ဖူး ဖုန်းမရမက ဆက်နေမိတယ်။ ဆက်သွယ်မှုပြင်ပလို့ ထူးနေရာမှ ဖုန်းဝင်သွားတော့ ဖုန်းမြန်မြန်ကိုင်ပါ ဒယ်ဒီလို့ ဆုတောင်းနေမိတယ်၊ ဒယ်ဒီဖုန်းကိုင်လိုက်ရင် အောင်စာရင်းထွက်တဲ့နေ့ မနက်အစောကြီး အောင်စာရင်းကြည့်ရအောင် ဖူးကို လိုက်ပို့ပေးပါဒယ်ဒီနော်လို့ ဖူး ပြောခွင့်ရချင်ပါတယ်။

**သံချောင်ဦး**



## ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ငွေရတုအထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံ၊ကဗျာပြပွဲကျင်းပ





ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ငွေရတုအထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံ၊ ကဗျာ ပြပွဲအခမ်းအနားကို ဇူလိုင်လ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ ယုဇနသန်ရိပ်သာ တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ပြပွဲဖွင့်ပွဲ အခမ်းအနားကို ၂၂ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ပြီး အခမ်းအနားတွင် ဒီမိုကရေစီအရေးတော်ပုံ၌ ကျဆုံးသွားသော ကျောင်းသားကျောင်းသူများ ရဟန်းရှင်လူပြည်သူများအား ဂုဏ်ပြုသည့်အနေဖြင့် တစ်မိနစ် ငြိမ်သက်ခဲ့ကြသည်။

## MODA မဂ္ဂဇင်းရဲ့ တစ်နှစ်ပြည့်အထိမ်းအမှတ် Fashion Show ကျင်းပ



MODA မဂ္ဂဇင်း၏ တစ်နှစ်ပြည့်နှစ်ပတ်လည်အနေဖြင့် ကျင်းပပြုလုပ်သော MODA Fashion Show 2013 ပွဲကို ဇူလိုင်လ ၂၈ ရက်၊ ညနေ ၆ နာရီက Strand Hotel တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားကို စိုင်းစိုင်းခမ်းလှိုင်က တေးသီချင်း ၂ ပုဒ်သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ MODA Fashion မဂ္ဂဇင်း၏ တစ်နှစ်တာကာလအတွင်း ဖြတ်သန်းခဲ့သည့် ပုံရိပ်များကို ဗီဒီယိုနှင့်ပြသခဲ့သည်။ အခမ်းအနားတွင် အဆိုတော်ချမ်းချမ်း၊ Ar-T ၊ ယူရေနီယံ Dancer အဖွဲ့တို့က ဖျော်ဖြေခဲ့ကြပြီး မော်ဒယ်သရုပ်ဆောင်များက Hip Hop Movement Fashion Show, Romantic Jazz Fashion Show, LATINO NIGHT & PINK LADY Fashion ဒီဇိုင်းများကို ပြသခဲ့ကြသည်။

## ၁၄ နှစ်ပြည့် စိတ်ကူးချိုချိုစာအုပ်တိုက်၏ စာအုပ်ဈေးရောင်းပွဲတော်



စိတ်ကူးချိုချိုစာအုပ်တိုက်၏ ၁၄ နှစ်ပြည့် အမှတ်တရစာအုပ်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရအုတ်လမ်းရှိ အဏ္ဏဝါ ခမ်းမဆောင်တွင် ဇူလိုင်လ ၂၉ ရက်နေ့မှ ဩဂုတ်လ ၁၀ ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့သည်။ အဆိုပါဈေးပွဲတော်တွင် စိတ်ကူးချိုချိုတိုက်မှထုတ်ဝေသော စာအုပ်အသစ် ၂၈ အုပ်များကို ခင်းကျင်းရောင်းချခဲ့ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ဖွင့်လှစ်ထားကာ ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းအထိ ဈေးနှုန်း လျှော့ချ၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

Asian Fame Media Group

## အလင်္ကာကျော်စွာ ရွှေမန်းသဘင် နှစ် ၈၀ ပြည့်အလွမ်းမှတ်တမ်း ဖျော်ဖြေပွဲကျင်းပ





အလင်္ကာကျော်စွာရွှေမန်း ဦးတင်မောင် သဘင်သက် နှစ် ၈၀ ပြည့် အလင်္ကာအလွမ်းမှတ်တမ်း ဖျော်ဖြေပွဲကို ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။ ရွှေမန်းဦးတင်မောင်၏ မျိုးဆက်များဖြစ်ကြသော ညွန့်ဝင်း၊ ဝင်းဗိုလ်၊ ဆန်းဝင်း၊ ဝင်းမောင်၊ ချမ်းသာ ကျော်ကျော်ဗို၊ တင်မောင်ဆန်းမင်းဝင်း၊ မေတင်မောင်ဆန်းမင်းဝင်းတို့အပြင်




နန်းဝင်း၊ အောင်ဘိုဝင်း၊ မိုးဝင်း၊ မိုးမင်း၊ မန္တလေးသိန်းဇော်၊ ဗိုးချစ်၊ ဟန်ဇာမိုးဝင်း၊ ဖဲဟိန်း၊ စွမ်းဇာနည်၊ နန်းခင်မွေး၊ တင်ဇာမိုးသင်း၊ ဟန်နွေငြိမ်း၊ သူသူနန်းဝင်းစသော သဘင်အနုပညာရှင်များစွာ ပါဝင်ထားကြပြီး ရုပ်ရှင်အနုပညာရှင်များဖြစ်ကြသော ရန်အောင်၊ အကယ်ဒမီနေတိုး၊ မိုးယံဇွန်၊ မင်းသွေး၊ ဂီတအနုပညာရှင်များဘက်မှ ဦးမင်းနောင်၊ သန်းမြတ်စိုး၊ ရိရိသန့်၊ ဖိုးသောကြာတို့ကလည်း တေးသီချင်းများနှင့် ဖျော်ဖြေခဲ့ကြသည်။

## ဆီးဂိမ်းပွဲတော်အတွက် မြန်မာဘရူဝါရီက Platinum Sponsor MOU လက်မှတ်ရေးထိုးပွဲ




၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) အတွက် မြန်မာဘရူဝါရီလီမိတက်က Platinum Sponsor အဖြစ် MOU လက်မှတ်ရေးထိုးပွဲကို ဇူလိုင်လ ၂၃ ရက် ညနေက ကရဝိတ်တွင် ပြုလုပ်ခဲ့ သည်။ အဆိုပါ ဆီးဂိမ်းပြိုင်ပွဲအတွက် Sponsor များကို Platinum၊ Gold နှင့် Silver ဟူ၍ ခွဲခြားသတ်မှတ်ထားခြင်းဖြစ်သည်။ Platinum Sponsor များအဖြစ် မြန်မာဘရူဝါရီနှင့်အတူ MAI လေကြောင်းလိုင်း၊ KBZ ဘဏ်၊ KBZ လေကြောင်းလိုင်း၊ Panasonic၊ Samsung တို့ကလည်း ရရှိကြောင်း သိရှိရသည်။

## အမျိုးသမီးစာရေးဆရာမ ၃ ဦး၏ "ဝတ္ထုတို ၃ ယောက်" စာအုပ်ထွက်ရှိ




မဂ္ဂဇင်း စာမျက်နှာများ ထက်နှင့် အင်တာနက်လိုင်း ထက်တွင် စာများကို ဝဲပျံ့စေ တတ်သော စာရေးဆရာမများ ဖြစ်ကြသည့် ခင်မေသစ်၊ စုမီ အောင်နှင့် ဖြိုးဖြိုးတို့၏ စာများ ကို စုစည်းဖော်ပြလိုက်သည့် ဝတ္ထုတို ၃ ယောက်စာအုပ် ထွက်ရှိလာပြီဖြစ်သည်။ စာရေး ဆရာမတစ်ဦးချင်းစီ၏ စာများ ကို တစ်ကန့်စီဖော်ပြထားပြီး ရောင်စုံပန်းချီကားချပ်များဖြင့် စာများကို မွမ်းမံသရုပ်ဖော်ထား သည်။ မျက်နှာဖုံးနှင့် အတွင်း ဒီဇိုင်းအားလုံးကို စိုးမင်းအောင်က ဖန်တီးထားပြီး ထူးခြားချက်မှာ စာရေးဆရာမသုံးဦးသည် သားအမိများဖြစ်ကြသည်။

Asian Fame Media Group

## Two Hearts Wedding Dress & Photo စတူဒီယိုဖွင့်လှစ်





Two Hearts Wedding Dress & Photo Studio ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၈ ရက်၊ နံနက် ၉ နာရီက အမှတ် ၇၈၊ လမ်းသစ်လမ်း၊ မော်တင်၊ လမ်းမတော်မြို့နယ်တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ [illegible]၊ မော်ဒယ်အလင်းရောင်၊ ရွှေသမီးအစရှိသူများ တက်ရောက်ခဲ့ကြသည်။ Two Hearts Wedding Dress & Photo Studio မှ လက်ထပ် မင်္ဂလာရာသီများတွင် Wedding Dress ငှားရမ်းခြင်း၊ လက်ဝတ်ရတနာများ ငှားရမ်းနိုင်ခြင်းများအပြင် Out Door ဓာတ်ပုံများကို ချိုသာသော ဈေးနှုန်းများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

## နေဒဏ်ခံပန်းသတင်း စာအုပ်မိတ်ဆက်ပွဲအခမ်းအနား

နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀ ဦး ရေးသားထားသော စာများကို စုစည်းဖော်ပြထားသည့် 'နေဒဏ်ခံပန်းသတင်း' စာအုပ်မိတ်ဆက်ခြင်း အခမ်းအနားကို ဩဂုတ်လ ၉ ရက်၊ မွန်းလွဲ ၁ နာရီက ဗိုလ်အောင်ကျော်လမ်းရှိ Home House of Media & Entertainment တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စာရေးသူ ၁၀ ဦး၏ နိုင်ငံရေးလှုပ်ရှားစဉ်က ဖြစ်ရပ်များအကြောင်းနှင့် နိုင်ငံရေးအကျဉ်းသားဖြစ်ခဲ့စဉ်က အတွေ့အကြုံများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြသည်။ ယင်းအတွေ့အကြုံများအကြောင်း ရေးသားထားသော အဆိုပါ စာအုပ်ကို လင်းလွန်းခင်စာပေမှ တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေရောင်းချနေပြီဖြစ်သည်။

## International Youth Day အထိမ်းအမှတ်ပွဲ




မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ပံ့ပိုးမှုဖြင့် ကျင်းပသော "၂၀၁၃ခုနှစ် နိုင်ငံတကာ လူငယ်များနေ့" အထိမ်းအမှတ် စကားစွမ်းရည်ပြိုင်ပွဲကို ဩဂုတ်လ ၁၂ ရက် မွန်းလွဲ ၁ နာရီက Dolphin စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် တင်ဆက်သူများအဖြစ် ဇင်မိုး၊ မော်ဒယ်အေးချမ်းမိုးတို့က ဆောင်ရွက်ခဲ့ကြပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအဖြစ် စာရေးဆရာ ချစ်ဦးညို၊ အကယ်ဒမီဆွေဇင်ထိုက်၊ ဒေါက်တာသန်းထွဋ် (လင်းဆေး-၁)၊ ဒေါက်တာခိုင်စိုးဝင်း၊ ဒေါက်တာသန်းစိုးတို့က ဆောင်ရွက်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ရေကြည်ရာမြက်နုရာခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် လူငယ်အဖွဲ့နှစ်ဖွဲ့က စကားစစ်ထိုးခဲ့ကြသည်။ ယင်းအခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့အစည်း အသီးသီးနှင့်တကွ လူမှုရေးအဖွဲ့အစည်းများ၊ လူငယ် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

## Park Royal မှာ Perfectil Event ကျင်းပ




London အခြေစိုက်ထုတ်ကုန်ဖြစ်သော Perfectil မိတ်ဆက်ပရိုမိုးရှင်း event တစ်ရပ်ကို ဩဂုတ်လ ၁၁ ရက်နေ့ ညနေက Park Royal ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် Perfectil ထုတ်ကုန်များအကြောင်း မိတ်ဆက်ပြောကြားခြင်း၊ အထူးလျှော့ဈေးများဖြင့် ရောင်းချခြင်းများကို ပြုလုပ်ပေးခဲ့ပြီး သရုပ်ဆောင်မော်ဒယ်များ၊ တေးသံရှင်များ၊ Dancer များ၏ ဖျော်ဖြေမှုများဖြင့်လည်း တင်ဆက်ခဲ့ကြသည်။ Perfectil Tablet ကို ခန္ဓာကိုယ်လုပ်ဖွဲ့စည်းပုံအတွက် မရှိမဖြစ်လိုအပ်သော သဘာဝဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များဖြင့် ပေါင်းစပ်ပြုလုပ်ထားပြီး ဆံပင်၊ အသားအရေ ခြေသည်းလက်သည်းများ လှပကောင်းမွန်စေရန် ထုတ်လုပ်ထားကြောင်း သိရပြီး ဆေးဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပြီဖြစ်သည်။

Asian Fame Media Group

# မရေး မကောင်း ရေး မကောင်း

ညီညီညာညာ ညက်ညက်ညောညော



## တိတ်တိတ်ကလေးမှ ဖွလို့ကောင်း

ခုတလောလော တောက်တီးတစ်ယောက် ကျန်းမာရေး အလွန်ဂရုစိုက်ဖြစ်ပါသဗျ။ အရင်လို မိုးထဲလေထဲ ခဏပဲဆိုပြီး ဖြတ်ပြေးတာမျိုးတောင် မလုပ်။ ပါနားဒီနားတောင် မိုးရွာရင် ထီးဆောင်းဖြစ်အောင်ဆောင်းတယ်။ ကားလမ်းကူးတာက စလို့ အမက်ဆီးဒင့် (မတော်တဆထိခိုက်နိုင်မယ့်) ဖြစ်နိုင်တာတွေကို သတိထားတယ်။ ဆေးရုံရောက်လို့ မဖြစ်ဘူးဆိုတဲ့ အသိကကြီးကြီးမားမားကို ဝင်နေတာကလား။ မတော်ဆေးရုံပေါ်မှာ မပြောနိုင်မဆိုနိုင်ဖြစ်နေချိန်ကျမှ ပဏ္ဏာပ်ဆိုင်တက်မယ့် မမတွေ အလျှိုလျှိုပေါ်လာမှာကြောက်လို့ပါခညာ။ ဗျာ . . . တောက်တီးစွံတာ မယုံဘူးဟုတ်လား။ တောက်တီးလည်း အထင်မခံချင်ပါဘူးဗျာ။ လူရှိသေရှင်ရှိသေလေးနေပြီး ကျိတ်ပုန်းခုပ်ရတာ ဘယ်လောက်ရင်ခုန်စရာလဲဆိုတာ ခင်ဗျားတို့တော်တော်များများသိပါတယ်ဗျာ။ ခုတော့ ကိုယ်ရှိတဲ့ ယုံထင်ကြောင်ထင်ပုံလေးတွေကို နောက်ကြောင်းရှင်းကြောင်း ရှင်းသလို ရိုးရိုးသားသားတင်သလိုလိုနဲ့ ပြောနိုင်ဆိုနိုင်တုန်း ဖွဘုတ် ဖဲလေး Facebook ပေါ်မသိမသာလေး တင်တင်နေရတယ်ဗျို့။ သယ်ချင်းတို့လည်း ကျန်းမာရေးဂရုစိုက် ဟုတ်လား။

funny photo/ funny photo/ funny photo/ funny photo/ funny photo/ funny photo/ funny photo



ပါဉ္စမ်းကို သတ္တုဖောက်ချင် ဖောက်ကြည့်....



မင်္ဂလာဆောင် မဒီလည်း အေးတာပဲ

Asian Fame Media Group



# ညပစပါတီ

တောက်တဲ့မတို့ကုမ္ပဏီက Personal Glooming နဲ့ပတ်သက်ပြီး အပြောအဟောကောင်းတဲ့၊ အလှနဲ့လည်းကြည့်ကောင်းတဲ့ အလှအပ ကျွမ်းကျင်သူ ဆရာမတစ်ယောက်ကိုဖိတ်ပြီး ရုံးရှိလူကုန်ကို သင်တန်း ပေးစေပါတယ်။ ဆရာမဟာ နည်းပြကောင်းပီသစွာနဲ့ အမေးအဖြေ ပုံစံတွေ နဲ့ စပြီးမှ လိုရာသင်သွားတာ သိပ်ကောင်း လွန်းလို့ လူပစိုပြည့်ရတဲ့မတွေ အတွက် တောက်တဲ့မရဲ့ အဖြေအချို့နဲ့ တိုက်ဆိုင်စစ်ဆေးကြပါစို့။

ဆရာမ။ ။ ခုခေတ်မှာ သွားတိုက်တာ အရင်ကထက် ဘာတွေပိုလာလဲ သိလား။

တောက်တဲ့မ။ ။ ကျွန်မက သွားတိုက်ဖို့ မေ့မေ့တတ်လာလို့ ရုံးသိပ်က ကြဲရည်ဆိုင်ရောက်မှ ကြဲချောင်းလေးနည်းနည်းဝယ်ပြီး စုပ်လိုက်ပြီး သွားချေးရှင်းတာဆိုတော့ သိပ်မသိပါရှင့်။

ဆရာမ။ ။ တချို့သွားပွတ်တံတွေမှာ လျှာပွတ်ပြီး သန့်ရှင်းရေးလုပ်ဖို့အဖု လေးတွေပါပါတယ်။ သွားတင်မက လျှာကိုပါ သန့်ရှင်းပေးဖို့ပါ။ နောက် သွားကြားပွတ်တံသေးသေးလေးတွေလည်း City Mart တွေမှာ ရောင်းနေ ပါပြီ။ အဲဒီ သွားကြားပွတ်တံ (ဘရပ်ရှ်လိုမျိုး) သေးသေးတွေနဲ့ အံသွား တွေကြား သန့်ရှင်းပေးရင် အာပုပ်နံ့ နည်းပါတယ်။

ဆရာမ။ ။ Body Scrub (ခန္ဓာကိုယ်ကြေးချွတ်ခြင်း) ကို ကိုယ့်အိမ်မှာပဲ စရိတ်သက်သာ လွယ်ကူစွာ ဘယ်လိုလုပ်မလဲ။

တောက်တဲ့မ။ ။ ဟိုလေ . . . အချိန်တန်ရင် ဘရပ်က ရေချိုးပေးမယ် ဆိုတော့ ကိုယ့်ဘာကိုယ် ရေသိပ်မချိုးဖြစ်ဘူးရှင့်။

ဆရာမ။ ။ အိမ်မှာရှိတဲ့ မန်ကျည်းသီးအနှစ်နဲ့ ဆား၊ နောက်တစ်နည်းက ကော်ဖီကြမ်းမှုန့်နဲ့ . . . ၊ ဒါမှမဟုတ် နနွင်းနဲ့ ဆားနဲ့ ဆပ်ပြာရည် (Bath Foam)၊ တစ်မျိုးမျိုးနဲ့ ပွတ်တိုက်ကြည့်လိုက်ပါ။ ကိုယ့်မှာရှိတဲ့ ကြေး (ကျီး) တွေလည်း ထွက်သွားပြီး အသားရေလည်း ဝင်းသွားပါလိမ့်မယ်။

တောက်တဲ့မ။ ။ ဟုတ် . . . တစ်ခါတလေ ရေချိုးလို့ ကြေးတွန်းရင် တောင် မုန့်လက်ဆောင်းဖတ်လို အလိပ်လေးတွေ ထွက်ပါတယ်ရှင့်။

ဆရာမ။ ။ ကော်ပြန့်လိပ်လောက် ကြေးတွေကော မထွက်ဘူးလားရှင်

တောက်တီး။ ။ ကျွန်တော်ထွက်တယ် ဆရာမ။

ဆိုတော့ကာ ဆရာမ စိတ်ဓာတ်ကျမကျ မသိပေမယ့် ကျွန်မတို့တွေဟာ ညစ်ပတ်စိန်ပါတီ ဝင်မှန်းတော့ သဘောပေါက်မှာပါ။ ကျွန်မတို့ ညပစ ပါတီက ၂၀၁၅ မှာတော့ ဝင်မနွှေးသေးပါ။














## ပိုးရှိရင် အားရှိမှ

တောက်တီးမလည်း အခုတလော ပိုးထနေတယ်။ ပိုးထနေတယ်ဆိုလို့ ဘာဘာညာညာ ဟိုရောဂါဒီရောဂါမထင်ကြနဲ့နော်။ ဟွန်း . . . တောက်တီးမက အော်ရှင့် အော် ဟီဟိ၊ မော်ဒယ် မင်းသမီးအဆိုတော် ဖြစ်ချင်နေတယ်လို့ ပြောတာပါဟယ်။ အရင်ကတော့ မင်းသမီးလုပ်မယ်။ အဆိုတော်လုပ်မယ်ပေါ့။ ဟင့်အင်း ရဘူး ရဘူး အခုက မော်ဒယ်လုပ်ရင်း မင်းသမီးလည်း လုပ်၊ ဟော သီချင်းလေးလည်းဆို လိုယ်စုံခေတ်ရှင့်။ ဒီတော့ တောက်တီးမထတဲ့ပိုးက အမယ်စုံ။ ရထားပေါ်ကဈေးသည်လို ရှူဆေးလေးက တစ်ခု၊ နည်းသလားရမယ် ဒီမှာ နားဖာကလော်လည်း ပါသေး၊ နည်းသလား ရမယ်၊ ဒီမှာ တွယ်ချိတ်လေးက တစ်တွဲ . . .။ ခစ်ခစ် အဲလိုပေါ့နော်။


ဒါပေမဲ့ပေါ့နော်။ တောက်တီးမရဲ့ ထသော ပိုးက ကြာကြာမခံပါဘူး။ ဘာလို့လဲဆိုတော့ ကြာကြာမခံနိုင်လို့။ အယ် . . . ဘာခံရမှာတုံး။ စိတ်ရှည် ဖွဲ့သန် သည်းခံ ပြုရန်သာသနာ၊ အဲ . . . ဟုတ်ဘူးတော့၊ စိတ်ရှည် ဖွဲ့သန် သည်းခံပြုရန် အနုပညာဆိုသလိုပေါ့ရှင်။ တောက်တီးမက ဘယ်ဟာကိုမှ လက်ကြောမှမတင်းတာ။ လက်ကြောတင်းမကဘဲ ရှိသမျှအကြောအကုန် တင်းရမယ့် ဒီနယ်ပယ်ကြီးထဲ ကြာကြာခံမှာ မဟုတ်ဘူးလို့ ပြောတာပါရှင့်။ ဟွန်း ရှင်ကြီးတို့ကလည်း . .။ တောက်တီးမ ပိုကြောက်သွားတာက ဒီလောကရဲ့အထာကိုပါ။ တောက်တီးမ ကိုယ်တွေ့ မျက်မြင်လို့တော့ မထင်ကြပါနဲ့ အစ်ကိုတို့ရယ်။ ခိုင်လုံတဲ့ သတင်းရပ်ကွက်က လာတယ် ဆိုပါတော့။ မှားတယ်ဆိုလည်း အဲဒီရပ်ကွက်ကြီးကိုသာ ဆဲကြပါနော်။ တောက်တီးမကြားသိတာကတော့ ဒီလောကမှာ နေရာရဖို့က ကိုယ်ပိုင် အရည်အချင်း ကြီးစားမှုလိုသလို ကံတို့ စန်းတို့ထက် အရေးကြီးတာလည်း လိုပါသတဲ့။ အဲဒါကတော့ ကပ်ပါတဲ့။ ဒီလောကမှာ ကြီးကြီးမားမားစတာတွေသာ အုပ်စိုးချုပ်ကိုင်ထားတယ် မဟုတ်လား။ အထူးသဖြင့် မင်းသားနဲ့ ဒါရိုက်တာ အဲ ထုတ်လုပ်သူလည်းပါသပေါ့ရှင်။ အကုန်လုံးတော့ မဟုတ်ကြပါဘူးတဲ့။ ဒါပေမဲ့ စင်တင်နိုင်စွမ်းသူအချို့ပေါ့လေ။ ကိုယ့်အရည်အချင်းတွေ ခဏထား၊ သူတို့ အလိုကျဖတ်ကိုကမှသာ ပွဲထုတ်ပေးပါသတဲ့။ ကားတွေ ရိုက်ရပါသတဲ့။ အဲလိုမှမဟုတ်လို့ သမီးက ခါးမြိုးတွေ ဝါသနာမပါပါဘူးလို့ ခေါင်းကလေးများ ခါမိသူကျ နေရာမရ၊ ပွဲထုတ်ခြင်း မခံရ၊ ဟိုလူခေါ် ရိုက်နိုး၊ ဒီလူခေါ် ရိုက်နိုး မျှော်ရပါသတဲ့ရှင်။ ဖြစ်ပုံများ။ ဒါဖြင့်လည်း နေပေါ့လို့ လုပ်ဖို့မလွယ်ပါဘူးရှင်။ ဟုတ်တယ်။ လက်ရှိဈေးကွက်မှ ပေါက်နေသူများနဲ့ တွဲမှသာ ကိုယ်က နာမည်လေးရလှသိ၊ နောက်တော့ ရပ်တည်နိုင်မှာလေ။ တောက်တီးမလည်း ဒီသတင်းတွေ အဲ အတင်းပဲဆိုပါစို့ ကြားပြီးကတည်းက ထနေတဲ့ ပိုးကို ချိုးနှိမ်လို့ စိတ်လျှော့လိုက်ရကြောင်းပါရှင်တို့ရယ်။ မဟုတ်ရင် ဟိုကြော်ငြာထဲကလို 'အားရှိရဲ့လား။ အားရှိရင် အကြာကြီးခံ' အဲလိုဖြစ်နေပါ ဦးမယ်တော်တို့ရေ ဟီဟိ တောက်တီးမ အားမရှိတာ မယုံရင် တောက်တဲ့ကို မေးကြည့်။

funny photo/ funny photo/ funny photo/ funny photo





funny photo/ funny photo/ funny photo











## နုထွတ်ကလေးမှ စင်တင်ချင်

တစ်နေ့သား တောက်တဲ့လည်း မြေဦးတည့်ရာ သဝေထိုးနေလိုက်တာ ဘော်ဘော် တစ်ယောက်နေတဲ့ ရပ်ကွက်ကို ရောက်သွားရော။ အဲဒီရပ်ကွက်မှာက မင်းသမီးနုနုငယ်ငယ် ဆယ်ကျော်သက်လေးလည်းနေတယ်လေ။ အဲဒီတော့ တောက်တဲ့ဘော်ဘော်က သူမြင်တာ ပြောတာပေါ့လေ။ ဒီလိုလေးတဲ့ဗျို့။

"အမယ်လေး မင်းကလည်း အဲဒီမင်းသမီးက ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတာ။ ဒီမှာ တစ်နေ့တစ်နေ့ ဟိုလူပျိုမင်းသားကြီးလေ သိတယ်မဟုတ်လား။ ပယ္ဓင်မပေါ်မပေါ့ယောက် ဗိုပြက်ပုံးယုပ်ဖပ်ဖပ်ပဲ့ မင်းသားလေကွာ။ အလျှဒါနလက်နဲ့ မကွာသလို ဒါမျိုးကျတော့လည်း ကိုယ်ဖိရင်ဖိမောင်၊ မနက်ဆို လာခေါ်သွားလိုက်၊ ရိုက်ကွင်းထင်ပါရဲ့လေ။ အဲ ညမှ ပြန်လာပို့လိုက်၊ ရိုက်ကွင်းက ထင်ပါရဲ့ကွာ။ နေဦးဟ မပြီးသေးဘူး။ မင်း သွားရည်တွေ သုတ်လိုက်ဦး" အမယ် သူက ပြောရင်းတောက်တဲ့ကိုတောင် ခွပ်လိုက်သေးတယ်။ သူ့မျက်လုံးတွေ အရောင်လက်နေတာကျ မပြောဘူး။ ဟင်းဟင်း။

"မပြီးသေးဘူးဆိုတာက သူတင်မကလို့ဟေ့။ ခေါင်းကိုင် ဖခင်ကြီးကလည်း ပါသေးဟ။ သိတယ် မဟုတ်လား။ သူရိုက်တဲ့ ရာဇဝင်ကားထဲက ဇာတ်ကောင်ဓာတ်ကူးတယ်ထင်တယ်ဟ။ ငယ်ငယ်ရွယ်ရွယ်လေးတွေ တယ်ကြိုက်သကိုး။ သူကလည်း မနက်မနက်ဆို လာခေါ်လိုက်၊ အဲ ပညာသင်ပေးတာ ထင်ပါရဲ့။ ညကျမှ ပြန်လာ ပို့လိုက် အဲ ပညာသင်ခန်း ထင်ပါရဲ့ကွာ။ ငါတော့ အဲဒါတွေ တွေ့လေ မိဘကို စိတ်နာလေပဲ" တဲ့။ သင်းက "ဟုတ်တယ်လေ။ ငါ့ကို အဲလိုမင်းသား ဒါရိုက်တာ၊ ထုတ်လုပ်သူတစ်ယောက်ယောက်ဖြစ်အောင်မှ မလုပ်ပေးလိုက်တာ။ ရင်နာတယ် အမေရေ ရင်နာတယ်" ဆိုပဲ။

တောက်တဲ့ကတော့ သင်းကို နာနာလေးဆဲပြီးသာ ပြန်လာတာ။ တကယ်ကျတော့ တောက်တဲ့လည်း ဟဲဟဲ . . . ဒီလ ထီထိုးထားပါသဗျ။ ကံလေးထူးလို့ သိန်း ၁၅၀၀ များပေါက်ခဲ့ရင် မကြာချက်ချင်း ဒီလောကထဲဆင်းလို့ မိုးကျရွှေကိုယ် လူပျိုမင်းသားလုပ်၊ ကြိုက်တဲ့မင်းသမီး နုနုထွတ်ထွတ်လေးတွေကို တစ်ကားရရ နှစ်ကား ရရစင်တင်ပေးချင်သေးသဗျ။ အလန်းဇယား . . လာထား အာဘွားးးးးး ရွှလူးးးးးးး